www.burmeseclassic.com

# တိုင်ပေါ်အလံစိုက်ချင်

ခေတ်ပြိုင် နိုင်ငံရေးအခင်းအကျင်းများ

## မောင်သွေးချွန်

ဟံသာဝတီဦးဝင်းတင်၊ ဦးသန့်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ မောင်သော်က၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ သာဂဒိုး၊ ရန်ကုန်ဘဆွေ၊ အံ့မောင်၊ မြသန်းတင့်၊ မြသန်းသန်းနု၊ ချစ်စံဝင်း၊ မောင်သော်က၊ ဆရာဒူဝါးဆင်ဝါးနောင်၊ တင့်ဆွေ(ဖျာပုံ)၊ ရဲရင့်တင်ဆွေ၊ နိုင်ဇော်၊ ရဲဘော်ဘခက်၊ ဒေါက်တာမြင့်မြင့်ခင်၊ ဒေါက်တာမောင်သင်း၊ ဝင့်ပြုံးမြင့်၊ မင်းကိုနိုင်၊ နေဇင်လတ်၊ မောင်မောင်(ရွှေကရဝိတ်)၊ သတိုးနွယ် တို့၏ စာအုပ်စာပေများအပေါ် ဝေဖန်ချက်များ

BURMESE CLASSIC

DESIGN BY NYEIN CHAN THA(2013)

www.burmeseclassic.com

www.burmeseclassic.com

ဘိုးဘိုးအောင်ကို မျှော်မနေပါနဲ့

သင်ကိုယ်တိုင်ဟာ ဘိုးဘိုးအောင်ဖြစ်တယ်။

နိုင်ငံတော် သမ္မတကြီးကို စောင့်မနေပါနဲ့

သင်ကိုယ်တိုင်ဟာ မဲဆန္ဒရှင်တစ်ဦးဖြစ်တယ်။

ဒေါ်အောင်ဆန်းစုကြည်ကို စောင့်မနေပါနဲ့

သင်ကိုယ်တိုင်ဟာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခိဋ္ဌာန်

အဖကိုယ်စား သာသနာထား၍
အမိကိုယ်စား နိုင်ငံထား၍
ချစ်သားပြုစု လုပ်ကျွေးမှုဖြင့်
နရာမရှင်း ရင်ပြီးပွင့်အောင်
ဖွဲ့ဖြင့်နှောင်
ကျင့်ဆောင် အားသစ်ရပါစေ။

မောင်သွေးချွန်

မန်းချောင်းစာပေ
အမှတ်(၁၅၇)၊ ဒုတိယထပ်(ယာ)၊ ၃၈ လမ်း(အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၇၃၀၄၆၂၂၆၊ ၀၉၄၂၀၁၁၁၈၁။

www.burmeseclassic.com

www.burmeseclassic.com


## မန်းချောင်းစာပေ၏ စာအုပ်အစီအစဉ် ၁၇

| | | |
|---|---|---|
| ထုတ်ဝေကာလ- | | ပထမအကြိမ် |
| | | ၂၀၁၃ ဇူလိုင် |
| | | ၁၃၇၅ ခု၊ နယုန်-ဝါဆို။ |
| အုပ်ရေ | - | ၁၀၀၀ အုပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ငြိမ်းချမ်းသာ |
| စာစီ | - | မန်းချောင်းစာပေ |
| အတွင်းဖလင် | - | ကိုဦးနှင့်ညီများ |
| ထုတ်ဝေသူ | - | ဦးမြင့်စိုး၊ ပန်းစကြာစာစဉ် |
| မျက်နှာဖုံးနှင့် | | |
| အတွင်းပုံနှိပ် | - | ပန်းကြာဖြူ-ပုံနှိပ်တိုက်(ယာယီ ၉၅၆၀) |
| | | အမှတ်(၁၇၁)၊ ၃၅ လမ်း(အလယ်) |
| | | ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| မှမ်းမံပန်တီးမှု | - | ငြိမ်းချမ်းသာ၊ ဟန်ထူးပိုင် |
| ဖြန့်ချိရေး | - | မန်းချောင်းစာပေ |
| | | အမှတ်(၁၅၇)၊ ဒုတိယထပ်(ယာ) |
| | | ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ |
| | | ရန်ကုန်မြို့။ |
| | | ဖုန်း- ၀၉ ၇၃၀၄၆၂၂၆၊ ၀၉ ၄၂၁၀ ၁၁၀၀၁။ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |

မောင်သွေးချွန် ၈၀၀ · ၈၄
တိုင်ပေါ်အလံထိုက်ချင်။
မောင်သွေးချွန်။ - ရန်ကုန်။
ပန်းစကြာစာစဉ်။ ၂၀၁၃။
စာ - ၃၀၀။ ၁၃ ·၁× ၂၁·၄ စင်တီ
(၁) တိုင်အပေါ်အလံထိုက်ချင်




ခေတ်ပြိုင်နိုင်ငံရေးအခင်းအကျင်းများ

မောင်သွေးချွန်

မန်းချောင်းစာပေမှစီစဉ်ထုတ်ဝေသည်

www.burmeseclassic.com

# မာတိကာ


၁။ နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်းရေးလမ်းပြမြေပုံနှင့် ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ ပင်လုံစိတ်ဓာတ် ၁

၂။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ မြန်မာအမျိုးသမီးများအပေါ် မျှော်လင့်ချက် ၇

၃။ ဒေါ်အောင်ဆန်းစုကြည်ကို စောင့်မနေပါနဲ့ သင်ကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည် ဖြစ်တယ် ၁၇

၄။ ငြိမ်းချမ်းရေးအလားအလာ ၂၀

၅။ ရင်ဆိုင်ဖို့ အသင့်ပြင် (ဒေါက်တာဒေါ်မြင့်မြင့်ခင်၏ တိုင်းပြုပြည်ပြုဆောင်းပါးများ) ၂၆

၆။ သေရေးရှင်ရေး မြန်မာ့စီးပွားရေး (မြန်မာ့စီးပွားရေးပညာရှင်များရဲ့ သုံးသပ်ချက်) ၃၇


www.burmeseclassic.com

www.burmeseclassic.com


၇။ ဂျာအေးနှင့် ရောဝတီမြစ်ဆုံက ပုဇဉ်းရင်ကွဲအော်သံ
(ရဲရင့်တင့်ဆွေ၏ ဆောင်းပါးများ ဝေဖန်ချက်) ၄၅

၈။ အသက်နှင့်အမျှ ဘဝပေးဆက် မျှော်လင့်ချက်တွေ
(ကချင်ဝန်ကြီး ဆမားဒူးဝါဆင်ဝါးနော်ရဲ့ ဘဝနှင့်ဒဿန) ၅၃

၉။ ဝေသာလီနှင့် မိုင်ပေါင်းများစွာ
(ဒေါ်မြသန်းသန်းနု၏ ဒီမိုကရေစီနှင့် ဝေသာလီ) ၆၃

၁၀။ ဟံသာဝတီဦးဝင်းတင် (သို့မဟုတ်)
ခေတ်ဝန်ကိုထမ်း၍ ခေတ်လမ်းကို သွားနေသူ ၇၁

၁၁။ အစိုးရကောင်းကောင်းလိုချင်ရင်
အယ်ဒီတာကောင်းကောင်းရှိရတယ်
(ဂျာနယ်ကျော် ဦးချစ်မောင်၏ အတွေးအမြင်) ၇၉

၁၂။ မြသန်းတင့်၏ အပြာရောင်ညနေဆည်းဆာများမှ
တော်စတွိုင်း၏ ဒဿနနှင့် လက်ဝဲဝါဒအမြင် ၈၇

၁၃။ ဈေးကွက်စီးပွားရေးထဲက ဟစ်ပိုကရေးတီး၏ ကတိသစ္စာ
(နိုင်ဇော်၏ဆေးပညာရှင်ကျင့်ဝတ် ဖွင့်ဆိုချက်) ၉၃

၁၄။ ဦးသန့်၏ စာပေမှတ်ကျောက်နှင့် ဝေဖန်ရေးအမြင် ၁၀၁

၁၅။ လူထုဦးလှ၏ ထောင်စာပေမိတ်ဆက် ၁၁၁

၁၆။ ယဉ်ကျေးမှု အနုပညာခံတပ်များရဲ့ မှတ်တမ်းအပိုင်းအစများ
(လူထုဒေါ်အမာရဲ့ ကျွန်မရေးခဲ့တဲ့စာအုပ်တွေထဲက) ၁၁၇

၁၇။ ဒီမိုကရက်တစ် ပညာရေးအမြင်နှင့် ဆရာစံတော်လုန်ရေး
(ပါမောက္ခ ဒေါက်တာမောင်သင်း၏ နိုင်ငံကြီးသား အမြခေတ်မီ
နိုင်ငံရေးသမားနှင့် ပညာရေး) ၁၂၅

၁၈။ ဟသ်ာကိုးသောင်းနှင့် ခွပ်ဒေါင်းပုံပြင်
(မောင်မောင် - ရွှေကရဝိတ်၏
ခေတ်သစ်ဟသ်ာကိုးသောင်းပုံပြင်) ၁၃၃

၁၉။ ကွန်မြူနစ်ဟောင်းကြီး တစ်ယောက်ရဲ့
လမိုက်ည ရဲခန်းများထဲက
ငိုချင်းရှည် သံဝေဂတေး
(ရဲဘော်ဘခက်၏ဘခက်အကြောင်း) ၁၄၁

၂၀။ သုံးပါတီညီညွတ်ရေးကွန်ဖရင့်နှင့်
ပုံတောင်ပုံညာတောင်ထဲမှာကျင်းပခဲ့တဲ့ အာဇာနည်နေ့ ၁၄၉

၂၁။ ကျောပိုးအိတ်ကလေးကို ဖွင့်ကြည့်ခြင်း
(တင့်ဆွေ-ဖျာပုံ၏ ကျောပိုးအိတ်ကို ချီကာလွယ်) ၁၅၇

၂၂။ ကမ္ဘာကြီးရဲ့ ကံကြမ္မာဖတ်စာ
(အံ့မောင်၏ မမွေးဖွားရသေးတဲ့ သားကလေးရဲ့အသံ) ၁၆၉

၂၃။ ရှင်သန်ခြင်းရဲ့ အဓိပ္ပါယ်
(မောင်သော်က၏ တိုက်ရေယာဉ် ၁၀၃) ၁၇၇

၂၄။ ဖက်ဆစ်သရဲနှင့် နဂါးနီသီချင်း
(ရန်ကုန်ဘဆွေ၏ဖက်ဆစ်သရဲတွေ ပတ်လည်ဝိုင်းပါလို့) ၁၈၇


www.burmeseclassic.com

www.burmeseclassic.com

၂၅။ စစ်မြေပြင်မှ ငြိမ်းချမ်းရေးအလင်္ကာ
(ဝင်းပြုံးမြင့်၏ နေအာသခေျ် လအနန္တ) ၁၉၇

၂၆။ သစ္စာသွေးကြွေးပေးဆပ်ခြင်း
(ဝင်းပြုံးမြင့်၏ တိမ်ယံသစ္စာ) ၂၀၅

၂၇။ မင်းကိုနိုင်ရဲ့ နောက်ကြည့်မှန်ထဲက အရိုးခံအမှန်တရား ၂၁၉

၂၈။ တိုင်ပေါ်အလံစိုက်ချင်
(ရှိုဟင်ဂျာအရေးအဝေးမြင်) ၂၂၇

၂၉။ ဆရာသာဂနိုး ခေါင်းပုံဖြတ်ခဲ့တဲ့
နိုင်ငံ့ခေါင်းဆောင်ကြီးများ ဝန်ကြီးများ ၂၃၃

၃၀။ သမိုင်းသင်ခန်းစာ ယူနိုင်ကြပါစေ
(နေဇင်လတ်၏ ပြည်သူကိုလေးစားသောအစိုးရ၊
အစိုးရကိုလေးစားသောပြည်သူ) ၂၄၀

၃၁။ သစ္စာတည်တဲ့ရေဝတီ ၂၄၉

# အမှာစာ

နိုင်ငံသားတစ်ယောက်ရဲ့ နေ့စဉ်ဘဝမှာ နိုင်ငံရေး ရိုက်ခတ်ချက်ဆိုတာ ရှိစမြဲပါ။

ကိုယ်က နိုင်ငံရေးနဲ့ မပတ်သက်ချင်လည်း နိုင်ငံရေးကတော့ ကိုယ့်ဆီ ပြေးဝင်လာမှာဖြစ်ပါတယ်။ နိုင်ငံရေးဟာ ကျွန်တော်တို့ရဲ့ ဘဝကံကြမ္မာတွေနဲ့ တိုက်ရိုက်ဆက်နွယ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ 'အပြောင်းအလဲ တစ်ခုခု' သို့မဟုတ် ဖြစ်ပေါ်တိုးတက်မှုများအပေါ် မျှော်လင့်တောင်းဆိုခဲ့ကြ ပါတယ်။ ကမ္ဘာဦးလူသားတို့ နေရောင်လရောင် အလင်းရောင်ကို မျှော်ခေါ်ခဲ့ရသလိုပါပဲ။ ကျွန်တော်တို့ဘဝတွေဟာ အဲသလောက်အထိ မှောင်အတိက ခဲ့တာကလား။

ခုတော့ ကျွန်တော်တို့ အလင်းရောင်ပါးပါးလေးအောက် စမ်းဝါးလျှောက် လှမ်းနေကြပါပြီ။ အပြောင်းအလဲ တစ်ခုဆီဦးတည်နေပြီလို့ ဆိုကောင်းဆိုနိုင် ပါလိမ့်မယ်။ မနေ့က တွန်းအားတွေကြောင့် ဒီကနေ့ 'ရွေ့ခဲ့တယ်'လို့ ပြော ကြည့်ချင်ပါတယ်။ ခေတ်ပြိုင်သမိုင်းဆိုတာ အတိတ်သမိုင်းရဲ့ ကွင်းဆက်ပါပဲ။ ခေတ်ပြိုင်သမိုင်းရဲ့ အနေအထားတွေက အနာဂတ်ကို ဖော်ပြပေးပါလိမ့် ဦးမယ်။ ကာလသုံးပါး ကြောင်းကျိုးဆက်နေတာ မဟုတ်ပါလား။

www.burmeseclassic.com

ကျွန်တော်တို့ 'စာပေ'က အတိတ်သမိုင်း၊ ခေတ်ပြိုင်သမိုင်းနဲ့ အနာဂတ် မျှော်လင့်ချက်တွေအပေါ် မှန်ရိပ်ထင်ပြလျှက် ရှိပါတယ်။ အားကောင်းချက် အားနည်းချက်တွေ သဘာဝကျကျရှိနိုင်ကောင်းပါတယ်။ ရည်ရွယ်ချက်ရှိရှိ လွန်ကျူးရေးသားတဲ့ အမှားနဲ့ စေတနာအမှားများကိုလည်း တွေ့နိုင်ပါလိမ့်မယ်၊ အမှန်တရားကို ချစ်မြတ်နိုးရင် အမှားတွေပြင်ရပါလိမ့်မယ်။ သတ္တိရှိရှိ ဝေဖန်ပြီး သတ္တိကောင်းကောင်းနဲ့ပဲ ပြုပြင်ပြောင်းလဲရေးလမ်းပေါ် ဆက်လျှောက်ရပါလိမ့်မယ်။


စာပေလို့ ဆိုလိုက်တာနဲ့ သတင်းတစ်ပုဒ်ကနေ ကျမ်းစာအုပ် ထုထုကြီး အထိ အကျုံးဝင်သွားနိုင်ပါတယ်။ ကျွန်တော် မျက်ခြေမပြတ်စောင့်ဖတ်ပြီး မှတ်စုမှတ်ချက်တွေ ရေးဖြစ်ခဲ့ပါတယ်။ စာပေယဉ်ကျေးမှု အနုပညာ အကြောင်းအရာစုံ ရေးခဲ့တာတွေထဲက ဒီအချိန်မှာ နိုင်ငံရေးက ပိုပြီးအရေးကြီး စိတ်ဝင်စားစရာဖြစ်နေလို့ နိုင်ငံရေးနဲ့ ဆက်နွယ်ရာ သုံးသပ်ချက်တွေကို စုစည်းပေးလိုက်ပါတယ်။ မူလစာအုပ်စာပေတွေကို ရေးသားခဲ့ကြတဲ့ ဆရာဆရာမများ၊ ကျွန်တော့်ဆောင်းပါးတွေကို ဖော်ပြခဲ့တဲ့ နံနက်ခင်းဂျာနယ်၊ မန္တလေးအလင်းဂျာနယ်နဲ့ ပေဖူးလွှာမဂ္ဂဇင်းက အယ်ဒီတာများကို ကျေးဇူးစကားဆိုအပ်ပါတယ်။

ကျွန်တော့်တင်ပြချက်များအပေါ် သဘောတူခွင့်၊ မတူခွင့် လွတ်လပ်စွာ ကွဲပြားပိုင်ခွင့်ရှိပါတယ်။ ဒီစာအုပ် ဖြစ်မြောက်ဖို့ လုံ့လစိုက်ခဲ့ကြတဲ့ 'မန်းချောင်းစာပေ'က မောင်ငြိမ်းချမ်းသာနဲ့ မောင်ဟန်ထူးပိုင်တို့ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါတယ်။

လေးစားစွာဖြင့်

မောင်သွေးချွန်

၂၀၁၃ ခု ဇူလိုင်လ



နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်းရေးလမ်းပြမြေပုံနှင့် ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ ပင်လုံစိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းဝေးမှာ နိုင်ငံတော်ရဲ့မူဝါဒများ၊ တစ်နှစ်တာ အစိုးရအဖွဲ့ ရဲ့ ဆောင်ရွက်ချက်များနဲ့ ဆက်လက်ဆောင်ရွက်မယ့် ကိစ္စများကို ၂၀၁၂ မတ်လ ၁ ရက်နေ့မှာ မိန့်ကြားသွားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်းပေမို့ အားလုံးက မျှော်လင့်စောင့်စား နားထောင်ခဲ့ကြပါတယ်။

'ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ စစ်မှန်ခိုင်မာတဲ့ ဒီမိုကရေစီ နဲ့ လောကပါလတရားများထွန်းကားတဲ့ နိုင်ငံတော်သစ်တည်ဆောက်နိုင်ပြီ လားလို့မေးရင် ကျွန်တော်တို့အများကြီး ကြိုးစားရဦးမှာ ဖြစ်ပါတယ်' လို့ ဝန်ခံပြောကြားသွားပါတယ်။ နိုင်ငံတော် သမ္မတကြီးရဲ့ မိန့်ခွန်းမှာ သမိုင်းတွင် မယ့်စတင်ခြင်း၊ အနာဂတ်သမိုင်းကြောင်းစာမျက်နှာသစ် စသည်ဖြင့် သမိုင်းနဲ့ ချီပြီး သမိုင်းစကားတွေပြောကြားသွားခဲ့တာကို သတိထားမိလိုက်ပါတယ်။ ဟီလာရီကလင်တန်နဲ့ တွေ့ဆုံခြင်း၊ ဝါရှင်တန်ပို့စ်သတင်းထောက်နဲ့ တွေ့ဆုံခြင်း တွေမှာလည်း သမိုင်းစကားတွေ အလေးအနက်ထား ပြောကြားခဲ့တာ မှတ်မိ နေပါတယ်။

ဖူကူယာမားဂိုဏ်းသားတစ်ယောက်က ဒီနေ့အပြောင်းအလဲတွေ ဖြစ်





ပေါ်လာအောင် တပ်မတော်က ဦးဆောင်ခဲ့တယ်လို့ သုံးသပ်ပြပါတယ်၊ မှန် သင့်သလောက်မှန်ပေမယ့် မပြည့်စုံပါဘူး။ နိုင်ငံတော် သမ္မတကြီးကိုယ်တိုင် ဒီလို မိန့်ကြားသွားခဲ့ပါတယ်။

**'ဒီအခြေအနေရောက်ရှိအောင် ဘယ်သူတွေ ဆောင်ရွက်ခဲ့တာလဲ၊** ကျွန်တော်တို့ အစိုးရချည်းသက်သက်မဟုတ်ပါဘူး။ **နိုင်ငံရေးပါတီတွေ၊ အရပ် ဘက်လူ့အဖွဲ့အစည်းတွေ၊** လွှတ်တော်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ် ကြီးတွေ၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ **စတုတ္ထမဏ္ဍိုင် မီဒီယာတွေ၊ တိုင်းရင်းသား ခေါင်းဆောင်တွေ၊** တပ်မတော်စတဲ့ state holder တွေ အားလုံး စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်နဲ့ ဦးထမ်းပွဲထမ်း ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်'

နိုင်ငံတော် သမ္မတကြီးကတောင် စေ့စေ့ပြည့် ပြည့်စုံအောင် အားလုံးကို ခြုံငုံမိအောင် အမိအရပြောကြားသွားခဲ့ပါတယ်။ နိုင်ငံရေး ဖြစ်ပေါ်တိုးတက် မှုမှာ အားလုံးပါဝင်နိုင်ရေး All Inclusive Political Process အတွက် တိုင်းရင်းသားအရေးကို အလေးပေးပြောကြားသွားခဲ့ပါတယ်။

'ခေတ်အဆက်ဆက် အခွင့်အရေးတောင်းဆိုနေကြတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေ ပါဝင်နိုင်ဖို့ **အရေးအကြီးဆုံး** ဖြစ်ပါတယ်။ ကျွန်တော် တို့နိုင်ငံဟာ ပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံဖြစ်တာနဲ့အညီ ဒီနိုင်ငံလမ်းဝဉ်မှာ တိုင်းရင်းသားအားလုံး **တန်းတူရည်တူ ပါဝင်ခွင့်ရရှိဖို့** မဖြစ်မနေဆောင်ရွက် ရမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ သွေးရင်း ညီအစ်ကို တိုင်းရင်းသား တွေရဲ့ ခေတ်အဆက်ဆက် အကောင်အထည်မပေါ်ခဲ့တဲ့ အိပ်မက်၊ လွင့်ပြယ် ပျောက်ပျက်ခဲ့ရတဲ့ မျှော်လင့်ချက်တွေဖြစ်ပါတယ်'

..... ..... .......... ..... ..... ..........

..... ..... .......... ..... ..... ..........

'သာတူညီမျှ အခွင့်အရေးကို အားလုံးမျှဝေရရှိပြီး **တန်းတူရည်တူဖြစ် ပေါ်လာဖို့** ဆိုတဲ့ တိုင်းရင်းသားတွေရဲ့ မျှော်မှန်းချက်ဟာ ကျွန်တော်တို့ အစိုးရရဲ့ လိုလားချက်လည်းဖြစ်ပါတယ်။ ... ကျွန်တော်တို့ တိုင်းရင်းသားတွေ ခံစားနေကြရတဲ့ **ခါးသီးတဲ့ဒဏ်ရာတွေ စူးနစ်နေတဲ့ အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့ အိပ်မက်တွေကို** ကျွန်တော်တို့အားလုံး ပြည့်ဆည်းပေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ တာဝန်ရှိပါတယ်'

'ကျွန်တော်တို့ နိုင်ငံရဲ့ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးမှာ ယုံကြည်မှုဟာ သိပ်ကိုအရေးကြီးပါတယ်။ ဒီနေ့ ကျွန်တော်တို့အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို လျှောက်လှမ်းနေတဲ့ ခရီးလမ်းမှာ ကျွန်တော်တို့မှာ ပရိယာယ်တွေ မရှိပါဘူး။ ကျွန်တော်တို့ ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ ယုံကြည်မှုနဲ့ပဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ် . . .'

နိုင်ငံတော်သမ္မတကြီးမိန့်ခွန်းမှာ ခံစားမှုပါတယ်။ ပွင့်လင်းမှုရှိတယ်။ မျှော်မျှော်မြင်မြင်သုံးသပ်ထားတယ်လို့ ဆိုနိုင်ပါတယ်။ **'ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ ယုံကြည်မှု'** လို့ အတိအလင်းပြောကြားသွားပါတယ်။ တိုင်းရင်းသားအရေး၊ ပြည်ထောင်စုအရေးနဲ့ ပတ်သက်ပြီး ပြောကြရာမှာ ပင်လုံစိတ်ဓာတ်၊ ပင်လုံညီလာခံ၊ ပင်လုံစာချုပ်ဆိုတာ မမေ့မလျော့မပေါ့မဆ အဓိက ထား ပြောကြားလုပ်ဆောင်ရမယ့် အဓိက သော့ချက်ပါပဲ။

နိုင်ငံတော်သမ္မတကြီးက 'ပင်လုံစိတ်ဓာတ်'အကြောင်း ထည့်သွင်းပြောကြားလိုက်တာနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ၂၀၁၂ မတ်လ ၁ ရက်နေ့ နိုင်ငံတော် သမ္မတမိန့်ခွန်းပြောကြားတဲ့ နေ့ရက်တစ်ရက်တည်း တစ်နေ့တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်က ရှမ်းပြည်နယ်စည်းရုံးရေးခရီးစဉ်မှာ **ပင်လုံစိတ်ဓာတ်** အကြောင်း အလေးအနက် ထည့်သွင်းပြောကြားသွားပါတယ်။

'လွတ်လပ်ရေးရခဲ့တာလည်း ပင်လုံစိတ်ဓာတ်ကြောင့်ပဲ၊ ဒီမိုကရေစီရဖို့ ဆိုရင်လည်း ပင်လုံစိတ်ဓာတ်နဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရမယ်' လို့ အလေးအနက်ပြောကြားသွားပါတယ်။

ပင်လုံစိတ်ဓာတ်ဆိုတာ တိုင်းရင်းသားများရဲ့ စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ပါပဲ။ နယ်ချဲ့ဗြိတိသျှအစိုးရက မြေပြန့်နဲ့တောင်ပေါ်၊ ဗမာ ရှမ်း ကချင် ကရင် မွန် စတဲ့တိုင်းရင်းသားတွေအကြားသွေးခွဲခဲ့တာကို ဗိုလ်ချုပ်အောင်ဆန်းက မနားမနေ ကြိုးစားခဲ့ပြီ 'ပင်လုံစာချုပ်' ချုပ်ဆိုနိုင်ခဲ့တယ် မဟုတ်ပါလား။ ပင်လုံစာချုပ်အရ တိုင်းရင်းသားများနဲ့အတူ လွတ်လပ်ရေး အရယူခဲ့ပြီး 'ပြည်ထောင်စုမြန်မာနိုင်ငံတော်'ရယ်လို့ ပေါ်ပေါက်ခဲ့တယ် မဟုတ်ပါလား။ ဒါကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲဖို့၊





လွတ်လပ်ရေး အစွန့်ရှည်ဖို့ 'ပင်လုံစိတ်ဓာတ်'နဲ့ပဲ ဆက်လက် တည်ဆောက်ရမှာဖြစ်ပါတယ်။ ပင်လုံစိတ်ဓာတ်အရေးကြီးပုံကိုလည်း နိုင်ငံတော် သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က ၂၀၁၂ မတ်လ ၁ ရက် ကြာသပတေးနေ့မှာ တစ်နေ့တည်းမှာ အလေးအနက်ပြောကြားခဲ့ကြတာလည်း ထူးခြားတဲ့ သမိုင်းသင်္ကေတ တစ်ခုပါပဲ။

နိုင်ငံတော် သမ္မတကြီးက မငြိမ်းချမ်းနိုင်သေးတဲ့ ကချင်ပြည်နယ်ရဲ့ အနေအထားကို အထူးပြုထည့်သွင်းပြောကြားသွားခဲ့ပါတယ်။ **'စစ်ဘေးသင့် တိုင်းရင်းသားပြည်သူတွေ'**ဆိုတဲ့စကားလုံးကိုလည်း တိတိကျကျ ဖော်ညွှန်းသွားပါတယ်။ 'နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းဖို့အတွက် ပထမဦးဆုံး နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲဖို့ လိုပါတယ်'လို့ ဆိုပါတယ်။ နိုင်ငံတော် သမ္မတကြီးရဲ့ **ငြိမ်းချမ်းရေးလမ်းပြမြေပုံ** ကိုအနှစ်ချုပ် ဖော်ပြရရင်

၁။ ပြည်နယ်အဆင့်တွေ့ဆုံဆွေးနွေး၊ အပစ်ရပ်

၂။ ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေး၊ နိုင်ငံရေးလမ်းစဉ်တွေမှာ ပါဝင် ဆောင်ရွက်

၃။ အစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေး အင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များအားလုံးပါဝင်ပြီး လွှတ်တော်မှာ လက်မှတ်ရေးထိုးကြဖို့ . . . ဖြစ်ပါတယ်။

ဒီနေ့ ပြည်နယ်အဆင့်မှာပဲ အထိုက်အလျောက် အောင်မြင်သော်လည်း အခက်အခဲတွေ ရှိနေဆဲဖြစ်ပါတယ်။ ကချင်နဲ့ ရွှေလီမှာ တွေ့ဆုံဆွေးနွေးခဲ့ပေမယ့် သဘောတူညီမှု မရရှိသေးပါဘူး။ ဒါကြောင့် နံပါတ်(၂) ပြည်ထောင်စုအဆင့်သို့ တက်လှမ်းဆွေးနွေးနိုင်ဖို့ အလွန့်အလွန်ကြိုးစားရဦးမှာပါ။ ပြည်ထောင်စုအဆင့်အောင်မြင်ရင် နံပါတ်(၃)အဆင့်ပန်းတိုင်ရောက်ဖို့ မဝေးတော့ပါဘူး။

ငြိမ်းချမ်းရေးလမ်းပြမြေပုံအတိုင်း အောင်အောင်မြင်မြင် ချီတက်နိုင်ဖို့ နိုင်ငံတော် သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အလေးအနက်ညွှန်ပြတဲ့ **'ပင်လုံစိတ်ဓာတ်'**ရအောင် အထူးကြိုးစားကြရပါလိမ့်မယ်။ တိုင်းရင်းသားတွေ အစဉ်တစိုက်တောင်းဆိုလာတဲ့ **'တန်းတူညီမျှရေး'**မှုကို နိုင်ငံတော်

www.burmeseclassic.com



သမ္မတကြီးကလည်း မိန့်ခွန်းထဲမှာ သုံးလေးကြိမ်လောက် အလေးအနက်ထား မိန့်ကြားခဲ့ပြီးဖြစ်ပါတယ်။

တိုင်းပြည်မှာ ငြိမ်းချမ်းရေးမရရင် ... ဘာမှမရနိုင်။ ငြိမ်းချမ်းရေးပန်းတိုင်အရောက်သွားရာမှာ ပင်လုံစိတ်ဓာတ်သာလျှင် အဓိက မောင်းနှင်ရေးအားဖြစ်တယ်လို့ ယုံကြည်ပါတယ်။

[၉-၃-၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

■





# ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ မြန်မာအမျိုးသမီးများအပေါ် မျှော်လင့်ယုံကြည်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၄င်းတို့ရဲ့ မူဝါဒသဘောထား လုပ်ငန်းစဉ်တို့ကို ၂၀၁၂ မတ်လ ၁၄ ရက်နေ့က ရုပ်မြင်သံကြားကနေ ဟောပြောတင်ပြသွားခဲ့ပြီဖြစ်ပါတယ်။ အဲဒီညက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစီအစဉ်လာမှလာပါ့မလားလို့ ရင်တဖိုဖိုနဲ့ စောင့်စားခဲ့ရပါတယ်။ ဆင်ဖြူတော်မင်္ဂလာအခမ်းအနားနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အစည်းအဝေးပွဲမြင်ကွင်းကို ကြည့်ခဲ့ပြီးမှ ဒေါ်အောင်ဆန်းစုကြည် ပေါ်လာပါတယ်။ အမှန်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်တွေကို ကော့မှူး၊ ပုသိမ်၊ မြောင်းမြ၊ ထားဝယ်၊ မန္တလေး၊ မြစ်ကြီးနား၊ ဟဲဟိုး၊ အောင်ပန်း စတဲ့ မြို့ကြီးတွေဆီ လှည့်လည်ဟောပြောစဉ်ကပင် အကြိမ်ကြိမ် နားထောင်ခဲ့ပြီးသားဖြစ်ပါတယ်။ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသတာဆိုတော့ ပိုပြီးအလေးအနက်ထားပြီး 'နာဖူးထပ်မံ'အနေနဲ့ နာကြားခဲ့ခြင်းပဲဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းစစ်ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုတဲ့ အဓိကရည်ရွယ်ချက်ကြီး ၃ ခုကို အခြေခံပြီး အခြားသောအရေးအရာများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်မယ်လို့ ဆိုပါတယ်။ အဲဒီမှာ . . .

'နိုင်ငံရဲ့ ၅၀ ရာခိုင်နှုန်းမက အင်အားဖြစ်တဲ့ အမျိုးသမီးများရဲ့ အခွင့်





အရေးကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတွင် အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို တိုးချဲ့ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်ရမှာဖြစ်ပါတယ်' လို့ ထည့်သွင်း ပြောကြားသွားပါတယ်။ အမျိုးသမီးအရေး မြှင့်တင်ပေးဖို့ အရေးတယူပြောကြားသွားတဲ့အတွက် ကျေးဇူးတင်ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဒီအချိန်အခါ ပြည်တွင်း ငြိမ်းချမ်းရေးအပြည့်အဝမရသေးချိန်မှာ စစ်ဘေးစစ်ဒဏ်ကို အမျိုးသမီးနဲ့ ကလေးငယ်များက ပိုပြီး ခံစားနေရလို့ပဲဖြစ်ပါတယ်။ ပြီးတော့ 'လိင်ကျွန်'အဖြစ် လူကုန်ကူးခံရတာ၊ လူလူချင်းရောင်းစားခံရတာမှာလည်း အမျိုးသမီးတွေ အများဆုံးဖြစ်နေတယ်မဟုတ်လား။ ပြည်ပနိုင်ငံတွေမှာ တိရစ္ဆာန်တွေထက် ရက်ရက်စက်စက် အနှိပ်စက်ခံနေရတဲ့ 'အိမ်ဖော်''အိမ်အကူ'အမျိုးသမီးလေးတွေလည်း ရှိနေသေးလေရဲ့။ စစ်မဲ့ဇုန်မြို့ကြီးပြကြီးတွေမှာလည်း ဘဝနဲ့ခန္ဓာ အရင်းပြုပြီး အသက်ဆက်နေရတဲ့ အပျက်မလေးတွေကို ပြန်ကောင်းအောင် လုပ်ပေးဖို့လည်း ရှိနေပါသေး။ တွေးကြည့်ရင် အမျိုးသမီးအခွင့်အရေး မြှင့်တင်ပေးရမယ့် အလုပ်တာဝန်တွေ အများကြီးပါ။

ဗုဒ္ဓဘာသာယဉ်ကျေးမှုထုံးစံအရတော့ မြန်မာအမျိုးသမီးဆိုတာ အခွင့်အရေးနိမ့်ကျလှတယ် မဟုတ်ပါ။ ရာဇဝင်မှာ ပန်ထွာဘုရင်မ၊ ရှင်စောပုဘုရင်မကြီး တို့ အထင်အရှားပေါ်ထွန်းခဲ့တာပဲ။ သို့သော် ဒီနေ့မှာတော့ နိမ့်ကျလာတဲ့ အမျိုးသမီးများရဲ့ ဘဝအခွင့်အရေးတွေကို ကာကွယ်မြှင့်တင်ပေးဖို့ အထူးလိုအပ်နေပါတယ်။ ဒီချုပ်လွှတ်တော် ကိုယ်စားလှယ်လောင်းတွေထဲမှာ ဒေါ်စုစုနွေးတို့လို အမျိုးသမီးကိုယ်စားလှယ်လောင်းတွေ ပါဝင်လာလို့ ဝမ်းသာအားတက်ရတယ်။ စီးပွားရေးနယ်ပယ်မှာတော့ အမျိုးသမီးတွေ နေရာရခဲ့တာကြာပါပြီ။ ကုမ္ပဏီကြီးတွေမှာ မန်နေဂျာ၊ အထွေထွေမန်နေဂျာ စသည်ဖြင့်တွေ့ရတယ်။ နိုင်ငံရေး နယ်ပယ်မှာတော့ အရေအတွက်ရော၊ အရည်အချင်းအရပါ ပါဝင်မှုအားနည်းနေပါသေးတယ်။(နိုင်ငံရေးဆိုတာ စီးပွားရေးလိုမဟုတ်ဘဲ ပေးဆပ်ရတာဖြစ်လို့ အမျိုးသားတွေတောင် တကယ်လုပ်ကြဲစတမ်းဆိုရင် အင်တင်တင်ပဲ မဟုတ်လား)

**အမျိုးသမီးတွေ နိုင်ငံရေးမှာပါဝင်ဖို့ လိုအပ်တယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ၁၉၃၆ ကျောင်းသားသပိတ်ကာလတုန်းက**



www.burmeseclassic.com

www.burmeseclassic.com



**အလေးအနက်ပြောခဲ့ဖူးပါတယ်။** ကိုအောင်ဆန်း(ဗိုလ်ချုပ်)က . . 'ကျောင်းသူတွေ ကြည့်ရတာ မျိုးချစ်စိတ်ရှိပုံမရဘူး။ သူတို့ဟာ စာတတ်ချင်လို့ လာကြတာမဟုတ်ဘူး။ ဘွဲ့လိုချင်လို့ လာကြတာဗျာ။ ပြောရရင် ပကာသနတာသင်တာ။ **ကတော်ဖြစ်ချင်လို့'** . . . လို့ သုံးသပ်ခဲ့ဖူးပါတယ်။

'အမျိုးသားရေး ကိစ္စတစ်ခုလုပ်ကြရင် ယောကျ်ားတွေချည်းပဲ မဖြစ်ဘူး။ မိန်းမတွေလည်း ပါသင့်သလောက်ပါရမယ်။ ဒါမှ အောင်မြင်မှာ။ မိန်းမတွေပါလာရင် မိန်းမတွေမှာလည်း ခေါင်းဆောင်ရှိရမယ်။ ခေတ်ပညာတတ်တွေ ဆိုပိုမကောင်းဘူးလား' လို့လည်း ပြောခဲ့ပါတယ်။ ကိုအောင်ဆန်း(ဗိုလ်ချုပ်)က လွတ်လပ်ပြီး မြန်မာပြည်မှာ ပြည်ထဲရေးဝန်ကြီးဖြစ်လာမယ့် 'ဗိုလ်ခင်မောင်လေး'ကို ပြောနေခြင်းဖြစ်ပါတယ်။

ကိုမောင်လေးက 'မခင်မြတို့ မအမာ(နောင်လူထုဒေါ်အမာ)တို့ ကျောင်းသူတွေ မြို့ထဲလှည့်လည်ဆန္ဒပြတော့ လိုက်ခဲ့တာပဲ'လို့ စောဒကတက်တော့ ကိုအောင်ဆန်းက အားမရနိုင်သေးဘူး။ 'ဒါလောက်ကလေးနဲ့များဗျာ' လို့ ငေါ့တော့တော့ ပြောခဲ့သေးသတဲ့။

ဒီလိုနဲ့ ၁၉၃၆ ကျောင်းသားသပိတ်ကြီးမှာ မခင်မြတို့၊ မအမာတို့ တက်တက်ကြွကြွပါဝင်လာတော့ ကိုအောင်ဆန်းအမြင်ပြောင်းသွားတယ်။ 'ကျွန်တော် လူကဲခတ်မှားတယ်ဗျ။ မြန်မာမိန်းကလေးတွေကို အထင်သေးမိတာလည်း မှားတယ်ဗျ' လို့ ဝန်ခံရှာတယ်။

'သပိတ်မှောက်တဲ့ညက (ရွှေဂုံတိုင် မော်လမြိုင်ဇရပ်မှာ) ငါးသေတ္တာတွေဖောက်၊ ကြက်သွန်တွေလှီးပြီး ကျောင်းသားတွေကို ကျွေးလိုက်ကြတာ သူတို့တစ်တွေဟာ အနိုင်းအစေကျနေတာပဲ။ သူတို့ကျောင်းသူတွေဟာ နောက်ဆုံးကျမှ မလောက်မင မဝတဝစားကြရတာကို မြင်ရပြန်တော့ ကျွန်တော်အတော်စိတ်ထိခိုက်တယ်။ အိပ်တော့လည်း ဖြစ်သလို အိပ်ကြရတာကိုး။ အင်းဝကျောင်းဆောင်ရှေ့မှာ သပိတ်တားကြတဲ့ အဖြစ်အပျက်တွေကို ပြန်ကြားရတော့ ကျွန်တော် ယုံတောင်မယုံဘူး။ သတင်းစာထဲမှာ ဓာတ်ပုံတွေကို မြင်ရတော့မှာ ကျွန်တော့်စိတ်ဟာ တုန်လှုပ်သွားတယ်။ သူတို့တစ်တွေ နေပူကျဲကျဲမှာ ယောကျ်ားလေးတွေနဲ့ ရင်ဘောင်တန်းပြီး သပိတ်တားကြတယ်။ အလိုတော်ရိတွေက မကြားတကြား သရော်ကြတာတွေကို သူတို့ခေါင်းငုံခံနေရတယ်။





ပရိုဖက်ဆာပီးကောက်က ကုလားထိုင်ထိုးပေးတော့ မခင်မြက ကျေးဇူးတင်ပါတယ်ဆရာကြီး။ ကျွန်မတို့ မောင်ကြီးတွေနဲ့ပဲ အတူတူမတ်တပ်ရပ်နေပါမယ်လို့ စကားချိုချိုနဲ့ သတ္တိပြလိုက်တယ်။ အလိုတော်ရိတွေနဲ့ ဘောင်းဘီဝတ်ကပြားတွေကို သူတို့အတင်းတိုးသွားမယ်လုပ်ကြတယ်ဆိုတာတွေကို ကြားရတော့ ငါထင်တာတွေဟာ အမှားချည်းပဲလို့ မြင်လာတယ်ဗျာ'

'မမကြီးရယ်၊ မအမာရယ်၊ မခင်မြရယ် သပိတ်မှောက်တဲ့ညက ဘုရားရင်ပြင်ပေါ်မှာ ပြောကြတဲ့စကားတွေဟာ ကျွန်တော်တို့ ယောကျ်ားလေးတွေကို ရဲဆေးထိုးပေးလိုက်တာပဲ၊ ရှင်တို့ ယောကျ်ားတွေ ကျွန်မတို့လို ကတော်လောင်းတွေလောက်မှ လိုက်မလုပ်နိုင်ကြရင် **ရှင်တို့ဟာ မိန်းမလျာတွေပဲ၊ ထမိဝတ်ထားကြ** လို့ မမကြီးပြောတာကို ကျွန်တော့နားထဲကမထွက်ဘူး'

'တက္ကသိုလ်စုံစမ်းရေးကော်မတီမှာ အစစ်ခံကြတုန်းက မခင်မြအခင်ခံချက်က ရေပက်မဝင်ဘူး။ အထိခိုက်ဆုံးပဲလို့ ဘိုင်ရှစ်(ကိုရာရှစ်)က ပြောတယ်။ အဲဒီ စုံစမ်းရေးကော်မတီမှာ မခင်မြ၊ မမကြီး၊ မအုန်း၊ မသန်းစိန်၊ မအမာ မရှိရိုစတဲ့ ကျောင်းသူတွေသာ အစစ်မခံရင် သတ္တိမကောင်းရင် တစ်ခါတည်းအရှက်ကွဲမှာပဲ။ ကျွန်တော်တို့လည်း မျက်နှာအိုးမည်းသုတ်ထားကြရမှာ။ မြန်မာမိန်းကလေးတွေကို အထင်သေးမိတာ မှားတယ်ဗျာ'

ကိုအောင်ဆန်း(ဗိုလ်ချုပ်)က မြန်မာအမျိုးသမီးများ နိုင်ငံရေးမှာ မပါဝင်ရကောင်းလားလို့ အထင်မှားခဲ့တာကို အဲဒီလို ဝန်ခံခဲ့ပါတယ်။ အမှားကို ဝန်ခံပြောကြားရဲတဲ့ ဗိုလ်ချုပ်ရဲ့ ရိုးဖြောင့်ပြီး သတ္တိရှိပုံကို လေးစားကြည်ညိုခဲ့ရပါတယ်။ ဒါကြောင့် ကိုအောင်ဆန်းသည် မခင်မြ သပိတ်မှောက်မှတ်တမ်းမှာ ဤသို့ ရေးသားလိုက်သည်' တဲ့။

**'သပိတ်အတွင်း၌ သပိတ်မှောက်ကျောင်းသူများ၏ လုပ်ရည်ကိုင်ရည် အစွမ်းသတ္တိနှင့် ဇွဲကို တွေ့မြင်ခဲ့ရသဖြင့် မြန်မာအမျိုးသမီးများသည် မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲ၌ တစ်တပ်တစ်အား စွမ်းစွမ်းတမံ ပါဝင်နိုင်ကြမည်ဟု ကျွန်တော် ယုံကြည်သည်။'**

ကိုအောင်ဆန်း

၁၀-၅-၁၉၃၆



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ခင်မောင်ကလေးက အထက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါတယ်။

(၁၉၇၁နိုဝင်ဘာလထုတ် အိုးဝေ၏ရွှေရတုသဘင်
လက်ရွေးစင်စာအုပ် စာမျက်နှာ ၁၄၅)

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးတွေ စွမ်းစွမ်းတမံပါဝင်ဖို့ ယုံကြည်ချက်ထားခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီနေ့ ဒီမိုကရေစီအရေးတော်ပုံကြီးမှာ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ရှေ့ဆုံးက ဦးဆောင်ပါဝင်နေတာကိုများ မြင်တွေ့လိုက်ရရင် ဘယ်လောက်များ အားရဝမ်းသာ ဂုဏ်ယူရှာလေမလဲ။

နိုင်ငံအရေးမှာ အမျိုးသား အမျိုးသမီးများအားလုံး ပါဝင်ရမှာဖြစ်ပါတယ်။ ဆရာကြီး **သခင်ဘသောင်း** က 'လူမှန်လျှင် နိုင်ငံရေးမှာ စိတ်ဝင်စားရမည်။ နိုင်ငံရေးမှာ စိတ်မဝင်စားသူ မလုပ်သူတွေသည် **နတ်လျှင်လည်းဖြစ်ရမည်၊ နွားလျှင်လည်းဖြစ်ရမည်** ဟု သဘောထားပါသည်' လို့ ဆရာရွှေသွေးရေးတဲ့ ဆရာတင် အထ္ထုပ္ပတ္တိစာအုပ်အမှာစာမှာ နိဒါန်းရေးခဲ့တာ သတိပြုပါဘိ။

ဒီနေ့ ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသမီးများရဲ့ အခွင့်အရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးထဲတွင် အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို တိုးချဲ့ရေး အလေးပေးလုပ်ဆောင်သွားမယ်လို့ မူဝါဒလုပ်ငန်းစဉ်တစ်ခုအနေနဲ့ အရေးတယူပြောကြားသွားခဲ့ပါပြီ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မြန်မာ အမျိုးသမီးထုကြီးရဲ့ စံပြမီးရှူးတန်ဆောင်ပေပဲကိုး။

[၂၃-၃-၂၀၁၂ ထုတ်နံနက်ခင်းဂျာနယ်]

■






# ဒေါ်အောင်ဆန်းစုကြည်ကိုစောင့်မှနေပါနဲ့
# သင်ကိုယ်တိုင်ဟာဒေါ်အောင်ဆန်းစုကြည်ဖြစ်တယ်

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ဒေါ်အောင်ဆန်းစုကြည်နှင့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင်များ |
| ရေးသူ | – | ချစ်ရန်တိုး |
| ထုတ်ဝေကာလ | – | ၂၀၁၂ ဇွန်လ၊ ဒုတိယအကြိမ် |
| စာမူခွင့်ပြုချက် | – | ၃၁၀၁၂၀၀၅၁၂ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ဖြန့်ချိ | – | ဖိုးရာဇာစာအုပ်တိုက် |

ဇွန်လ ၁၅ ရက်နေ့ ညနေပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ဆွစ်ဇာလန်နိုင်ငံမှ နော်ဝေနိုင်ငံ အော်စလိုမြို့တော်ကို ရောက်ရှိခဲ့ပါတယ်။ ဇွန်လ ၁၆ ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်က နော်ဝေနိုင်ငံက ချီးမြှင့်တဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုပေးပွဲအခမ်းအနားကို တက်ရောက်ပြီး ဆုလက်ခံယူခဲ့ပါတယ်။ နိုဘယ်ဆုပေးပွဲအခမ်းအနားဟာ ဒီဇင်ဘာလအတွင်းမှာသာ ကျင်းပလေ့ရှိပေမယ့် အထူးအစီအစဉ်တစ်ရပ်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အတွက် ကျင်းပပေးခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။

ဆုရရှိသူအား ဒုတိယအကြိမ် ဆုချီးမြှင့်ပွဲ အခမ်းအနားပြန်လည်ကျင်းပပေးခြင်းကလည်း ယခုတစ်ကြိမ်သာ ရှိသေးကြောင်း သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၉၁ ခုနှစ်က နေအိမ်အကျယ်ချုပ်ချခံနေရတာဖြစ်လို့ ငြိမ်းချမ်းရေး နိုဘယ်ဆုပေးပွဲကို တက်ရောက် မယူနိုင်ခဲ့ပါဘူး။ သားကြီးဖြစ်သူ မောင်မြင့်ဆန်းအောင်က မိခင်ရဲ့ကိုယ်စား တက်ရောက်ယူခဲ့





“

ဂန္ဒီကို စောင့်မနေနဲ့၊
ဘုရင်မင်းတရားကြီးကို စောင့်မနေနဲ့၊
မင်ဒဲလားကို စောင့်မနေနဲ့၊
မင်းဟာ မင်းရဲ့ ဂန္ဒီဖြစ်တယ်၊
မင်းဟာ မင်းရဲ့ ဘုရင်မင်းတရား ကြီးဖြစ်တယ်၊
မင်းဟာ မင်းရဲ့ မင်ဒဲလားဖြစ်တယ်။

”

တာ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးနိုဘယ်ဆုယူမိန့်ခွန်းထဲမှာ 'မြန်မာတွေရဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ ခံယူချက်ကတော့ ဘေးဒုက္ခတွေ မကောင်းမှုတွေက ရပ်တန့်သွားတဲ့အတွက်ကြောင့် ဖြစ်ပေါ်လာတဲ့ ပျော်ရွှင်မှုခံစားချက်လို့ ဆိုပါတယ်'

(၂၂–၆–၁၂ ထုတ် မန္တလေးအလင်းဂျာနယ်မှ)

ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံမှာ ငြိမ်းချမ်းရေးနိုဘယ်ဆုရယူပြီး ဥရောပခရီးစဉ်ကအပြန်မှာ 'ဆရာချစ်ရန်တိုးရဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်များ'စာအုပ်ကို ဖတ်ခဲ့ရပါတယ်။ ငြိမ်းချမ်းရေးနိုဘယ်ဆုဆိုတာ . . . နိုင်ငံအချင်းချင်းကြားတွင် အကျိုးစီးပွားဖြစ်ထွန်းအောင်အများဆုံး သို့မဟုတ် အကောင်းဆုံး စွမ်းဆောင်ခဲ့သူများနှင့် စစ်တပ်အင်အားလျှော့ချခြင်းနှင့် ဖျက်သိမ်းခြင်း၊ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများ ပေါ်ထွန်းလာခြင်းနှင့် တိုးပွားစည်ပင်လာခြင်းအတွက် စွမ်းဆောင်ခဲ့သူများအား ချီးမြှင့်တဲ့ဆု ဖြစ်ကြောင်း စာအုပ်အဖွင့်မှာ မိတ်ဆက်ပေးထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေးနိုဘယ်ဆုကို တစ်ဦးချင်းရော အဖွဲ့အစည်းတွေကိုပါ ချီးမြှင့်လေ့ရှိပါတယ်။ တစ်ဦးချင်း ၉၈ ကြိမ်ရှိခဲ့ပြီး အဖွဲ့အစည်းများ ၂၃ ကြိမ်ရှိခဲ့ပြီလို့ဆိုထားပါတယ်။ နိုင်ငံတကာကြက်ခြေနီကော်မတီက ၃ ကြိမ်၊ ဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံးက ၂ ကြိမ်ရခဲ့ဖူးပါတယ်။ အမျိုးသမီးငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ၁၂ ယောက်ရှိခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်လည်း ပါဝင်ပါတယ်။ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ခွင့်မရခဲ့တဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် သုံးဦးမှာလည်း ဒေါ်အောင်ဆန်းစုကြည်ပါဝင်နေပါတယ်။ ကျန်နှစ်ဦးကတော့ ဘာလ်ပိုအော့စက်စကီး(ဂျာမန်ငြိမ်းချမ်းရေးဝါဒီနှင့် ဂျာနယ်လစ်)နဲ့ လူရှောင်ဆို (တရုတ်လူ့အခွင့်အရေးလှုပ်ရှားသူ)တို့ ဖြစ်ပါတယ်တဲ့။

(စာ-၁၂ ရှု)

'၂၀၁၀ ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် အမည်စာရင်း ၂၃၇ ဦး တင်သွင်းခဲ့သည်။ ၃၈ ခု မှာ အဖွဲ့အစည်းများ ဖြစ်ကြသည်။ ထိုအမည်စာရင်း အရေအတွက်မှာ ငြိမ်းချမ်းရေးနိုဘယ်ဆုသမိုင်းတွင် အရေအတွက် အမြင့်ဆုံး ဖြစ်သည်'

(စာ-၁၃)

'၁၉၀၁ ခုနှစ်မှာ ၂၀၀၁ ခုနှစ်အထိ ငြိမ်းချမ်းရေးနိုဘယ်ဆုပေါင်း ၁၀၉ ဆုအား အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်'

(စာ-၁၄)

စာမျက်နှာ ၉ မှာတော့ ' ၁၉၀၁ ခုနှစ်မှစ၍ ငြိမ်းချမ်းရေး နိုဘယ်ဆု ၉၁ ဆု ချီးမြှင့်ပြီးဖြစ်သည်'လို့ ရေးခဲ့ပါတယ်။ ၁၉၀၁ မှ ဘယ်နှစ်ခုနှစ်လို့တော့ ဖော်ပြမထားပါ။ စာမျက်နှာ ၁၄ မှာတော့ ၂၀၀၁ ခုနှစ်အထိ ၁၀၉ ဆုလို့ ရေးထားပေရာ အချက်အလက်ကွဲပြားနေတာကို ညှိနိုင်းစိစစ်ပေးဖို့လိုပါလိမ့်မယ်။ ပြီးတော့ ၁၉၀၁ မှ ၂၀၀၁ အတွင်း(နှစ်တစ်ရာအတွင်း)ငြိမ်းချမ်းရေးနိုဘယ်ဆုဟာ ၁၀၉ ကြိမ်ဖြစ်နေပါတယ်။ တစ်နှစ်တစ်ကြိမ် ပုံမှန်ပေးရင်တောင် ဆုပေါင်း ၁၀၀ ပဲ ရှိပါလိမ့်မယ်။ မှန်မှန်မပေးနိုင် ပျက်ကွက်ခဲ့တဲ့ ခုနှစ်များ ၁၉၁၄ မှ ၁၉၁၈ (ပထမကမ္ဘာစစ်ကာလ)၊ ၁၉၂၃၊ ၁၉၂၄၊ ၁၉၂၈၊ ၁၉၃၂၊ ၁၉၃၉ မှ ၁၉၄၃ အထိ(ဒုတိယကမ္ဘာစစ်ကာလ)၊ ၁၉၄၈၊ ၁၉၅၅၊





၁၉၅၆၊ ၁၉၆၆၊ ၁၉၆၇၊ ၁၉၇၂ နှစ်တွေမှာ ငြိမ်းချမ်းရေးနိုဘယ်ဆု မပေးနိုင်ကြောင်းသိရပါတယ်။ စုစုပေါင်း အကြိမ်နှစ်ဆယ်ခန့် ငြိမ်းချမ်းရေးနိုဘယ်ဆုမပေးနိုင်ခဲ့ပါ။ အဲဒီ အကြိမ် ၂၀ ခန့်ကို နှစ်တစ်ရာအတွင်း ၁၀၉ ဆုဖြစ်နေတာထဲက နုတ်ကြည့်ရဦးမယ်ထင်ပါတယ်။ ဒါကြောင့် နှစ်တစ်ရာအတွင်း ငြိမ်းချမ်းရေးနိုဘယ်ဆု ၁၀၉ ဆုပေးတယ်ဆိုတာ ပြန်လည်စိစစ်ပြီး အချက်အလက်အမှန် ဖော်ပြဖို့လိုပါလိမ့်မယ်။

ငြိမ်းချမ်းရေးနိုဘယ်ဆုဆိုပေမယ့် ဟစ်တလာလို့ ပုဂ္ဂိုလ်မျိုးကို ၁၉၃၉ ခုနှစ်မှာ ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် အမည်စာရင်းတင်သွင်းခဲ့ဖူးတယ် ဆိုပါတယ်။ ဟစ်တလာနဲ့အပြိုင် ဒုတိယကမ္ဘာစစ်ကြီးကို ဆင်နွှဲခဲ့တဲ့ ရုရှားက စတာလင်ကိုလည်း ၁၉၄၅ နဲ့ ၁၉၄၈ ခုနှစ်များမှာ စာရင်းတင်သွင်းခဲ့တယ်လို့ ဆိုပါတယ်။ အံ့သြစရာပါပဲ။ ကမ္ဘာကျော် အကြမ်းဖက်သမားကြီးနှစ်ဦး (နာဇီနဲ့ကွန်မြူနစ်)တွေကို ငြိမ်းချမ်းရေးနိုဘယ်ဆုနဲ့ နှစ်သိမ့်ချော့မြူတာလား၊ အကြမ်းဖက်မှုတွေ၊ လူသတ်ပွဲကြီးတွေရပ်တန့်အောင် လုပ်တာလားလို့ မေးစရာဖြစ်လာပါတယ်။ ဟစ်တလာကို အမည်စာရင်းတင်သွင်းတဲ့ ဆွီဒင်ပါလီမတ်အမတ်ကတော့ နောက်ပိုင်းမှာ သူ့အမည်စာရင်းတင်သွင်းခဲ့တာကို ပြန်လည်ရုပ်သိမ်းခဲ့တယ်လို့ သိရပါတယ်။

ကမ္ဘာကျော် အကြမ်းမဖက်ရေး သစ္စာမေတ္တာဝါဒီ သူတော်စင်နိုင်ငံရေးသမားကြီး 'ဂန္ဒီ'ကတော့ဖြင့် ငါးကြိမ်တိုင်တိုင် အမည်စာရင်းတင်သွင်းခဲ့ရသော်လည်း ငြိမ်းချမ်းရေးနိုဘယ်ဆုရမသွားခဲ့ပါဘူး။ ဒီစာအုပ်ထဲမှာမပါတဲ့ 'အိုဘားမား'လို အမေရိကန်သမ္မတဖြစ်ကာစမှာ ဘာမှမလုပ်ရသေးဘဲနဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုပေးလိုက်တာလည်း ရှိပါတယ်။ ဥရောပက အမေရိကကို နိုဘယ်ဆုနဲ့ လာဘ်ထိုးပြီး သူတို့ဘက်ပါအောင် စည်းရုံးတာလားလို့တောင် ဝေဖန်တာကြားခဲ့ရပါတယ်။

၂၀၀၀ ခုနှစ်ရဲ့ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် တောင်ကိုးရီးယားသမ္မတ 'ကင်မ်ဒေးဂျုန်'ကို ဆုပေးတုန်းကလည်း ဝေဖန်ချက်တွေ ပေါ်ထွက်ခဲ့လို့ ဒီလို ဖြေရှင်းယူရပါတယ်။

'ကင်မ်ကို ကျွန်တော်တို့ နိုဘယ်ဆုပေးတဲ့အခါမှာ အခြားသူတွေက မေးခွန်းတချို့ မေးကြပါတယ်။ မစောလွန်းဘူးလားလို့ပေါ့၊ တောင်နှင့်မြောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုးရီးယား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခုမှ စလုပ်ခါစပဲ ရှိသေးတယ်။ နိုဘယ်ဆုတောင်ပေးနေပြီဆိုတော . . . အမှန်က အဲဒါတွေကို သည့်မတွက်သေးဘဲနဲ့တောင် ကင်မ်ဟာ လူ့အခွင့်အရေးလှုပ်ရှားမှုတွေကြောင့် ဒီဆုကို ရသင့်ရထိုက်တဲ့ သူဖြစ်ပါတယ်'

(စာ–၁၄၅)

မဟတ္တမဂန္ဒီကြီးကို နိုဘယ်ဆုမပေးခဲ့ပေမယ့် စစ်လက်နက်များကို ထိန်းချုပ်ဖို့ ဆောင်ရွက်ခဲ့တဲ့ 'လင်းနက်စ်ကားပေါလင်း'ကိုတော့ ၁၉၆၂ ရဲ့ နိုဘယ်ဆုရှင်အဖြစ်ရွေးချယ်ခဲ့ပါတယ်။ ပေါလင်းဟာ ၁၉၅၄ ခုနှစ်က ဓာတုဗေဒ နိုဘယ်ဆု ရခဲ့ဖူးသူဖြစ်လို့ တစ်ဦးတည်း နိုဘယ်ဆု ၂ ဆုရသူအဖြစ် မှတ်တမ်းဝင်သွားပါတယ်။

၁၉၆၄ ခုနှစ်ရဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ကတော့ 'မာတင်လူသာကင်း' ဖြစ်ပါတယ်။ အသက် ၃၅ နှစ်အရွယ်မှာ ဆုရတာဖြစ်လို့ ကမ္ဘာ့အသက်အငယ်ဆုံး ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်လို့ ဆိုထားပါတယ်။

(စာ–၅၀ ရှု)

ဒါပေမဲ့ ဒီစာအုပ်ထုတ်ဝေချိန်မှာ အသက် ၃၂ နှစ်နဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်(မဲရစ်ကိုရိဂင်)ပေါ်ထွက်လာလို့ မာတင်လူသာကင်းရဲ့ ကမ္ဘာ့အသက်အငယ်ဆုံးဆိုတဲ့ စံချိန်မှတ်တမ်းကို ချိုးဖျက်လိုက်ပြီဖြစ်ပါတယ်။ မဲရစ်ကိုရိဂင်က ၁၉၇၆ မှာ ဆုရခဲ့ပြီး သူ့နောက်မှာ ၁၉၉၂က ဆုရရှိခဲ့တဲ့ ရီဂိုဘတာ၊ မန်ချူးတန်နဲ့ ဘက်တီဝီလီလ်ယမ်တို့ဟာ အသက် ၃၃ နှစ်ဝန်းကျင်လို့ မတိမကျ ဖော်ပြထားတာ တွေ့ရပါသေးတယ်။

(စာ–၁၁ ရှု)

ဒါကြောင့် စာမျက်နှာ၅၀ မှာ ဖော်ပြထားတဲ့ ကမ္ဘာ့အသက်အငယ်ဆုံး ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် မာတင်လူသာကင်းဆိုတာကို အမှားပြင်ပေးရမှာ ဖြစ်ပါတယ်။ ပြီးတော့ မာတင်လူသာကင်းရဲ့ ကမ္ဘာကျော်မိန့်ခွန်းကို '**ငါ အိပ်မက်မက်တယ်**'လို့ မှားမှားယွင်းယွင်း ဘာသာပြန်ထားပါတယ်။ အမှန်မှာ '**ကျွန်တော့်မှာ အိပ်မက်တစ်ခုရှိတယ်**'(I have a dream)ဖြစ်ပါတယ်။ ဆရာချစ်ရန်တို့လို မထင်မရှားဘာသာပြန်သမားကို မဆိုထားနဲ့ ဆရာ **ကိုတာ**





တို့လို နာမည်ရှိတဲ့ ပုဂ္ဂိုလ်ကြီး ဘာသာပြန်တဲ့ မာတင်လူသားကင်း စာအုပ်မှာလည်း 'ကျွန်တော့်မှာအိပ်မက်ရှိတယ်'လို့ လုပ်ထားတယ်။ ပြည့်စုံမှန်ကန်အောင် ဘာသာပြန်နိုင်ခြင်း မရှိခဲ့ပါဘူး။

ငြိမ်းချမ်းရေးနိုဘယ်ဆုမှာ ဆန့်ကျင်ဘက်တွေကို ပေါင်းဖက်ပြီး ပူးတွဲဆုပေးတာလည်း တွေ့နိုင်ပါတယ်။ ဥပမာ ၁၉၉၄ ငြိမ်းချမ်းရေးနိုဘယ်ဆုကို အာရာဖတ်(ပါလက်စတိုင်း)နဲ့ ရေဘင်(အစ္စရေး)တို့ကို ပူးတွဲပေးတာမျိုးဖြစ်ပါတယ်။ သူတို့နှစ်ဦးကို ဆုပေးခဲ့သည့်တိုင် အရှေ့အလယ်ပိုင်းမှာတော့ ဒီနေ့ထိ ငြိမ်းချမ်းရေးမရသေးပါဘူး။ ၁၉၇၃ အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကိုလည်း ကစ်ဆင်ဂျာ(အမေရိကန်)နှင့် ဗီယက်နမ်အမျိုးသားခေါင်းဆောင် 'လီဒပ်သို'တို့ကို ပူးတွဲ ချီးမြှင့်ခဲ့ပါတယ်။ လီဒပ်သိုက . . . 'မိမိနိုင်ငံတွင် အခုထိ ငြိမ်းချမ်းမှု မရှိသေးကြောင်း'ပြောပြီး ဆုလက်ခံဖို့ ငြင်းဆိုခဲ့ပါတယ်။ ကမ္ဘာ့သမိုင်းမှာ ငြိမ်းချမ်းရေးနိုဘယ်ဆုကို ငြင်းပယ်ခဲ့တဲ့ တစ်ဦးတည်းသောသူအဖြစ် လီဒပ်သိုကို မှတ်တမ်းတင်ထားကြပါတယ်။

ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်တွေအကြောင်းပြောရင်းနဲ့ ဆရာချစ်ရန်င်းက သူ့အမြင်တွေကို ဝင်ပြောခဲ့တာလည်း တွေ့ရပါတယ်။

'အမှန်တကယ် ငြိမ်းချမ်းရေးလိုလားသူများသည် အမျိုးသားရေးဝါဒကို မစွဲကိုင်သင့်ဘဲ နိုင်ငံတကာဝါဒ(ခေါ်)လူသားဝါဒကို အခြေပြုသင့်ပေသည်။

(စာ–၉၃)

အာရာဖတ်၊ ရေဘင်၊ လီဒပ်သို၊ အက်စမွန်တူးတူး၊ မင်ဒဲလား တဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်အများဆုဟာ အမျိုးသားရေးကိုသာ အဓိကထားပြီး ကြိုးပမ်းခဲ့သူများဖြစ်ပါတယ်။ အမျိုးသားရေး(ဝါ) ဒေသတွင်းငြိမ်းချမ်းရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အကျိုးပြုစေခဲ့တာပဲဖြစ်ပါတယ်။ ဒီနေ့ အမေရိကန်ကြီးတောင်မှ အမျိုးသားရေးကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်ထားတုန်းပါသေး။

၁၉၉၁ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အကြောင်း ဖော်ပြရာမှာတော့ ဒေါ်အောင်ဆန်းဆုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက်ပိုင်း အခြေအနေများထိ မှတ်တမ်းတင်ထားပါတယ်။ 'ယူ–၁၉ မြန်မာနှင့် လာအိုဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးခြင်း'အထိ



www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားတာတွေ့ရပါတယ်။

(စာ–၁၀၄ ရှု)

၂၀၁၁ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်သုံးဦးကို ‘အမျိုးသမီး အခွင့်အရေးလှုပ်ရှားသူများ’အဖြစ် ချီးမြှင့်ခဲ့ပါတယ်။ လိုက်ဘေးရီးယားက ‘ဂျီဘိုဝီး’ဆိုတဲ့ အမျိုးသမီးပြောတာ မှတ်သားစရာ ကောင်းပါတယ်။

‘ဂန္ဒီကိုစောင့်မနေနဲ့၊ ဘုရင်မင်းတရားကြီးကို စောင့်မနေနဲ့၊ မင်ဒဲလားကို စောင့်မနေနဲ့၊ မင်းဟာ မင်းရဲ့ ဂန္ဒီဖြစ်တယ်၊ မင်းဟာ မင်းရဲ့ ဘုရင်မင်းတရားကြီးဖြစ်တယ်၊ မင်းဟာ မင်းရဲ့ မင်ဒဲလားဖြစ်တယ်’ တဲ့။

ကျွန်တော်တို့လည်း ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအတွက် ဘယ်သူ့ကို စောင့်မျှော်နေကြပါသလဲ။

‘ဒေါ်အောင်ဆန်းစုကြည်ကို စောင့်မနေနဲ့ သင် ကိုယ်တိုင်ဟာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်ပါတယ်’

‘သမ္မတကြီးကို စောင့်မနေနဲ့၊ သင်ကိုယ်တိုင်ဟာ မဲဆန္ဒပေးသူဖြစ်ပါတယ်’

‘ဘိုးဘိုးအောင်ကိုမျှော် မနေနဲ့ သင်ကိုယ်တိုင်ဟာ ဘိုးဘိုးအောင်ဖြစ်တယ်’

အဲဒီလိုပြောကြည့်ရင်း . . . ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်များကို ဦးညွှတ်ဂုဏ်ပြုလိုက်ပါတယ်။

[၁၃–၇–၂၀၁၁ ထုတ် မန္တလေးအလင်းဂျာနယ်]

■





# ငြိမ်းချမ်းရေးအလားအလာ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၂ ဇန်နဝါရီ ၂၆ ရက်က စတင်ကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးများသို့ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများထံလိပ်မူလျက် နိုင်ငံတော်သမ္မတကြီးက သဝဏ်လွှာပေးပို့ခဲ့ပါတယ်။ သဝဏ်လွှာအပိုဒ် ၅မှာ ဒီလိုဖော်ပြထားပါတယ်။

''နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ် အခြေခံလျက် ယခင်ကနှင့်မတူသည့် မူများကို ကျင့်သုံးကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ဖွဲ့လုံးနှင့် ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့ ၆ဖွဲ့နှင့် အခြေခံသဘောတူညီချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျန်အဖွဲ့ ၅ဖွဲ့နှင့်လည်း ထိတွေ့ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မြှင့်သုံးသပ်ရပါက ငြိမ်းချမ်းရေးလုပ်ငန်း ဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်သည်ကို တွေ့မြင်နိုင်ပါသည်။ ဆက်လက်၍လည်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်''

ဒီနေ့တိုင်းပြည်မှာ ဘာအရေးကြီးဆုံးလဲဆိုရင် နံပါတ်စဉ်ထိုးပြီးပြောလို့





မရအောင် အရေးအရာတွေအားလုံးဟာ တစ်ပြိုင်နက်တည်း အရေးတကြီး လုပ်ဆောင်သွားရမယ့်အရာတွေချည်း ဖြစ်နေပါတယ်။ လယ်သမားရေး၊ အလုပ်သမားအရေး၊ ခြစားမှုနဲ့အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ စာပေလွတ်လပ်ခွင့်နှင့် မီဒီယာအရေး၊ ဆင်ရဲမှုတိုက်ဖျက်ရေး၊ တရားဥပဒေ စိုးမိုးရေးနဲ့ ပြည်တွင်းစစ်ရပ်စဲငြိမ်းချမ်းရေးစသည်ဖြင့် အရေးအရာအားလုံးကို တတ်နိုင်သမျှအမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာ ပြည်တွင်းစစ်ဟာ လွတ်လပ်ရေးရဲ့ ဖွားဖက်တော်ဖြစ်ခဲ့တာလည်း အလွန်ကြေကွဲစရာကောင်းလှပါတယ်။ လွတ်လပ်ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာ ရေအိုးနဲ့ရေမှုတ်ပမာ လိုက်ဖက်ညီနေရမယ့်အစား မီးခတစ်ဖက် ရေမှုတ်တစ်ဖက်လိုဖြစ်ခဲ့ပါတယ်။ ပြည်တွင်းစစ်မီးကြီးတောက်လောင်နေခဲ့တာ လွတ်လပ်ရေးရဲ့သက်တမ်းနဲ့အမျှပဲဆိုတာ နိုင်ငံခေါင်းဆောင်အသီးသီးကပင် ရှုမြင်သုံးသပ်ဝန်ခံလာကြပြီဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးအောင်သောင်းက ၂၀၁၁၊ ဒီဇင်ဘာ ၁၆ ရက် ဟိုတယ်ရန်ကုန်မှာ ကျင်းပတဲ့သတင်းစာရှင်းလင်းပွဲမှာ. . . ''ကမ္ဘာပေါ်တွင်နှစ်ပေါင်း ၆၀ ကျော်ကြာသည့်အထိ လက်နက်ကိုင်ပုန်ကန်သောအဖွဲ့အစည်းများရှိနေသောနိုင်ငံသည် မြန်မာနိုင်ငံသာရှိကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ အထင်အမြင်သေးမှုများကိုလည်း ခံနေရကြောင်း. . .'' ထည့်သွင်းပြောကြားခဲ့ပါတယ်။

(၁၉– ၁၂– ၁၁ ထုတ် ဖေးဗရိတ်သတင်းဂျာနယ်မှ)

နှစ်ပေါင်း ၆၀ ကျော်ကြာတဲ့ ပြည်တွင်းစစ်ဆိုတာ ကမ္ဘာမှာမရှိ၊ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုများနဲ့ လက်နက်ကိုင်ပဋိပက္ခဖြစ်နေတယ်ဆိုတာ မြန်မာပြည်ရဲ့ထူးခြားပေါ်လွင်လှတဲ့ သီးခြားပြဿနာကြီးတစ်ခု ဖြစ်ပါတယ်။ တိုင်းရင်းသားအရေးကို ဖြေရှင်းနိုင်ရင် မြန်မာ့အရေးအောင်ပြီလို့တောင် ဆိုနိုင်ပါတယ်။ သို့သော် လွယ်လွယ်နဲ့မဖြစ်တဲ့အတွက် အလေးအနက်ထားပြီး ဆောင်ရွက်နေတာ တွေ့မြင်ကြားသိနေရပါတယ်။

၂၀၁၂ ဇန်နဝါရီ ၁၂ရက်က ဘားအံမြို့မှာ သက်တမ်း ၆၃ နှစ်ကြာ သက်နက်ကိုင်အဖွဲ့ကြီးဖြစ်တဲ့ မြန်မာနိုင်ငံမှာ အင်အားအကောင်းဆုံးလက်နက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်အဖွဲ့ကြီးဖြစ်တဲ့ကေအင်ယူ(ကရင်အမျိုးသားအစည်းအရုံး)နဲ့ အစိုးရရဲ့ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ အပစ်အခတ်ရက်စဲရေး သဘောတူလက်မှတ်ရေးထိုး နိုင်ခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက်ခေါင်းဆောင်များ ဆွေးနွေးကြပုံကို Sky Net ရုပ်သံက ထုတ်လွှင့်ပြသခဲ့တာကို စိတ်ဝင်တစား စောင့်ကြည့်ဖြစ်ခဲ့ပါတယ်။ ပြည်တွင်းသတင်းဂျာနယ်များကလည်း တခမ်းတ နားဖော်ပြပေးနိုင်ခဲ့ပါတယ်။ အဲဒီမှာ နှစ်ဦးနှစ်ဖက်ပြောကြားခဲ့တဲ့ ငြိမ်းချမ်းရေး စကားတွေဟာ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးခရီးအတွက် လမ်းပြမြေပုံသ ဖွယ်ဖြစ်တာမို့ နှိုင်းချိန်နိုင်အောင် ပြန်လည်ဖော်ပြလိုက်ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် မီးရထားဝန်ကြီးဦးအောင် မင်းက. . "နှစ်ပေါင်း ၆၀ လောက်ဖြစ်ခဲ့တဲ့ရောဂါကြီးကို တစ်ထိုင်တည်းနဲ့ကုဖို့ တော့ ဘယ်ရမလဲ"လို့ သုံးသပ်ပြခဲ့ပါတယ်။ ဒါကြောင့် စိတ်ရှည်ရမယ်၊ သည်းခံရမယ်၊ လိုက်လျောရမယ်၊ ဒါတွေဟာယုံကြည်မှုတည်ဆောက်ခြင်းပါပဲ။ ဦးအောင်မင်းက. . "သူတို့ခေါ်တဲ့နေရာလည်း လိုက်တာပဲ၊ သူတို့ခိုင်းတာ အကုန်လုပ်တယ်"လို့ဆိုပါတယ်။ Voice ဂျာနယ်က မေးခဲ့တာတွေကို ဝန်ကြီးက ဖြေဆိုခဲ့ရာမှာ ငြိမ်းချမ်းရေးအရိပ်အယောင်တွေ ယှက်သန်းလာခဲ့ပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

Voice။ ။ KNU အဖွဲ့ထဲက တစ်ယောက်ကတော့ အရင်က လက်နက်ကို အရင်ချပြီးမှ ဆွေးနွေးပေါ့။ အခုကတော့ လက်နက်ကိုင်ပြီး ငြိမ်းချမ်းရေးဆွေး နွေးခွင့်ရတယ်ဆိုတော့ သူတို့သဘောကျတယ် ပြောတယ်။ ဘာကြောင့် ဒီလို ခွင့်ပြုတာလဲ။

UAM။ ။ ဒီတိုင်းရင်းသားတွေက သေနတ်ဖက်ပြီး မွေးလာတာ၊ ဒီလိုသေနတ်မကိုင်ပါနဲ့လို့လည်း ပြောလို့မရဘူး။ နောက်ဆုံးအချိန်ထိတော့ လက်နက်မကိုင်စေချင်ဘူးပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုတည်းပဲရှိရမှာ။ ဒါပေမယ့် သူတို့လက်နက်ကိုင်တဲ့သူကို မကိုင်နဲ့ပြောလို့လည်း မတရားဘူးပေါ့။ သူတို့လက်နက်မကိုင်ချင်တဲ့ စိတ် ပေါက်အောင်ဘာလုပ်ပေးရမလဲ၊ တတ်နိုင်ရင် ဘယ်သူမှ ကိုင်မှာမဟုတ်ဘူး၊ သူတို့နယ်မြေဒေသကြီး ဖွံ့ဖြိုးတိုးတက်လာရင် ဘယ်သူမှ လက်နက်မကိုင်ဘူး"

(ဇန်နဝါရီ ၁၆-၂၂- ၂၀၁၂ ထုတ် Voice မှ)





တိုင်းရင်းသားတွေဘက်က ဘာကြောင့်လက်နက်မစွန့်ရတာလဲဆိုတာကို KNU အဖွဲ့ရဲ့ တပ်မဟာမှူးဗိုလ်ချုပ်စောဂျော်နီက ဒီလိုပြောပြပါတယ်။

"အစိုးရအဆက်ဆက်က ငြိမ်းချမ်းရေးဆွေးနွေးတာ လုပ်ခဲ့ပေမယ့် မဖြစ် မြောက်ခဲ့ဘူး။ အရင်ဆွေးနွေးတာ လုပ်ခဲ့ပေမယ့် မဖြစ်မြောက်ခဲ့ဘူး။ အရင် ဆွေးနွေးတုန်းက ဥပဒေဘောင်အတွင်းဝင်ပါ။ လက်နက်စွန့်ပါဆိုတော့ မစွန့် နိုင်ဘူး၊ လက်နက်စွန့်လိုက်ရင် ပိုပြီးအနိမ့်ခံရမယ်၊ တိုင်းရင်းသားအခွင့်အရေး တန်းတူရဖို့ပဲ လုပ်တယ်။ အခုက လက်နက်စွန့်တာမပြောဘူး"

(ဇန်နဝါရီ ၁၆-၂၂- ၂၀၁၂ ထုတ် Voice မှ)

ဒီလိုအပစ်အခတ်ရပ်စဲပြီး ၄၅ ရက်အတွင်း ပြန်တွေ့ပြီး နိုင်ငံရေးသဘော တူညီမှုအတွက် ဆွေးနွေးဖို့ ချိန်းဆိုခဲ့တယ်လို့ သိရပါတယ်။ သို့သော် ၄၅ရက် မက လေးငါးလကြာသွားနိုင်သေးတယ်လို့ ကေအင်ယူဒုဥက္ကဋ္ဌ စောဒေးဗစ် ထောက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အခြားသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနဲ့လည်း အပစ်အခတ်ရပ်စဲပြီးတဲ့နောက် နိုင်ငံရေး ဆွေး နွေးပွဲအတွက် ကြန့်ကြာနေဆဲ အခြေအနေမှာ ရှိနေပါတယ်။ ကေအိုင်အို (ကေအိုင်အေ) ကချင်အဖွဲ့နဲ့ဆိုရင် တရုတ်ပြည်ရွှေလီဆွေးနွေးပွဲမှာ ပဏာမ အဆင့်အပစ်အခက်ရပ်စဲရေးသဘောတူညီချက်တောင် မရခဲ့သေးပါဘူး။ ဆက် သက်ဆွေးနွေးမယ်လို့ သတင်းထုတ်ပြန်ထားပါတယ်။

၂၀၁၂ ဖေဖော်ဝါရီ ၇ ရက်နေ့မှာတော့ နေပြည်တော်မှာ ငြိမ်းချမ်းရေး ဆွေးပွဲတစ်ခုဖြစ်မြောက်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ ဦးအောင်သောင်းက သမ္မတကြီးနဲ့ ကာကွယ်ရေးဦးစီးချုပ်တို့ရဲ့ အမှာစကားများကို ယူဆောင်လာ ခဲ့ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ချောမွေ့အောင်မြင်ပါစေကြောင်း၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အေးအတူပူအမျှ သာတူညီမျှနေထိုင်ကြဖို့ ဆန္ဒရှိကြောင်း နှုတ်ခွန်းဆက်စကားဆိုခဲ့ပါတယ်။ ဦးအောင်သောင်းက "ယခင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ မတူတဲ့အချက်က တိုင်းရင်းသားတွေကို တန်ဖိုး ထားတယ်။ လေးစားတယ်ဆိုတဲ့အချက်ပါပဲ၊ တန်းတူညီတူဆွေးနွေးမယ်၊ ကြိုတင်သတ်မှတ်ချက်တွေ မရှိပါဘူး။ကြိုက်တာကို ဆွေးနွေးပါ"လို့ လမ်းခင် ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်မှူးချုပ်ဒေါက်တာတီမသေကလည်း ငြိမ်းချမ်းရေး ဆွေးနွေးဖို့လာတာ၊ လူမျိုးရေးအနိုင်ယူဖို့မဟုတ်ဘူး၊ . . . တိုင်းရင်းသားအားလုံး လူမျိုးအားလုံးကို ဘယ်လိုပေးဆပ်ရမလဲဆိုတဲ့ စိတ်ဓာတ်နဲ့လာခြင်းဖြစ်ပါတယ်'' လို့ပွင့်ပွင့်လင်းလင်းပြောကြားသွားပါတယ်။ KNLA ရဲ့မိဘလိုဖြစ်တဲ့ ဗိုလ်ချုပ်ကြီးထိန်မောင်ကလည်း ငြိမ်းချမ်းရေးအတွက် လေးနက်တည်ကြည်စွာ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

. . . ''ဒီစစ်မှန်တဲ့ငြိမ်းချမ်းရေးကိုသွားမယ့် ခရီးစဉ်ကို နှစ်ဖွဲ့လုံးက တစ်ယောက်နဲ့တစ်ယောက် လေးစားတဲ့ သစ္စာကတိတွေကို စောင့်ထိန်းပြီးတော့ ရှေ့ဆက်သွားပြီးတော့ လူထုတွေလည်း စိတ်ချမ်းသာတဲ့အလုပ်ကို လုပ်ရမှာ ဖြစ်ပါတယ်''လို့ အစချီပြီး နှစ်၆၀ တိုက်ခဲ့သမျှ အသက်ပေးခဲ့ရတာတွေများ လှပြီဖြစ်ကြောင်း၊ ''အကယ်၍ ဒီငြိမ်းချမ်းရေးဟာ အစိုးရအနေနဲ့ သဘောမတူလို့ လာတိုက်မယ်၊ လာသတ်မယ်ဆိုရင်လည်း အဘိုးတစ်ယောက်အနေနဲ့ ရပ်ပြီး ငြိမ်းချမ်းရေးကိုဘက်ယူသွားမယ်၊ ငါအသေခံသွားမယ်၊ ကျွန်တော်ပေးဆပ်သွားမယ့်သွေးနဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးဟာ ရရှိသွားမယ်လို့ ကျွန်တော်ယုံကြည်တယ်''

(ဖေဖော်ဝါရီ ၁၆ –၂၂ –၂၀၁၂ ရန်ကုန်တိုင်းမ် –အချုပ်ပို)

ဦးအောင်သောင်းရဲ့ နိဂုံးစကားထဲမှာ 'စစ်ရေးကိုလုံးဝမနှစ်သက်ပါဘူး၊ စစ်ရေးဟာ တိုင်းပြည်အတွက်ရော လူမျိုးအတွက်ရော ပတ်ဝန်းကျင်အတွက်ရော အကျိုးမရှိပါဘူး'လို့ တွေ့လိုက်ရပါတယ်။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားတွေဘက်က တညီတညွတ်တည်း တောင်းဆိုနေတာကို အနှစ်ချုပ်ပြောနေရင် 'တန်းတူရေး'ပဲဖြစ်ပါတယ်။ SNLD ခေါင်းဆောင်ဦးခွန်ထွန်းဦးက. . .

''ငြိမ်းချမ်းရေးရယူမယ်၊ အပစ်အခတ်ရပ်စဲမယ်ဆိုရင် လက်နက်ကိုင်တဲ့ တိုင်းရင်းသားတွေအားလုံးအတွက် ဖြစ်ရမယ်။ တစ်ဖက်ကို အပစ်ရပ်ပြီး တစ်ဖက်ကို တိုက်မယ်ဆိုရင် ဒီငြိမ်းချမ်းရေးဟာ နောင်နှစ်ပေါင်းတစ်ရာသွားလည်း ဘယ်နည်းနဲ့မှမရနိုင်ဘူး''လို့ သုံးသပ်ဝေဖန်ခဲ့ပါတယ်။

''ကျွန်တော်တို့ ၄၇ တုန်းက ပင်လုံညီလာခံထက် လူစုံတက်စုံဖြစ်နေပြီဆိုတော့ အဲဒီညီလာခံထက်စုံတဲ့ ဆွေးနွေးပွဲကြီးဖြစ်လိမ့်မယ်လို့တော့ ကျွန်တော်





မျှော်လင့်တယ်။ အဲဒီဆွေးနွေးပွဲမှာ လူစုံတက်စုံပါပြီးတော့လုပ်ရင် ပိုကောင်းတယ်လို့လည်း မှတ်ချက်ပေးချင်တယ်။ ဆိုလိုတာကလက်နက်ကိုင်တိုင်းရင်းသားနဲ့ ပါတီတိုင်းရင်းသားနှစ်မျိုးပဲရှိတယ်။ လိုရင်းက တန်းတူရပိုင်ခွင့်ပဲ။ အဲဒီထက်မြင့်လို့ရှိရင် ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးပဲ'' လို့ ဦးခွန်ထွန်းဦးက ဆိုပါတယ်။

(ဇန်နဝါရီ ၁၆–၂၂–၂၀၁၂ ထုတ် Voice မှ)

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးအာသီသဘယ်တော့ပြည့်ဝမှာလဲ၊ တိုင်းပြည်မှာ ငြိမ်းချမ်းရေးရရင် ဘာမဆိုဖြစ်နိုင်ပါပြီ။ တိုင်းရင်းသားအရေး . . . ငြိမ်းချမ်းရေး အောင်မြင်ရင် မြန်မာ့အရေးအောင်ပြီလို့ဆိုနိုင်ပါကြောင်း။

[၂၄–၂–၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

■



www.burmeseclassic.com


www.burmeseclassic.com

“

အင်မတန်မှ သစ်တောကြွယ်ဝတဲ့မြန်မာဟာ
သစ်တောတွေကို တရားလွန် ဖျက်စီးပစ်နေတယ်ဆိုတာကလည်း
ဆိုးဝါးလှတဲ့ မြန်မာပြည်က ကျူးလွန်လိုက်တဲ့ ပြစ်မှုကြီးပဲ။
ကမ္ဘာမှာ ဘရာဇီးရယ်၊ အင်ဒိုနီးရှားရယ်၊ မြန်မာရယ်ဟာ ဒီကိစ္စမှာ
ထိပ်တန်းအပြစ်သားတွေဖြစ်နေတယ်။ မှန်လည်းမှန်ပါတယ်။
အခုလိုဖျက်ဆီးကြတာ ပရမ်းပတာပါပဲ။
သစ်ပင်ငယ်တွေကို ရွှေ့ပြောင်းပြီး တစ်ဖက်နိုင်ငံကို
ရွှေ့ပြောင်းစိုက်လား စိုက်ရဲ့။
သိပ်မရင့်သေးတဲ့ သစ်ပင်တွေကို ခုတ်လားခုတ်ရဲ့။

”

မန်းချောင်းစာပေ




www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | အားလုံးအတွက်ပညာရေးနှင့် တိုင်းပြုပြည်ပြုဆောင်းပါးများ |
| ရေးသူ | – | ဒေါက်တာမြင့်မြင့်ခင် |
| ထုတ်ဝေကာလ | – | ၂၀၁၂ ဧပြီ |
| စာမူခွင့်ပြုချက် | – | ၄၀၀၆၉၃၁၂၁၁ |
| တန်ဖိုး | – | ၄၀၀၀ ကျပ် |
| ထုတ်/ဖြန့် | – | စာအုပ်ဈေး |

အသက် ၉၀ ပြည့်လုဆဲ မြန်မာအမျိုးသမီးပညာရှင်ဆရာမကြီး ဒေါက်တာ မြင့်မြင့်ခင်ရဲ့ ပညာရေးအတွေးအမြင်စာစုများနဲ့ တိုင်းရေးပြည်ရာ ဝေဖန်စာများ၊ တိုင်းပြုပြည်ပြုဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်တဲ့ စာအုပ်ဖြစ်ပါတယ်။

၂၀၀၅ မှ ၂၀၁၀ အတွင်း မဂ္ဂဇင်းဂျာနယ်တွေမှာ ရေးခဲ့တဲ့ ပညာရေးဆောင်းပါးများနဲ့ ၂၀၁၁ ခုနှစ်အတွင်း ပြည်သူ့ခေတ်ဂျာနယ်မှာ ရေးခဲ့တဲ့ဆောင်းပါးများ ပါဝင်ပါတယ်။ စာအုပ်နိဒါန်းမှာပင် ယနေ့တိုင် မပြောင်းလဲသေးတဲ့ 'လွတ်ကျက်ဖြေ'ပညာရေးအခြေအနေကို . . .

'ဒီလိုအဆင့်မှာ ရပ်တန့်သွားနေတာဟာ ပညာရေးစနစ်ရဲ့ မဟာအမှား**ကြီးပဲ။ ကျောင်းသားသူငယ်တွေကို ဉာဏ်ထိုင်းစေတဲ့ ဘေးဆိုးအန္တရာယ်**ပဲ' . . . လို့ ပြတ်ပြတ်သားသား ဝေဖန်ထားပါတယ်။

'ယခု မူလတန်းကအစ အဆင့်မြင့်ပညာရေးဘွဲ့လွန်အပါအဝင်မှာ ကျင့်သုံးနေတဲ့ ပညာရေးစနစ်ကတော့ မှတ်ဉာဏ်(memory)အားကိုးဖြစ်ပါတယ်။ (Knowledge)လို့တောင် မခေါ်နိုင်ပါဘူး။ (Rote Learning) နှုတ်အာဂုံ





ဆောင်နိုင်ခြင်း သက်သက်သာဖြစ်ပါတယ်။ (Factual recall)။ ဦးနှောက်ဉာဏ်ရည်အဆင့် (intellegence)တွေမှာ အောက်ဆုံးအဆင့်က ရှိတာပါ'

(စာ–၉၁)

'အခု မတရားလွှမ်းမိုးနေတဲ့ (rote learning)လို့ ခေါ်တဲ့ နှုတ်အာဂုံဆောင်အလွတ်ကျက်၊ ဒါကိုပဲပြန်အံ၊ ဒါကိုအမှတ်ပေးတဲ့ စနစ်ဆိုးကြီး၊ အကျိုးထူးယုတ်ဆေတဲ့ အကြောင်းရင်းကြီး ဖယ်ရှားပစ်ပြီး ကလေးတို့ ကျောင်းသားတို့ သူတို့ရဲ့ဦးနှောက်ကို အသုံးပြုတဲ့ သင်ကြားပုံစနစ်ကို ကျင့်သုံးရန်'

(စာ–၁၀၆)

'ဒီတော့ မြန်မာ့ပညာရေးစနစ်ကတော့ အကြီးအကျယ်ပြောင်းလဲဖို့လိုတာ သေချာတယ်။ ဒီမှာလည်း ဟိုနားနည်းနည်း ဒီနားနည်းနည်း တို့ကနန်းဆိတ်ကနန်းလုပ်လို့မရပါဘူး။ အမြစ်ကနေ လှန်ပစ်ဖို့ ကောင်းနေပါပြီ'

(စာ–၁၅၈)

ပညာရေးစနစ်မပြောင်းရင်တော့ ကမ္ဘာကို မဆိုထားနဲ့၊ အိမ်နီးချင်းနိုင်ငံတွေကိုတောင် ယှဉ်နိုင်မှာမဟုတ်ဘူးလို့ဆိုပါတယ်။ ပညာရေးမှာ ဆင်းရဲချမ်းသာ ကွာဟမှုကြောင့် ဖြစ်ပေါ်လာတဲ့ မမျှတမှုမျိုး မရှိရလေအောင် ပြည်သူ့ကျောင်း၊ အစိုးရကျောင်းတွေရဲ့ ပညာရေးအဆင့်အတန်းမြှင့်ပေးရမယ်လို့လည်း တင်ပြထားပါတယ်။ ပညာရေးပြီးတော့ နိုင်ငံတော်အစိုးရသစ်ရဲ့ မူဝါဒနဲ့ လုပ်ဆောင်ချက်တွေကိုလည်း စိစစ်ဝေဖန်သွားတာတွေ့ရပါတယ်။

အထူးသဖြင့် နိုင်ငံတော် သမ္မတကြီးရဲ့ ပွဲဦးထွက်မိန့်ခွန်းကို စိတ်လှုပ်ရှားဖွယ်ကြိုဆိုခဲ့ပြီး ပြောတဲ့အတိုင်းလုပ်ဖို့ ကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ တိုက်တွန်းထားပါတယ်။ ဘာလုပ်ပိုင်ခွင့်မှမရှိဘဲ အကြံပေးအဖွဲ့ကဘင်ဝင်ပြောနေတာကိုလည်း ဆရာကြီးက နားကလောတယ် ထင်ပါတယ်၊ ဒေါက်တာ ဒေါ်မြင့်မြင့်ခင်က ဒီလိုထောက်ပြထားပါတယ်။

'**အကြံပေးအဖွဲ့ဝင်တစ်ဦးက** . . . မိမိတို့နိုင်ငံမှာ ဒီမိုကရေစီနိုင်ငံသင်ကို အောင်မြင်စွာ ထူထောင်ပြောင်းလဲနိုင်ပါတယ်။ ဆန္ဒကို မှန်းပြီးပြောလိုက်တာ (Statement of intent)ဆိုလျှင်တော့ ဟုတ်ပါလိမ့်မယ်။

ဒါပေမယ့် ဒီအဆိုရဲ့ နောက်ကွယ်မှာ ရှိနေတဲ့ မဟာဗျူဟာပြဿနာကြီးက



www.burmeseclassic.com

www.burmeseclassic.com



ဖော်ညွှန်းလာမယ့် တာဝန်ဝတ္တရားတွေကို အလေးထားမယ်ဆိုရင်တော့ လက်တွေ့ဆန်တဲ့စကား၊ ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်တွေ၊ ရည်မှန်းချက်တွေ ထည့်ပေးဖို့သင့်ပါတယ်။ **သူက အကြံပေးပုဂ္ဂိုလ်ပဲမဟုတ်လား၊ လုပ်မယ့်သူမှ မဟုတ်တာ**'

(စာ–၁၃၉)

'**ချွေတာရမယ်**၊ အလေအလွင့်မရှိစေနဲ့၊ မခိုမကပ်ရဘူး၊ လာဘ်ပေးလာဘ်ယူမလုပ်ရဘူး ဆိုတဲ့ အမိန့်သံဆန်တာတွေက မထိရောက်ပါဘူး။ ဒီလိုပုံစံနဲ့ လုပ်ခဲ့တာလည်း နှစ်တွေကြာလာခဲ့ပြီပဲ'

(စာ–၁၃၄)

နိုင်ငံတော်ရဲ့ အဓိကပုံရိပ်ဖြစ်တဲ့ လွှတ်တော်နဲ့ ပတ်သက်လာရင်လည်း ဆရာမကြီး ဒေါ်မြင့်မြင့်ခင်က ဝေဖန်ထောက်ပြထားပါတယ်။

' ... ပထမအကြိမ် လွှတ်တော်ကို တင်သွင်းခဲ့တဲ့အဆိုများအနက် အဆို ၃ ခုကိုသာ လွှတ်တော်က သဘောတူ အတည်ပြုနိုင်ခဲ့တယ်။ ... အခုလို ပြဿနာပေါင်းနဲ့ ပြုပြင်စရာပေါင်း သောင်းခြောက်ထောင်မကရှိနေလို့ ဒုန်းစိုင်းသွားပြီး လုပ်ရမယ့်ခေတ်မှာ ဒါကတော့ မနည်းလွန်းဘူးလား။ လွှတ်တော်တစ်ကြိမ်မှာ ဒီနှုန်းနဲ့သာသွားနေရင် လွှတ်တော်ဆယ်ကြိမ်မှာ အဆို ၃၀ ပဲ ပြီးတော့မယ် ..'

(စာ ၁၃၇)

လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကို 'အောင်မှတ်မရနိုင်သေးဘူး' လို့ ဆိုပါတယ်။

'လူထုတွေ ယုံကြည်ကိုးစားဖို့ရာက 'အပြော' 'အဆို' 'အမိန့်(မိန့်ခွန်း' တွေမှာ လက်တွေ့ကျမယ့် အပိုင်းအချက်တွေပါဖို့ကောင်းတယ်။ ဒီလိုအစိုးရနဲ့ ပြည်သူဆက်ဆံရေးပိုင်းမှာ ကွပ်ဆတ်ဆတ်ဖြစ်နေတဲ့ကာလမှာ ပိုပြီး လက်တွေ့ကျတယ်ဆိုတဲ့ ကိုယ့်(အစိုးရ)ရဲ့ ရပ်တည်မှုအခြေအနေကို အစိုးရက ပြကိုပြရမှာဖြစ်ပါတယ်။ လူတွေကြောက်နေတဲ့ စကားလုံး အပြောအဆိုတွေ ရှိပါသေးတယ်။ 'အခါအားလျော်စွာ'၊'သင့်တော်တဲ့အချိန်မှာ' စတာနဲ့ မျိုးတူစကားလုံးတွေဖြစ်ပါတယ်။ ဒီစကားလုံးတွေဟာ ပြတ်သားမှု စိုးစေ့မျှ





မပါတာကြောင့် '**အချိန်ဆွဲဗျူဟာ**'(delaying tactics) တွေလို့ အများက ထင်မြင်ကြပါတယ်'

(စာ–၁၄၀)

ဆရာမကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခင်က 'ရင်ဆိုင်ရန် ပြဿနာများ' ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဝေဖန်ထောက်ပြခဲ့တာတွေကလည်း မှတ်သားစရာကောင်းလှပါဘိ။

'၂၀၁၀–၂၀၁၁မှာ ကာကွယ်ရေးက ၂၁. ၁၂ ရာခိုင်နှုန်း သုံးပြီးပြီး ကျန်းမာရေးကတော့ ၁. ၄၆ ရာခိုင်နှုန်း တဲ့။ ကာကွယ်ရေးဘက်က ဘတ်ဂျက်ရဲ့ ထက်ဝက်မကသုံးခဲ့တာဆိုတော့ ဘာကြောင့်ပါလိမ့်။ ကာကွယ်ဖို့ ပြည်ပ အန္တရာယ်လည်းမရှိ ပြည်တွင်းမှာလည်း အခုအစိုးရက သောင်းကျန်းသူအဖွဲ့က လေးဖွဲ့ပဲ ကျန်တော့တယ်ဆိုတော့ တွေးစရာဖြစ်မနေဘူးလား'

(စာ–၁၅၂)

ကျန်းမာရေးနဲ့ပတ်သက်ပြီး မြန်မာပြည်မှာ ဆင်းရဲသားတွေခံနေရတာ တော်တော်ဆိုးပြီး တော်တော်သနားစရာကောင်းတဲ့ အခြေအနေပါ။ ပစ်မထားကြပါနဲ့'လို့ တောင်းဆိုထားပါတယ်။

ဆရာမကြီးက ထောင့်စေ့အောင်သုံးသပ်ရာမှာ 'သစ်တောပြုန်းတီးခြင်း (Deforestation)' ကိုလည်း ချန်မထားပါဘူး။

'အင်မတန်မှ သစ်တောကြွယ်ဝတဲ့မြန်မာဟာ သစ်တောတွေကို တရားလွန်ဖျက်စီးပစ်နေတယ်ဆိုတာကလည်း ဆိုးဝါးလှတဲ့ မြန်မာပြည်က ကျူးကျော်လိုက်တဲ့ ပြစ်မှုကြီးပဲ။ ကမ္ဘာမှာ ဘရာဇီးရယ်၊ အင်ဒိုနီးရှားရယ်၊ မြန်မာရယ်ဟာ ဒီကိစ္စမှာ ထိပ်တန်းအပြစ်သားတွေဖြစ်နေတယ်။ မှန်လည်းမှန်ပါတယ်၊ အခုလိုဖျက်ဆီးကြတာ ပရမ်းပတာပါပဲ။ သစ်ပင်ငယ်တွေကို ရွှေ့ပြောင်းပြီး ဘစ်ဖက်နိုင်ငံကို ရွှေ့ပြောင်းစိုက်လား စိုက်ရဲ့။ သိပ်မရင့်သေးတဲ့ သစ်ပင်တွေကို ခုတ်လား ခုတ်ရဲ့။ .... .... တစ်ဆက်တည်းမှာပဲ ပြောလို့ရတာက ပတ်ဝန်းကျင် (Enviroment) ကို ပျက်ပြုန်းအောင် မလုပ်ဖို့ပါပဲ'

(စာ–၁၆၀)

'ကျန်အရေးကြီးတဲ့ ပြဿနာ(issue)တွေ ရှိနေပါသေးတယ်။ ပထမဦး



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ကိုင်တွယ်ရမှာကတော့ မျှတမှုမရှိခြင်း (Equity) ပါပဲ။ ဆူကြူနိမ့်မြင့် အဆင့်အတန်းမခွဲ ဆင်းရဲချမ်းသာမဟူလို့ ကျားမ မရွေး အေးအတူ ပူအမျှ ဆိုသလို ရထားသမျှ ရပိုင်ခွင့်ရှိတာအကုန်ကို ညီညီမျှမျှ ခွဲစားစေရပါမယ်။ ဒါဟာ Good Governance ရဲ့ maudate ပြဋ္ဌာန်းအဆိုအမိန့်တစ်ခု ဖြစ်ပါတယ်။ ဒီမျှတမှုကိစ္စဟာ နေရာတကာမှာ အရေးကြီးပါတယ်။ ဒီအထဲမှာ ဆင်းရဲချမ်းသာကွာဟချက် Poverty Gap ကတော့ အရေးအကြီးဆုံးပါပဲ'

(စာ–၁၆၅)

'ဘယ်နေရာ ဘယ်အပိုင်းကဏ္ဍမဆို equity ရှိရမှာပါ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အရေးအကြီးဆုံးကတော့ ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ မျှတမှုပဲ။ Development ဖွံ့ဖြိုးမှု အစီအစဉ်မှရရှိလာသော အသီးအပွင့် Evonomic Development မှ ရရှိလာတဲ့ အမြတ်တွေ ဘယ်လိုပဲရရ ခွဲဝေပေးတဲ့အခါမှာတော့ ပြည်သူတွေ မျှမျှတတရဖို့ပါပဲ။ တိုင်းပြည်ရဲ့ GNP ဘယ်လိုပဲ တိုင်းတိုင်း အကျိုးအမြတ်ငွေဟာ အောက်တန်းလွှာအထိ ရောက်ရမှာပါ။ လူနည်းစု လက်တစ်ဆုပ်စာထဲမှာ မရှိသင့်ပါဘူး။ ကမ္ဘာကြီးမှာ ချမ်းသာသရွေ့နဲ့ ၁/၃ ဟာ လူ ၁၂၀ ကျော်မှာပဲ ရှိနေတယ်လို့ သိရတယ်။ မြန်မာမှာလည်း ချမ်းသာခြင်းရဲ့ Share များများဟာ လူလေးငါးယောက် သို့မဟုတ် အုပ်စု လေးငါးစုမှာပဲ ရှိနေပါပြီ။ ဒါအစပဲရှိပါသေးတယ်။ အခုအချိန်ကစပြီး ဖောက်ချဖောင်းပေးပြီး ဒီအဖြစ်ကို ကာကွယ်ရပါလိမ့်မယ်။ ... .... ဒီအရေးကြီးလှတဲ့ အန္တရာယ်ကြီးကို ကြိုတင်ကာကွယ်ဖို့က Good Governance, Clean Government ကို ကိုယ်စားပြုတဲ့ အစိုးရသစ်ရဲ့ တာဝန်လုံးလုံးဖြစ်ပါတယ်'

(စာ ၁၆၇)

အစိုးရနဲ့ ပြည်သူကြားက အကွာအဟကိုလည်း ဒီလိုတင်ပြထားပါတယ်။

'အခုလူကြမ်း၊ အခုမင်းသား၊ အခုမင်းသား၊ အခုလူကြမ်း လုပ်လို့မရပါဘူး။ အရင်ကအငွေ့အသက်တွေကတော့ ကျန်နေဦးမှာပါ။ ကာယကံရှင်တွေက သူတို့ကိုယ်သူတို့ ရုပ်ပြောင်းရုပ်လွှဲ(ခံယူချက် အပါအဝင်)မှာ အင်မတန်ကျွမ်းကျင် ဂုဏ်မြောက်ပါတယ်။ (versatile)လို့ အထင်ရှိပေမယ့် အများ





ပြည်သူကတော့ ဒီလိုမမြင်နိုင်ကြသေးပါဘူး'

(စာ–၁၇၃)

ပြီးတော့ မီဒီယာ စာနယ်ဇင်းတွေနဲ့ ဆက်စပ်နေတဲ့ 'လူ့အခွင့်အရေး' များကိုလည်း ဆရာမကြီး ဒေါ်မြင့်မြင့်ခင်က ဖော်ထုတ်ပေးခဲ့ပါတယ်။

၁၉၄၈ ခုနှစ်ကပင် ကမ္ဘာ့ကုလသမဂ္ဂကြီးက ထုတ်ပြန်ခဲ့တဲ့ Universal Declaration of Human Right(UDHR) မှာ အခန်းပေါင်း ၃၀ ရှိတဲ့အနက် အခန်း ၁၉ မှာ

'လူတိုင်းလူတိုင်းဟာ ကိုယ်ပိုင်ထင်မြင်ချက်ဖော်ပြဖို့ အခွင့်အရေးရှိတယ်။ ဒါကို ဖော်ထုတ်ခွင့်ရှိတယ်။ ဒီလိုအခွင့်အရေးဆိုတာ ကိုယ်ပိုင်ထင်မြင်ချက်တွေကို သူတစ်ပါးက အနှောက်အယှက်မပြုဘဲ ရနိုင်ခွင့်ရှိရမယ်။ နောက်ပြီးတော့ ကိုယ်က လိုချင်တဲ့ သတင်း၊ အကြောင်းအရာ၊ အချက်အလက်တို့ကို ရှာဖွေနိုင်ခြင်း၊ ဒီအချက်အလက်တွေကို လက်ခံရရှိပြီးနောက် အဲဒီသတင်းတွေကိုလည်း တခြားတစ်နေရာသို့ ပို့ပေးနိုင်ခွင့်ရှိရမယ်။ အဲဒီလို လုပ်ရာမှာ သတင်းဖြန့်ချိရေး အမျိုးအစားပေါင်းစုံကို သုံးနိုင်ခွင့်ရှိတယ်။ ဒီလိုလုပ်ဆောင်ရာမှာ တားမြစ်တဲ့ နယ်ခြားစည်းမရှိစေရ'

UDHR မှာ စတုတ္ထမဏ္ဍိုင်နဲ့ နီးနွယ်နေတဲ့ အခြားအခန်းကတော့ အခန်းနံပါတ် ၂၀ (Article 20) ဖြစ်တယ်။ ဒီအခန်းရဲ့ အဓိပ္ပါယ်ကတော့

လူတိုင်းလူတိုင်းဟာ ငြိမ်းချမ်းအေးဆေးစွာ စုဝေးစည်းရုံးခြင်း၊ အသင်းအဖွဲ့တည်ထောင်ခြင်းတို့ကို လုပ်နိုင်ခွင့် ရှိရမယ်။ အဖွဲ့အစည်းနဲ့ အသင်းများဘွင်လည်း မိမိဆန္ဒမရှိပါက အတင်းအဓမ္မဝင်ရောက်ရန် မလုပ်နိုင်ပါ။ တစ်နည်းပြောရလျှင်တော့ ငြိမ်သက်စွာ စုဝေးဆန္ဒပြမယ်၊ တရားဟောမယ်ဆိုရင် ခွင့်ပြုရမယ်။ ဖမ်းဆီးခြင်း၊ အပြစ်ပေးခြင်း(သို့မဟုတ်) ဥပဒေကို သုံးပြီး နှိပ်ကွပ်ခြင်း မပြုရလို့ဆိုတာပါ'

(စာ–၁၈၉)

ဆရာမကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခင်က မြန်မာအမျိုးသမီးများအခွင့်အရေးမြှင့်တင်ပေးဖို့ကိုလည်း တောင်းဆိုထားပါတယ်။ မြန်မာအမျိုးသမီးတွေဟာ ပျူခေတ်၊ ပုဂံခေတ်ကတည်းက နေရာပေးခြင်းခံခဲ့ရတယ်။ ဒီနေ့

www.burmeseclassic.com



အမေရိကန်က ဟီလာရီကလင်တန်ရဲ့ ရာထူးမျိုးကို မြန်မာအမျိုးသမီးတွေ ပုဂံခေတ်က ရရှိခဲ့ကြတယ်လို့ ဆိုပါတယ်။

(စာ ၁၉၆ ရှု)

သို့သော် ၁၉၆၃ စစ်အာဏာရှင်ခေတ်ကစပြီး မြန်မာ့အမျိုးသမီးအခွင့်အရေး မှေးမှိန်သွားတာ ဒီနေ့အထိပဲလို့ တင်ပြထားပါတယ်။ ဆရာမကြီးကိုယ်တိုင်က ဆေးသိပ္ပံပညာရှင်ဖြစ်ပေမယ့် သမိုင်းရဲ့သဘောကိုလည်း နှောကြေတယ်လို့ ဆိုရပါမယ်။

'If u don't learn from history, you are condement to repeat it.တဲ့။ 'သမိုင်းက သင်ပေးတာကို မယူလိုက်လျှင် အလားတူ ပြစ်ဒဏ်ခတ်ခြင်းကို တစ်ဖန်ပြန်ခံရဦးတော့မှာပဲ' ... တဲ့'

သမိုင်းသင်ခန်းစာ ယူနိုင်ကြပါစေ။ ပြည်သူလူထုရဲ့ နားကျည်းမှု၊ နာကျင်မှုတွေကို ကုစားပေးနိုင်ပါစေတဲ့။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အသက် ၉၀ ကျော်တဲ့အထိ နိုင်ငံရေး ငြိမ်းချမ်းရေးအတွက် ရှေ့ဆောင်စံပြ လုပ်သွားပါတယ်။ ဒီနေ့ ဆရာကြီး ဒဂုန်တာရာ အသက် ၉၀ ကျော်တဲ့အထိ ငြိမ်းချမ်းရေးလှုပ်ရှားမှုထဲမှာ မားမားမတ်မတ် ပါဝင်နေဆဲ။ ဆရာကြီး ဟံသာတိဦးဝင်းတင် အသက် ၉၀ နီးလာပြီဖြစ်ပေမယ့် အားသစ်မာန်သစ်တွေနဲ့ တိုင်းပြည်အတွက် အလုပ်လုပ်နေဆဲ၊ ဆရာမကြီး ဒေါက်တာ မြင့်မြင့်ခင်လည်း ယခု အသက် ၉၀ ပြည့်လုဆဲအချိန်မှာ သတ္တိကောင်းကောင်းနဲ့ ဆောင်းပါးတွေရေးပြီး အလင်းရောင်ပေးလျက် ...။ တိုင်းသစ်ပြည်သစ် အောင်မြင်မှုအသစ်တွေကို မျက်မှောက်ပြုပါရစေလို့ ...။

[၆–၆–၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

■



# သေရေးရှင်ရေး မြန်မာ့စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေ ဘယ်လောက်ထိ အောက်ကျရှိသလဲဆိုတာကို နိုင်ငံတော်အစိုးရသစ်ရဲ့ ခေါင်းဆောင်များက ပွင့်ပွင့်လင်းလင်း ဝန်ခံထားပြီးဖြစ်ပါတယ်။ အနာနဲ့ဆေး တည့်အောင်ပေး၊ အနာသိမှဆေးရှိဆိုတာလို ရောဂါအမှန်ကိုသိမှ ကုထုံးအမှန်ကို ရရှိမှာဖြစ်ပါတယ်။ အနာတခြား ဆေးတခြားဖြစ်နေမယ် ဆိုရင်တော့ လူနာရဲ့ အခြေအနေဟာ မျှော်လင့်ချက်မရှိတော့ပါဘူး။ အထူးသဖြင့် နာတာရှည် ရောဂါကို ကုသရတာ ပိုခက်တတ်ပါတယ်။ ဆရာများသားသေ ဖြစ်မှာလည်း စိုးရိမ်ရပါတယ်။

ဆရာဝန်များဟာ လူနာရဲ့အသက်ကိုကယ်ဖို့ ရောဂါလက္ခဏာနဲ့ ရောဂါရဲ့ နောက်ကြောင်းရာဇဝင်ကို လေ့လာရသလိုပဲ မြန်မာပြည်ရဲ့နာတာရှည် စီးပွားရေး ရောဂါဆိုးကြီးကိုကုစားဖို့ စီးပွားရေးပညာရှင်များက လေ့လာအကဲခတ် သုံးသပ်တင်ပြထားတာတွေကို စုစည်းတင်ဆက်လိုက်ပါတယ်။

(၂၀၁၂ မတ်လထုတ် စည်သူအောင်မြင့်နှင့် ဇာလီထွန်း၊ ထက်ထက်ခိုင်၊ မေဇော်၊ ဇင်မာဝင်း တို့ရဲ့ ၂၀၁၁ အင်တာဗျူးများစာအုပ်မှ ကောက်နုတ်ဖော်ပြလိုက်ပါတယ်။)





ဆရာခင်မောင်ညို (ဘောဂဗေဒ)က 'ကျွန်တော်တို့ဆီမှာ Marco Economic Management ပေါ်လစီမရှိလို့ သုံးသပ်တယ်။ ဒါပေမယ့် တကယ် စီမံခန့်ခွဲနေသူတွေအနေနဲ့ သူတို့မှာတော့ ရှိချင်ရှိမယ်။ ကျွန်တော်ကတော့ မမြင်ဖူးဘူး။ ဒါပေမယ့် လုပ်ကိုင်တဲ့ဟာကို ကြည့်ရင်လည်း **နိုင်ငံအဆင့် စီးပွားရေးစီမံခန့်ခွဲမှု နိုင်ငံအဆင့် စီးပွားရေး မူဝါဒမရှိဘူး** လို့ ကျွန်တော်က အကြမ်းဖျင်းမြင်တယ်။ ဥပမာ ငွေဖောင်းပွတာကို ကြိုက်သလား၊ ငွေကျံ့တာကို ကြိုက်သလားဆိုတာမျိုး ကျွန်တော် ရှင်းရှင်းလင်းလင်း မသိဘူး'လို့ သုံးသပ်သွားပါတယ်။

(စာ- ၄၅ )

နိုင်ငံတော်အစိုးရသစ်ပေါ်ပေါက်လာတော့ 'ဆင်းရဲနွမ်းပါးမှုလျှော့ချရေး' ဆိုတဲ့ ရည်ရွယ်ချက်မူဝါဒတစ်ရပ်ပါလာတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာခင်မောင်ညို(ဘောဂဗေဒ)က ဒီလို တုံ့ပြန်ထားပါတယ်။ 'ဆရာဦးမြင့် ရေးတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစာတမ်းက မြန်မာလိုအဆင်ပြေအောင် ဘာသာပြန်ဖို့ တော်တော်ခက်တယ်။ တစ်လနှစ်လလောက် အချိန်ယူခဲ့ရတယ်။ ပြောချင်တာက 'စကားလုံး'အသွင်ပြောင်းတာတောင် ကျွန်တော်တို့စွမ်းရည် (Capacity) အတော်အားနည်းတယ်။ အဲဒီတော့ စကားလုံးကို action သက်တွေ့ အနေနဲ့ ပြောင်းဖို့က တော်တော်ခဲယဉ်းတယ်လို့ သုံးသပ်တယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဘာသာရပ်(၈)ခုခွဲတယ်။ ဘယ်အခြေအနေ ရောက်ပြီလည်းဆိုပြီး တောက်လျှောက်မေးခဲ့ကြတယ်။ သူကအဆင့်ဆင့်ထိ ရောက်သွားတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်ထိ ရောက်သွားတယ်။ ကျွန်တော့်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ပတ်သက်တဲ့ **စိုးရိမ်ပူပန်မှုကတော့ ရတက်မအေးနိုင်ဘူး။** အပေါ်ကဘယ်လောက်ပဲ Commitment ရှိရှိ အောက်ပိုင်းမှာ အဖျားရှူးရှူးသွားတဲ့ထုံးစံရှိတယ်။ အဲဒါကို ကျွန်တော် စိုးရိမ်တယ်။ အစိုးရမှာ ဦးစားပေးအစီအစဉ်တွေ အမျိုးမျိုးရှိနိုင်တယ်။ အဲဒီအထဲမှာ သေတ်တလော ရမယ့်အပိုင်းလေးတွေပေါ်လာရင် **ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို မျက်ခြည်ပြတ်သွားနိုင်တယ်။** ပျောက်ချင်လည်း ပျောက်သွားနိုင်တယ်'

(စာ-၂၄၃ )

www.burmeseclassic.com



အဲဒီလိုမျိုးတွေစိုးရိမ်တဲ့အတွက် ဦးမြင့်က သုတေသနအဖွဲ့အစည်းတစ်ခု တည်ထောင်ဖို့ အကြံပြုခဲ့တဲ့အတိုင်း နိုင်ငံတော်သမ္မတကြီးကလည်းလက်ခံ ပါတယ်တဲ့။ ဒါပေမယ့် ဒီသုတေသနအဖွဲ့ကြီးက ဘယ်လောက်အလုပ်လုပ်နိုင် မလဲ၊ ဟုတ်တိုင်းမှန်ရာ အစီရင်ခံနိုင်ပါ့မလားဆိုတာလည်း စိုးရိမ်နေရပါတယ်။ ဆရာခင်မောင်ညို(ဘောဂဗေဒ)က 'အစိုးရက အကုန်လိုက်လုပ်စရာမလိုဘူး။ လိုက်လုပ်ရင် နာမည်ပျက်တာပဲ အဖတ်တင်မယ်။ ဥပမာ ဂျီအက်စ်အမ်ဖုန်း တွေဆိုရင် အစိုးရလုပ်တုန်းက တစ်နေ့ကို အလုံး ၁၀၀ ပြည့်အောင်မနည်း ချပေးရတယ်။ အခု ပုဂ္ဂလိကလက်ထဲချလိုက်တော့ ဆယ့်ငါးမိနစ်၊ နာရီဝက် အတွင်းပြီးတယ်။ တစ်နေ့ကိုအလုံးတစ်ထောင်ကျော်ကျော် ထွက်နေတယ်' လို့ ၂၀၁၁ ခုနှစ်က အနေအထားကို ထုတ်ဖော်ပြောကြားသွားပါတယ်။

'စီးပွားရေးကိုစပြောရရင် အစိုးရကို သနားတဲ့မျက်လုံးနဲ့ပဲ ကြည့်တယ်။ သူ့မှာ Functionတွေအများကြီး။ Capacityကမရှိဘူး။ Private sector မှာလည်း မရှိဘူး။ တက္ကသိုလ်မှာလည်းမရှိဘူးဆိုတော့ အစိုးရရဲ့ ဒီခြေလှမ်း တွေကို ခင်ဗျားကသေးသေးလေးပဲမြင်ပေမယ့် သူ့အတွက်တော့ ဘယ်လောက် **အန္တရာယ်ရှိတဲ့ခြေလှမ်း** ဖြစ်နေမလဲ။ **ဘေးကိုမချော်ဘူးလား၊ နောက်ပြန် ဆုတ်မသွားနိုင်ဘူးလား**'

(စာ-၂၄၆)

ဆရာခင်မောင်ညို(ဘောဂဗေဒ)ရဲ့ သုံးသပ်အဖြေစကားတွေဟာ မြန်မာ့စီး ပွားရေးအလားအလာအတွက်ထည့်သွင်းစဉ်းစားရမယ့် ရောဂါလက္ခဏာရှာ ဖွေတွေ့ရှိချက်အချို့လို့ ဆိုနိုင်ပါတယ်။ အစိုးရမှာ စီးပွားရေးစွမ်းဆောင်ရည်မရှိ ဘူးဆိုတာ **ပါမောက္ခဒေါက်တာအောင်ထွန်းသက်** ရဲ့အင်တာဗျူးမှာလည်း တွေ့လိုက်ရပါတယ်။

'စီးပွားရေးအဆောက်အအုံကို စီမံတဲ့နေရာမှာ လုပ်နိုင်ကိုင်နိုင်တာတွေ လိုတယ်၊ ဆရာတို့ **စွမ်းဆောင်ရည်တွေတက်လာအောင် စောင့်နေဖို့အချိန် မရှိဘူး။** အဲဒီတော့ စွမ်းဆောင်ရည်တွေကို **ဖြတ်လမ်းနည်းနဲ့ ဘယ်လို တက်အောင်လုပ်မလဲ** စဉ်းစားဖို့လိုမယ်'

( စာ-၂၅၀ )





စွမ်းဆောင်ရည်တက်အောင် ဖြတ်လမ်းနည်းနဲ့လုပ်လို့ရမရ မေးချင်တယ်၊ စွမ်းဆောင်ရည်မှာ 'ဖြတ်လမ်းနည်းမရှိမရှိ' သိချင်ပါတယ်။ အနာတော့သိပါပြီ ဒွါမှမန်းတဲ့နည်းနဲ့ကုရမှာလားလို့ မေးရပါလိမ့်မယ်၊ **ဆရာဦးဟန်ထွန်း(အခွန်)** ကလည်း စီးပွားရေးရောဂါဆိုးကြီးနဲ့ပတ်သက်ပြီး အစိုးရကိုလက်ညှိုးထိုးပြ ထားပါတယ်။ 'အစိုးရအဖွဲ့သစ်မှာ လူဟောင်းတွေပါသလိုလူသစ်တွေလည်းပါ တယ်။ ဒါပေမယ့် မူကတော့အသစ်၊ အဲဒီတော့ ရက်ပေါင်း ၁၀၀ ပြည့်တဲ့အခါ လူအဟောင်းတွေကလည်း သူတို့အရင်ကလုပ်ခဲ့တဲ့ပုံစံအတိုင်း လုပ်လို့မရဘူး ဆိုတဲ့ အသိဖြစ်သွားသလို နောက်ပါဝင်လာတဲ့သူတွေကလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိသလိုဖြစ်နေတဲ့ အပိုင်းတွေရှိနေတယ်။ ကျွန်တော်မြင်တာ ကတော့ မငံ့မရဲစိတ်တွေ သိပ်များလွန်းအားကြီးနေတယ်။ ဝန်ကြီးဌာနတွေမှာ ကိုယ့် ဝန်ကြီးတွေက ကိုယ့်ဌာနနဲ့ ပတ်သက်တဲ့ကစ္စတွေကို ကိုယ်ပိုင်စဉ်းစား ဆင်ခြင်ဉာဏ်နဲ့ လွတ်လွတ်လပ် လုပ်နေတဲ့အနေအထားတွေ မတွေ့ရ သေးဘူး'

( စာ-၂၅၅ )

လူနာကတော့ မျောနေတုန်းပဲလို့ဆိုရမှာပါ။ ကုထုံးအညွှန်းတစ်ခုကို **ပါမောက္ခဦးမော်သန်းက** ဒီလိုညွှန်ပြပါတယ်။

'တိုင်းပြည်ရဲ့စီးပွားရေးဟာ လူဘယ်လောက်ရဲ့ လက်ထဲကို ဖြန့်ခွဲပြီး ချောက်နေသလဲဆိုတဲ့ကိစ္စ အရေးကြီးတယ်။ လူတစ်စုလက်ထဲရောက်နေလို့ မဖြစ်ဘူး။ ဈေးကွက်မှာ လွတ်လပ်စွာယှဉ်ပြိုင်ခွင့်ရှိရင် **လူတစ်စုက လက်ဝါးကြီး အုပ်ထားလို့မရဘူး။** လူတစ်စုရဲ့လက်ထဲမှာ တိုင်းပြည်ရဲ့ သွင်းအားစုတွေရှိနေခဲ့ရင် **အန္တရာယ်အရမ်းများတယ်။** လူနည်းစုလက်ထဲကို အရင်းအနှီးနဲ့ လုပ်ပိုင်ခွင့်တွေထည့်တယ်ဆိုမျိုးဟာ အနာဂတ်အတွက် အန္တရာယ်များတယ်။ ပြိုင်ဆိုင်မှု အားနည်းသွားရင် တိုင်းပြည်စီးပွားရေး အတွက် အလားအလာမကောင်းဘူး'

( စာ-၃၃ )

ပြိုင်ဆိုင်ဖို့ထက် အဆက်အသွယ်ကောင်းရဖို့ပဲ ကြိုးစားနေကြတယ်လို့ ပါမောက္ခဦးမော်သန်းက ထောက်ပြပါတယ်။ မြန်မာကျပ်ငွေရဲ့တန်ဖိုးနဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဦးမော်သန်းရဲ့ရှင်းပြချက်ကလည်း မှတ်သားစရာပါပဲ။ ဒေါ်လာယူရို စတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းတွေနဲ့ သတ်မှတ်တာရှိသလို 'ပြည်တွင်းမှာရှိတဲ့ ကျပ်ငွေတန်ဖိုးဟာ ပစ္စည်းဈေးနှုန်းတွေနဲ့ ချိတ်ဆက်နေတယ်။ အဓိကအားဖြင့် အခြေခံစားသုံးကုန်တွေရဲ့ ဈေးနှုန်းပဲ။ လွယ်လွယ်ပြောရရင် ပစ္စည်းတွေ ဈေးကြီးရင် ကျပ်ငွေတန်ဖိုးနည်းတယ်၊ နိမ့်တယ်။ ပစ္စည်းတွေဈေးလျှော့ရင် ဈေးပေါရင် ကျပ်ငွေတန်ဖိုးများတယ်၊ တန်ဖိုးမြင့်တယ်လို့ ပြောနိုင်တယ်'

(စာ-၃၃၅ )

ငွေတန်ဖိုးနဲ့ပတ်သက်ပြီး ပါမောက္ခဒေါက်တာတင်စိုးကလည်း ဒီလို ပြောပြထားပါတယ်။

'ငွေကြေးတစ်ရပ်ရဲ့ ဝယ်နိုင်စွမ်းအားများရင် ငွေတန်ဖိုးတက်တယ်။ ဝယ်နိုင်စွမ်းအားကျရင် ငွေတန်ဖိုးကျတယ်လို့ခေါ်တယ်။ အရင်ကငွေ တစ်ထောင်ဆိုရင် တစ်နေ့စားလို့ရတယ်။ အခုက မနက်စာတောင်မှ သုံးထောင်လောက်ကုန်တယ်။ ဆိုလိုတာကအရင်ငွေ တစ်ထောင်ရှိရင် ဘယ်လောက်ဝယ်နိုင်လဲ။ အခုငွေတစ်ထောင်ရှိရင် အဲလောက်ထက်ပို ဝယ်နိုင်သလား၊ လျော့သွားသလား။ လက်ရှိအခြေအနေ ငွေတစ်ထောင်ဟာ အရင်ကလောက် ဝယ်နိုင်စွမ်းအား မရှိတော့ဘူးဆိုတော့ ဒါကို ငွေတန်ဖိုး တက်တယ်လို့ မခေါ်နိုင်ဘူး'

( စာ-၅၇ )

စီးပွားရေးပြဿနာအဖြေရှာရာမှာ ငွေလဲနှုန်းဟာလည်းကုထုံးတစ်ခု ဖြစ်ကြောင်း ဆရာဦးဟန်ထွန်း (အခွန်)ရဲ့အင်တာဗျူးမှာ တွေ့လိုက်ရပါတယ်။ ဂတ်စ် ရောင်းရငွေတွေနဲ့ပတ်သက်ပြီး 'ဟိုကရတာ ဒေါ်လာနဲ့ရတယ်။ တရား မဝင် ငွေလဲနှုန်းပေါက်ဈေးနဲ့သာ တွက်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ ဘတ်ဂျက်က ပိုငွေတောင်ဖြစ်နေဦးမယ်။ အဲဒီလိုမဖြစ်ဘဲ ဘတ်ဂျက်က လိုငွေ ပြနေတယ်။ အသုံးစရိတ်ကလည်း ကျပ်ငွေနဲ့သွားတယ်ဆိုတော့ တကယ်ရတဲ့ ဒေါ်လာက ဘယ်ရောက်သွားသလဲဆိုတာ မေးခွန်းမေးရမလို ဖြစ်နေတယ်'

( စာ-၃၀၄ )

ဒီလောက်ဆိုရင် မြန်မာ့စီးပွားရေးအလားအလာ အရိပ်ပြအကောင်ထင်





လောက်ပြီလို့ ယူဆပါတယ်။ မေးခွန်းတွေနဲ့ ဆွေးနွေးခဲ့ကြတဲ့ ဆရာ စည်သူအောင်မြင့်နှင့်အဖွဲ့၊ လွတ်လပ်ပွင့်လင်းစွာ ဖြေကြားသွားခဲ့တဲ့ မြန်မာ့ စီးပွားရေးပညာရှင်များကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာ့စီးပွားရေးက နာတာရှည်ရောဂါကြီးနဲ့တူပါတယ်။ ဆေးမြီးတိုလောက်နဲ့ ကုလို့မရပါဘူး။ အနာနဲ့ဆေးတည့်အောင်ပေးနိုင်ကြပါစေ။ လူနာအတွက် မျှော်လင့်ချက် ရှိနေသေးတယ်လို့ ယုံကြည်ပါရစေ။

[မွန္တလေးအလင်း သတင်းဂျာနယ် ၃၀-၃-၂၀၁၂]

ရည်ညွှန်း /

၂၀၁၂ မတ်လထုတ်၊ ၂၀၁၁ အင်တာဗျူးများ၊

စိတ်ကူးချိုချိုအနုပညာ

စာမူခွင့်ပြုချက် ၄၀၁၆၄၈၁၂၁၁

တန်ဖိုး ၃၅၀၀ ကျပ်

■



www.burmeseclassic.com

www.burmeseclassic.com

“

ပြည်တွင်းစစ်ရပ်စဲ၍ ငြိမ်းချမ်းရေးအကောင်အထည်ပေါ်စေလိုသော ဆရာရဲရင့်တင့်ဆွေရဲ့စေတနာကို အထင်အရှားတွေ့ခဲ့ရပါတယ်။ သို့သော် ဆရာရဲရင့်တင့်ဆွေရဲ့ဆောင်းပါးများမှာ “သောင်းကျန်းသူတိုင်ရင်းသားလက်နက်ကိုင်” ဆိုတဲ့စကားလုံးအသုံးအနှုန်းကို နေရာအတော်များများမှာ တွေ့ရပါတယ်။ သောင်းကျန်းသူဆိုတာထက် ရင့်သီးတဲ့ “ရန်သူ” ဆိုတဲ့အသုံးအနှုန်းနဲ့တောင် တိုက်ခဲ့ကြတာကလား။

ဒီနေ့ ငြိမ်းချမ်းရေးဖော်ဆောင်နေချိန်မှာ သောင်းကျန်းသူဆိုတဲ့ စကားလုံးကိုလည်း ဖျောက်ဖျက်ပစ်သင့်ပါတယ်။

”

မန်းချောင်းစာပေ




# ဂျာအေးနှင့် ဧရာဝတီမြစ်ဆုံက ပုစဉ်းရင်ကွဲအော်သံ

www.burmeseclassic.com

www.burmeseclassic.com



ဆရာရဲရင့်တင့်ဆွေရဲ့ 'ဂျာအေးကိုသူ့အမေရိုက်ပါလို့' နှင့် နိုင်ငံရေးဆောင်းပါးများကိုဖတ်ပြီး ကောက်နုတ်တင်ပြဆွေးနွေးချင်တာတွေ စီတန်းပြီးပေါ်လာပါတယ်။

ဒီစာအုပ်မှာ ဆောင်းပါး၂၁ ပုဒ်ပါဝင်ပြီး အများစုက ခေတ်ပြိုင်မြန်မာ့နိုင်ငံရေးကို ထင်ဟပ်ထားတဲ့ ဆောင်းပါးတွေဖြစ်ပါတယ်။ ပြည်တွင်းစစ်ရပ်စဲငြိမ်းချမ်းရေး၊ ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး၊ မီဒီယာစာနယ်ဇင်းများအရေး စသည့်ဖြင့်ရေးသားဖော်ပြထားပါတယ်။

'လွန်ခဲ့သော နှစ် ၆၀ ခန့်မှအစပြုသည့်သမိုင်းအခြေအနေများကို ယနေ့စာအုပ်စာစောင်များတွင် လေ့လာကြည့်ပါက စိတ်ချမ်းသာစရာဟူ၍မည်သည့်ဘက်ကမှ မတွေ့၊ လွတ်လပ်ရေးရပြီးသည်မှ ၁၄ နှစ်အတွင်းကိုကြည့်လျှင် အာဏာလုကြသောလူပုဂ္ဂိုလ်အကြောင်းများ၊ အမျိုးသားစည်းလုံးညီညွတ်မှုမရှိကြပုံများ၊ ပါတီအဖွဲ့အစည်းအကွဲအပြဲများ၊ ဝါဒအစွန်းရောက်မှုများကိုသာ လေ့လာဆည်းပူးနိုင်သည်။ ယင်းမှ ၂၆နှစ်ကို ထပ်မံချဲ့ခြမ်းကြည့်ပါက တစ်ပါတီအာဏာရှင်စနစ်ဆိုသည်များ၊ ပြည်တွင်းသောင်းကျန်းမှုနှင့်စစ်ကာလများ၊ သောင်းကျန်းသူအဖွဲ့အစည်းမျိုးစုံများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်တို့ တစ်စထက်တစ်စ ဆုတ်ယုတ်ကျဆင်းလာပုံများ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြစ်တင်ဝေဖန်စွပ်စွဲ စောကြောပုတ်ခတ် ရန်စောင်မှုများ စသည်တို့နှင့်သာ ပြည့်နှက်နေသည်ကို စိတ်မကောင်းဖွယ်ရာ သုံးသပ်တွေ့ရှိကြရပါလိမ့်မည်။'

(စာ-၂၂)

လွတ်လပ်ပြီး မြန်မာနိုင်ငံအခြေအနေကို 'ရာဇဝင်... ပြီးတော့ သမိုင်း' ဆောင်းပါးမှာ အကျဉ်းချုပ်အားဖြင့်သုံးသပ်ထားတာတွေ့ရပါတယ်။ အမှန်တရားနှင့်အတက်နိုင်ဆုံးနီးကပ်အောင် ချဉ်းကပ်ဖော်ပြထားတယ်လို့ ဆိုနိုင်





ပါတယ်။ မျက်မှောက်ခေတ်အခြအနေကို 'နိုင်ငံ၏ဂုဏ်သိက္ခာနှင့်စီးပွားရေးတွေမှာလဲ အောက်ဆုံးအဆင့်အထိ ရောက်ရှိနေပြီး တစ်ဖက်တွင်မူ အပြန့်အလှန်ကမ်းလှမ်းမှုများ၊ စေ့စပ်ညှိနှိုင်းခြင်းဖြင့်သာ အကောင်းဆုံးရလာဒ်နှင့်ဒုံးခန်းတိုင်မည်ကို ယုံကြည်ထားကြသည်။' လို့'အမှန်ကိုဉာဏ်ကပ်၍ကြည့်ပါ' ဆောင်းပါးမှာ ဖော်ညွှန်းထားပါသည်။

(စာ-၂၈ ၅၂)

'ဂျာအေးကို သူ့အမေ မရိုက်စေချင်' ဆောင်းပါးမှာတော့ ဆရာရဲရင့်တင့်ဆွေ မြောက်ဒဂုံသွားလိုင်းကားစီးမိရာက ဖြစ်ပေါ်လာတဲ့အတွေးများကိုရေးထားတာပါ။ လိုင်းကားပေါ်မှာထိုင်ခုံတစ်နေရာရရှိဖို့ လုယက်တိုးဝှေ့ရုန်းထိုင်ခုံနေရာရလာပြန်တော့ သက်ကြီးရွယ်အိုနှင့်သားသည်မိခင်တွေကိုပင်ဘယ်မပေးချင်တော့လောက်အောင်ယဉ်ကျေးမှုတွေပျောက်ပျက်ကုန်ပုံကိုဖော်ပြရင်း... ဒါဟာဆင်းရဲခြင်းကြောင့်လို့ အဖြေရှာထားပါတယ်။

**'ဆင်းရဲမှု ပပျောက်ရေးစဉ်းစားလိုက်ပြန်လျှင်လည်း ဂျာအေးကို သူ့အမေရိုက်ဆိုသကဲ့သို့ မဆုံးနိုင်သည့် သမိုင်းစက်ဝန်းတစ်ခုသာ အထပ်ထပ်ထပ်နေသည်ကို တွေ့ရလေသည်။'**

(စာ-၃၀)

ဒါကြောင့် 'အစိုးရသစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့်အညီ ပေးနိုင်သမျှသော ဒီမိုကရေစီအခွင့်အရေးကိုပေးစေချင်သည်၊ နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒအသစ်တွေ တစ်ခုပြီးတစ်ခု ပေါ်ထွန်းစေချင်သည်၊ အပ်စပ်ကိုက်ညီမှုမရှိတော့သော ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဟောင်းတွေကိုဖယ်ရှားပစ်စေလိုသည်။ ပြည်သူ့အသံကိုနားထောင်နိုင်သော၊ ပြည်သူ့လိုအင်ဆန္ဒကို ထပ်တူထပ်မျှဆောင်ရွက်ပေးသောအစိုးရမျိုးဖြစ်စေလိုသည်။ သမိုင်း၌ဖြစ်ပေါ်ခဲ့သော အာဃာတတရားများကို ချေဖျက်၍ အမျိုးသားစည်းလုံးညီညွတ်မှုကို တစိုက်မတ်မတ်ဖော်ဆောင်နိုင်သော နိုင်ငံတကာက လေးစားသောအစိုးရမျိုးဖြစ်စေလိုသည်။ ဆန္ဒအားလုံး၏ အချုပ်မှာ ဂျာအေးကိုသူ့အမေရိုက်ဘာလို မဆုံးနိုင်သော သမိုင်းသံသရာစက်ဝန်းမှ လွတ်မြောက်စေလိုခြင်းပင်ဖြစ်သည်' လို့ ပွင့်ပွင့်လင်းလင်းတင်ပြထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(စာ-၃၄ ရှု)

ဆရာရဲရင့်တင့်ဆွေဟာ အခြေအနေမှန်ကို ရှုမြင်လက်ခံတတ်သူလို့ဆိုရပါမယ်။

'သို့သော်လည်း လက်တွေ့အကောင်အထည်ဖော်ရန်အပိုင်း၌ ဌာနဆိုင်ရာများကမဝံ့မရဲဖြစ်နေသကဲ့သို့ လက်ခံရယူမည့် **ပြည်သူအပိုင်းကလည်း** မယုံမရဲဖြစ်နေကြသည်။ အခြေအနေမှန်ကိုပြောရလျှင် **စိတ်ပျက်ဖွယ်ရာဖြစ်ပါသည်။**'

(အမှတ်နှင့်အကျင့်ဆောင်းပါးမှ၊ စာ-၃၅)

'မျက်မှောက်အချိန်သည် ခင်ဗျားတို့၊ ကျုပ်တို့၊ မင်းတို့ငါတို့၊ ရန်သူမိတ်ဆွေ ခွဲခြားပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ **အစွဲများထား၍** အပြန်အလှန် အမနာပ ပြောကြားနေရမည့် အချိန်မဟုတ်တော့ကြောင်း သတိချပ်စေချင်သည်။ လက်ဝဲလက်ယာ၊ ကွန်မြူနစ်အရင်းရှင်၊ အစိုးရဆန့်ကျင်ဘက်၊ရန်သူ၊ မိတ်ဆွေ စသည်ဖြင့် စစ်အေးခေတ်နှင့် တစ်ပါတီစနစ်၊ စစ်အစိုးရစနစ်**အသုံးအနှုန်းတို့ကို** ဖျောက်ဖျက်ပစ်ကျဖို့သင့်ပြီဖြစ်သည်။'

(စာ-၆၀ အစွဲမှ)

ပြည်တွင်းစစ်ရပ်စဲ၍ ငြိမ်းချမ်းရေးအကောင်အထည်ပေါ်စေလိုသော ဆရာရဲရင့်တင့်ဆွေရဲ့စေတနာကို အထင်အရှားတွေ့ခဲ့ရပါတယ်။ သို့သော် ဆရာရဲရင့်တင့်ဆွေရဲ့ ဆောင်းပါးများကို **'သောင်းကျန်းသူတိုင်းရင်းသားလက်နက်ကိုင်'** ဆိုတဲ့စကားလုံးအသုံးအနှုန်းကို နေရာအတော်များများမှာ တွေ့ရပါတယ်။ **သောင်းကျန်းသူ**ဆိုတာထက် ရင့်သီးတဲ့ **'ရန်သူ'** ဆိုတဲ့အသုံးအနှုန်းနဲ့တောင်တိုက်ခဲ့ကြတာကလား။ ဒီနေ့ **ငြိမ်းချမ်းရေး ဖော်ဆောင်နေချိန်မှာ** သောင်းကျန်းသူဆိုတဲ့စကားလုံးကိုလည်း ဖျောက်ဖျက်ပစ်သင့်ပါတယ်။

'၁၂ ဖေဖော်ဝါရီ ၂၀၁၂ (၆၅) ကြိမ်မြောက်ပြည်ထောင်စုနေ့သို့ ပေးပို့သော **နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာ** မှာပင် သောင်းကျန်းသူဟု မရည်ညွှန်းခဲ့ပါ။'အစိုးရအဖွဲ့သစ်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အကောင်





အထည်ဖော်နိုင်ရန်အတွက်**ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့်** ခေါ့စပ်ညှိနှိုင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်' လို့ ဖော်ပြထားပါတယ်။

ဆရာရဲရင့်တင့်ဆွေရဲ့ 'ဂျာအေး' ဆောင်းပါးမှာ 'သမိုင်း၌ဖြစ်ပေါ်သော **အာဃာတ တရားများကို ခြေဖျက်၍** အမျိုးသားစည်းလုံးညီညွတ်မှုကို တစိုက်မတ်မတ်ဖော်ဆောင်နိုင်သော...' လို့ အလေးအနက်ဖော်ပြခဲ့တယ် မဟုတ်ပါလား။ အဃာတတရားတွေထဲမှာ 'သောင်းကျန်းသူ' ဆိုတဲ့ စကားလုံးကိုလည်း ဖြေလျှော့ပေးရမှာဖြစ်ပါတယ်။ 'အစိုးရအသီးသီးသည် ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးဆွေးနွေးပွဲများကို ပုံစံအမျိုးမျိုးဖြင့် အကြိမ်ကြိမ်ကြိုးပမ်းပြုလုပ်ခဲ့ကြပါသည်။ သို့သော် **အလုံးစုံညီညွတ် ငြိမ်းချမ်းရေးကားတစ်ခါမျှ** မရခဲ့ပေ' လို့ 'ညီညွတ်ရေး' ဆောင်းပါးမှာဆရာရဲရင့်တင့်ဆွေ ထောက်ပြထားတာကိုကြည့်ရင် ပြုပြင်သင့်တာတွေရှိနေသေးကြောင်းထင်ရှားလှပါတယ်။

ဆရာရဲရင့်တင့်ဆွေက သူ့ရဲ့ ဂျာအေးနိုင်ငံရေးအတွေးအမြင်တွေထဲမှာ **ဒေါ်အောင်ဆန်းစုကြည်ရဲ့အသံ** ကိုလည်း မခြွင်းမချန်ဖော်ပြသွားပါတယ်။

'တစ်နေ့က လူထုနိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် Clinton Global Institute အခမ်းအနား၌ မြန်မာ နိုင်ငံ၏ မျက်မှောက်နိုင်ငံရေး အခြေအနေကို နိုင်ငံတကာသို့ပြောခဲ့တာ ရှိသည်။ နိုင်ငံသည် ယခင့်ယခင် အနေအထားအားလုံးမှ ပြောင်းလဲပြုပြင်ရန် အတွက် တနည်းအစ၏ အစအခြေအနေလေးသို့ ရောက်ရှိနေပြီဟု ယုံကြည် ကြောင်း မှတ်ချွန်းစကားဆိုခဲ့သည်။ တကယ်တော့လည်း ပြောင်းလဲမှုအတွက် အစတစ်ခုသာဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ ရေရေရာရာ ဘာကိုမျှ သက်ဆုပ်လက်ကိုင်ပြနိုင်ပြောနိုင်ခြင်းမရှိသေးပေ။'

(အော်တိုဂီယာစနစ်နှင့် ယာဉ်သစ်-မှ၊ စာ-၉၁)

စီးပွားရေး၊ လူမှုရေး၊နိုင်ငံတကာအရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ 'အစ၏အစကလေးများသာ ရှိကြပါသေးသည်' လို့ ဆိုပါတယ်။ ဒီအစကလေးတွေအထူးကောင်းမွန်အောင် ဆွဲဆန့်နိုင်အောင်ဝိုင်းဝန်းဂရုပြုရမယ်လို့လည်းဆိုထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ပုစဉ်းရင်ကွဲအော်သံ' ဆောင်းပါးကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ရည်ညွှန်းပါတယ်။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၊ မြန်မာသံရုံးသံအမတ်ကြီး တည်ခင်းတဲ့ညစာစားပွဲအသွား သစ်ကြီးဝါးကြီးနဲ့ ဆိတ်ငြိမ်အေးချမ်းတဲ့ အရသာ၊ မြေသင်းနဲ့ ညမွှေးပန်း၊ မြတ်လေးပန်းရနံ့၊ ပြီးတော့ ပုစဉ်းရင်ကွဲ အော်သံကြားရပုံတွေကို သရုပ်ဖော်ထားပါတယ်။ ငယ်စဉ်က ရန်ကုန် စမ်းချောင်းမှာ ဒီလို အရသာမျိုးခံစားခဲ့ရဖူးတယ်။ ခုတော့ ရန်ကုန်မြို့လယ်မှာ ပုစဉ်းရင်ကွဲဆိုတာ ဘာမှန်းမသိတော့။ ဆရာရဲရင့်တင့်ဆွေက ဖိုးချို့ရဲ့ ပိုင်စိုးမှု ကေရိတေးစီးရီးကို ပြန်လည်အရသာခံနားထောင်နေစဉ် ကိုးတန်းကျောင်းသူ သမီးကြီးက'ဖေဖေ့သီချင်းတွေကလဲဒိတ်အောက်နေပြီ'လို့ ဆိုတယ်။ ငါးတန်း အရွယ်သားငယ်ကတော့ 'ဖေဖေ့သီချင်းထဲမှာ ပုစဉ်းရင်ကွဲတွေ အော်နေကြ တယ်လို့ပါတယ်။ ပုစဉ်းရင်ကွဲဆိုတာ ဘယ်လိုအကောင်လဲ' လို့ ထူးထူးဆန်း ဆန်း မေးပါရောတဲ့။

'ဂျာကာတာမြို့တွင် သဘာဝပတ်ဝန်းကျင်အခြေအနေများကို ထိန်းသိမ်း ထားသောနေရာမျိုးများရှိလျှင် ကျွန်တော်တို့ရန်ကုန်တွင်လည်း အဲဒီလိုနေရာ မျိုးလေးတွေကို သေသေချာချာ ထိန်းထိန်းသိမ်းသိမ်း ကျန်ရှိစေချင်သည်' လို့ ဆန္ဒပြုထားပါတယ်။

'ယခုတင် နိုင်ငံတော်သမ္မတက ၎င်း၏အစိုးရသက်တမ်း၌ **ရောဝတီ မြစ်ဆုံ တည်ဆောက်ခြင်းကိုရပ်ဆိုင်းထားမည်ဖြစ်ကြောင်း** လွှတ်တော်သို့ စာပို့ကြေညာကြောင်း ကြားသိရသည်။ သဘာဝပတ်ဝန်းကျင်ကို ချစ်သူများ၊ အမျိုးသားရေးစိတ်ရှိသူများအားလုံး၏ အောင်ပွဲလည်းဖြစ်သည်'လို့ ဂျာကာ တာက ပုစဉ်းရင်ကွဲအော်သံနဲ့ရောဝတီမြစ်ဆုံအရေးကို လှလှပပ ဆက်စပ် ရေးသားသွားပါတယ်။

အဲဒီမှာ ကျွန်တော်က ဆရာ့စာကိုဖတ်ရင်း **ရောဝတီမြစ်ဆုံက ပုစဉ်း ရင်ကွဲအော်သံ**တွေကြားလာရပါတယ်။ ၂၀၀၉ ဖေဖော်ဝါရီလမှာ ထုတ်ဝေခဲ့တဲ့ ကချင်တိုင်းရင်းသား စာရေးဆရာ**'ခါးရှားဒင်းအောင်'** ရေးတဲ့ 'ကချင်အမေ ပြောသော ညအိပ်ရာဝင်ပုံပြင်နှင့်ကချင် ဒဏ္ဍာရီပုံပြင်များ' စာအုပ် မှာပါတဲ့ '**နူးယီးရှားယီးပုံပြင်'** (Nu Yi Sha Yi... Maumwi)ထဲက ပုစဉ်းရင်ကွဲအော်သံ တွေကို ဆို့နစ်ကြေကွဲစွာကြားလာရခြင်းဖြစ်ပါတယ်။





ရှေးတုန်းက ကချင်သားအမိနှစ်ယောက်ဟာ ဟင်းရွက်၊ ဖက်ရွက်ခူးရင်း မြစ်ဆုံနေရာသို့ ရောက်ခဲ့ကြသတဲ့။

'သမီးငါတို့နှစ်ယောက် တစ်လမ်းတည်းသွားလျှင် ဟင်းရွက်၊ ဖက်ရွက် များများမရနိုင်၊ ထို့ကြောင့် သမီးသည် အနောက်ဘက်မြစ်ခွဲ (မလိခ) လိုက်၍ ဆန်တက်ပါ၊ အမေကအရှေ့ဘက်မြစ်ခွဲ(အင်မိုင်ခ) လိုက်၍ပြန်ဆုံကြမည်' ဟုလမ်းခွဲ၍ အထက်သို့ဆန်တက်ကြ၏။

ဒီလိုနဲ့ အမေနဲ့သမီးတို့ဟာ ဆန်တက်သွားလိုက်ကြတာ 'ပြန်ဆုံမယ့် နေရာ'ကို ရောက်မလာနိုင်ကြတော့။ အဲဒီမှာ စိုးရိမ်စိတ်တွေဝင်လာပြီး သမီးက 'အမေရေ...အမေရေ'(Nue..Nue)လို့အော်ခေါ်ပြီးအမေက 'သမီးရေ... သမီးရေ (Sha-e..Sha-e)လို့အော်ခေါ်ပြီး အသံပေးကြသတဲ့။ ဒါပေမယ့် ဘယ်ယောက်အသံ တစ်ယောက်မကြားရဘဲ လမ်းပျောက်နေခဲ့ကြပါရောတဲ့။ ဒီတော့ ပိုပြီးစိုးရိမ်လာပြီး 'အမေရေ' 'သမီးရေ' နဲ့အော်ခေါ်ရင်း နောက်ဆုံးမှာ အမေရော သမီးပါ အားအင်ကုန်ခမ်းပြီး လဲကျသေဆုံးသွားပါသတဲ့။

'သူတို့သည် သေပြီး **ပုစဉ်းရင်ကွဲဘဝသို့** ပြောင်းသွားသော်လည်း အနုလူဘဝတွင် အောင်ခေါ်သည့်အတိုင်း သမီးဖြစ်သူက 'အမေရေ (Nue... Nuyi)'၊ အမေက 'သမီးရေ(Sha-yi)' ဟုလည်းကောင်း ဟိုးအမြင့်သစ်ပင် အိပ်ဖျားဆီမှ ယနေ့တိုင်နွေရာသီရောက်တိုင်း အော်ခေါ်ကြဆဲရှိသည်။'

'ထို မလိ–အင်မိုင်မြစ်ဆုံမှစတင်ခဲ့သော သားအမိဒဏ္ဍာရီပုံပြင်အား မလိခမြစ်တလျှောက် ယနေ့တိုင်အော်မြည်နေသော 'နူးယီး'ပုစဉ်းရင်ကွဲအသံ နှင့် အင်မိုင်ခတစ်လျှောက်အော်မြည်နေသော 'ရှားယီး'ပုစဉ်းရင်ကွဲအသံတို့က သက်သေထူသယောင်ရှိလေတော့သည်။ နွေရာသီတွင် မြင့်မားသော သစ်ပင် အိပ်ဖျားဆီမှ ဆွဲဆွဲငင်ငင်ဆွေးဆွေးမြေ့မြေ့အော်မြည်၍ သားအမိချင်း အော်ခေါ်သည့် 'နူးယီး'အသံသည်ဒေသခံပြည်သူများအား ကြေကြေကွဲကွဲ နှမ်းဆွတ်ဖွယ်ဒဏ္ဍာရီပုံပြင်အား အမှတ်ရစေပါသည်။ သင်တို့သည် **ဤ**ကာပ ကမ္ဘာတွင် **ပြန်လည်ဆုံစည်း၍** ဟင်းရွက်ဖက်လိပ်လွယ်ကာ အိမ်ပြန်နိုင် ကြဦးမည်လော။'

(ကချင်ပုံပြင်များ–စာ–၁၂၇)



www.burmeseclassic.com

www.burmeseclassic.com



ဆရာ'ခါးရှားဒင်းအောင်'ရေးသားတင်ပြလိုက်တဲ့ ရောဝတီမြစ်ဆုံက ပုစဥ်းရင်ကွဲအော်သံတွေကို အဲဒီလိုကြားနာခဲ့ရပါတယ်။ နာကျင်ကြေကွဲစို့နင့်လှစွာ ကြားလိုက်ရခြင်းပါ။ ရောဝတီမြစ်ဆုံတည်ဆောက်ခြင်းကို ရပ်ဆိုင်းလိုက်သကဲ့သို့ ပြည်တွင်းစစ်ရပ်စဲ၍ ငြိမ်းချမ်းရေးသည် မြစ်ဆုံမှသည် တစ်ပြည်လုံးသို့ ဖြန့်ကျက်လွှမ်းမိုးသွားပါစေသတည်းလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ စစ်ကြောင့် ကွဲကွာနေတဲ့သားအမိတွေ၊ ညီနောင်သွေးချင်းတွေ ဤကပ်ကမ္ဘာတွင် ပြန်လည်ဆုံစည်း ရင်းနှီးချစ်ခင်ပျော်ရွှင်နိုင်ကြပါစေ၊ ပုစဥ်းရင်းကွဲဘဝမှ လူ့ဘဝသို့ ပြန်ရောက်ကြကာ မေတ္တာတရားကို ခံစားနိုင်ကြပါစေလို့ ဆုတောင်းခြွေလိုက်ပါတယ်။

ဆရာရဲရင့်တင့်ဆွေရဲ့ နိုင်ငံရေးဆောင်းပါးများမှာ ပွင့်လင်းတဲ့အတွေးနဲ့ ပြုပြင်ပြောင်းလဲရေးအမြင်များပါရှိတဲ့အတွက် ကျေးဇူးတင်မိပါတယ်။ မီဒီယာများကိုလည်း မီးစင်ကြည့်ကတတ်ဖို့လည်း သတိပေးထားပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ပြည်သူများဟာ 'ဂျာအေးကို သူ့အမေရိုက်'တဲ့ ဘဝမျိုးက လွတ်မြောက်ပြီး 'မှောင်မိုက်မှာ မငိုပါရစေနဲ့တော့'လို့ပဲ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

**ရည်ညွှန်း/**

ရဲရင့်တင်ဆွေ - ဂျာအေးကိုသူ့အမေရိုက်ပါလို့နှင့်
နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ၊
၂၀၁၁ ၊ ဒီဇင်ဘာ သီဟရတနာစာပေ

ခါးရှားဒင်းအောင် - ကချင်ဒဏ္ဍာရီပုံပြင်များ၊ ၂၀၀၉ဖေဖော်ဝါရီ၊
The Couple စာအုပ်တိုက်

(၂၂-၂-၂၀၁၂ ထုတ် နံနက်ခင်းအလင်းဂျာနယ်)

■








အသက်နှင့်အမျှ ဘဝပေးဆပ် မျှော်လင့်ချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | - | ဆမားဒူဝါဆင်ဝါးနောင်(အတ္ထုပ္ပတ္တိ) |
| ရေးသူ | - | မရန်ဘောက်လာ(မဟာဝိဇ္ဇာဂုဏ်ထူး) |
| ထုတ်ဝေကာလ | - | ၂၀၁၂ ဇန်နဝါရီ(ဒုကြိမ်) |
| စာမူခွင့်ပြုချက် | - | ၃၁၀၂၃၈၁၀၁၁ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| ဖြန့်ချိ | - | နေရီရီ |

ကချင်ပြည်နယ်ဟာ မြန်မာပြည်မြေပုံရဲ့ ဦးခေါင်းပိုင်းမှာရှိနေပါတယ်။ မြန်မာပြည်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကြီးဟာလည်း ကချင်ဒေသက မြစ်ဖျားခံစီးဆင်းခဲ့တာပါ။ မေခ၊မလိခ ဧရာဝတီမြစ်ဆုံအရေးဟာ ကမ္ဘာကျော်ခဲ့ပါတယ်။ ဒီနေ့မငြိမ်းချမ်းနိုင်သေးတဲ့ ကချင်ပြည်နယ်အရေးဟာလည်း ကမ္ဘာက အာရုံစိုက်စရာဖြစ်လာခဲ့ပါပြီ။ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များပင် ကချင်ပြည်နယ်ထဲကွင်းဆင်းပြီး စစ်ဘေးဒုက္ခသည်များအရေး တတ်နိုင်သမျှကူညီဆောင်ရွက်ပေးနေတာ ကြားသိနေရပါတယ်။

ဒီအချိန်မှာ ကချင်တိုင်းရင်းသားစာရေးဆရာ 'မရန်ဘောက်လာ(မဟာဝိဇ္ဇာဂုဏ်ထူး) ပြုစုတဲ့ 'ဆမားဒူဝါဆင်ဝါးနောင်'ဆိုတဲ့ ကချင်တိုင်းရင်းသားခေါင်းဆောင်အကြောင်းအတ္ထုပ္ပတ္တိစာအုပ် ဒုတိယအကြိမ်ထုတ်ဝေခဲ့ပါတယ်။ ပထမအကြိမ်စာအုပ်ကို ၁၉၈၀ ခုနှစ်က ထုတ်ဝေခဲ့တာဖြစ်လို့ နှစ်ပေါင်း ၃၀ ကျော်အကြာမှာ ပြန်လည် ထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။

'ဤစာအုပ်သည် ဆမားဒူဝါဆင်ဝါးနောင်၏ သာမန်အတ္ထုပ္ပတ္တိသက်သက်မဟုတ်ချေ။ တိုင်းရင်းသားကချင်တို့၏ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများနှင့် ပြည်ထောင်စု





ဘိုင်းရင်း သားစည်းလုံးညီညွတ်ရေး၊ ကချင်နိုင်ငံရေးစသည်တို့ကို နောက်ကြောင်းခံ၍ တင်ပြထားသည်။ အမှန်မှာ ဆမားဒူဝါ၏ နိုင်ငံရေးခရီးသည် ထိုနောက်ခံ သမိုင်းတို့နှင့် ခွဲမရအောင် တစ်ထပ်တည်း ဖြစ်ခဲ့လေသည်။'

အမှာစာမှာ ဖော်ပြထားတဲ့အတိုင်းပါပဲ။ ဆမားဒူဝါဆင်ဝါးနောင်ဟာ ဗြိတိသျှတို့ကို တော်လှန်ခဲ့တဲ့ ကချင်မျိုးချစ်ခေါင်းဆောင် 'ဆမားဒူဝါဂွမ်ဆိုင်လီ' နဲ့ မိခင်'ဆမားဒူဂျန်မိရော်ထု' တို့က မွေးဖွားခဲ့တဲ့ တော်လှန်ရေးအမွေခံသားကောင်းရတနာပါပဲ။

ဗြိတိသျှတပ်များဟာ ၁၈၈၅ ဒီဇင်ဘာ ၂၈ မှာ ဗန်းမော်ကိုသိမ်းပြီး ကချင်တောင်တန်းဒေသတစ်ခုလုံးကို ဆက်လက်သိမ်းပိုက်ဖို့ကြိုးစားခဲ့ပေမယ့် အောင်မြင်ခဲ့ပါဘူး။ ဆမားဒူဝါဂွမ်းဆိုင်လီဟာ ရှမ်းဗမာခေါင်းဆောင်တွေနဲ့ အတူ သုံးနှစ်ကျော်ခုခံတိုက်ခိုက်ခဲ့ပါတယ်။ ဗြိတိသျှတို့ အထိနာလှပါတယ်။

'ဆမားဒူဝါဂွမ်ဆိုင်လီကိုလည်း အတိုက်အခိုက်ရပ်စဲမည်ဆိုပါက အပြစ်ပေးမည်မဟုတ်သည့်အပြင် 'တောင်ချုပ်ဒူဝါ' ရာထူးခန့်အပ်ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့ကြသည်။သို့သော် ဆမူးဝါကြီးသည် ဗြိတိသျှတို့၏ ကမ်းလှမ်းချက်ကို ပယ်ချကာခုခံတိုက်ခိုက်ခဲ့လေသည်။ ထိုဆမားစစ်ကြောင်းတွင် ဗြိတိသျှတို့က ရွာ ၂၄ ရွာ၊ အိမ်ခြေ ၉၃၂၉ အိမ်နှင့် စပါး ၁၉၄၀၀၀ တင်းမီးရှို့ဖျက်ဆီးခဲ့ကြလေသည်။ ... ဆမားနယ်တစ်ခုလုံးမီးရှို့ဖျက်ဆီးခံခဲ့ရလေသည်'

(စာ-၅)

ဗြိတိသျှတို့ အလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါ တပ်ဖျောက်ပြီးဗမာခေါင်းဆောင်ဗိုလ်ဖိုးစောနဲ့အတူ တရုတ်ပြည်၊ ယူနန်နယ်ရှိ ကချင်ဒူဝါကြီးတစ်ဦးထံမှာ သွားရောက်ခိုလှုံနေခဲ့ကြပါသည်။ ဗြိတိသျှတို့က သူတို့နှစ်ဦးကို အသေရရ၊ အရှင်ရရ ဆုငွေ ၃၀၀၀ ပေးမယ်လို့ ကြေညာခဲ့ပါတယ်။ဆမားဒူဝါဂွမ်ဆိုင်လီဟာ တရုတ်ပြည်မှာ ၁၈ နှစ်နေထိုင်ခဲ့ပြီး ၁၉၀၆ ဗြိတိသျှတို့က လွတ်ငြိမ်းချမ်းသာခွင့်ပေးတော့ ၁၉၀၇ မှာ ဆမားနယ်ကိုပြန်လာခဲ့ပါတယ်။ ဗြိတိသျှတို့ 'တောင်ချုပ်ဒူဝါ'ရာထူးနဲ့ ကမ်းလှမ်းခဲ့ပေမယ့် ငြင်းပယ်ခဲ့ပါတယ်။ ဗြိတိသျှအုပ်ချုပ်ရေးကို ငြင်းပယ်အာခံတဲ့အတွက် ဖမ်းပြီး အပြတ်ချုပ်ပြစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့ကြံစည်ပုံကို ဒူဝါကြီးသိသွားပြီး ထွက်ပြေး လွတ်မြောက်ခဲ့ပါတယ် ဆမားနယ်ရွှမ်ဘိုတောင်ပေါ်ရှိ ကျောက်ဂူကြီးထဲမှာ ပုန်းအောင်းနေထိုင်ရင်း ၁၉၂၅ ခုနှစ်ခန့်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

ဆမားဒူဝါဇွမ်ဆိုင်လီရဲ့ မျိုးဆက်သွေး 'ဆင်ဝါးနောင်' ဟာ အရွယ်ရောက်လာတော့ မိုးကောင်းသူကြီးဦးဖိုးချို (ဗိုလ်ဖိုးစောရဲ့သား)ထံ မှီခိုနေထိုင်ပြီး အလယ်ကျောင်းဆရာတော်ဦးသုရိယဆီမှာ ပညာသင်ခဲ့ပါတယ်။ သူက ဉာဏ်ရည်ထက်မြက်သူဖြစ်လေတော့စာသင်ချိန် တစ်နှစ်ပင်မကြာလိုက်၊ မြန်မာတကောင်းကောင်းတတ်မြောက်သွားပါတယ်။ တွေ့သမျှစာအုပ်တွေ ကောက်ဖတ်ပါတော့တယ်။ သူငယ်တန်းမှ ဆယ်တန်းအထိ ပြဋ္ဌာန်းစာအုပ်များကိုလည်း အစအဆုံးလေ့လာပြီးကိုယ့်ဟာကိုယ်သင်ယူတတ်မြောက်ခဲ့သူဖြစ်ပါတယ်။ ဘာစာအုပ်ဖတ်ဖတ် ဝေဖန်ဆန်းစစ်တဲ့အမြင်နဲ့ဖတ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ နိုင်ငံရေးစာအုပ်တွေအဖတ်များလာပြီး အဲဒီစာအုပ်တွေအကြောင်း ပြောဆိုဝေဖန်ရင်း နိုင်ငံရေးတရားပွဲ ဖြစ်မှန်းမသိဖြစ်လာပါတော့တယ်။

ဒီလိုနဲ့ ဆမားဒူဝါဆင်ဝါးနောင်ရဲ့ နိုင်ငံရေးစည်းရုံးလှုပ်ရှားမှုတွေ အရှိန်မြင့်အားကောင်းလာပါတယ်။ ၁၉၃၆ မတ်လ မရမ်းရွာမှာ **ကုန်ဖန်ဖုန် (ခေါ်) ပြည်သူ့ယဉ်ကျေးမှုနှင့် တိုးတက်ကြီးပွားရေးအဖွဲ့ (ပယကဖ)** ကို ဦးဆောင်ဖွဲ့စည်းခဲ့ပါတယ်။ ကုန်ဖန်ဖုန်မှာ နိုင်ငံရေးရည်ရွယ်ချက်တွေ ပါဝင်နေပါတယ်။ ကချင်တောင်တန်းဒေသမှာ ဗြိတိသျှအုပ်ချုပ်ရေးကို ဆန့်ကျင်ရန်၊ ဒီမိုကရေစီကချင်ပြည်တည်ထောင်ရန်၊ ကချင်တို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စသည်ဖြင့်ပါပဲ။

(စာ–၂၈ ရှု)

ဆမားကြီးဟာမြစ်ကြီးနားမှ နန်းစီအောင်အထိ မနားမနေလိုက်လံစည်းရုံးခဲ့ပါတယ်။ နေရာအနှံ့ ကုန်ဖန်ဖုန်အဖွဲ့တွေ ဖွဲ့ပေးခဲ့ပြီး ၁၉၃၈ ဖေဖော်ဝါရီ ၈ ရက်မှာ 'ပယကဖ အဖွဲ့ကြီး'ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ (၁၉၉၀ ပြည့် မေလ ဒုအကြိမ်ထုတ်) မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့က ဗိစစ်၍ ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးသိန်းလှိုင် တို့ပြုစုတဲ့ **တိုင်းရင်းသားလူမျိုးများ အရေးနှင့် ၁၉၄၇ အခြေခံဥပဒေ (ပထမတွဲ)** စာမျက်နှာကို ၁၇၅ မှာ 'ပယကဖကို ဆမားဒူဝါဆင်ဝါးနောင်က ၁၉၃၉ ခုနှစ်ကတည်းကစတင် ဖွဲ့စည်းခဲ့သည်'လို့ ဖော်ပြထားပါတယ်။ (မှုကွဲတစ်ခုအဖြစ် မှတ်တမ်းတင်ထားပါရန်)





၁၉၄၂ ဂျပန်ဝင်လာတော့ ပယကဖအဖွဲ့ကြီးရဲ့ လှုပ်ရှားမှုတွေ ရပ်တန့်သွားပါတယ်။ ဒူဝါကြီးလည်း အင်္ဂလိပ်တော်လှန်ချင်တာနဲ့ ဂျပန်နဲ့ကပေါင်းခဲ့ရာက ဂျပန်မကောင်းတာသိလာပါတယ်။ 'ဂျပန်ကို သူ့နည်းသူ့ဟန်ဖြင့် ပုန်ကန်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။ ဦးကရိုင်လက လိုက်ထိန်း၍သာ ဂျပန်ကို ထမတိုက်ခြင်းဖြစ်သည်။'

(စာ–၃၀)

၁၉၄၄ မေ ၁၇ မှာ မဟာမိတ်တပ်များ မြစ်ကြီးနားကိုသိမ်းတော့ ဂျပန်တွေ ကစဉ့်ကလျား ဆုတ်ခွာသွားခဲ့ရပါတယ်။ ဒူဝါးကြီးနဲ့ ဇနီးနှစ်ယောက်ကို တောင်ကြီးမြို့အထိ ဂျပန်တွေက ခေါ်ဆောင်သွားခဲ့ပါတယ်။ ဂျပန်တွေအလစ်မှာ ထွက်ပြေးလွတ်မြောက်ခဲ့ပါတယ်။

'၁၉၄၅ ခု ဒီဇင်ဘာလတွင် **ဗိုလ်ချုပ်အောင်ဆန်းက** ၎င်း၏အပါးတော်မြဲဦးပါကြီးထွန်းလှကို စာတစ်စောင်နဲ့အတူ ဆမားကြီးထံ လွှတ်ဝှက်စေလွှတ်လိုက်သည်။

**လွတ်လပ်ရေးအတူယူရေးနှင့်** ပတ်သက်၍ ဆမားကြီးကို သွားရောက်ဆက်သွယ်ခြင်းပင်ဖြစ်သည်။'

(စာ–၃၇)

'၁၉၄၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်နေ့၌ မြစ်ကြီးနားမြို့တွင်အက်ဆစ်ဂျပန်ကို အောင်နိုင်သည့်အောင်ပွဲခံပဒန်မနောပွဲကြီး ကျင်းပခဲ့သည်။ ထိုမနောပွဲသို့ရှမ်းပြည်နယ်အပါအဝင် ဒေသအနှံ့အပြားမှ ကချင်အမျိုးသားများ တက်ရောက်ခဲ့ကြသည်။ ဇန်နဝါရီ ၁၅ ရက်နေ့တွင် ကချင်လူထုအစည်းအဝေးကြီး ကျင်းပခဲ့သည်။ အခမ်းအနားသဘာပတိမှာ ဒူဝါဇော်လွန်းဖြစ်လေသည်။ ယင်းသည် ကချင်တို့၏ ပထမဦးဆုံးသော နိုင်ငံရေးလူထုအစည်းအဝေးကြီးပင်ဖြစ်လေသည်။ ထိုအစည်းအဝေးမှ ကချင်အမျိုးသားများကို အမြန်ဆုံးလွတ်လပ်ခွင့်ပေးရန် တောင်းဆိုကြောင်း ဆုံးဖြတ်ချက် ဆုံးဖြတ်ကြေညာလိုက်သည်။ မနောပွဲသို့ တက်ရောက်လာသည့် ဗြိုလ်ချုပ်ခံ ဒေါ်မန်စမစ်ကိုလည်း ယင်းတောင်းဆိုချက်ပေးအပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(စာ-၃၇)

'၁၉၄၆ ခု၊ နိုဝင်ဘာ ၁၈ ရက်နေ့၌ အနယ်နယ်အရပ်ရပ်မှ ကချင်ကိုယ်စားလှယ်ကြီးများ မြစ်ကြီးနားသို့ စုရုံးရောက်ရှိပြီး အစည်းအဝေးမှ မြန်မာပြည်မနှင့် အတူလွတ်လပ်ရေးယူပြီး ကချင်နိုင်ငံထူထောင်ရေးကို **ဗိုလ်ချုပ်အောင်ဆန်းထံတင်ပြရန်** တညီတညွတ်တည်း အတည်ပြုဆုံးဖြတ်ခဲ့လေသည်။'

(စာ-၃၈)

'ထိုသို့ ကချင်တို့၏ နိုင်ငံရေးအရှိန်အဟုန် အမြင့်ဆုံးဖြစ်နေချိန်၊ ၁၉၄၆ နိုဝင်ဘာ ၂၈ ရက်နေ့၌ ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနားသို့ ရောက်ရှိလာခဲ့သည်။ အမှတ် ၂ ကချင်သေနတ်ကိုင်တပ်ရင်းတဲအိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆမားကြီးတို့ ပထမဦးဆုံးတွေ့ဆုံဆွေးနွေးခဲ့ကြလေသည်။ ထိုနေ့ည ၁၂ နာရီမှ နံနက် ၃ နာရီအထိ ဗြိတိသျှတို့ မသိအောင် လျှို့ဝှက်ဆွေးနွေးခဲ့ခြင်းဖြစ်လေသည်။'

(စာ-၃၉)

ဗိုလ်ချုပ်က ပြည်ထောင်စုတည်ဆောက်ရေးကို ဆွေးနွေးကတိပေးထားပါတယ်။

'ဆမားကြီးနှင့် ကချင်ခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်းကို လုံးဝယုံကြည်သွားကြလေသည်။ ထို့ကြောင့် မူလရည်ရွယ်ခဲ့သော **သီးခြားကချင်နိုင်ငံ ထူထောင်ရေးကို စွန့်လွှတ်၍** လွတ်လပ်ရေးအတူယူပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း **ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရရှိသည့်** ကချင်ပြည်နယ်ထူထောင်ရေးဆီကို ဦးတည်သွားကြလေသည်။

(စာ-၄၀)

ဗိုလ်ချုပ်ရဲ့ စည်းရုံးရေးစွမ်းရည်၊ ဗိုလ်ချုပ်ရဲ့ကျေးဇူးကားကြီးမားလေစွ။ ဒီလိုနဲ့ ဆမားဒူဝါဆင်ဝါးနောင်အပါအဝင် ကချင်ခေါင်းဆောင်များနဲ့ အတူ **'ပင်လုံစာချုပ်ကြီး'** လက်မှတ်ရေးထိုးနိုင်တဲ့အထိ အောင်မြင်ခဲ့ပါတယ်။ 'မရမ်းကျေးရွာ ဇနပုဒ်ကြခင်းတွင် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ ကချင်နိုင်ငံရေး စတင်လှုံ့ဆော်စည်းရုံးခဲ့သူ တောသားကြီးသည် နောင် ၁၁ နှစ်ကြာသော်





ဘုရင်ခံ၏ အစိုးရအဖွဲ့တွင် တောင်တန်းသားများရေးရာ ဒုတိယဝန်ကြီးဖြစ်လာခဲ့လေသည်။'

(စာ-၄၂)

ဗိုလ်ချုပ်တို့လုပ်ကြံခံရချိန်မှာ ဆမားကြီးအစည်းအဝေး နောက်ကျပြီးရောက်လာလို့သာ သေကံမရောက်သက်မပျောက်ခဲ့တာ၊ ဖခင်ကွယ်လွန်စဉ်က သုံးဝမငိုခဲ့ ဆမားကြီးဟာ ဗိုလ်ချုပ်တို့ကျဆုံးတဲ့အခါ တဟီးဟီးငိုကြွေးခဲ့ရှာဘယ်။ ဗြိတိသျှတို့ကတော့မြေပြန့်နဲ့တောင်ပေါ်၊ ဗမာနဲ့တိုင်းရင်းသားများကြားသပ်လျှိုသွေးခွဲနေဆဲ၊ ကချင်တို့ဆက်လက်တိုက်ပွဲဝင်ခဲ့ရာ ၁၉၈၄ ဇန်နဝါရီ ၁၀ ရက်မှာ ကချင်ပြည်နယ်အစိုးရကို စတင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဆမားဒူဝါဆင်ဝါးနောင်ဟာ ကချင်တို့ရဲ့ နံပါတ်တစ်အမျိုးသားခေါင်းဆောင်ဖြစ်နိုင်ခဲ့ပါဘယ်။ ကချင်ပြည်နယ်ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ်ဘန့်ကွက်သူမရှိတင်မြှောက်ခဲ့ရပါတယ်။ အသက် ၃၃ နှစ်မှာ ထိပ်တန်းခေါင်းဆောင်ဖြစ်လာခဲ့ပါတယ်။

ဆမားကြီးဟာ အတန်းပညာတစ်တန်းမှ မအောင်ခဲ့ရှာ၊ ကိုယ့်ဟာကိုယ်လေ့လာဖတ်ရှုပြီး သုံးသပ်မြော်မြင်တတ်လို့သာ ဝန်ကြီးဖြစ်လာခဲ့တာ၊ ဝန်ကြီးချုပ်ဦးနုက ဆမားကြီးရဲ့ ကိုယ်ရေးအကျဉ်းပုံစံဖြည့်နိုင်းတော့ ပညာအရည်အချင်း–ခေသူမဟုတ်လို့ ဖြည့်လိုက်တယ်။ (ခေသူမဟုတ်ဆိုတဲ့ စကားဆမားကြီးဆီက ဆင်းသက်လာတာပါ။) ဆမားကြီးက စကားပြော အလွန်ကောင်းပါတယ်။ မိန့်ခွန်းပြောရင် လေးငါးနာရီကြာတယ်။ ဦးနုက တစ်နာရီပဲပြောပြီး ဆမားကြီးက လေးနာရီကျော်ကြာတဲ့အထိ မပြီးနိုင်ဘူးတဲ့။ ဒါနဲ့ဦးနုက 'တော်ပါတော့'လို့ သတိပေးတော့ ဆမားကြီးက 'ဒါနိဒါန်းပဲ ရှိသေးဘယ်' တဲ့၊ မှတ်ကရော။

အင်္ဂလိပ်တွေက ကချင်တွေဟာ လွတ်လပ်ရေးနဲ့မတန်ဘူး (ရိုင်းတယ်) ဆိုတဲ့ အမိပ္ပါယ်နဲ့ ချိုးနှိမ်ပြောတော့ ဆမားကြီးက ကချင်တွေဟာ မစ္စတာချိန်ဘာလိန်လိုလည်း ဦးထုပ်ဆောင်းတတ်ပါပြီ၊ မစ္စတာချာချီလိုလည်း ဆောင်းဘီဝတ်တတ်ပါပြီ၊ လွတ်လပ်ရေးရဲ့အရသာကို ကျနစွာ နားလည်ပြီဆောင်ရွက်တတ်ကြောင်း ပြန်ပြောခဲ့ပုံတွေဟာ ဆမားကြီးရဲ့ ဉာဏ်စွမ်းနဲ့နှုတ်မှုရေးရာ အံ့မခန်းလို့ဆိုရမှာပါပဲ။ (၁၉၄၇၊ အခြေခံဥပဒေ စာတွဲမှ)

www.burmeseclassic.com



ဆရာကြီးဟာ ကချင်ပြည်နယ်အတွက် တစ်ခုပြီးတစ်ခုတောင်းဆိုနေရာ ဝန်ကြီးတစ်ဦးက

'ဆရာကြီး ချိုချဉ်တစ်လုံးပေးလိုက်ရင် ချိုချဉ်တစ်ထုပ်လုံးတောင်းတဲ့ ကလေးနဲ့တူနေပြီ'လို့ပြောတော့ ဆရာကြီးက 'ဝန်ကြီးခင်ဗျာ ဖြစ်နိုင်ရင်တော့ နောက်ထပ် ချိုချဉ်စက်ရုံတောင် တောင်းချင်ပါတယ်'လို့ ပြန်ပြောလိုက်သည် ဆို၏။

(စာ-၄၇)

နယ်ခြားဆန့်ကျင်ရေးကာလ ဆရာကြီးဦးဆောင်ဖွဲ့စည်းခဲ့တဲ့ ပယကဖ အဖွဲ့ ဖျက်သိမ်းပေးဖို့ ဆရာကြီးကိုတိုက်တွန်းပါတယ်၊ လက်မခံပါ။ ချော့လို့လဲ မရခဲ့ပါ။ 'ထိုအခါ ၁၉၅၃ ဇူလိုင် ၂၈ ရက်နေ့တွင် ဆရာကြီးအား ကချင်ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌအဖြစ်မှ ဖြုတ်ချလိုက်လေသည်။'

(စာ-၈၆)

ဝန်ကြီးဘဝက ပြုတ်သွားတော့ တောင်ယာလုပ်တယ်၊ ပယကဖ အဖွဲ့ကြီး တိုးတက်အောင်ဆောင်ရွက်တယ်။ ဒီလိုနဲ့ ၁၉၅၅ မေ ၂ ရက်နေ့မှာ ဝန်ကြီးပြန်ဖြစ်လာပါရော။ ဒါပေမယ့် ၁၉၆၀ ရွေးကောက်ပွဲမှာ ဦးနုရဲ့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြဋ္ဌာန်းရေးမဲဆွယ်ရာမှာ ထောက်ခံမိလို့ ကချင်လူထုရဲ့ ဆန့်ကျင်တာခံလာရပါတယ်။ ဒါကြောင့်ရွေးကောက်ပွဲမှာ ပွတ်ကာသီကာမဲနိုင်ပြီး ကချင်ပြည်နယ်ဥက္ကဋ္ဌဖြစ်လာခဲ့ပါတယ်။ ကချင်လူထု အကျိုး၊ ပြည်ထောင်စုအကျိုးဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာပြည်ရဲ့ တတိယမြောက်သမ္မတက ကရင်အမျိုးသား 'မန်းဝင်းမောင်' သက်တမ်းကုန်ဆုံးတဲ့ ၁၉၆၂ မှာ ကချင်အမျိုးသားထဲက သမ္မတရွေးခဲ့ကြရာ 'ဆရာဒူဝါ ဆင်ဝါးနော်' သမ္မတလောင်းဖြစ်လာပါတယ်။

'သို့သော် ကံဇာတာမပါ၍လားမသိ၊ ဆရာကြီးကား သမ္မတမဖြစ်ခဲ့ရချေ။ သမ္မတကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုရန် ရက်ပိုင်းအလိုမှာ **ခေတ်ပြောင်းသွားလေသည်။** သမ္မတကြီးမဖြစ်ခဲ့၍လည်း သမ္မတမန်းဝင်းမောင်ကဲ့သို့ ထောင်နန်းစံလိုက်ရခြင်းဖြစ်လေသည်။ ဘာကိုမျှမစံလိုက်ရသူပေတည်း'

(စာ-၁၁၄ )





တော်လှန်ရေးအစိုးရလက်ထက်မှာ တရုတ်နဲ့သီဟိုဠ် (သီရိလင်္ကာ)ဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ပေးခံရပါတယ်။ ၁၉၆၈ ခုနှစ်တွင် လေဖြတ်၍ သီဟိုဠ်မှ ပြန်လာပြီး မြန်မာနိုင်ငံမှာ ဆေးကုသမှုခံယူခဲ့ပါတယ်။ မရတော့ပါ။ ၁၉၇၁ အောက်တိုဘာ ၁၈ ရက်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

ဆရာကြီးရဲ့ ဘဝမှာ အနိမ့်အမြင့်အတက်အကျ အတိုက်အခံ လောကဓံ တွေ့ရှိခဲ့ပါတယ်။ ကျောင်းပညာတစ်တန်းမှ မအောင်ဘဲ ဝန်ကြီးနဲ့သမ္မတ လောင်း ဖြစ်ခဲ့တဲ့အထိ သူ့ရဲ့ဘုန်းကံနဲ့ ကြိုးစားအားထုတ်မှုတွေက ကြီးမားလှ ပါတယ်။ကချင်ပြည်နယ်နဲ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ရေး အတွက် မျှော်လင့်ချက်ထားပြီး အသက်နဲ့အမျှ ဘဝပေးပြီးလုပ်ဆောင်သွား ခဲ့ပါတယ်။

ဆရာကြီးရဲ့ မျှော်လင့်ချက်တွေ ဆက်လက်ရှင်သန်အောင်ပွဲခံပါစေလို့ ဆုတောင်းလိုက်ပါတယ်။

[နံနက်ခင်းသတင်းဂျာနယ် ၇-၃-၂၀၁၂]

■



www.burmeseclassic.com

www.burmeseclassic.com

“

နိုင်ငံရေးအပြောင်းအလဲကိုကူးတဲ့အခါ
ဓမ္မမပါဝင်ဘဲ မြန်မာ့လူ့အဖွဲ့အစည်း ရွေ့လို့မရပေ။
ဓမ္မဆိုတာ မကောင်းမှုမှ ကောင်းမှုသို့၊
ယုတ်ညံ့ခြင်းမှ မွန်မြတ်ခြင်းသို့၊
ဆူပူခြင်းမှ ငြိမ်းချမ်းသို့ အကူးဟာ ဓမ္မရှိရပါမည်။

”

မန်းချောင်းစာပေ




# ဝေသာလီနှင့် မိုင်ပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ဒီမိုကရေစီအစ ဝေသာလီကနှင့် အခြားဆောင်းပါးများ |
| ရေးသူ | – | မြသန်းသန်းနု |
| ထုတ်ဝေကာလ | – | ၂၀၁၂၊ ဖေဖော်ဝါရီ |
| စာမူခွင့်ပြုချက် | – | ၄၀၁၅၁၉၁၀၁၁ |
| တန်ဖိုး | – | ၂၅၀၀ ကျပ် |
| ထုတ်/ဖြန့် | – | ဒို့လမ်းစာပေ |

| | | |
|---|---|---|
| စာအုပ် | – | နိုင်ငံရေးအပြောင်းအလဲများအား ဘာသာရေးအမြင်ဖြင့်လေ့လာခြင်း |
| ရေးသူ | – | သတိုးနွယ် |
| ထုတ်ဝေကာလ | – | ၂၀၁၂၊ မတ် |
| စာမူခွင့်ပြုချက် | – | ၃၁၀၀၃၂၀၁၁၂ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ထုတ်/ဖြန့် | – | စိတ်ကြိုက်စာပေ |

မြန်မာနိုင်ငံရေးသမိုင်းကိုပြောရရင် 'ဦးနု'အကြောင်း ချန်လှပ်ခဲ့လို့ မရပါဘူး။ နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ကျောင်းသားခေါင်းဆောင်၊ သခင်ခေါင်းဆောင်၊ ဖဆပလအဖွဲ့ကြီးရဲ့ ခေါင်းဆောင်အဖြစ် ထင်ထင်ရှားရှားပါဝင်ခဲ့ပြီးလွတ်လပ်တဲ့မြန်မာနိုင်ငံရဲ့ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာခဲ့သူပါ။ ၁၉၄၈ မှ ၁၉၆၂ အထိ ဦးနုဖြတ်သန်းခဲ့ရတဲ့ နိုင်ငံရေးလောကဓံတွေဟာ သံဝေဂရလောက်အောင် ခလောက်ဆန် ပြင်းထန်ခဲ့တာကလား။ ၁၉၆၂ မှာတပ်မတော်က အာဏာသိမ်းလိုက်ပြီးတဲ့နောက် ဦးနုထောင်နန်းစံသွားခဲ့ရပါတယ်။ ထောင်ကလွတ်လာပြီးနောက် ၁၉၆၉ ခုနှစ်မှာ အိန္ဒိယကို ထွက်ခွာသွားခဲ့ပါတယ်။ မိသားစုကိုပါ ခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်ပါတယ်။ အိန္ဒိယခေါင်းဆောင်ကြီး နေရူးနဲ့ အင်မတန်ရင်းနှီးသူဖြစ်လေတော့ ဦးနုမိသားစုကို အိန္ဒိယအစိုးရက စောင့်ရှောက်ထားပါတယ်။ ဦးနုရဲ့ မိသားစုမှာ သမီးဒေါ်သန်းသန်းနုလည်း ပါဝင်ခဲ့တာမို့ ၁၉၈၀ ပြည့်နှစ်ကစပြီး All India Radio (AIR) အသံလွှင့်ဌာနမှာ ဘာသာပြန်အသံလွှင့်သူအဖြစ် တာဝန်





ထမ်းဆောင်ခဲ့ပါတယ်။

ဒေါ်သန်းသန်းနုဟာ အိန္ဒိယမှာ နှစ်ပေါင်းသုံးဆယ်ကျော်နေထိုင်ခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲကာလမှာ ဦးသုဝေတို့နဲ့အတူ 'အမျိုးသားဒီမိုကရေစီပါတီ' ထူထောင်ပြီး ဒီမိုကရေစီအရေးမှာ ပါဝင်ခဲ့သူဖြစ်ပါတယ်။ ဝါသနာအရ စာရေးခဲ့ရာ ၂၀၀၇ ခုနှစ်မှာ 'မျက်စိအကြောင်း သိကောင်းစရာ' ဘာသာပြန်စာအုပ်ကို ထုတ်ဝေခဲ့ပါတယ်။ ယခုထုတ်ဝေလိုက်တဲ့ 'ဒီမိုကရေစီအစ ဝေသာလီက' စာအုပ်ကို ကလောင်အမည် 'မြသန်းသန်းနု'အမည်နဲ့ ရေးသားပါတယ်။

Living Colour ဂျာနယ်တွေမှာ ရေးခဲ့တဲ့ဆောင်းပါးတွေကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။

'မြန်မာနိုင်ငံ ပြန်ပြီးတဲ့နောက် ကျွန်မတို့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ခဲ့တဲ့ **'ရွေးချယ်ပိုင်ခွင့်မရှိတဲ့ ဘဝအတွေ့အကြုံများ'** ကို လေးစားရတဲ့စာဖတ်သူများနဲ့ ရိုးသားစွာဝေမျှခြင်းဖြစ်ပါတယ်' လို့ 'စာရေးသူအမှာ'တွင် ပွင့်ပွင့်လင်းလင်းဝန်ခံထားပါတယ်။ စာရေးသူ၏ ကိုယ်ရေးအကျဉ်းကို ဖော်ပြထားရာ နိုင်ငံရေးနဲ့ပတ်သက်ပြီးတစ်လုံးတစ်ပါဒမှ မပါရှိ၊ ဪ... နိုင်ငံရေးကို စိတ်နာရှာလေရော့သလား။

ဆရာမ မြသန်းသန်းနုရဲ့ 'ဝေသာလီ' စာအုပ်မှာ ဆောင်းပါး ၂၉ ပုဒ်ပါဝင်ပြီး အိန္ဒိယအတွေ့အကြုံတွေကို အများဆုံးရေးသားထားတာ တွေ့ရပါတယ်။ အိန္ဒိယရဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ယဉ်ကျေးမှုအကြောင်းများကို တစေ့တစောင်း တင်ပြထားပါတယ်၊ အိန္ဒိယရောက် ဝန်ကြီးချုပ်ဟောင်းဦးနုရဲ့ မိသားစုဘဝပုံကားချပ်များကိုလည်း ဖျပ်ခနဲ ဖျပ်ခနဲ တွေ့လိုက်ရပါတယ်။

'ကျွန်မတို့မိသားစု အိန္ဒိယနိုင်ငံမှာ **နေချင်လို့နေကြတာမဟုတ်ဘဲ နေနမဖြစ်လို့** နေကြရတာကြောင့် နေထိုင်ခဲ့ရတဲ့ ကာလအတွင်း အကျိုးအမြတ်များ ဖြစ်အောင်နေခဲ့ပါတယ်၊ ကျွန်မတို့သားနှစ်ယောက်လုံး သူတို့ ခြေထောက်ပေါ် သူတို့မားမားမတ်မတ်ရပ်တည်နိုင်အောင် မြေတောင်မြှောက်ပေးနိုင်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ အကျိုးအရှိဆုံးဖြစ်ပါတယ်။'

(စာ-၁၄၉)

'ကျွန်မတို့ မိဘတွေအနေနဲ့ သားငယ်အတွက် **ပညာသင်စရိတ် မတတ်နိုင်ကြောင်း** ရှင်းပြထားရပါတယ်။ သားငယ်လည်း သဘောပေါက်တယ်။ ကံကောင်းချင်တော့စကောလားရှစ် အပြည့်အဝရရှိခဲ့ပါတယ်'

(စာ-၁၅၃)

၁၉၉၇ ခုနှစ်မှာ ဦးနုရေးတဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ **'တာတေ စနေသား'** အင်္ဂလိပ်ဘာသာပြန်စာအုပ်ကို အိန္ဒိယပညာရေးဝန်ကြီးဌာနက ပုံနှိပ်ထုတ်ဝေခဲ့ကြောင်းလည်း မှတ်တမ်းတင်ထားပါတယ်။ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးဖြစ်တဲ့ အိန္ဒိယရဲ့ ဒီမိုကရေစီစနစ်ကိုလည်း အခါအားလျော်စွာဖော်ပြထားပါတယ်။ အိန္ဒိယမှာ ဗုဒ္ဓခေတ်ကပင် ဒီမိုကရေစီထွန်းကားခဲ့ကြောင်း 'ဝေသာလီ'နဲ့ သာဓက ဆောင်ထားပါတယ်။ (ဆရာပါရဂူက ဝေသာလီအမည်နဲ့စာအုပ်ကြီးတစ်အုပ်ရေးခဲ့ပါတယ်)။ တကယ်တော့ 'ဝေသာလီ' ဟာ ဗုဒ္ဓဘာသာမြန်မာတို့နဲ့ ရင်းနှီးပြီးဖြစ်ပါတယ်။ ပရိတ်ကြီး ၁၁ သုတ်ထဲက 'ရတနာသုတ်'မှာ ကပ်ဘေးကြုံတဲ့ ဝေသာလီပြည်ကို ဘီလူးတွေအခွင့်ကောင်းယူပြီး ဝင်ရောက်လာကာ လူတွေကိုဖမ်းစားခဲ့ကြောင်း၊ အတိဒုက္ခရောက်နေတဲ့ ဝေသာလီကို မြတ်ဗုဒ္ဓက 'ရတနသုတ်'ဖြင့်ကယ်ခဲ့ကြောင်း၊ ကပ်ဆိုး ဘေးဆိုးနဲ့ ဘီလူးရန်ကို ရတနသုတ်ဖြင့် ကာကွယ်ကယ်တင်ကာ ဝေသာလီနိုင်ငံသစ်ကို တည်ထောင်ခဲ့ခြင်း အကြောင်းများပါပဲ။

'ဝေသာလီပြည်မှာ မြတ်စွာဘုရားရှင်လက်ထက်တော်က လိစ္ဆဝီမင်းသားတွေ အုပ်စိုးပြီး ဘုရင်အုပ်ချုပ်တဲ့နိုင်ငံဖြစ်ပေမယ့် အလှည့်ကျ ဘုရင်ရွေးချယ်အုပ်စိုးစေတာကြောင့် ပြည်သူ့ကိုယ်စားလှယ်များနဲ့ အုပ်ချုပ်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ကမ္ဘာမှာပထမဆုံးသမိုင်းတွင် ကျန်ရစ်ပါတယ်။ လိစ္ဆဝီမင်းသား ၇၇၀၇ ယောက်ရှိပြီး ဆန္ဒမဲပေးတဲ့စနစ်နဲ့ အလှည့်ဘုရင်အဖြစ် တာဝန်ယူအုပ်ချုပ်ရပါတယ်။ အလားတူပဲ မင်းမှုထမ်း(အစိုးရဝန်ထမ်း)တွေကိုလည်း မဲစနစ်နဲ့ အလှည့်ကျရွေးချယ်ခဲ့ပါတယ်။' (စာ-၁၀၀)

ဝေသာလီခေတ်အလွန် နှစ်ပေါင်း ၂၅၀၀ ကျော်ကာလ ဒီနေ့ 'အိန္ဒိယ





နိုင်ငံဟာ ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီနိုင်ငံဖြစ်တဲ့အလျောက် နိုင်ငံရေးလှုပ်ရှားမှုတွေဟာ အစဉ်တစိုက် ဆက်စပ်သက်ဝင်နေတယ်လို့ မလွဲမသွေ ပြောနိုင်ပါတယ်။ ကျေနပ်အားရဖို့အကောင်းဆုံးအချက်က ၂၀ကျော် လူငယ်လူရွယ်တွေရဲ့ နိုင်ငံရေးအပေါ် စိတ်ပါဝင်စားမှုနဲ့ ကိုယ်တိုင်ကိုယ်ကျပါဝင်မှုတို့ပဲဖြစ်ပါတယ်၊ **အထက်တန်းကျောင်းမှာကတည်းက နိုင်ငံရေးနဲ့ ပတ်သက်ပြီး စာတွေ့ လက်တွေ့ပို့ချမှုတွေရှိတာကြောင့် လူငယ်လူရွယ် အများစုဟာ တစ်ဖက်က ပညာရှာရင်း၊ ဝမ်းရေးအတွက် အလုပ်လုပ်ကိုင်ရင်း၊ ဝမ်းရေးအတွက် အလုပ်လုပ်ကိုင်ရင်း၊ တစ်ဖက်ကလည်း မိမိနိုင်ငံရဲ့ လိုအပ်ချက်တွေ ဟာကွက်တွေကိုဖွင့်မယ်၊ ဘယ်ပုံဘယ်နည်း ဖြည့်ဆည်းပေးကြမလဲ'** ဆိုတဲ့မေးခွန်းကို ဆန်းစစ်ရင်း အကြံဉာဏ်ကောင်းတွေ ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။'

'အထူးသဖြင့် အိန္ဒိယနိုင်ငံမှာ အထွေထွေရွေးကောက်ပွဲမကျင်းပမီ **ပြည်သူတွေ လူရွေးမမှားစေဖို့** ဝေဖန်ပိုင်းခြားသုံးသပ်ပြတဲ့ ပညာတတ်လူငယ်အုပ်စုတွေ ပေါ်ပေါက်စပြုပါ။ ဒီနှစ်မေလအတွင်း ကျင်းပ ပြီးစီးသွားတဲ့ အထွေထွေရွေးကောက်ပွဲမတိုင်မီ ပေါ်ထွက်ခဲ့တဲ့အုပ်စုတွေထဲက ထူးခြားတဲ့ အုပ်စုတစ်ခုက သူတို့ကိုယ်သူတို့ ( Vote India )အုပ်စုံတို့ ကင်ပွန်းတပ်ခဲ့ကြပါတယ်။'

(စာ-၂၂၄)

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်ပြီး အိန္ဒိယမှာ ၂၀၀၂ ခုနှစ်အထိ အခြေခံဥပဒေကို ၈၆ ကြိမ်ပြင်ဆင်ခဲ့ရကြောင်းလည်း ဖော်ပြထားပါတယ်။ ဆရာမ မြသန်းသန်းနုက 'နိုင်ငံရေးသီအိုရီတွေ အများအပြားရှိပါသေးတယ်။ ဗုဒ္ဓတရားတော်အရလည်း 'ငါ'ဆိုတဲ့ အတ္တကို ဖျောက်ပစ်ဖို့ဆိုတာကြောင့် who အရေးမပါတာတွေ့ရပါတယ်။ ဗုဒ္ဓဘာသာဝင်တွေမှာ ကံတရားကအရေးအကြီးဆုံးဖြစ်ပါတယ်။ ကံတရားလည်းရှိမယ်၊ စိတ်ဓာတ်လည်း ကြံ့ခိုင်မယ်၊ အောင်မြင်မှုလုပ်ခြင်း အပေါ်သဒ္ဒါတရားလည်းရှိမယ်၊ စိတ်ဓာတ်လည်း ထက်သန်မယ်ဆိုရင် ကောန်မလွဲ အောင်ပွဲခံနိုင်ပါလိမ့်မယ်၊ ဒါကတော့အရှင်မြတ်ဗုဒ္ဓရဲ့ **အောင်နိုင်ရေးတရားတော်ပါ**'လို့စာ ၂၉၀ မှာ ဖော်ပြထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓရဲ့ တရားတော်များကို ဆရာမမြသန်းသန်းနု သာမက ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဦးနုနဲ့ ဗိုလ်ချုပ်အောင်ဆန်း မှသည် ဒေါ်အောင်ဆန်း စုကြည် အထိန်းသင့်သလို ကိုးကားပြောဆိုသွားတတ်ကြပါတယ်။ ဘာကြောင့် လဲ၊ တိုက်ပွဲမှာ ဒီမိုကရေစီဆိုတာ အစိတ်အပိုင်းဖြစ်နေလို့ပါပဲ။ ဒီသဘောကို ဆရာသတိုးနွယ်ရဲ့ **နိုင်ငံရေးအပြောင်းအလဲများအား ဘာသာရေး အမြင်ဖြင့် လေ့လာခြင်း** စာအုပ်မှာလည်း ဖတ်မှတ်နိုင်ပါတယ်။

'နိုင်ငံရေးအပြောင်းအလဲကိုကူးတဲ့အခါ ဓမ္မမပါဝင်ဘဲမြန်မာ့ လူ့အဖွဲ့ အစည်း ရွေ့လို့မရပေ။ ဓမ္မဆိုတာ မကောင်းမှုမှ ကောင်းမှုသို့၊ ယုတ်ညံ့ခြင်းမှ မွန်မြတ်ခြင်းသို့၊ ဆူပူခြင်းမှ ငြိမ်းချမ်းသို့ အကူးဟာ ဓမ္မရှိရပါမည်' လို့ ဆရာသတိုးနွယ်က ဆိုပါတယ်။

(စာ-၁၃၃)

ဆရာသတိုးနွယ်ကလည်းဒီမိုကရေစီအရေးကို ဝေဘာလီနဲ့ပဲ သာဓက ဆောင်ပြပါတယ်။'ဝေသာလီဒ်ဝဇ္ဇလူမျိုးတွေ ကြီးစိုးသော်လည်း ခေတ္တယ၊ လိစ္ဆ၊ ဝိဒေဟ စသောလူမျိုးစုရှိပြီး လူမျိုးစုအားလုံး၏ လွှတ်တော် ကိုယ်စား လှယ်များက တိုင်းပြည်၏အရေးကို ကိုင်တွယ်၏။'

(စာ-၆၀)

စနစ်ကလည်းဒီမိုကရေစီ၊ မင်းနဲ့ပြည်သူကလည်းချစ်ကြည်၊ ညီညွတ်တော့ ဝေသာလီဟာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်လာတယ်။ ဝေသာလီရဲ့ အောင်မြင် မှုကို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ရာဇဂြိုလ်က မနာလို၊ ရာဇဂြိုလ်အုပ်ချုပ်နေ တာက အဇာတသတ်မင်း၊ ခမည်းတော်ကို ဗိမ္ဗိသာရမင်းကြီးကိုတောင် နှိပ်စက် သတ်ဖြတ်ခဲ့တဲ့ အဇာတသတ်ပဲ၊ ဝေသာလီကိုဖြိုခွင်းဖို့အရေး ဘယ်နှောင့်နှေး နေလိမ့်မလဲ။ ဒါပေမယ့် သူ့အမှား၊ သူ့အဆိုးမဖြစ်ရလေအောင် ဝေသာလီကို တိုက်ယူမယ်ဆိုတဲ့အကြောင်း အမတ်တစ်ယောက်ကိုလွှတ်ပြီး ဗုဒ္ဓဘုရားရှင်ကို လျှောက်ထားစေတယ်။ မြတ်စွာဘုရားက ဝေသာလီဟာ **အပရိဟာနိယ တရား(၇)ပါး**နဲ့အညီ ကျင့်သုံးမယ်ဆိုရင် မပြိုကွဲနိုင်ဘူးလို့ မိန့်တော်မူပါတယ်။

၁။ တစ်နေ့သုံးကြိမ်စည်းဝေးတိုင်ပင်ခြင်း၊

၂။ ရှေးမင်းတို့၏ ထုံးတမ်းစဉ်လာကောင်းကို ကျင့်သုံးခြင်း၊





၃။ ကိစ္စဟူသမျှကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ခြင်း၊

၄။ ပညာရှိတို့၏ အဆုံးအမကိုလိုက်နာခြင်း၊

၅။ အမျိုးသမီးများအား ညီမျှသောအခွင့်အရေးပေးခြင်း၊

၆။ မြို့တွင်းမြို့ပြင်ရှိ စောင့်ရှောက်သောနတ်ကောင်းနတ်မြတ်တို့အား ပသခြင်း၊

၇။ ပြည်တွင်းပြည်ပရှိ ပညာရှိသူတော်ကောင်းတို့အားထောက်ပံ့ခြင်း

(စာ-၆၃)

ဝေသာလီဟာ ဘုရားဟောတရားနဲ့အညီ ကျင့်သုံးနေတဲ့အတွက် အဇာတ သတ်က တိုက်သိမ်းလို့မရခဲ့ပေ။ ဒီတရားတော်များဟာ ဝေသာလီခေတ်မှာ ထားခဲ့ရမယ့်တရားတွေမဟုတ်ဘဲ ယနေ့တိုင် ပိုင်ပိုင်နိုင်နိုင် ကျင့်သုံးရမယ့် တရားတွေဖြစ်ပါတယ်။

ဆရာသတိုးနွယ်က ဝေသာလီအပြင်အာလာကပ္ပ၊ ကောသမ္ဗတ္တ (ကောသ မ္ဗတ္တ) နိုင်ငံများဟာလည်း 'ဗုဒ္ဓခေတ်ဒီမိုကရေစီနိုင်ငံများ' ဖြစ်တယ်လို့ စာမျက်နှာ ၅၈ မှာဖော်ပြထားပါတယ်။ မည်သည့်ခေတ်မှာမဆို နိုင်ငံရေးသမား ဆိုတာ (၁) အစွဲအလမ်းကြီးမှု (တဏှာ)၊ (၂) မိမိကိုယ်ကိုယ် အထင်ကြီးမှု (မာန)၊ (၃) အယူသီးမှု (ဒိဋ္ဌိ)၊ (၄) တစ်ကိုယ်ကောင်းဆန်မှု (အတ္တ) ကင်းဝေးရမယ်လို့လည်း ဆိုထားပါတယ်။

ဒီနေ့လွှတ်တော်မှာ အပြန်အလှန်ထိန်းကျောင်းခြင်း (Check and Balance) ဆိုတဲ့ အသံတွေပေါ်ထွက်နေပါတယ်။ ဆရာသတိုးနွယ်က ဗုဒ္ဓခေတ်က ကျွမ်းဘားဆရာတပည့်နဲ့ ဥပမာပေးရေးထားပါတယ်။ လူစည်ကားရာမှာ ကျွမ်းဘားကစားပြီး အသက်မွေးရတဲ့ ဆရာတပည့် နှစ်ယောက်၊ ဆရာက အောက်မှာ ခေါင်းလေးမော့လို့၊ ဆရာ့နဖူးပေါ်မှာ ဝါးလုံးတစ်လုံး ထောင်လို့၊ ဝါးလုံးထိပ်မှာတပည့်က ကျွမ်းဘားကစားပြ၊ သက်စွန့်ဆံဖျား သည်းထိတ်ရင်ပို့ ရသ၊ သူတို့နှစ်ယောက်မှာ တစ်ယောက် ဟန်ချက်ပျက်သွားတာနဲ့ နှစ်ယောက် လုံးမှာ အန္တရာယ်ရှိတယ်။

ဒီတော့ အပေါ်နဲ့အောက် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ထိန်းပြီးကစားကြတဲ့အတွက် ထူးကဲတဲ့အောင်မြင်မှုတွေရခဲ့တယ်တဲ့။ ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်မှာ အထက်အောက်၊ အချင်းချင်း အပြန်အလှန် ထိန်းကျောင်း သွားကြပါမှ ရည်မှန်းချက်တွေအောင်မြင်ပါလိမ့်မယ်။ ဆရာသတိုးနွယ်က ‘မြင့်မြတ်တဲ့အစိုးရအဖွဲ့အစည်းဆိုတာ ကိုယ်ကျင့်တရားကောင်းမှုကို အခြေခံရတယ်’လို့ ထောက်ပြထားပါတယ်။ မြင့်မြတ်တဲ့အစိုးရလို့ပြောတာ မြင့်လွန်းနေပါသေးတယ်။ ‘သန့်ရှင်းသောအစိုးရ’ဆိုရင် သင့်တော်ပြီထင်ပါတယ်။ အဲဒီ သန့်ရှင်းသောအစိုးရဖြစ်လာဖို့ပင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားနဲ့ ပြောရရင် အတော် ပြုအောင်လန်အောင် လုပ်ရဦးမှာပါ။ ဆရာသတိုးနွယ်ကတော့ ‘ဘာဝနာငါးချက်’ဖြင့် လုပ်ဆောင်ရမည်လို့ ညွှန်ပြထားပါတယ်။

(၁) ပျော်ပျော်ပါးပါးလုပ်

(၂) မရပ်မနားလုပ်

(၃) ကြာမြင့်စွာလုပ်

(၄) ရိုရိုသေသေလုပ်

(၅) လေးလေးစားစားလုပ်ခြင်း တို့ပါပဲ။ (စာ-၁၆၁)

အပြောလွယ်သလောက် အလုပ်ခက်တယ်ဆိုတဲ့ စကားလည်းရှိပါတယ်။ အပြောနဲ့ အလုပ်ညီမှလည်း ပြည်လှပါလိမ့်မယ်။ ယုံကြည်ချက် သဘောတရား မရှိရင် အကန်းနဲ့တူပြီးလက်တွေ့ မလုပ်ရင်အမြုံတူပါတယ်။ အကန်း အမြုံဘဝက လွတ်မြောက်အောင်ကျွန်တော်တို့ ရုန်းကန်ရပါဦးမယ်။


‘ဒီမိုကရေစီစနစ်နဲ့ပတ်သက်လာရင် အမေရိကန်’၊ ‘ပါလီမန်လွှတ်တော်နဲ့ အကြောင်းစပ်လာရင် အင်္ဂလန်’တို့လောက်ကိုသာ ညွှန်းဆိုကိုးကားလေ့ရှိတာ တွေ့ရပါတယ်။ အမေရိကန်နဲ့အင်္ဂလန်ဆိုတာ ကာလအားဖြင့် နှစ်ပေါင်း ရာဂဏန်းပဲ ပြဆိုထားနိုင်ပါသေးတယ်။ ဗုဒ္ဓခေတ်ဝေသာလီ ဒီမိုကရေစီနိုင်ငံကို လှမ်းမျှော်ကြည့်ရင် နှစ်ကာလအားဖြင့်လည်း နှစ်ထောင်ကျော်ခဲ့ပါပြီ။ ခရီး အကွာအဝေးအားဖြင့်လည်းမိုင်ထောင်ချီခဲ့ပါပြီ။

အို-မဝေးဘု ရောက်လုပါပြီလို့ပဲ စိတ်အားတင်းထားရပါတော့တယ်။

[၂၈-၃-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

■





# ဆရာဦးဝင်းတင် (သို့မဟုတ်) ခေတ်ဝန်ကိုထမ်း၍ခေတ်လမ်းကိုသွားနေသူ

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ဆရာဦးဝင်းတင်နှင့်တွေ့ဆုံခြင်း |
| ရေးသူ | – | ကလောင်စုံ |
| ထုတ်ဝေကာလ | – | ၂၀၁၂ မတ်လ |
| စာမူခွင့်ပြုချက် | – | ၃၁၀၀၉၀၁၁၂ |
| တန်ဖိုး | – | ၁၀၀၀ ကျပ် |
| ထုတ်/ဖြန့် | – | ပန်းရွှေကြာစာပေ |

သတင်းစာဆရာကြီးဟံသာဝတီဦးဝင်းတင်ကို ဒီမိုကရေစီလမ်းစဉ်ချမှတ်ဖော်ဆောင်သူ ဒီချုပ်ရဲ့အတွင်းရေးမှူးအဖြစ်မြန်မာပြည်မှာသာမက တစ်ကမ္ဘာလုံးကပါ အသိအမှတ်ပြုကြပါတယ်။ လေးစားကြပါတယ်။ ဆရာ့ကို ၁၉၃၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့မှာ မွေးဖွားခဲ့တာဖြစ်လေတော့ ယခုနှစ် ၂၀၁၂၊ မတ်လ ၁၂ ရက်နေ့မှာ ဆရာ့အသက် ၈၂ နှစ်ပြည့်ခဲ့ပါပြီ ဆရာ့ရဲ့ ၈၂ နှစ်ပြည့်မွေးနေ့ပွဲအထိမ်းအမှတ်ဂုဏ်ပြုပွဲများကို မြန်မာပြည်မှာသာမက လန်ဒန်၊ နယူးယောက် စတဲ့မြို့ကြီးများမှာပင် ကျင်းပခဲ့ကြောင်း ဝမ်းမြောက်ဝမ်းသာ ကြားသိခဲ့ရပါတယ်။ ဆရာ့ရဲ့ ၈၂ နှစ်ပြည့်မွေးနေ့နဲ့ တိုက်ဆိုင်ပြီး **'ဆရာဦးဝင်းတင်နှင့်တွေ့ဆုံခြင်း'** ဆိုတဲ့ စာအုပ်ကလေးတစ်အုပ်ကို ထုတ်ဝေလိုက်ပါတယ်။ မော်နီတာသတင်းဂျာနယ် 'အွန်လိုင်းဝတ္ထု' တင်ဆက်ခဲ့တဲ့ အင်တာဗျူးနှစ်ပုဒ်အပါအဝင် လူထုစိန်ဝင်းရဲ့ အမှာစာနှင့်အတူ သတင်းစာဆရာ၊ စာရေးဆရာနဲ့ အယ်ဒီတာများရဲ့ စာစု ၁၀ ပုဒ်အားဖြည့်ပြီး စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။

မန်းချောင်းစာပေ



အွန်လိုင်းဝတ္ထုရဲ့ အင်တာဗျူး ၂ ပုဒ်ဖော်ပြခဲ့တဲ့မော်နီတာဂျာနယ် ထုတ်ဝေနေ့စွဲမေ့ကျန်ခဲ့တာဟာ သမိုင်းမှတ်တမ်းအနေနဲ့ ကွက်လပ်တစ်ခုလို့ ဆိုရပါလိမ့်မယ်။ ဆရာလူထုစိန်ဝင်းရဲ့အမှာစာမှာ ဆရာဦးဝင်းတင်ရဲ့တန်ဖိုးကိုထိထိမိမိဖော်ပြသွားခဲ့ပါတယ်။

'ဦးဝင်းတင်ဆိုတာက နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း **မြန်မာပြည်မှာ တတိယ လူသိအများဆုံးသူ** ဖြစ်တယ်။ သူ့ရှေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ မင်းကိုနိုင်ပဲရှိတယ်။ ဒီနေ့အခါမှာသူဟာ ရောမနိုင်ငံရေးသမားကြီးတစ်ယောက်ဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုစတင်တည်ထောင်ရာမှာ ပါဝင်ခဲ့သူဖြစ်သလို **ပါတီရဲ့အဓိကပဲ့ကိုင်** တစ်ဦးလည်းဖြစ်တယ်'လို့ သုံးသပ်ထားပါတယ်။

ဒါပေမယ့် ဦးဝင်းတင်နဲ့ ခွဲမရတဲ့ဒေါ်အောင်ဆန်းစုကြည်အပေါ် တို့ထိရေးသားသွားပုံတွေကတော့ မဖွယ်မရာပဲလို့ ဆိုရလိမ့်မယ်။ 'ဒီလေးငါးခြောက်လအတွင်း ဂျာနယ်တိုင်းရဲ့ မျက်နှာတွေမှာလည်း ဦးဝင်းတင်ရဲ့စာတွေကိုတွေ့ရတယ်။ အဲဒါကြောင့်ဒေါ်အောင်ဆန်းစုကြည်က မျက်နှာဖုံးမယ် (ကာဗာဂဲ) ဖြစ်နေသလို သူလည်း 'ဘက်စ်ဆဲလား' စာရေးဆရာဖြစ်နေပြီလို့ နောက်ပြောင်ပြောဆိုရတယ်'လို့ ဖတ်လိုက်ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ရုပ်ရှင်မင်းသမီးကဲ့သို့သော ရောင်းပန်းတင်အလုပ်ပြု ဆွဲဆောင်စရာ 'မျက်နှာဖုံးမယ်' မဟုတ်ပါ။ သတင်းခေတ်ရဲ့သတင်းပုံရိပ်အဖြစ်ဂျာနယ်မျက်နှာဖုံးများပေါ် ရှိသေလေးစားအားကျစံ ထားဖွယ်ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ခေတ်ပြိုင်သမိုင်းရဲ့သင်္ကေတ၊ ဒီမိုကရေစီရဲ့ အမှတ်အသား၊ ပြည်သူလူထုကြီးရဲ့မျှော်လင့်ချက်ခုပ်ပုံလွှာအဖြစ်ဂျာနယ်မျက်နှာဖုံးများပေါ် ရောက်လာခြင်းဖြစ်ပါတယ်။ ဆရာလူထုစိန်ဝင်းပြောတဲ့ **မျက်နှာဖုံးမယ် (ကာဗာဂဲ)** ဆိုတဲ့အဓိပ္ပါယ်နဲ့ မိုးနဲ့မြေလောက်ဝေးပါတယ်။ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ကို 'ဂဲ girl' ပြောတာလည်း ဘယ်လိုမှမသင့်တော်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ဟာ အသက် ၇၀ တန်းကိုချဉ်းကပ်နေပြီမို့ (girl)လို့ မဆိုထိုက်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် အကြောင်းရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားရဲ့ အမည်ကိုပင် **The Lady** လို့ ပေးထားတယ်မဟုတ်ပါလား။

မန်းချောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com





ဦးဝင်းတင်ဆိုတာက
နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း
မြန်မာပြည်မှာ တတိယ
လူသိအများဆုံးသူ ဖြစ်တယ်။
သူ့ရှေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့
မင်းကိုနိုင်ပဲ ရှိတယ်။
ဒီနေ့အခါမှာ သူဟာ
ရောမနိုင်ငံရေးသမားကြီးတစ်ယောက်
ဖြစ်ပါတယ်။

တကယ်တော့ ဒေါ်အောင်ဆန်းစုကြည် ဓါတ်ပုံအရိုက်ခံရတာဟာ အိန္ဒိယက ဂန္ဒီကြီးလောက်မများသေးပါဘူး။ ချာချီတို့ ရုစဗဲ့တို့တောင် ဂန္ဒီကြီးလောက်ဓာတ်ပုံအရိုက်မခံရပါဘူး။ ၂၀ ရာစုအတွင်းမှာ ဂန္ဒီကြီးလောက် ဓာတ်ပုံအရိုက်ခံရသူမရှိလို့ မှတ်သားဖူးပါတယ်။ ဒါတောင် ဒီခေတ်လောက် ကင်မရာတွေ၊ ရုပ်သံတွေ မပေါ်များလှသေးတဲ့ခေတ်ဟောင်းကအခြေအနေမှာ ဂန္ဒီကြီးရဲ့ဓါတ်ပုံတွေက ကမ္ဘာ့စံချိန်ချိုးခဲ့တာပါ။ ဘာကြောင့်လဲမေးမနေပါနဲ့။ ကမ္ဘာ့ပြည်သူတွေကပင် ဂန္ဒီကြီးကိုချစ်လို့၊ လေးစားကြည်ညိုကြလို့ပါပဲ။ အခုလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံတွေ ဂျာနယ်တွေမှာ (လူထုစိန်ဝင်းရဲ့ စကားနဲ့ပြောရရင်...**ဖောဖောသီသီကြီးတွေ့နေရတယ်ဆိုတာ**) ပြည်သူလူထုကြီးရဲ့ ဒေါ်အောင်ဆန်းစုကြည် အပေါ်ထားရှိတဲ့ ယုံကြည်အားကိုးမျှော်လင့်ချက်တွေကို ဖော်ပြနေတာပဲ မဟုတ်ပါလား။ ပြည်သူလူထုကြီးက ဂျာနယ်မျက်နှာဖုံးတွေမှာသာမက ဖြစ်နိုင်မယ်ဆိုရင် မိုးကောင်းကင်ပေါ်မှာတောင် ဒေါ်အောင်းဆန်းစုကြည်ရဲ့ ရုပ်ပုံကို တွေ့မြင်ချင်ပေလိမ့်မယ်။





ဆရာဦးဝင်းတင်ကို 'ဘက်စ်ဆဲလား' လို့နောက်ပြောင်ပြောဆိုတာ အံဝင်ကိုက်ညီပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို **ဖောဖောသီသီကြီးတွေ့နေရတဲ့ မျက်နှာဖုံးမယ် (ကာဗာဂဲ)**အဖြစ် ရေးလိုက်တာကတော့ လုံးဝ မှုမမှန်း 'နောက်ပြောင်ပြောဆိုတာမျိုးမဟုတ်ဘဲ 'လှောင်ပြောင်' သလိုဖြစ်နေတဲ့ လူထုစိန်ဝင်းရဲ့ **မဖွယ်မရာအရေးအသားပဲ** ဖြစ်ပါတယ်။

ပြီးတော့ ဆရာဦးဝင်းတင်အပေါ် ဆရာလူထုစိန်ဝင်းရဲ့ ရှုမြင်ပုံကိုလည်း ကျွန်တော်သဘောမတူနိုင်ပါဘူး 'လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးနဲ့ ဝါသနာပါတဲ့ သတင်းစာအလုပ်ကလေးကိုအနှောင်အဖွဲ့ကင်းကင်းနဲ့ နောက်ဆုံးမတင်းဘဲ လုပ်ချင်နေတာကြောင့် တစ်သက်လုံးတစ်ကိုယ်ရေ တစ်ကာယနေလာခဲ့သူဟာ အခုတော့ကြီးလေးလှတဲ့တာဝန်ကြီးရဲ့ တုပ်နှောင်မှုလေးကိုအောင့်အီးသည်းခံနေရတယ်။ ပြောချင်တာကို လွတ်လွတ်လပ်လပ် မပြောနိုင်တော့ဘူး။ လုပ်ချင်တာကို လွတ်လွတ်လပ်လပ် မလုပ်နိုင်တော့ဘူး။ ထောက်ထားစရာတွေကို ပြန်ကြည့်နေရတော့တယ်။ သူ့ကို ကြည့်ကြည့်ပြီး စိတ်မကောင်းဖြစ်ရတယ်။'

(၈ - ၉)

ဆရာလူထုစိန်ဝင်းဟာ ဝါရင့်သတင်းစာဆရာကြီးပါ။ သတင်းစာအလုပ်ဟာ လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးရှိတဲ့ '**အလုပ်ကလေး**' ဆိုတာ ဟုတ်ပါရဲ့လား။ ကျွန်တော်ဖြင့်ဂျာနယ်ကျော်ဦးချစ်မောင်ရဲ့သတင်းစာဆရာဘဝကို ဖတ်မှတ်ပြီး ရင်မောနေရလောက်အောင်ပင် သတင်းစာအလုပ်ဟာ 'အလုပ်ကြီး' လို့ တွေးမြင်နေမိတယ်၊ တာဝန်သိရင် သိသလောက် တာဝန်ကြီးလှတဲ့ အလုပ်ကြီးပါပေ။

နေ့စဉ်ထုတ်သတင်းစာကို မဆိုထားပါဘိ၊ အပတ်စဉ်ထုတ်ဂျာနယ်အလုပ်၊ သစဉ်ထုတ်မဂ္ဂဇင်းအလုပ်တွေဆိုတာလည်း အလုပ်ကလေးမဟုတ်၊ အလုပ်ကြီးတွေပါပဲ။ စာနယ်ဇင်းတိုင်း ခေတ်သမိုင်းဆိုတဲ့ ဆောင်ပုဒ်အရ စာနယ်ဇင်းဆရာတွေဆိုတာ ခေတ်ပြိုင်သမိုင်းကို မိုးထဲလေထဲမှာ ဖြတ်သန်းရေးထိုးနေကြသူတွေမဟုတ်ပါလား။ ဆရာဦးစိန်ဝင်းက 'သတင်းစာ အလုပ်ကလေး' လို့ပြောလိုက်တာ '**နိုင်ငံရေးအလုပ်ကြီး**' နဲ့ နှိုင်းယှဉ်ပြောလိုက်တာဖြစ်ကြောင်း ကျွန်တော်သဘောပေါက်ပါတယ်။ တာဝန်အရ ပြောကြမယ်ဆိုရင် စာနယ်ဇင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့ နိုင်ငံရေးအလုပ်ဆိုတာ မို့တစ်ပိသသာနဲ့ ခဲတစ်ပိသသာပါပဲ။ တန်ခိုးဩဇာအရပြောမယ်ဆိုရင် စာနယ်ဇင်းကတောင်ပိုပြီးအလေးသာတယ်လို့ ဆိုနိုင်ပါတယ်။ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းတဲ့ အနောက်နိုင်ငံကြီးတွေမှာတော့ စာနယ်ဇင်းဆရာတွေကို **‘သရဖူမဆောင်းသောဧကရာဇ်များ’** လို့ တင်စားခေါ်ဆိုကြတယ် မဟုတ်ပါလား။ အစိုးရဆိုတဲ့အာဏာပါဝါ မရှိသော်လည်း ဩဇာကြီးမားသူများ လို့ဆိုလိုပါတယ်။ မြန်မာပြည်က ဒီးဒုတ်ဦးဘချို၊ ဂျာမယ်ကျော်ဦးချစ်မောင်၊ သိန်းဖေမြင့် စတဲ့ ပုဂ္ဂိုလ်ကြီးများဟာလည်း စာနယ်ဇင်းပလက်ဖောင်းပေါ်က နိုင်ငံရေးသမားကြီးတွေ မဟုတ်ပါလား။

သတင်းစာဆရာဘဝကနေ ပါတီခေါင်းဆောင် ရောမနိုင်ငံရေးသမားကြီး ဖြစ်လာတဲ့ဆရာဦးဝင်းတင်ကို ကြီးလေးလှတဲ့တာဝန်ကြီးရဲ့ တုပ်နှောင်ထားမှုကို အောင့်အီးသည်းခံနေရတယ်။ ပြောချင်တာကို လွတ်လွတ်လပ်လပ် မပြောနိုင်တော့ဘူး၊ လုပ်ချင်တာကို စိတ်တိုင်းကျမလုပ်နိုင်တော့ဘူးလို့ ဆရာလူထုစိန်ဝင်းက သုံးသပ်ထားပါတယ်။ ဆရာဦးဝင်းတင် ထမ်းဆောင်နေတဲ့နိုင်ငံရေးတာဝန်ဆိုတာခေတ်သမိုင်းက သူ့ပခုံးပေါ်ပစ်တင် ပေးလိုက်တဲ့ တာဝန်ပါ။ ဘယ်သူကမှ အမိန့်ပေးပြီးအတင်းအကြပ် ထမ်းဆောင်ခိုင်းတဲ့ တာဝန်မဟုတ်ပါ။ ဆရာဦးဝင်းတင် ကိုယ်တိုင်က **‘ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုသွား’** လို့အကျယ်တဝင့်ပြောဆိုနေပါတယ်။

ပါတီနိုင်ငံရေးသမားဆိုတာ ပါတီစည်းကမ်းလိုက်နာရတယ်။ ဒီမိုကရေစီ စနစ်မှာအများရဲ့ဆန္ဒကို လိုက်နာရတယ်။ ပါတီနိုင်ငံရေးသမားဆိုတာ တစ်ကိုယ်တော်စာရေးဆရာလောက်တော့ လွတ်လပ်ခွင့် မရနိုင်ပါ။ အဖွဲ့အစည်းနဲ့ လုပ်ရတာမှန်သမျှ သံဃာ့အဖွဲ့အစည်းမှာတောင် ‘သံဃာအား ဘုရားမလွန်သာ’ ဆိုတဲ့စကားရှိပါတယ်။ အများရဲ့ဆန္ဒကို လေးစား လိုက်နာတယ်ဆိုတာ လွတ်လပ်ခွင့်ဆုံးရှုံးတာမဟုတ်ပါဘူး။ ဒီမိုကရေစီ အလေ့အကျင့်ကောင်းကို စံပြလုပ်ဆောင်တာပဲဖြစ်ပါတယ်။

ဆရာလူထုစိန်ဝင်းက...‘အနှစ်,နှစ်ဆယ်နီးပါး ထောင်ထဲမှာနေရစဉ် တုန်းက ထောင်ဝင်စာသွားတွေ့သူတွေက တစ်ဆင့်သူပြောချင်တာတွေကို ပွင့်ပွင့်လင်းလင်း သူပြောလိုက်နိုင်တယ်။ မှာချင်တာမှာလိုက်နိုင်တယ်။ **ပါတီဆိုတဲ့ နှောင်ကြိုးကြီးက** တယ်ကြောက်စရာကောင်းပါလားလို့ပဲ





အောက်ချက်ချလိုက်မိတယ်’ လို့ အမှာစာကို နိဂုံးချုပ်ထားပါတယ်။

ထောင်ဝင်စာတွေ့ချိန်ဆိုတာ အလွန်ဆုံးနာရီဝက်လောက်ပါ။ ပြောချင်တာ၊ မှာချင်တာတွေကို ဘယ်လိုလုပ်ပြီးပြည့်စုံအောင်ပြောနိုင်မှာလဲ။ ဒီနေ့ ထောင်ကလွတ်လာပြီးမှ ဂျာနယ်အင်တာဗျူးတွေမှာပြောချင်တာကို အထိုက် အလျောက်တော့ ပြောခွင့်ရှိနေပြီ။ ဆရာဦးဝင်းတင်ပြောနေပြီ။ ရေဒီယိုတွေ တွေမှာ ရာနှုန်းပြည့်လွတ်လပ်စွာပြောနေပြီ။ ဆရာဦးဝင်းတင် ပါတီကို ပဲ့ကိုင် ဦးဆောင်ပေးနေတာလည်း နှောင်ကြိုးကြီးကြီးနဲ့ တုပ်နှောင်ထားတာ မဟုတ် ပါဘူး။ နိုင်ငံရေးတာဝန်ထမ်းဆောင်နေတာ **ကြောက်စရာမဟုတ်**၊ လေးစား ကြည်ညိုစရာဖြစ်ပါတယ်။ ဆရာဦးစိန်ဝင်းရဲ့ ကောက်ချက်အရဆိုရင် ပါတီ နိုင်ငံရေးဆိုတာနှောင်ကြိုးကြီးတွေနဲ့ ကြောက်စရာကြီးလို့ ဆိုရတော့မှာလား။ ကြောက်စိတ်တွေ ဖယ်ရှားဖို့ အစဉ်တစိုက် ရေးသားလှုံ့ဆော်ခဲ့တာလည်း သူထုဦးစိန်ဝင်းပါပဲ။ အခုတော့သူကိုယ်တိုင်က ‘တယ်ကြောက်စရာကောင်း ပါလား’ လို့ဆိုနေပါပကော။

ဆရာဦးဝင်းတင်ကိုယ်တိုင်က ‘ကျွန်တော်ဟာ ပြည်သူလူထုကြီးကို ကိုယ့်နိုင်ငံရေးအဖွဲ့အစည်းကို ပြန်စုစည်းယူတယ်။ ဒီလိုအင်အားတွေကို စုစည်းပြီး နောက်ပိုင်းမှာပြည်သူလူထုကြီးဆီကို ပြန်ပြီးတော့သွားတယ်ပေါ့။ ပြည်သူလူထုရဲ့အဆုံးအဖြတ်ကိုခံယူမယ်ဆိုတဲ့ အဆုံးအဖြတ်ကို ခံယူမယ် ဆိုတဲ့အဆုံးအဖြတ်မျိုးကို ကျွန်တော်တို့သွားတယ်။ အဲဒီလမ်းကိုရလို့ရှိရင် လွှတ်တော်ထဲမှာအခြားသောအဖွဲ့အစည်းများနဲ့အတူပြန်ပြီးတော့ ဆက်စပ်ညှိ နှိုင်းဖို့၊ ရှုန်းကန်ရဖို့ လုပ်ငန်းတွေလုပ်တယ်ဆိုတာ ကျွန်တော်တို့ဟာ ကျွန်တော် တို့ ခြေထောက်ပေါ်ရပ်တဲ့ နိုင်ငံရေးလုပ်တယ် ဆိုတာထင်ရှားပါတယ်’ လို့ အတိအလင်းပြောဆိုထားပါတယ်။

(၈–၂၁)

ဆရာဦးဝင်းတင်ဟာ သူချမှတ်တဲ့ လမ်းစဉ်အတိုင်း ခေတ်ဝန်ကိုထမ်းပြီး ခေတ်လမ်းကိုသွားနေကြောင်းထင်ရှားပါတယ်။ သူကိုယ်တိုင် မကြောက်မရွံ့ နောက်မတွန့်ဘဲသွားနေတာ ဆရာ လူထုစိန်ဝင်းက ဘေးကနေ ဝင်ကြောက် ပေးစရာမလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်မှာ မောင်ဝံသ၊ တက္ကသိုလ် ကိုကိုကြီး၊ သတင်းထောက်အာကာ၊ ခင်မောင်ထွေး(ပျဉ်းမနား)၊ သစ္စာနီ၊ မောင်သွေးချွန်၊ စိန်မျိုးမြင့်၊ မျိုးမြင့်ညိမ်း၊ မသီတာ(စမ်းချောင်း) နဲ့ တိုးကျော်လှိုင်တို့ ပါဝင်ရေးသားကြပါတယ်။ ဆရာဦးဝင်းတင်ရဲ့ သတင်းစာဆရာဘဝ၊ အကျဉ်းစံနေ့ရက်များ၊ နိုင်ငံရေးလှုပ်ရှားမှုများ၊ ဆရာ့ရဲ့ စရိုက်သဘာဝ၊ အယူအဆအတွေးအမြင်တွေကို ရှုထောင့်အသီးသီးကနေ ဂုဏ်ပြုရေးသားထားကြပါတယ်။

ဆရာသစ္စာနီရဲ့ 'အင်န်အယ်လ်ဒီနှင့်လမ်းစဉ်'၊ ဆရာတိုးကျော်လှိုင်ရဲ့ 'မျက်မှောက်ခေတ်နိုင်ငံရေးလေ့လာသုံးသပ်ချက်' ဆောင်းပါးများကတော့ ဆရာဦးဝင်းတင်ရဲ့ နိုင်ငံရေးအလားအလာများကိုအကဲဖြတ်ထားတဲ့ ဆောင်းပါးများဖြစ်ပါတယ်။


ဆရာဦးဝင်းဟာ ဖြူစင်ရိုးသားပြီးပွင့်လင်းတယ်၊ အလွန်အလုပ်လုပ်တယ်၊ တိကျတယ်။ လူလူချင်းတန်ဖိုးထားလေးစားတတ်တယ် စတဲ့ခေါင်းဆောင်ကောင်းတစ်ယောက်မှာရှိတဲ့လိုအပ်တဲ့အရည်အချင်းတွေနဲ့ ပြည့်စုံသူဖြစ်ကြောင်း ဒီစာအုပ်လေးက ပြောပြနိုင်ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ အသက်ကိုးဆယ်ကျော်တဲ့အထိ တိုင်းပြည်အတွက်၊ ငြိမ်းချမ်းရေးအတွက် မနားမနေလုပ်ဆောင်သွားသလို ဆရာဦးဝင်းတင်ဟာလည်း ခေတ်ဝန်ကိုထမ်းပြီး ခေတ်လမ်းကို မမောမပမ်းလျှောက်နေဆဲ၊ ခေတ်ရဲ့ပန်းတိုင်ဆီ အရောက်လှမ်းနိုင်ပါစေလို့ ဆရာ့ရဲ့ ၈၂ နှစ်ပြည့်မွေးနေ့မှာ ရိုသေလေးစားစွာ ဆုမွန်ကောင်းတောင်းလို့ မေတ္တာရေသွန်းလောင်းလိုက်ပါတယ်။

[၂၁-၃-၂၀၁၂နေ့ထုတ် နံနက်ခင်းဂျာနယ်]

■








# အစိုးရကောင်းကောင်းလိုချင်ရင် အယ်ဒီတာကောင်းကောင်းရှိရတယ်

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ဂျာနယ်ကျော်ဦးချစ်မောင် နှစ်တစ်ရာပြည့် အထိမ်းအမှတ် အထူးထုတ် |
| ရေးသူ | – | ကလောင်စုံ |
| ထုတ်ဝေကာလ | – | ၂၀၁၂ ဇန်နဝါရီ |
| တန်ဖိုး | – | ၃၀၀၀ ကျပ် |
| ထုတ်/ဖြန့် | – | သီဟရတနာစာပေ |

မြန်မာ့စာနယ်ဇင်းသမိုင်းမှာ မေ့ပျောက်လို့မရနိုင်အောင် စံထားရတဲ့ သတင်းစာဆရာ၊ အယ်ဒီတာ၊ စာရေးဆရာတစ်ဦးကတော့ 'ဂျာနယ်ကျော် ဦးချစ်မောင် ဖြစ်ပါတယ်။ ၁ ဇန်နဝါရီ ၂၀၁၂ 'ဂျာနယ်ကျော်ဦးချစ်မောင် နှစ်တစ်ရာပြည့် မွေးနေ့ချိန်ခါမှာ အမှတ်တရစာအုပ်ကြီးတစ်အုပ် ပေါ်ထွက်ခဲ့ပါတယ်။ ဂျာနယ်ကျော်ဦးချစ်မောင်ရဲ့ ရေးဖော်များ၊ မိတ်ဆွေသူငယ်ချင်းများနဲ့ ခေတ်ပြိုင်စာရေးဆရာ ၂၉ ဦးတို့ရဲ့ အမှတ်တရ ဂုဏ်ပြုစာမူ ၂၉ ပုဒ် ပါဝင်ပါတယ်။

ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ ဘဝအစဟာ အတော်ပဲ စိတ်ဝင်စားစရာကောင်းလှပါတယ်။

'သူသည် ကိုးနှစ်သားအရွယ်မှစ၍ မျိုးချစ်စိတ်ကြီးမားရန် သန္ဓေတည်ခဲ့သူဖြစ်သည်။ သူသည် ရွှေကျင်ဝန် ဦးကြင်၏မြစ် ဖြစ်သည်။ ရွှေကျင်ဝန်ကြီး ဦးကြင် တိုက်ပွဲ၌ ကျဆုံးသွားသောအခါ ဝန်ကြီးဦးကြင်၏ မိသားစု ဟင်္သာတသို့ ထွက်အပြေး အင်္ဂလိပ်မျက်နှာဖြူလက်ပါးစေဖြစ်သော စူရတီလူမျိုး ဟင်္သာတဆိပ်ကမ်း အကောက်ဝန်က သူ့အဘွားကို အတင်းအဓမ္မသိမ်းပိုက်၍ သူသည် မွတ်စလင်အနွယ်ထဲ၌ ပေါက်ဖွားလာခဲ့ရသည်။'





နိုင်ငံရေးခေါင်းဆောင်ဖြစ်ချင်တဲ့သူတွေကများပြီး
အယ်ဒီတာလုပ် ချင်တဲ့သူတွေက နည်းတယ်။
နိုင်ငံရေးခေါင်းဆောင် ဖြစ်ဖို့ရာ အလွယ်လေးရယ်၊
အယ်ဒီတာတစ်ယောက် အောင်အောင်မြင်မြင်ဖြစ်ဖို့ရာက မလွယ်လှဘူး။
တိုင်းပြည်မှာ
တကယ့်နိုင်ငံရေးခေါင်းဆောင်ကောင်း တစ်ယောက်ရှိဖို့လိုသလို
အယ်ဒီတာကောင်းတစ်ယောက်ရှိဖို့ကလည်း အရေးကြီးတယ်။
အစိုးရကောင်းကောင်းလိုချင်ရင် အယ်ဒီတာကောင်းကောင်း ရှိရတယ်။

'အသက် ၉ နှစ်အရွယ်၌ သူ့ဖခင်က သူ့အား ဗလီတက်၍ မွတ်စလင်ဘာသာသွင်းရန် ကြိုးစားသော်လည်း မိခင်သည် မှုးမတ်မျိုးနွယ် ဗမာသွေးပါ၍ ဗုဒ္ဓဘာသာဖြစ်ခြင်းကြောင့် သားအမိနှစ်ယောက် ဘာသာအသွင်းမခံရအောင် ကြိတ်၍ ကြံစည်ကြသည်။ ဖခင်၏ မွတ်စလင်ဘာသာသွင်းကို မခံဘဲ အသက် ၉ နှစ်အရွယ်တွင် မိခင်ခွင့်ပြုချက်ဖြင့် စစ်ကိုင်းတောင်ရိုး၌ ရှိနေသော အဘွားမယ်သီလရှင်ထံသို့ ထွက်ပြေးလာခဲ့သည်။ အသက် ၉ နှစ်သားအရွယ်မှ လူလားမြောက်လာသည့်အထိ စာအုပ်များဖြင့်သာ အဖော်ပြုကာ တစ်ကိုယ်တည်းနေထိုင်လာခဲ့သည်။ စာအုပ်များနှင့် မျက်လုံးမခွာ၊ စာအုပ်များကသာ သူ့ဘဝဖြစ်ခဲ့သည်။

(မောင်ခေတ်ထွန်း၏ ဆောင်းပါးမှ၊ စာ–၁၄၁)

သူ သတင်းစာဆရာ ဖြစ်လာတော့. . . **'စာမကျေရင် အစာမကျေတာထက်ဆိုးတယ်၊ တစ်နေ့စာနဲ့အဆက်ပြတ်ရင် အကန်းဖြစ်တာပဲ'** လို့ မကြာခဏ ပြောလေ့ရှိသတဲ့။ ဂျပန်ခေတ်မှာ ခေတ္တစစ်ပြေးစဉ် စာအုပ်ပေါင်း တစ်ထောင်ကျော် ဖတ်ခဲ့ပြီး သူ့အသက် သုံးဆယ်ဝန်းကျင်မှာ စာအုပ်ပေါင်း ဘစ်သောင်းကျော် ဖတ်ခဲ့ပြီးကြောင်း သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ၁၂ နှစ်သားအရွယ်ကပင် ကြီးလာရင် 'ဆရာဝန်' သို့မဟုတ် 'အယ်ဒီတာ'လုပ်မယ်လို့ ပြောခဲ့တာပါ။ ဆရာကြီးက နှစ်ခုထဲက တစ်ခုကို ရွေးဖို့ပြောတော့ 'အယ်ဒီတာ'ဘဝကို ရွေးခဲ့ပါတယ်။ လက်ပံတန်းမှာ ဆယ်တန်းအောင်ခဲ့ပြီး ကျောင်းဆရာလုပ်နေချိန် ၁၉၂၉ မှာ ရန်ကုန်သို့ စာအုပ်လာ ဝယ်စဉ် နော်ရထာသတင်းစာတိုက်က ခေါ်လို့ လက်ထောက်အယ်ဒီတာဘဝနဲ့ သတင်းစာလောကထဲ ဝင်ရောက်ခဲ့ပါတယ်။ နော်ရထာသတင်းစာ ရပ်ဆိုင်းသွားတဲ့အခါ နယူးဘားမားနဲ့ ဈေးနှုန်းသတင်းစာတွေမှာ ခေတ္တဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၃၄ မှာ မြန်မာ့အလင်းသတင်းစာတိုက်ရဲ့ ညအယ်ဒီတာ၊ ၁၉၃၆ မှာ မြန်မာ့အလင်းရဲ့ တာဝန်ခံအယ်ဒီတာချုပ် ဖြစ်လာခဲ့ပါတယ်၊ အဲဒီတုန်းက သူ့အသက် ၂၄ နှစ်မျှသာ ရှိပါသေးတယ်။ သတင်းစာခေါင်းကြီးပိုင်းတွေကို ထက်ထက်မြက်မြက် ပြောင်ပြောင်မြောက်မြောက် ရေးနိုင်ခဲ့တဲ့အတွက် လူကြိုက်များလှပါတယ်။ သတင်းစာဆရာအယ်ဒီတာတစ်ယောက်အနေနဲ့ ဦးချစ်မောင် အလုပ်လုပ်ပုံကို ကြည့်ပါဦး။

'အလုပ်လုပ်ချိန်ကိုလည်း **နေ့စဉ် ၁၅ နာရီကျ လုပ်နိုင်ခဲ့သူ** ဖြစ်သည်။ နံနက် ၈ နာရီအချိန်တွင် သတင်းစာတိုက်သို့ လာရောက်ပြီး မွန်းလွဲ ၁ နာရီအချိန်တွင် နေအိမ်သို့ ပြန်သွားသည်။ တစ်ဖန် ညနေ ၃ နာရီအချိန်တွင် သတင်းစာတိုက်သို့ ပြန်လာ၍ ည ၈ နာရီအချိန်တွင် အိမ်သို့ ခေတ္တပြန်သည်။ ည ၉ နာရီအချိန်တွင် သတင်းစာတိုက်သို့ ပြန်လာပြီး နောက်တစ်နေ့အကူး ညသန်းခေါင်ကျော် နာရီပြန် ၂ ချက်ကျမှ အိမ်သို့ ပြန်သည်။ ထို့ကြောင့် တစ်နေ့လုံးတွင် ၂၄ နာရီ ရှိသည့်အနက် သတင်းစာတိုက်တွင် ၁၅ နာရီ အလုပ်လုပ်သည်။ **စာကို ၅ နာရီကြာဖတ်ပြီး** တစ်နေ့လျှင် ၄ နာရီလောက်သာ အိပ်သူဖြစ်သည်။'

(ချစ်ကြည်ရေး ကြည်ညွန့်၏ ဆောင်းပါးမှ၊ စာ-၇၀)

ဆရာမောင်ခေတ်ထွန်းရဲ့ ဆောင်းပါးမှာတော့ ဦးချစ်မောင်ဟာ တစ်နေ့ ၂ နာရီပဲ အိပ်တယ်လို့ ဆိုပါတယ်။ ဒီလို 'မှုကွဲ'လေးတွေ သုံးလေးနေရာလောက် တွေ့ခဲ့ရပါတယ်။ အရေးကြီးတဲ့ ဦးချစ်မောင်ရဲ့ စိတ်ဓာတ်၊ အရည်အချင်း၊ စေတနာတွေမှာတော့ တူညီကြပါတယ်။

'နေ့စဉ်နေ့တိုင်း တိုင်းပြည်၏ စီးပွားရေး၊ ကြီးပွားရေး၊ သာသနာရေး၊ နိုင်ငံရေး၊ လူမျိုးရေးတို့ကို ဝေဖန်နည်းညွှန်ရေးသား၍ အစိုးရအပေါ်တွင်





လည်း ပြစ်တင်ရှုတ်ချကာ မှန်ရာမှန်ကြောင်းသို့ လမ်းကောင်းညွှန်ပြပေးလေရာ ထိုစဉ်က မြန်မာ့အလင်းသတင်းစာ၏ ဘုန်းတန်ခိုးမှာ ဖိန့်ဖိန့်တုန်အောင် အာဏာရှိနေသော အစိုးရအဖွဲ့နှင့် စင်ပြိုင်တန်ခိုးအာဏာ ရှိခဲ့လေသည်။'

(မောင်ခေတ်ထွန်း၏ ဆောင်းပါးမှ၊ စာ-၁၅၁)

အယ်ဒီတာဆိုတာ တိုင်းရေးပြည်ရေး၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး အကုန်လေ့လာရပါတယ်။ ဦးချစ်မောင် ဘဏ္ဍာရေးဆိုင်ရာတွေ လေ့လာနေတော့ ဇနီးဖြစ်သူက 'ဘဏ္ဍာရေးဝန်ကြီး လုပ်မလို့လား'လို့ အမေးခံရတဲ့အထိပါပဲ။ ဦးချစ်မောင်ရဲ့ သဘောထားကတော့ 'အယ်ဒီတာဆိုတာ အကုန်နှံ့စပ်ရတယ်၊ လွှတ်တော်ထဲမှာရှိနေတဲ့ ဝန်ကြီးတွေထက် အုပ်ချုပ်မှုကို နားလည်ရင် ပိုကောင်းတယ်၊ တိုင်းပြည်ဘက်ကနေပြီး လမ်းမှန် ညွှန်ပြနေရတဲ့ အယ်ဒီတာ**တာ သူတို့ထက် အရည်အချင်း ညံ့လို့မဖြစ်ဘူး**'တဲ့။

(၎င်း၊ စာ-၁၅၁)

ဒါကြောင့် ဂျာနယ်ကျော်မမလေးက 'ကိုကို့ကို နိုင်ငံရေးခေါင်းဆောင်တစ်ယောက်အဖြစ်နဲ့ ဘယ်တော့များမှ မြင်ရပါ့မလဲ'လို့ မေးဖူးပါတယ်၊ ဦးချစ်မောင်က 'ဘယ်တော့မှ မမြင်ချင်ပါနဲ့'လို့ ဆိုပါတယ်။ 'ဒီနိုင်ငံမှာ **နိုင်ငံရေးခေါင်းဆောင်ဖြစ်ချင်တဲ့သူတွေကများပြီး အယ်ဒီတာလုပ်ချင်တဲ့သူတွေက နည်းတယ်။ နိုင်ငံရေးခေါင်းဆောင် ဖြစ်ဖို့ရာ အလွယ်လေးရယ်၊ အယ်ဒီတာတစ်ယောက် အောင်အောင်မြင်မြင်ဖြစ်ဖို့ရာက မလွယ်လှဘူး။ တိုင်းပြည်မှာ တကယ့်နိုင်ငံရေးခေါင်းဆောင်ကောင်းတစ်ယောက် ရှိဖို့လိုသလို အယ်ဒီတာကောင်းတစ်ယောက် ရှိဖို့ကလည်း အရေးကြီးတယ်။ အစိုးရကောင်းကောင်းလိုချင်ရင် အယ်ဒီတာကောင်းကောင်း ရှိရတယ်**'လို့ ပြန်ရှင်းပြပါတယ်။

(ချစ်ကြည်ရေး ကြည်ညွန့်၏ ဆောင်းပါးမှ၊ စာ-၇၄)

တကယ်တော့ နိုင်ငံရေးခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့လည်း မလွယ်၊ အယ်ဒီတာကောင်းတစ်ယောက်ဖြစ်ဖို့လည်း မလွယ်လှပါဘူး။ အဲဒီ မလွယ်တာတွေကို ဦးချစ်မောင် ကြိုးစားလုပ်ဆောင်သွားခဲ့ပါတယ်။ ၁၉၃၈ မှာ အက်ဒွပ်မင်းသား နန်းတက်တဲ့သတင်းကို မြန်မာ့အလင်းက ဦးဦးဖျားဖျား ဖော်ပြနိုင်ခဲ့ပါတယ်။

'မြန်မာနိုင်ငံကို အုပ်ချုပ်နေသော ဗြိတိသျှများပင်လျှင် ထိုသတင်းကို



www.burmeseclassic.com

www.burmeseclassic.com



မရသေးမီ မြန်မာ့အလင်းသတင်းစာက ဦးစွာဖော်ပြခြင်းဖြစ်သည့်အတွက် အင်္ဂလိပ်အရာရှိ အသိုင်းအဝိုင်းပင် တုန်လှုပ်အံ့ဩရသည်အထိ ဖြစ်ခဲ့ပေသည်။'

(သိန်းအေး၏ ဆောင်းပါးမှ၊ စာ-၁၉၁)

အဲဒီမှာ ဦးချစ်မောင်ကို အတွင်းဝန်ရုံးသို့ ဆင့်ခေါ်ပြီး အတွင်းဝန်ချုပ်ကြီး မစ္စတာကော့ကရိမ်းက မာန်မဲပါတော့တယ်။ 'ဒီသတင်းဟာ အတည်ပြုချက် မရသေးလို့ နက်ဖြန်သတင်းစာမှာ ပြန်ပြင်ပြီးထည့်ပါ၊ မထည့်ရင် မင်းကို တရားစွဲမယ်'တဲ့။ ဦးချစ်မောင်က သတင်းအမှန်ဖြစ်လို့ ပြင်မပေးနိုင်ကြောင်း အာခံပြောဆိုခဲ့ပါတယ်။

(၎င်း၊ စာ-၁၉၃)

၁၉၃၉ ခုနှစ်မှာ ထားဝယ်သွား အဒမ်ဆင်သင်္ဘောကြီးအနီး ဗုံးပေါက်ကွဲတဲ့သတင်းကို မြန်မာ့အလင်းက ဖော်ပြခဲ့ပြန်ပါတယ်။ 'ထိုသတင်းကို အစိုးရက မှားယွင်းကြောင်း ဖြေရှင်းချက်ပေးပို့ပြီး သတင်းစာတွင် အထည့်ခိုင်းတယ်။ အယ်ဒီတာချုပ် ဦးချစ်မောင်က **ဖြေရှင်းချက်ထည့်ရတာ သတင်းစာ အနာဆုံးပဲ။** အစိုးရဖြေရှင်းချက်များတော့ ဘယ်တုန်းကမှ အယုံအကြည်မရှိခဲ့ဘူး' ဟု ဆိုကာ ငြင်းပယ်ခဲ့သည်။'

(၎င်း၊ စာ-၂၀၅)

အဲဒီမှာ မန်နေဂျင်းဒါရိုက်တာ(ပိုင်ရှင်)က အစိုးရကပေးတဲ့ သတင်းဖြေရှင်းချက်ထည့်ပေးဖို့ ညွှန်ကြားပါလေရော။ ဦးချစ်မောင်က ခေါင်းမာမာ ငြင်းပယ်ခဲ့တဲ့အတွက် မြန်မာ့အလင်းက ထုတ်ပစ်လိုက်ပါတယ်။ မြန်မာ့အလင်းက ထွက်ခွာလာခြင်းဟာ ဂျာနယ်ကျော်လမ်းစ ပေါ်လာခြင်းပါပဲ။ ဂျာနယ်ကျော်ကို ၁၉၃၉ ခု၊ မေလ ၂၇ ရက် စနေနေ့မှာ စတင်ထုတ်ဝေခဲ့ပါတယ်။ မျက်နှာဖုံးမှာ '**မဟုတ်မခံ ပြည်သူ့ဟာစ်တိုင်ဂျာနယ်ကြီး**'လို့ ဖော်ပြခဲ့ပါတယ်။ ရေးရန်ရှိသမျှကို '**မျက်နှာမထောက်၊ မကြောက်မညှာ၊ ချမ်းသာမပေး၊ အမှန်အတိုင်းရေး**'ရန်လို့ ဆိုခဲ့ပြီး 'တိုင်းပြည်အပေါ်၌ သတင်းစာဂျာနယ်တိုက်တို့က ထားရှိအပ်သော တာဝန်ဝတ္တရားများကို အမြဲမသေ့ စောင့်ထိန်းသွားမည်'လို့ ကြေညာခဲ့ပါတယ်။

'ဘုရင်ခံကို ရှိခိုးနေသော ဝန်ကြီးချုပ်၊ ပြည်သူကို ခွစီး၍ ဓားဖြင့်ထိုးရန် ကြံသော မနေရှင်၊ ရန်ပုံငွေခွဲနေသော အမျိုးသမီးနှင့်ပျော်သော အရက်မော့





နေသည့်အမတ်များထံမှောက်သို့ ဂျာနယ်ကျော် ကြိုးလွှဲရောက်လာ၍ လန့်နေကြပုံကို ဦးဘဂျမ်းက ကာတွန်းရေးဆွဲခဲ့သည်။ 'ဒါတွေဟာ အမျိုးသားရေးလား' ဟူ၍ စာတန်းထိုးထား၏။'

(ဦးခင်မောင်ထွန်း၏ ဆောင်းပါးမှ၊ စာ-၁၇၄)

ဂျာနယ်ကျော်ဟာ အမျိုးသားလွတ်လပ်ရေးအတွက် ဘယ်လောက်အရေးပါခဲ့ကြောင်း ထင်ရှားပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ လေးချိုးကြီးများကိုလည်း အလျဉ်းသင့်သလို ဖော်ပြခဲ့ပါတယ်။ ဂျာနယ်ကျော်ဟာ တိုင်းပြည်အတွက်၊ ပြည်သူအတွက် လက်သံပြောင်ခဲ့ပါတယ်။ ဂျာနယ်ကျော်ဦးချစ်မောင်ဟာ အလွန်ရဲရင့်ပြတ်သားတဲ့ အယ်ဒီတာစာရေးဆရာတစ်ယောက်ဖြစ်ပေမယ့် ပုဂ္ဂိုလ်ရေး စရိုက်သဘာဝအားဖြင့်တော့ အလွန်အားနာတတ်သူဖြစ်ပါတယ်။ ခဲးပိုက်နိုက်ကိုတောင် အားနာလို့ မသိချင်ဟန်ဆောင်ပြီး အနိုက်ခံခဲ့သူဖြစ်ပါတယ်။ ကိုယ်တိုင် လက်ဖက်ရည်ကြိုက်သူဖြစ်ပြီး မိတ်ဆွေများကိုလည်း မကြာခဏ လက်ဖက်ရည်တိုက်သူ ဖြစ်ပါတယ်။ ဆရာကြီး ဒဂုန်ရွှေမျှားက ဂျာနယ်ကျော်ဦးချစ်မောင်ဟာ တစ်နေ့ လက်ဖက်ရည် ခွက် ၂၀ လောက် သောက်ကြောင်း မှတ်တမ်းတင်ထားပါတယ်။ ဆရာသခ်ိရဲ့ ဆောင်းပါးမှာလည်း ဦးချစ်မောင် လက်ဖက်ရည်အလွန်သောက်ကြောင်း ရေးထားပါတယ်။

ဂျာနယ်ကျော် ဦးချစ်မောင်ဟာ အယ်ဒီတာတစ်ဦး ဖြစ်ရုံမျှမက နိုင်ငံရေးခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖဆပလ ဗဟိုဦးစီးအဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ဖဆပလကို ကောင်းကောင်းအကြံပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းရဲ့ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးတဲ့ ဗမာ့စိန်ခေါ်သံ (ဘားမားချဲလင်း)စာအုပ်မှာ 'ကျုပ်တို့ရဲ့ လူ့အဖိုးတန်ရဲဘော်တစ်ဦးဖြစ်တဲ့ ဦးချစ်မောင် ကွယ်လွန်တဲ့ကိစ္စနဲ့ပတ်သက်လို့ ကျုပ်တို့အားလုံး ကြေကွဲဝမ်းနည်းကြောင်း၊ တစ်ခုတလေးတည်း ပြောဆိုရပါလိမ့်မယ်။ ဦးချစ်မောင်ဟာ လွန်ခဲ့တဲ့ တစ်လခွဲလောက်အထိ ကျုပ်တို့အမျိုးသားအဖွဲ့အစည်းကြီးရဲ့ အလုပ်အမှုဆောင်ကော်မတီနဲ့ ဗဟိုဦးစီးအဖွဲ့ထဲမှာ ကျုပ်တို့နဲ့ အတူရှိခဲ့ပြီး သူ့ရဲ့ အမြော်အမြင်ရှိတဲ့ အကြံဉာဏ်တွေနဲ့ ကျုပ်တို့ကို တက်တက်ကြွကြွ ကူညီခဲ့တယ်. . .'လို့ အလေးအနက် မှတ်တမ်းတင်ဖော်ပြခဲ့ပါတယ်။

သို့သော် ဦးချစ်မောင် ကွယ်လွန်ခြင်းနဲ့ ပတ်သက်ပြီး ကွဲပွဲချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရပါတယ်။ ဂျာနယ်ကျော်ဦးချစ်မောင် ကွယ်လွန်တဲ့နေ့ကို ၁၉၄၆ ဧပြီ ၃ ရက်လို့ 'ဘဝဖြစ်စဉ်မှတ်တမ်းများ'နဲ့ တင်နိုင်တိုးရဲ့ ဆောင်းပါးမှာ တွေ့ခဲ့ရပါတယ်။ ဆရာသခင်နဲ့ ဆရာကြီး ဒဂုန်ရွှေမျှားတို့ဆောင်းပါးမှာ ၁၉၄၆ ခု၊ ဧပြီလ ၂ ရက်လို့ ဖော်ပြထားပါတယ်။ ဦးချစ်မောင်ရဲ့ ဇနီး ဂျာနယ်ကျော်မမလေးရဲ့ 'သူလိုလူ' စာအုပ်မှာလည်း ဧပြီ ၂ ရက် ကွယ်လွန်ကြောင်း ရေးထားပါတယ်။ သင်္ဂြိုဟ်တဲ့နေ့ကို ဆရာသိန်းဖေအေးရဲ့ ဆောင်းပါးမှာ ဧပြီ ၃ ရက်လို့ ရေးထားပြီး ဆရာကြီး ဒဂုန်ရွှေမျှားရဲ့ ဆောင်းပါးမှာ 'ဧပြီ ၅ ရက်၊ သောကြာနေ့'လို့ ဖော်ပြထားပါတယ်။ အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အရေးပါတဲ့ အချက်အလက်များနဲ့ပတ်သက်ပြီး စိစစ်ပြင်ဆင်ပေးသင့်ပါတယ်။

ဒီစာအုပ်မှာ ဂျာနယ်ကျော်ဦးချစ်မောင်ရဲ့ စာစုစာရင်းများကိုလည်း လေ့လာနိုင်ပါတယ်။ 'အမှာစာ'များ အပါအဝင် ၃၆၄ ပုဒ် ရေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဂျာနယ်ကျော် ဦးချစ်မောင် ဆီးရောဂါနဲ့ ကွယ်လွန်ချိန်မှာ အသက် ၃၅ နှစ်ပဲ ရှိပါသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ ရွှေတိုင်ညွှန့်တို့လို သုံးဆယ်ကျော်နဲ့ ကွယ်လွန်ခဲ့ပေမယ့် အသက်ငယ်ငယ် လုပ်ဆောင်ခဲ့တာတွေက ကြီးမားလှပါဘိ၊ ကြီးမြတ်လှပါဘိ၊ သမိုင်းဥဒါန်းတွင်ရစ်ခဲ့ပြီလို့ မော်ကွန်းထိုးရင်း ဂျာနယ်ကျော်ဦးချစ်မောင်သို့ ဂါရဝပြုလိုက်ရကြောင်းပါဗျာ။

|၂၉-၂-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်|

■






# မြသန်းတင့်၏

အပြာရောင်ညနေဆည်းဆာများမှ

# တော်လ်စတွိုင်း၏

ဒေသနနှင့်

# လက်ဝဲဝါဒအမြင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာမြသန်းတင့်ရဲ့ စာပေဆောင်းပါးများကို ကောက်သင်းကောက် စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။ ဆောင်းပါး ၂၀ ပုဒ်ပါဝင်ပါတယ်။ ခရစ်နှစ်အစဉ်လိုက် ဖော်ပြထားပုံမျိုး မဟုတ်ဘဲ ကြုံသလိုပြောက်သောက် စီစဉ်ထားတာတွေ့ရပါတယ်။ ဆောင်းပါးအမှတ်စဉ် ၄ မှာ ဖော်ပြထားတဲ့ 'ယနေ့မြန်မာစာပေ'ဟာ ၁၉၆၇၊ ဇန်နဝါရီလက ရေးတာ။ နှစ်ပေါင်း ၄၀ ကျော်က စာပေအယူအဆ၊ လက်ဝဲဝါဒအမြင်ဖြင့် ရေးထားတဲ့ စာပေသဘော တရား။ ဒီနေ့ခေတ်မရှိတော့၊ ခေတ်မမီတော့။ ' ယနေ့ မြန်မာစာပေ'လို့ ဒီနေ့ပြောလို့မရတော့ဘူး။ 'ယနေ့ မြန်မာစာပေရေစီးကြောင်း' ဆောင်းပါး သုံးသပ်ချက်ကလည်း 'ယနေ့'ကို ကိုယ်စားမပြုနိုင်တော့။ စာပေကို နိုင်ငံရေး အမြင်၊ နိုင်ငံရေးအယူဝါဒ (လက်ဝဲဝါဒ)နဲ့ သုံးသပ်ရင် ဒီသုံးသပ်ချက်တွေဟာ ကြာကြာမခံဘူးဆိုတာ သက်သေခံနေသလိုပါပဲ။ ကြီးကြီးကျယ်ကျယ်မပြောဘဲ ရိုးရိုးလေးရေးထားတဲ့...

'ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ပေးပါ' (၁၉၉၄)

'တံတားအောက်မှာ ရေတွေစီးသွားကြပြီ' (၁၉၈၂) စတဲ့ ရသစာတမ်း (အက်ဆေး) ဆန်ဆန်ရေးထားတဲ့ စာမျိုးတွေကတော့ ဒီနေ့ထိ လှနေဆဲ၊





လွှမ်းစရာကောင်းနေဆဲ၊ အကြည့်ခံနေဆဲ။

ဆရာမြသန်းတင့်ရဲ့ ဘာသာပြန်လက်ရာတွေထဲမှာ အထင်ရှားဆုံး၊ အကြီးကျယ်ဆုံးဖြစ်တဲ့ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးကို ဘာသာပြန်ဖြစ်ခဲ့ပုံ၊ ဘယ်လိုအားထုတ်ခဲ့ရပုံနဲ့ စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုကြီးကိုရေးခဲ့တဲ့ တော်လ်စတွိုင်း ဒဿနများကို 'စစ်နှင့်ငြိမ်းချမ်းနှင့်ပတ်သက်၍' ဆိုတဲ့ ဆောင်းပါးမှာ အားရပါးရ ဖတ်မှတ်ခဲ့ရပါတယ်။ ၁၉၇၂၊ အောင်တိုဘာထုတ် 'စစ်နှင့်ငြိမ်းချမ်းရေး' အတွဲ ၁၂မှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါတယ်။

'စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုကြီးကို ဘာသာပြန်ဖို့ ၁၉၅၀ ပြည့်နှစ်လောက်ကပင် ဆရာမြသန်းတင့်တို့ တက္ကသိုလ်ပရိဝုဏ်မှာ ကျင်လည်နေစဉ်ကပင် စိတ်ကူးရခဲ့ပါတယ်။ ယခု ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာမောင်ကြည်လင်နဲ့ စစ်နဲ့ငြိမ်းချမ်းရေးကို တစ်ယောက်တစ်ဝက် အတူတွဲပြီး ဘာသာပြန်ဖို့ စိတ်ကူး ရခဲ့ကြပါတယ်။ သို့သော် ၁၉၆၂ ခုအထိ ဘာသာမပြန်ဖြစ်သေး။ ဆရာကြီး ရွှေဥဒေါင်း ဘာသာပြန်မည်လို့ သတင်းထွက်လာတော့ ဆရာမြသန်းတင့်က မုဒိတာပွားလျက် ဆရာကြီးဘာသာပြန်ဖို့ တိုက်တွန်းခဲ့ပါတယ်။

'ငါအချိန်မရပါဘူးကွာ။ ငါ့မှာ ဒီထက်အရေးကြီးတဲ့ အလုပ်တွေရှိတယ်' ဆရာကြီးရွှေဥဒေါင်းမှာ ထိုစဉ်က သမထ၊ ဝိပဿနာ စသော လောကုတ္တရာ လုပ်ငန်းများကို အားထုတ်လျက်ရှိသည်။

(စာ-၉)

ဒီလိုနဲ့ မြသန်းတင့်ဟာ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးကိုတစ်နေ့လျှင် ၈ နာရီနှုန်းဖြင့် ဘာသာပြန်ခဲ့ရာ '၁ နှစ်နှင့် ၄ လကြာမှ ပြီးတယ်လို့ ဆိုပါတယ်။ 'စစ်နှင့်ငြိမ်းချမ်းရေး'ကို ပုဂံစာအုပ်တိုက်မှ ၁၂ တွဲခွဲ၍ ထုတ်ဝေခဲ့ရာ ဘစ်တွဲလျှင်အုပ်ရေ ၁ သောင်းကျော် ရိုက်ရသည်အထိ စာဖတ်ပရိသတ် အားပေးခဲ့ပါတယ်။ (ဒီခေတ် အုပ်ရေတစ်ထောင်ကုန်ရင် ရောင်းကောင်းဆုံး စာရင်းဝင်နေတာနဲ့ ယှဉ်ကြည့်စေလိုပါတယ်။

စစ်နှင့်ငြိမ်းချမ်းရေး ဘာသာပြန်မယ်လို့ စတင်စိတ်ကူးတာ ၁၉၅၀၊ အတွဲ ၁၂ နောက်ဆုံးတွင် ထုတ်နိုင်ခဲ့တာက ၁၉၇၂၊ နှစ်ပေါင်း ၂၀ ကျော် ဒွဲလုံ့လကြီးမားလှတဲ့ ဆရာမြသန်းတင့်ရဲ့ စာပေချစ်စိတ်ကို ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အလေးဂရုပြုအပ်ပါတယ်။ (ဒီနှစ်ပေါင်း ၂၀ ကျော်အတွင်း အခြားသော ဝတ္ထုဆောင်းပါးများကိုလည်း ရေးသားခဲ့ပါတယ်။)

ဆရာမြသန်းတင့် 'စစ်ငြိမ်းချမ်းရေး' ကို ဘာသာပြန်ရခြင်းမှာ တော်လ်စတွိုင်းဝါဒကို သဘောကျလွန်းလို့မဟုတ်၊ ကမ္ဘာကျော်ဝတ္ထုကြီးတစ်ပုဒ် မြန်မာစာပေမှာ ဘာသာပြန်ပြီး ရှိနေစေလိုသော စေတနာဖြင့် ဘာသာပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ တော်လ်စတွိုင်းဝါဒကို ဆရာမြသန်းတင့်က ထိုစဉ်က ကိုင်စွဲခဲ့သော လက်ဝဲအယူအဆအမြင်ဖြင့် ဝေဖန်ထားတာတွေအများကြီး တွေ့ခဲ့ရပါတယ်။

၁။ ဇာဘုရင်၏ ငါမင်း၊ ငါချင်းစနစ်နှင့် မြေရှင်ပဒေသရာဇ်စနစ်တို့သည် မကောင်း၊ ထိုစနစ်တို့ကြောင့်လူများဒုက္ခပင်လယ်ဝေခဲ့ရသည်။ (တော်လ်စတွိုင်းသည် ၎င်း၏ခေတ်ကို ဤသို့မြင်သော်လည်း ထိုမတရားမှုများအား မည်သို့ အဆုံးသတ်ရမည်ကို လမ်းညွှန်ခြင်းမပြုနိုင်၊ မြေကျွန်များအတွက် ထွက်ရပ်လမ်းကို မပြနိုင်)

၂။ နိုင်ငံတော်သည် ပြည်သူလူထုအား ဖိနှိပ်သည့်ကိရိယာဟူ၍ တော်လ်စတွိုင်းက မြင်သည်။ ထိုကြောင့် နိုင်ငံတော်ကို ဖျက်သိမ်းအပ်သည်။ နိုင်ငံတော်ကို ဖျက်သိမ်းရာတွင် လူတိုင်း စာရိတ္တအရာ၌ ပြည့်စုံအောင် ကြိုးပမ်းသည့်နည်းဖြင့် ဖျက်သိမ်းသင့်သည်။ လူတို့အနေဖြင့် စာရိတ္တအရာတွင် ပြည့်စုံလာလျှင် လူတို့ကိုအုပ်ချုပ်သည့်နိုင်ငံတော်သည်လည်း မလိုအပ်တော့ဘဲ ဖြစ်လာလိမ့်မည်ဟူ၍လည်းမြင်သည်။ (နိုင်ငံတော်သည် ဖိနှိပ်ရေးကိရိယာဆိုလျှင် မည်သည့်လူတန်းစား၏ နိုင်ငံတော်နည်း။ ပဒေသရာဇ်နိုင်ငံတော်လော၊ ခေရှင် နိုင်ငံတော်လော၊ ပစ္စည်းမဲ့လူတန်းစား နိုင်ငံတော်လော၊ ခေတ်သစ်အလုပ်သမား လူတန်းစားကသာလျှင် နိုင်ငံတော်အား ဖျက်သိမ်းခြင်းကို တော်လ်စတွိုင်း မမြင်ခဲ့ပေ။ )

(စာ–၉၈)

ကွင်းစကွင်းပိတ်အတွင်းက ဖော်ပြချက်တွေဟာ ဆရာမြသန်းတင့်ရဲ့ ဝေဖန်ချက်များဖြစ်ပါတယ်။ လက်ဝဲအမြင်နဲ့ဝေဖန်ခဲ့ကြောင်း ထင်ရှားလှပါတယ်။ ဒါပေမယ့် 'လီနင်'၊ 'စတာလင်'တို့ရဲ့ ပစ္စည်းမဲ့လူတန်းစား၊





ခေတ်သစ်အလုပ်သမား လူတန်းစားတို့ရဲ့ နိုင်ငံတော်တွေဆိုတာ ရေပွက်ပမာ ခဏသာခံလိုက်ပြီး ယခုမရှိတော့၊ ပျက်သုဉ်းခဲ့လေပြီ။ လက်ဝဲဝါဒကြီးလည်း ချောင်းထဲသို့ ရောက်သွားခဲ့ပေပြီ။

' ... တော်လ်စတွိုင်းဟာ ကမ္ဘာကြီးရဲ့ မူလအကျဆုံးသော အစကို လိုက်ရှာနေတယ်။ ဒီလိုလိုက်ရှာရင်းနဲ့ မတွေ့တဲ့အခါကျတော့ ဒါဟာနိယာမပဲ လို့ ကျုပ်လည်း မသိနိုင်ဘူး။ ဘယ်သူမှလည်း မသိနိုင်ဘူး။

(စာ–၁၈၃)

ဆရာမြသန်းတင့် ပြန်လည်ဆွေးနွေးထားပုံကတော့ ဒီလိုပါ။

'ရုပ်ဝါဒက လူဟာပတ်ဝန်းကျင်ရဲ့ ဩဇာကိုနာခံရတယ်။ နိယာမရဲ့ ဩဇာကို နာခံရတယ်။ အဲဒီနိယာမတရားကို ခုခံနိုင်တယ်။ ပြောင်းလဲပစ်နိုင်တယ်။ မိမိအကျိုးအတွက် အသုံးချနိုင်တယ်။ အဲဒီ အတိုင်းအတာအရ လူဟာ လွတ်လပ်တယ်လို့ ခံယူတယ်။ ဥပမာ ရာသီဥတုဟာ နိယာမတစ်ပါးပဲ၊ လူဟာဆောင်းရာသီကို နွေရာသီဖြစ်အောင်မလုပ်နိုင်ဘူး။ ဖျက်ဆီးမပစ်နိုင်ဘူး။ ကမ္ဘာဦးလူသားဟာ ဆောင်းရာသီဒဏ်ကြောင့် သွေးခဲသေရတယ်။ ဒါပေမယ့် အသိဉာဏ်ရင့်သန်လာတဲ့အခါကျတော့ အနွေးထည်၊ မီး၊ လျှပ်စစ် စသည်တို့နဲ့ အအေးဒဏ်ကို ခုခံနိုင်လာတယ်။ ဒါဟာ လွတ်လပ်လာတာပဲလို့ ယူဆတယ်၊ အိန်ဂျဲလ်က 'လွတ်လပ်မှုဆိုတာဟာ နိယာမတရားကို သိနားလည်ခြင်းပဲ' လို့ သူ့ရဲ့ကျော်ကြားတဲ့ ဒူးရင်းဆန့်ကျင်ရေးကျမ်းမှာပြောခဲ့တယ်'

(စာ–၁၈၄)

ဗုဒ္ဓဘာသာမှာ နိယာမတရား ၅ ပါးရှိရာ 'ဥတုနိယာမ'လည်း အပါအဝင် ဖြစ်ပါတယ်။ ရုပ်ဝါဒက ရာသီဥတုကို နိယာမတစ်ပါးအဖြစ်လက်ခံတာ တွေ့ရပါတယ်။ သို့သော် လူဟာ ဆောင်းရာသီကို နွေရာသီဖြစ်အောင် မလုပ်နိုင်ဘူး။ ဖျက်ဆီးမပစ်နိုင်ဘူး' ရုပ်ဝါဒက ဆိုထားပေမယ့် ဒီနေ့ကမ္ဘာကြီးရဲ့ ရာသီဥတုတွေ ဖောက်ပြန်ပျက်စီးနေတာထိတ်လန့်ဖွယ် ကြုံဆုံနေရပါပြီ။ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေ၊ ပညာရှင်တွေဟာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲ ဖောက်ပြန်လာပုံကို ရေးကြီးခွင်ကျယ် ဆွေးနွေးလျက်ရှိပါတယ်။ ကြပ်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



အိတ်စုတ်ကလေးတစ်လုံးက အစ ဖန်လုံခါတ်ငွေ့အဆုံး လက်ညှိုးညွှန်လို့ မဆုံး၊ တရားခံရှာလို့ မဆုံးအောင်ရှိနေပါတယ်။ လက်ဝဲဝါဒီတွေ မဟုတ်ပေမယ့် ကမ္ဘာ့ခေါင်းဆောင်ကြီးများနဲ့ ပညာရှင်အများစုဆိုတာလည်း ရုပ်ဝါဒီတွေအဖြစ် ရုပ်မှာပဲ လမ်းဆုံးနေကြပါတယ်။ 'ဥတုနိယာမ'ဆိုတာ ဗုဒ္ဓဘာသာကဟောပြတဲ့ စိတ္တနိယာမ၊ ကမ္မနိယာမ၊ ဗီဇနိယာမတွေနဲ့ ဆက်စပ်နေတယ်ဆိုတာ သူတို့ မသိမမြင်နိုင်ကြလေဘူး။

လူတွေရဲ့ စိတ္တနိယာမအရ ကိလေသာစိတ် အားကြီးလာလို့ စိတ်တွေပူလာလေ ရုပ်ကမ္ဘာကြီးပူလာလေ၊ ကမ္မနိယာမအရ အကုသိုလ်ကံတွေ များများလုပ်လေ ကမ္ဘာကြီးလောကကြီးမှာ အနိဋ္ဌာရုံတွေ ပိုများလာလေ။ အထူးသဖြင့် 'တရားခံမှ'တည်းဟူသော အအေးဓာတ်ကြီးမရှိတော့လေ၊ကမ္ဘာကြီးပူလာလေဆိုတာ ကမ္ဘာ့ပညာရှင်ကြီးတွေပင် မရိပ်စားမိတော့ဘူး။ တဆိတ်ရှိ ကြွပ်ကြွပ်အိတ်ကလေး လက်ညှိုးထိုးလို့ အပြင်ကိုပဲ ကြည့်တယ်။ ကိုယ်တွင်းမှာ လောဘ၊ ဒေါသတွေကြောင့်ပူနေတာ မသိရှာကြဘူး။ အဲဒီ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဟိရိက၊ အနောတပ္ပစတဲ့ ကိလေသာအပူတွေနဲ့ ဖန်လုံအိမ်ခါတ်ငွေ့တွေ အပြိုင်အဆိုင် ထုတ်လွှတ်၊ ဈေးကွက်တွေအတင်းလု၊ စစ်ပွဲတွေဆင်နွှဲနဲ့ အရင်းစစ်တော့ အမြစ်မြေက ဆိုသလို တကယ့်တရားခံကဟာ လူတွေရဲ့စိတ်ပါပဲ။

ဆရာမြသန်းတင့်က တော်စတွိုင်းကို ဝေဖန်ရာ 'စိတ်ဝါဒီ' အဖြစ်မယုံကြည်ဘူးလို့ ဆိုပါတယ်။

တော်လ်စတွိုင်း အယူအဆ (စိတ်ဝါဒ)ကို ဆရာမြသန်းတင့်က လက်မခံသည့်တိုင် 'စစ်နှင့်ငြိမ်းချမ်းရေး'ကို မြန်မာပြန်ပေးခဲ့တဲ့အတွက် အလွန် ကျေးဇူးတင်ရပါတယ်။ ဆရာကြီးတော်စတွိုင်းရဲ့ 'အဟိံသဝါဒ'ဆိုတဲ့ အကြမ်းမဖက်ရေး၊ စာရိတ္တအရ ပြည့်စုံသန့်စင်ရေး၊ လူသားအားလုံးအပေါ်မှာ မေတ္တာထားရေးစတဲ့ ဦးတည်ချက်များဟာ ဒီနေ့ကမ္ဘာ့အရေးအခင်းများရဲ့ အလင်းရောင်ပမာ ဖြစ်နေကြောင်း တင်ပြလိုက်ရပါတယ်။

[၂၂-၉-၂၀၁၀ ထုတ် နံနက်ခင်းဂျာနယ်]

မန်းချောင်းစာပေ




# ဈေးကွက်စီးပွားရေးထဲက ဟစ်ပိုကရေးတီးစ်ဧ ကတိသစ္စာသစ်

ဆေးပညာဆိုတာ ချစ်ခြင်းမေတ္တာကိုသိတဲ့ ပညာလို့ဆိုရမယ်။
ကိုယ်ခန္ဓာရဲ့ ဖွဲ့စည်းပုံထဲမှာ
အနိုင်းစိုင်းဆုံးဆိုတဲ့ အစိတ်အပိုင်းကိုတောင်မှ
ဆဲ့ကျေး သိမ်မွေ့သွားအောင် ပြုပြင်ပေးတတ်ရမယ်။

ပလေတို(ဂရိအတွေးအခေါ်ပညာရှင် ဘီစီ ၄၂၈-၃၄၇)

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ဆေးပညာကျင့်ဝတ်များနှင့် ပရော်ဖက်ရှင်နယ်လစ်ဇင် |
| ရေးသူ | – | နိုင်ဇော် |
| ထုတ်ဝေကာလ | – | ၂၀၁၁ ဇူလိုင် |
| စာမူခွင့်ပြုချက် | – | ၄၀၀ရ၉၀၀၆၁၁ |
| တန်ဖိုး | – | ၃၀၀၀ ကျပ် |
| ဖြန့်ချိ | – | သီရိဝဏ္ဏစာပေ |

ဆရာနိုင်ဇော်၏ ၂၀၀၆ ခုနှစ် ပထမအကြိမ်ထုတ်ဝေခဲ့သော '**ရာစုသစ်၏ စိန်ခေါ်မှုအသစ် ဆေးပညာကျင့်ဝတ်များ** 'စာအုပ်ကို အသစ်ဖြည့်စွက်ရေးသားချက်များဖြင့် '**ဆေးပညာ ကျင့်ဝတ်များနှင့် ပရော်ဖက်ရှင်နယ်လစ်ဇင်** 'အမည်ဖြင့် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

'ပရော်ဖက်ရှင်နယ်လစ်ဇင်ဆိုသည်မှာ ကျွမ်းကျင်မှုနှင့်အသက်မွေးသူများ၏ အဖွဲ့အစည်းအသိုင်းအဝိုင်းကို ဘောင်ကွပ်အသက်သွင်းပေးထားသည့် စံများ၊ တန်ဖိုးများ၊ မူဝါဒများနှင့် ကျင့်ဝတ်စည်းကမ်းများဖြစ်လေသည်' ဟု ဖွင့်ဆိုပြထားသည်။

'ဆေးဘက်ဆိုင်ရာ ပရော်ဖက်ရှင် (Medical Profession) သည် ဂရိသမားတော် ဟစ်ပိုကရေးတီးစ်၏လက်ထက် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ခန့်ကတည်းက စည်းနှင့်ဘောင်နှင့် ဖြစ်လာခဲ့သည့်အထောက်အထား များတွေ့ရသည်။ ဆေးဘက်ဆိုင်ရာပရော်ဖက်ရှင်နယ်သည် အမျိုးမျိုးသော ဝေဒနာများခံစားနေရရှာသည့် လူသားတို့၏ရောဂါများကို စနစ်တကျ တတ်မြောက်ပေးသည့် ပညာရပ်များနှင့်အညီ ပြုစုယုယကုသပေးကာ ပျောက်ကင်းစေသည့်အတွက် မြင့်မြတ်သောလူသားလမ်းစဉ်ကို ကိုင်စွဲပေးသည့် အသက်မွေး





ဝမ်းကျောင်းမှုတစ်ရပ်အဖြစ် အစဉ်တစိုက် ရှုမြင်လာခဲ့ကြပါသည်။

(စာ–၆)

၂၁ ရာစု၊ ၂၀၀၂ ခုနှစ်တွင် '**ဟစ်ပိုကရေးတီးစ် ကတိသစ္စာသစ်**' ဟုလည်းခေါ်ဆိုကြသော ဆေးဘက်ဆိုင်ရာပရော်ဖက်ရှင်နယ်လစ်ဇင် ပဋိညာဉ်စာတမ်းပေါ်ထွက်လာသည်။ **သမားတော်တို့၏အကျိုးစီးပွား အထက်တွင် လူနာတို့၏အကျိုးစီးပွားကိုထားရှိရန်အတွက်** တိုက်တွန်း နှိုးဆော်တောင်းဆိုသည်။ အခြေခံမူဝါဒ ၃ ရပ်တွင် **(၁)လူနာ၏အကျိုး စီးပွားပဓာနထားသည့်မူဝါဒ** (Principle of Primary of Patient Welfare) ဈေးကွက်၏တွန်းအားများလူ့အဖွဲ့အစည်း၏ ဖိအားများ၊ အုပ်ချုပ်ရေး ယန္တရား၏နှောက်ယှက်ခြင်းလက်ငင်းလိုအပ်သည့် တောင်းဆိုချက်များကြောင့် ဤသဘောတရားကို အားမနည်းစေရပါဟုဆိုသည်။ (၂) လူနာထံတွင်လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်မူဝါဒနှင့် (၃) လူမှုရေးအရ တရားမျှတသောမူဝါဒများကို အခြေခံ၍ ဆေးကုသမှု ပရော်ဖက်ရှင် နယ်တာဝန်ဝတ္တရားများ (ကတိသစ္စာ ၁၀ ချက်)ကို လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ (ဥပမာ–လူနာအပေါ် ရိုးသားဖြောင့်မတ်တည်ကြည်ပါမည်ဆိုသည့် ကတိသစ္စာ)

ထိုကတိသစ္စာများ ဆေးပညာကျင့်ဝတ်များလိုက်နာဖို့ လိုအပ်ပုံကို ညွှန်ပြထားသည်။

လူနာတွေဘက်က ဆရာဝန်တွေကို လူသားအကျိုးဆောင်သည့်သူတော်စင် သို့မဟုတ် သူရဲကောင်းတစ်ယောက်နီးပါး မျှော်လင့်တောင်းဆိုနေတတ်ကြသည်။ အစွန်းရောက်သော တောင်းဆိုမှုဖြစ်သည်။ ဆရာဝန်လည်းလူထဲကလူဆိုတာသတိပြုရမည်။

'တစ်ဖက်မှာကျပြန်တော့လည်း **ဆရာဝန်များက ဈေးကွက်စီးပွားရေးဝါဒကို ခပ်ကြမ်းကြမ်းကျင့်သုံးနေကြခြင်းသာဖြစ်သည်**။ ဆေးကုသခြင်းသည် ငွေရှာကောင်းသောလုပ်ငန်းတစ်ရပ်အဖြစ်ရှုမြင်လာစေသည်၊ ကုသမှုသာမက အုပ်ချုပ်မှုနှင့်သုတေသနနယ်ပယ်အထိ ဆေးဝါးကုမ္ပဏီများဆေးရုံသုံးပစ္စည်းအရောင်းအဝယ်လုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများဘည်ထောင်ထားကြသည့် စီးပွားရေးသမားများနှင့် ဆက်စပ် ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ စားသုံးသူ ပြည်သူလူထုဖက်မှ အသံတွေ ပွက်လော ဆူညံလာချိန်တွင် ဆေးလောကထဲရှိ လူအချို့က 'ရှူး တိုး တိုး' လုပ်နေကြသည်'

(စာ–၉၅)

'ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုမှာ စေတနာကတော့မရှိမဖြစ်ပါကိုပါရမည်။ ဆေးကုသမှုလုပ်ငန်းတစ်ရပ်လုံးတွင် စေတနာမပါတော့ဘူးဆိုလျှင် ဆားမပါသောဟင်းသဖွယ် အရသာအားလုံး ပျက်စီးရလိမ့်မည်။ စေတနာသည် ဝိညာဉ်ဖြစ်သဖြင့် စေတနာကင်းလျှင် ဆေးကုသမှုလုပ်ငန်း အသက်မဲ့စက်ရုပ်ဘဝသို့ ရောက်လိမ့်မည်။ ထိုအဖြစ်မျိုး အရောက်ခံ၍ မဖြစ်ချေ။'

(စာ–၉၇)

**'ရောဂါနှင့်ဝင်ငွေ'**ဟူသော ခေါင်းစဉ်အောက် လူနာနှင့်ဆရာဝန်တို့၏ အနေအထားကို သုံးသပ်ထားသည်။ လူနာက ရောဂါပျောက်ကင်းရေးအတွက် ဆေးဝါးကုသမှုကို အမြင့်မားဆုံးခံဖို့စိတ်ဝင်စားပြီး ဆရာဝန်ကဝင်ငွေကောင်းဖို့စိတ်ဝင်စားသည်။

ငွေကြေးမတတ်နိုင်သော တစ်နည်းအားဖြင့် ကျန်းမာရေးအာမခံ မရှိသော လူနာများသည် ဆရာဝန်ထံသို့ ရောက်ပင်ရောက်မလာကြောင်း တွေ့ရသည်။ ဆရာဝန်ထံရောက်လာခဲ့ပြန်လျှင်လည်း အများစုက ပြည့်စုံသောစောင့်ရှောက်မှုကို ရလေ့မရှိကြချေ။ ငွေကြေးရရှိမှုအပေါ်မူတည်ပြီး ဆရာဝန်၏ကျန်းမာရေးဝန်ဆောင်မှုများ ကွာခြားသွားတတ်ကြောင်းတွေ့ရှိခဲ့ရသည်။ တစ်ခါတရံ လိုအပ်သည်ထက်ပို၍ပင် စောင့်ရှောက်မှုများပေးဖြစ်တတ်ကြသည်။ ခွဲခြားနှိမ့်ချဆက်ဆံခြင်းကဲ့သို့ပင် ခွဲခြားမြှင့်တင်ဆက်ဆံခြင်းလည်းရှိနိုင်သည်။'

(စာ–၁၂၀)

ဆရာဝန်နှင့်လူနာအကြား သဘောထားအမြင်တစ်ရပ် ဖြစ်ပေါ်လာသည်။ ၎င်းမှာ **ကျန်းမာရေးဆိုင်ရာဝယ်ယူသုံးစွဲမှုဝါဒ** (Health consumerism ) ထွန်းကားလာခြင်း၊ ဝယ်ယူသုံးစွဲမှုဖြစ်လာသည့်အတွက် ဆရာဝန်နှင့်လူနာအကြားမှာ အာမခံချက် ပို၍ လိုအပ်လာသည်။ အပြန်အလှန်မှီခိုရသည်။ ပဋိပက္ခဖြစ်ဖို့ကလည်း ပို၍လွယ်ကူလာခဲ့သည်။





စာတတ်ပေတတ် လူနာများက ဆရာဝန်တို့၏ ဆုံးဖြတ်ပိုင်ခွင့်အာဏာကို ထိုးတက်လာကြသည်။ ဆရာဝန်လူနာဆက်ဆံရေးကို အခြားသော ဝန်ဆောင်သူနှင့် သုံးစွဲသူဆက်ဆံရေးသဖွယ် ဖြစ်လာစေခဲ့သည်။ ဈေးသည် ဈေးဝယ်သဘောဖြစ်လာသည့်အတွက် တစ်ချိန်ကလို ရွှေမျက်နှာတော်မော်ဖူးရသည့် ကြည်ညိုရိုသေစွာယုံကြည်အပ်နှံခြင်းမျိုး ပျက်ပြယ်သွားခဲ့သည်။ သဘောထား စိတ်တမ်းများကောက်ယူကြည့်သောအခါ ဆရာဝန်များအပေါ် ယုံကြည်မှုက တစတစ ကျဆင်းလာကြောင်း တွေ့နေရသည်။'

(စာ–၁၂၁)

'ဆရာဝန်ဘက်က လူနာအပေါ် ဥပေက္ခာတရားကျင့်သုံးခြင်းနှင့် လောဘတက်ခြင်းတို့ကို သိမြင်လာခြင်းတို့က ဆရာဝန်များအပေါ် အယုံအကြည်ကင်းမဲ့စေသည့် အကြောင်းတရားများဖြစ်ကြသည်။'

(စာ–၂၁၂)

'ယခုလို သဘောထားအမြင်များ ပြောင်းလဲလာခြင်းကို ဆေးဘက်ဆိုင်ရာ လူမှုရေးပညာရှင် (Medical Sociologists)များက ဒီမိုကရေစီအသွင်ဆောင်လာခြင်း (democratizing)ဟု အမည်ပေးခေါ်ဆိုခဲ့ကြသည်'

(စာ–၁၂၂)

ဈေးကွက်စီးပွားရေးစနစ်မှာ သိသာထင်ရှားသော ရှောင်လွှဲ၍မရနိုင်သော အကြောင်းတရားနှင့်ဖိအားဖြစ်လာခဲ့သည်။

'လူနာက ဈေးဝယ်သူ သို့မဟုတ် ဝယ်ယူစားသုံးသူဖြစ်လာပြီး ဆေးကုသမှုစနစ်သည် တည်ခင်းရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုဖြစ်လာခဲ့သည်။ ထိုအခါ တစ်ဖက်ရှိလူနာနှင့် အခြားတစ်ဖက်ရှိဆေးကုသသူဆရာဝန် သူနာပြုများအကြားမှာ အပြန်အလှန်သဘောတူထားသည့် ကန်ထရိုက်သဘောဆန်လာသည်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အပြန်အလှန်ရွက်ဆောင်ဆောင်ရွက်ပေးရမည်ဖြစ်သလို ဝိရောဓိနှင့် ပဋိပက္ခများလည်း ဖြစ်ပေါ်လာခဲ့လေသည်။

ကျန်းမာရေးဝန်ဆောင်မှုဈေးကွက်သဘောက နဂိုရှိရင်းစွဲ ကျန်းမာရေးစောင့်ရှောက်မှုကို အသွင်ပြောင်းသွားစေခဲ့သည်။ လူနာက ဆေးကုသမှုခံယူ



www.burmeseclassic.com

www.burmeseclassic.com



ဖို့သက်သက် လာရောက်ခြင်းမဟုတ်တော့ဘဲ ဝယ်ယူစားသုံးသူဖြစ်လာသည်။ ထိုအခါ ဈေးဝယ်သူ သို့မဟုတ် စားသုံးသူကျေနပ်မှုရှိလေအောင် အရည်အသွေးကို မြှင့်တင်ပေးဖို့ လိုအပ်လာသည်။

'ပြည်သူလူထုအကြားတွင် ဆေးပညာဗဟုသုတနှင့် ကျန်းမာရေးအသိများ တိုးပွားလာခြင်းကြောင့်လည်း ဆရာဝန်များ၏ ဩဇာကျဆင်းလာရသည်ဟု ဆိုပါသည်။'

'သတင်းစာနှင့် မီဒီယာတွေက ဆေးကုသရာတွင် မှားယွင်းဆောင်ရွက်မှုတွေကို ဖွင့်ချပြနေသည်။ သို့ဖြင့် လူထုက ဆေးပညာနှင့် နီးနီးကပ်ကပ်ဖြစ်လာသည်။ တစ်ချိန်ကဆရာဝန်တွေလက်ထဲမှာပဲ ထိန်းသိမ်းချုပ်ကိုင်ထားခဲ့သော ဆေးဘက်ဆိုင်ရာအသိပညာတွေက သာမန်လူတွေလက်ထဲသို့ရောက်ရှိလာခဲ့သည်။ ဆရာဝန်များသည် အသိပညာတွေကို လက်ဝါးကြီးအုပ်ထား၍ မရတော့သည့်အတွက် ဩဇာအာဏာသည်လည်း အလိုလို နိမ့်ပါးလာခဲ့သည်။'

(စာ–၁၂၉)

ထို့ကြောင့် ဆရာနိုင်ဇော်က ဤသို့အလေးအနက်ဖော်ပြခဲ့ပါသည်။

'မျက်မှောက်ကာလ ၂၁ ရာစုတွင်ဆေးပညာကျင့်ဝတ်ဆိုင်ရာ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအနက် အရေးအကြီးဆုံးပြဿနာမှာ ဆေးဖက်ဆိုင်ရာ ပရော်ဖက်ရှင်နယ်များ၏ စာရိတ္တ ကိုယ်ရည်ကိုယ်သွေးအခြေအနေ (Moral Personhood) သို့မဟုတ် ကိုယ်ကျင့်တရားပင်ဖြစ်သည်။ အဆိုပါ စာရိတ္တ ကိုယ်ရည်ကိုယ်သွေးခေါ် ကိုယ်ကျင့်တရားအပေါ်မူတည်ပြီးမှ လူနာနှင့် ဆက်ဆံရေး၊ ဆေးကုသမှု ဆောင်ရွက်ပုံများဆီသို့ ဆက်သွား နိုင်မည်ဖြစ်သည်။'

(စာ–၁၈၈)

'ဆေးပညာကျင့်ဝတ်များတွင် ယေဘုယျအားဖြင့် အခြေခံမူဝါဒ ၄ချက်ရှိသည်။'

လူနာ၏ကောင်းကျိုးဖြစ်ထွန်းခြင်း(beneficence)၊ လူနာ၌ နစ်နာမှုနှင့် ဆိုးကျိုးမရှိခြင်း (non-malicious) ၊လူနာအပေါ်တရားမျှတခြင်း (Justice) နှင့် လူနာ၌ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း (autonomy) တို့ဖြစ်ကြသည်။'





(စာ–၂၁၃)

'ဗုဒ္ဓတရားတော်အလိုအရ ဆေးပညာနှင့်ကျင့်ဝတ်တို့သည် ခွဲခြားမရဘဲ တစ်သားတည်းကျနေသည်။ ကျင့်ဝတ် (Ethics) ဆိုသည်မှာ စောင့်ထိန်းမှု သီလပင်ဖြစ်သည်' ဟု ဆရာနိုင်ဇော်က လေးမြတ်စွာထပ်မံညွှန်ပြထားပါသည်။

ဗုဒ္ဓဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် ...

'ငါဘုရားကိုပြုစုမည့်အစား မကျန်းမာသူကိုသာ ပြုစုကြ'ဟု ဩဝါဒပေးတော်မူလေသည်။ နေထိုင်မကောင်းသူကို ပြုစုယုယကုသပေးခြင်းသည် ဗုဒ္ဓမြတ်စွာဘုရားကို အလုပ်အကျွေးပြုခြင်းလည်းမည်ပေတော့သည်။ (စာ–၁၈၆) ဆရာနိုင်ဇော်က 'ဆေးပညာကျင့်ဝတ်များနှင့် ပရော်ဖက်ရှင်နယ်လစ်ဇင်' ကိုတစ်ဆင့်ပြီးတစ်ဆင့်မြှင့်တင်ရေးသားသွားသည်။ ဆေးပညာရှင်များသည် စိတ်ထားမြင့်မြတ်လျှင် ကုသိုလ်အမျိုးမျိုးတိုးပွားနေရုံမျှမက ပါရမီဆယ်ပါးဖြည့်ပြီး ဖြစ်ပုံတို့ကိုလည်း မမေ့မလျော့ ဖော်ပြသွားခဲ့ပါသည်။ ဥပမာ–

'ဆေးဘက်ဆိုင်ရာ ပရော်ဖက်ရှင်နယ်များအနေနှင့် လူနာကိုကုသရာတွင် မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်ရသည်ဖြစ်သောကြောင့် သစ္စာပါရမီကုသိုလ်ကို ရရှိနိုင်ကြသည်။'

(စာ–၂၀၄)

ဂရိအတွေးအခေါ်ပညာရှင် ပလေတို (ဘီစီ ၄၂၈–၃၄၇) ကလည်း...

'ဆေးပညာဆိုတာ **ချစ်ခြင်းမေတ္တာကိုသိတဲ့ ပညာလို့ဆိုရမယ်။** ကိုယ်ခန္ဓာရဲ့ဖွဲ့စည်းပုံထဲမှာ အရိုင်းစိုင်းဆုံးဆိုတဲ့ အစိတ်အပိုင်းကိုတောင်မှ ယဉ်ကျေးသိမ်မွေ့သွားအောင် ပြုပြင်ပေးတတ်ရမယ်'ဟု ဆိုခဲ့ဖူးပါသည်။

(စာ–၁၄၆)

ချစ်ခြင်းမေတ္တာကိုသိသော ဆေးပညာရှင်များ၊ ဆရာဝန်ကြီးများကလူနာများအပေါ် မေတ္တာစေတနာထား၍ ကုသပေးကြဖို့သာ တောင်းပန်ရပါတော့မည်။ ဤတွင် ကျွန်တော်တို့နှင့်အလှမ်းဝေးလှသော ဆေးပညာကျင့်ဝတ်များကို စုဆောင်းပြုစုပေးသောဆရာနိုင်ဇော်ကို ကျေးဇူးတင်ရပါသည်။ ဆရာနိုင်ဇော်မှာ ပါမောက္ခဗိုလ်မှူးကြီး၊ ရောဂါဗေဒဆရာဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တွင်ပါမောက္ခချုပ်၊ စာပေညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။ ဆေးကျောင်းသားဘဝကပင် ရှုမဝမဂ္ဂဇင်း၌ 'သံဆူးဖိနပ်'ကဲ့သို့သော ရသဝတ္ထုတိုကောင်းများ ရေးသားခဲ့ပြီး ယခုအခါ ပင်ကိုရေး/ဘာသာပြန် လုံးချင်းစာအုပ်ပေါင်း ၂၅ အုပ် ရေးသားထုတ်ဝေပြီးဖြစ်ကြောင်း သိရပါသည်။ ဆေးပညာကျင့်ဝတ်များ ရှင်သန်၍ လူနာများ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသတည်း။ ။

[၂၄-၈-၂၀၁၁ထုတ် နံ့နက်ခင်း သတင်းဂျာနယ်]

■



ဦးသန့်




ဦးသန့်၏
စာပေမှတ်ကျောက်နှင့်
ဝေဖန်ရေးအမြင်

www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| စာအုပ် | – | ဦးသန့်လက်ရွေးစင်စာများ |
| စီစဉ်သူ | – | ဦးသော်ကောင်းနှင့်မောင်ဖေယျာ |
| ထုတ်ဝေကာလ | – | ၂၀၀၉ ဒီဇင်ဘာ |
| စာမူခွင့်ပြုချက် | – | ၄၀၀၁၈၀၁၀၀၉ |


**ဦးသန့်သို့မဟုတ် ပညာခေတ်၏ရှေ့ပြေးအလင်းရောင်**

ကမ္ဘာ့ကုလသမဂ္ဂဆိုတာ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့အစည်းကြီးဖြစ်ပါတယ်။ ကုလသမဂ္ဂမှာ မြန်မာပြည်သားဦးသန့်က အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် နှစ်ကြိမ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့တာကို မြန်မာပြည်သူပြည်သားတွေ ဂုဏ်ယူလို့ မဆုံးကြပါဘူး။ ကမ္ဘာ့ရေးရာပြဿနာကြီးငယ်တွေကို ဦးဆောင်ဖြေရှင်းပေးရတဲ့ မြန်မာပြည်သားတစ်ယောက်ရဲ့ ဉာဏ်ပညာ အဆင့်အတန်းဟာ အလွန်မြင့်မားကြောင်းဦးသန့်က သက်သေပြနေပါတယ်။ တကယ်တော့ ဦးသန့်ဟာ မြန်မာစာပေခေတ်စမ်းခေတ်ရဲ့ စာရေးဆရာတစ်ယောက်ပါ။ စာရေးရာမှာလည်း ဝတ္ထုဆောင်းပါး၊ ကဗျာ၊ ဘာသာပြန် စာစုံအောင် ရေးနိုင်ခဲ့သူပါ။ ဦးသန့်ရဲ့ စာပေလက်ရာတွေကို သတိထားကြည့်မိတဲ့အခါ 'ဝေဖန်ရေးအမြင်' ပါရှိနေတာတွေ့ ရပါတယ်။

ဦးသန့်ဟာ ပညာရေးသမား(ကျောင်းဆရာ)တစ်ဦးလည်းဖြစ်ခဲ့တာကြောင့် မြန်မာပြည်ရဲ့ အမျိုးသားပညာရေးကို အထူးအာရုံစိုက်ခဲ့သူ ဖြစ်ပါတယ်။ ဦးသန့်လက်ရွေးစင်စာများ အပိုင်း(၁)မှာ ပညာရေးနဲ့ပတ်သက်တဲ့ ဆောင်းပါး စာတမ်းတွေဟာလည်း အလေးဂရုပြုစရာဖြစ်ပါတယ်။

အမျိုးသားပညာရေး

ပြည်ရေးပြည်ရာသင်ကြားနည်း

စာသင်ကျောင်းနှင့်စာရိတ္တမဏ္ဍိုင်







ခေတ်စမ်းကျောင်း

ဗမာသစ်နှင့် ပညာသစ် ‥ စတဲ့ ဆောင်းပါးတွေမှာ ဦးသန့်ရဲ့ အမြင်ကြီးမှုတွေကို လေးစားဖွယ် ဖတ်မှတ်ခဲ့ရပါတယ်။

'ပြည်ရေးပြည်ရာသင်ကြားနည်း' မှာ ဦးသန့်ရေးခဲ့တာတွေက ဒီနေ့ ပညာခေတ်ကြွေးကြော်သံထက် အများကြီး စောနေခဲ့ပါတယ်။

'ပြည်ရေးပြည်ရာဆိုသည်မှာ ပြည်သူပြည်သားတို့၏ အရေးအရာ ပြည်သူပြည်သားတို့ သိသင့်သိထိုက်သော ဆက်ဆံရေး၊ ပညာရေး၊ စီးပွားရေး နိုင်ငံရေးစသည့် အကြောင်းအရာများအပြင် ပြည်သူပြည်သားတို့၏ ပိုင်ခွင့်ပိုင်ရေးနှင့် တာဝန်ဝတ္တရားများ ပါဝင်ပေသည်။

ဤပညာသည် အလွန်ကျယ်ဝန်း၍ ပြည်သူပြည်သားတို့၏ ပစ္စုပ္ပန် အရေးသာမဟုတ်၊ အတိတ်အရေး၊ အနာဂတ်အရေးတို့နှင့်လည်း သက်ဆိုင်ပေသည်။ မူလက ပြည်ရေးပြည်ရာဆိုသည်မှာ မိမိတို့၏ မြို့အရေး နယ်အရေးသာ သက်ဆိုင်၍ ယခုမှာမူကား တိုင်းပြည်အရေးနိုင်ငံအရေး စသည်တို့ပါ သက်ဆိုင်လေသည်။ တိုင်းသူပြည်သားတို့၏ အသိဉာဏ်ကျယ်ဝန်းလာလေလေ၊ ပြည်ရေးပြည်ရာ နယ်နိမိတ်သည်လည်း ကျယ်ဝန်းလာလေလေ ဖြစ်၏။ တဖြည်းဖြည်း ၎င်းပညာသည် တိုင်းပြည်နိုင်ငံရေးသာမက ကမ္ဘာ့



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးပင် အကျုံးဝင်စပြုပေပြီ။ ထို့ကြောင့် ပြည်ရေးပြည်ရာသည် ကမ္ဘာ့အရေးဟုလည်း မှတ်အပ်ပေသည်။'

(ဦးသန့်လက်ရွေးစင်စာများ ၊ စာ ၂၂၃)

အဲဒါ ၁၉၄၂ က ဦးသန့်ပြောခဲ့တာဆိုတော့ နှစ်ပေါင်း (၇၀)နီးပါးရှိပါပြီ။ ဂလိုဘယ်ခေတ်နဲ့ ပညာခေတ်ကို ဦးသန့်က အစောကြီးကတည်းက၊ တိုင်းပြည်လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်မှာကတည်းက ကြိုပြောခဲ့တာပါ။ ဦးသန့်ရဲ့ ဉာဏ်ပညာစီဖော အလွန်အံ့သြလေးစားဖို့ကောင်းလှပါတယ်။

## ဦးသန့်၏ စာနယ်ဇင်းအမြင်

ဦးသန့်ရဲ့လက်ရွေးစင်စာများကို အပိုင်းသုံးပိုင်းခွဲပြီး တင်ပြထားရာ အပိုင်း (၂)မှာ စာအုပ်စာပေ၊ စာနယ်ဇင်းတွေနဲ့ ပတ်သက်တဲ့ ဦးသန့်ရဲ့ ဝေဖန်သုံးသပ်ချက်တွေကို ဖတ်ရမှာ ဖြစ်ပါတယ်။ အပိုင်း(၃)ကတော့ လူမှုရေး၊ နိုင်ငံရေး၊ သမိုင်းနဲ့ ဦးသန့်ရဲ့ဝတ္ထုတို့ ပါဝင်ပါတယ်။ စီစဉ်သူများဖြစ်တဲ့ ဦးသော်ကောင်းနဲ့ မောင်ဇေယျာတို့ဟာ ဦးသန့်ရဲ့ဝတ္ထုတစ်ပုဒ်တည်းတွေ့သလားလို့ အားမလိုအားမရ မေးခွန်းထုတ်ဖွယ်ဖြစ်လာပါတယ်။ စာကြည့်တိုက်ပညာရှင် မဟုတ်တဲ့ ကျွန်တော်တို့လိုလမ်းပေါ်က လူပင်လျှင် ဦးသန့်ရဲ့ အခြားသော ဝတ္ထုတစ်ပုဒ်ကို လမ်းပေါ်မှာပဲ ခလုတ်တိုက်မိပြီး (လမ်းဘေးအဟောင်းဆိုင်ကရတဲ့ စာအုပ်ထဲမှာ တွေ့ခဲ့ပြီး) ကျွန်တော်တို့ရဲ့ 'နဘယ်'မဂ္ဂဇင်းမှာ ပြန်လည်ဖော်ပြပေးခဲ့ပါတယ်။ အဲဒီ ဝတ္ထုအမည်က 'ထူးဆန်းသော ကိုရွှေအုပ်၏ အတ္ထုပ္ပတ္တိ'ဖြစ်ပြီး အစောဆုံး ဂမ္ဘီရဝတ္ထုတစ်ပုဒ်လည်းဖြစ်နိုင်ပါတယ်။

(၂၀၀၉ ၊ စက်တင်ဘာလထုတ် နဘယ်မဂ္ဂဇင်းအမှတ် (၂) မှာ ပြန်လည်ဖော်ပြထားပါတယ်။)

ဦးသန့်ရဲ့ စာနယ်ဇင်းသုံးသပ်ချက်များကလည်း မှတ်သားစရာ ကောင်းပါတယ်။ 'သတင်းစာကောင်းတို့၏ ရည်ရွယ်ချက်သည် အများ၏အကြိုက်ကို လိုက်လျော၍ ရေးရန်မဟုတ်၊ သတင်းစာ၏အကြိုက်ကို အများက ကြိုက်နိုင်ရန် ရည်ရွယ်ရမည်၊ သတင်းစာတို့သည် တိုင်းသူပြည်သားတို့၏ နည်းပေးလမ်းပြ ဆရာကောင်းများဖြစ်စေရမည်'





(စာ–၇၉)

'အချို့သောမြန်မာသတင်းစာတို့တွင် အဖွာယ်သယ ၆ ပါးအကြောင်း ငါးလအတွင်း သုဓွေးဖြစ်နည်းနိဿရည်း–ရေးသူ ဦးပိုက်ဆံ၊ လျှောက်လွှာ တရေးကြီး မောင်ခက နာမည်ကျော်ဦးဝကို မည်ကဲ့သို့ထုလိုက်ကြောင်း စသည်တို့ကို တွေ့ရပေသည်။ မြန်မာသတင်းစာအချို့၌လည်း (၉နှစ် သမီးလေး၏ ဖြစ်တွေ၊ သရက်ပင်၌ပျားစွဲခြင်း၊ မော်လမြိုင်က ရန်ကုန်ကို ရယ်တာပေါ့) ဟူသော ဆောင်းပါးများကို အရေးတကြီး ထည့်ထားသော ဆောင်းပါးများကို တွေ့ရပေသည်။ ဤကား သတင်းစာမဂ္ဂဇင်းတို့၏ အပြစ်လုံးလုံးမဟုတ်ပေ။ သတင်းစာဖတ်သူတို့၏ အဆင့်အတန်းကို လိုက်လျော၍ သတင်းစာဆရာတို့က ရေးရရှာပေသည်။ ဤကား ဖတ်သူတို့၏ အကြိုက်ကို လိုက်၍ရေးနေရသဖြင့် သတင်းစာမဂ္ဂဇင်းတို့၏ အဆင့်အတန်းသည် တက်သင့်သလောက် မတက် ရှိရလေသည်။'

(၄င်း စာ–၈၀)

ဦးသန့်၏ ဂျာနယ်အမြင်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

'မျိုးချစ်မြန်မာလူမျိုးတို့သည် အင်္ဂလိပ်သတင်းစာဂျာနယ်ထုတ်မည်ဟု စိတ်ကူးလျှင် သတင်းစာ နှစ်မျိုးနှစ်စား ရှိသည်ကို သတိပြုသင့်သည်။ နိုင်ငံရေး စီးပွားရေး၊ စာပေကိစ္စအရပ်ရပ်တို့ကို ခန့်ခန့်ထည်ထည် ရေးသားထားသော ဂျာနယ်က တစ်မျိုး။ လူပြိန်းအကြိုက် အထူးအဆန်းများ၊ စိတ်ရွှင်မြူးစရာ အဖုံဖုံ၊ ရုပ်ပုံအဝဝပါသော ဂျာနယ်ကတစ်မျိုး နှစ်မျိုးခွဲခြားပေသည်။ ဤအရာ၌ ခုနစ်ရက်တစ်ကြိမ်ထုတ် ဂျာနယ်များကိုသာဆိုပေသည်။ ပထမအမျိုး၌ အင်္ဂလန်နိုင်ငံထုတ် နာမည်ကျော် (Spectator,New Statemaen,Observer) စသော ဂျာနယ်များ ပါဝင်ပေသည်။ ဒုတိယအမျိုး၌ (Tit Bits. Person's Weekly) စသော ဂျာနယ်များ ပါဝင်ပေသည်'

'မည်သည့်တိုင်းပြည်မဆို အထက်တန်းကျကျ စဉ်းစားဆင်ခြင်နိုင်သော ပိုဂ္ဂိုလ်နည်း၏။ သာမန်ကာရှန်ကာ စဉ်းစားဆင်ခြင်နိုင်သော လူများသာ များပေသည်။ (Tit Bit,Person) စသော ဂျာနယ်များမှာ လူကြိုက်အလွန်များပြား၍ အပြည်ပြည်အနယ်နယ်ပင်အနှံ့အပြားတွေ့နိုင်ပေသည်။ မြို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုဂျာနယ်မျိုးသည် ဖတ်ရှုသူ၏ စိတ်ကို ရွှင်ပျစေသည့်မှတစ်ပါး အခြား အကျိုးထူးများစွာ မတွေ့ရချေ။'

(စာ–၈၅)

အဲဒါ ၁၉၃၅ ခုနှစ်က ဦးသန့်ရဲ့ဝေဖန်ချက်ဖြစ်ပါတယ်။ ဒီလိုဝေဖန်ခဲ့တာ ၇၅ နှစ်ရှိပါပြီ။

## ဦးသန့်၏ဝေဖန်ရေးအမြင်

ဦးသန့်ရဲ့ဝေဖန်ရေးအမြင်ပါတဲ့ စာတွေကိုလည်း စဉ်ဆက်မပြတ်တွေ့ နိုင်ပါတယ်။

'မဂ္ဂဇင်းတွေ မည်မျှပင်တိုးတက်များပြားလာသော်လည်း အများအားဖြင့် ဆောင်းပါးတို့မှာ မြန်မာတွေ အိပ်မနေကြပါနှင့်၊ ကမ္ဘာကို မြန်မာက ဘာဖြူ မလဲ၊ ၁၀ ရက်အတွင်း သူဌေးဖြစ်နည်းနိဿရည်း စသည်တို့ပင်တည်း။ ရေးသူများကိုလည်း ကြည့်ကြပါစို့။ နာမည်ကျော် ဆရာ့ဆရာကြီးများ ဖြစ်ကြ သော ယုနေသိန်း၊ ကြယ်တာရာ၊ ဦးပဲ၊ ရခိုင်ပြည်ဦးဘစော၊ မဟာပါရဂူဘွဲ့ခံ ဦးဌေးဝင်း၊ တောင်ငူက မောင်ဖြူ စသည်တို့တည်း။ ထိုကဲ့သို့ နာမည်ကျော် စာရေးဆရာကြီးများ၏ ရဲရဲတောက် ဆောင်းပါးများကိုလည်း ဖတ်ကြည့်လျှင် မှတ်စရာဆို၍လည်း တယ်ပြီးမပါလှ၊ စိတ်ရွှင်စရာဆို၍လည်း မရှိ၊ အကျိုး မများသော ဆောင်းပါးများသာဖြစ်ကြလေသည်။'

'ထိုသို့သော လူများက ဆောင်းပါးမရေးရဟု မဆိုလို။ ရေးရပါသည်။ သို့ရာတွင် ကိုယ်နိုင်ရာဇာတ်ကိုသာ ခင်းစေလိုပါသည်။ ရရစားစားနေသော ပုဂ္ဂိုလ်တစ်ဦးက ၁၀ ရက်အတွင်း သူဌေးဖြစ်နည်းနိဿရည်းကို မရေးစေလိုပါ။ ကျောင်းသားအရွယ် လူမယ်လေးက မြန်မာပြည်ပညာရေးကို မရေးစေလိုပါ။ ဘုန်းတော်ကြီးများကလည်း အချစ်ဆိုတာဘာလဲ အစရှိသော ဆောင်းပါးများ ကို ရေးရန်မသင့်ပါ'

'ဆောင်းပါးရေးသူတို့ ပထမစိစစ်ရမည်မှာ 'ငါရေးသော ဆောင်းပါးကို ငါ ကောင်းကောင်းနားလည်ပါ၏လော'၊ ဒုတိယ စိစစ်ရမည်မှာ ငါ၏ဆောင်းပါး ကို တိုင်းပြည်ကဖတ်ရန် သင့်ပါမည်လော' ဟူသော လောလောကို ထုတ်ကြ





ပါကုန်။'

(စာ–၁၇၇)

'တိုင်းပြည်ဘာဖြစ်ဖြစ်၊ ငါဝလျှင်ပြီးရောဆိုသည့် ကိုယ်ကျိုးရှာသမားများ ယခုအခါကဲ့သို့ မည်သည့်အခါကမှ မများခဲ့ဖူးပါ။ ထိုသို့သော ခေတ်ညံ့ကြီးတွင် တိုင်းသူပြည်သားတို့အား အမှန်ကိုသိစေ၍ အများကိုပယ်ရှားနိုင်သော ဆောင်းပါးမျိုးသာလျှင် သတင်းစာဂျာနယ်မဂ္ဂဇင်းတို့တွင် မြင်ရပါလို၏'

(စာ–၁၉၉)

ဦးသန့်ရဲ့စာပေဝေဖန်ရေးသဘောက ဘယ်လောက်လေးစားစရာ ကောင်းလိုက်ပါသလဲ။

## ဦးသန့်ရဲ့စာကောင်းပေကောင်းမှတ်ကျောက်

''စာကောင်းပေကောင်းဟူသည်က အဘယ်နည်း။

ထိုပြဿနာနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ရှေးနှစ်ပေါင်း(၂၅၀၀)ခန့် (ခါမခေတ်)မှ ယခုထက်တိုင် ဝိဝါဒ ကွဲပြားခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ခန့်ကစ၍ ထိုပြဿနာ၏ နယ်နိမိတ်သည် ကျဉ်း၍လာရာ ယခုခေတ်၌ ဝိဝါဒ နှစ်မျိုးကို စစ်ထုတ်၍ရနိုင်ပေသည်။ အချို့သော စာပေပါရဂူကြီးတို့ အလိုအားဖြင့် စာကောင်းပေကောင်းဆိုသည်မှာ သဘာဝကျ၍ အနုပညာ နည်းဖြင့် စီချိန်ထိုး၍ရသော စာပေကို စာကောင်းပေကောင်းဟူ၍ အယူရှိ၏။ အချို့မူကား နိုင်ငံရေးအားဖြင့်သော်လည်းကောင်း၊ ပြုပြင်မည်ဟူသော အာ သီသဖြင့်ဆွယ်တရားပါသော စာပေကို စာကောင်းပေကောင်းဟူ၍ အယူရှိ ကြသည်'

(စာ – ၁၀၉)

ဒီအယူနဲ့ပတ်သက်ပြီး ဦးသန့်နမူနာထုတ်ပြခဲ့သည်မှာ

ဝတ္ထုများ(မှုရင်း)

ကိုသိန်းဖေ၏တက်ဘုန်းကြီး၊

သခင်နု၏ ရက်စက်ပါပေ့ကွယ်၊



www.burmeseclassic.com

ရွှေစကြာ၏နားခံတော်၊

မောင်ထင်၏ဘဘ

ဝတ္ထုများ(ဘာသာပြန်)

ပီမိုးနင်း၏ ဝဂ်သာကာ၊

ရွှေဥဒေါင်း၏ ရန်ကြီးအောင်၊

ချစ်ညို၏ လွတ်လပ်ရေးခေါင်းလောင်း၊

မအမာ၏ သက်တံရောင်

မဟာဆွေ၏ဝတ္ထုများ အားလုံးလိုလိုပင် အနုပညာခေါင်းပါး၍ သင်ခန်းစာတစ်ခုခုအတွက် ရည်ရွယ်၍ ရေးသားသည်သာများလေသည်။ ဇော်ဂျီ၏ဝတ္ထုတိုလေးများ အားလုံးလိုလိုပင် သင်ခန်းစာချို့တဲ့၍ အနုပညာဖြင့် တန်ဆာဆင်ထားပေသည်။ ဇေယျ၏ အကောင်းဆုံးသော ဝတ္ထုများတွင် အနုပညာနှင့် သင်ခန်းစာကို နှော၍ထားသည်ကို တွေ့ရပေသည်။' လို့ သုံးသပ်ထားပါတယ်။

(စာ–၁၁၁ ရှ)

ရသအနုပညာရှုထောင့်ကကြည့်ရင် ‚

'ကမ္ဘာ့စာပေတွင် အချစ်နှင့်ပတ်သက်၍ သီကုံးထားသော သီချင်းများအနက် မမြကလေး၏ 'ချစ်သမျှ'ပတ်ပျိုးသည် ပထမတန်းရေချိန်မီသော ကဗျာကြီးတစ်ပုဒ်ပင်ဖြစ်၏' လို့ အကဲဖြတ်ထားပါတယ်။ ရဲရင့်တဲ့ အကဲဖြတ်ချက်လို့ ဆိုနိုင်ပါတယ်။

## ဦးသန့်၏ ဘာသာပြန်မှတ်ကျောက်

'ဘာသာပြန်ကောင်းမကောင်း စမ်းသပ်နည်းတစ်ခုကိုလည်း ပြောခဲ့ချင်ပါတယ်။ အင်္ဂလိပ်မြန်မာဘာသာပြန်ကို အင်္ဂလိပ်စာလုံးလုံးမတတ်သော အရပ်သားတစ်ဦးအား ဖတ်ကြည့်ခိုင်းပါ။ ထိုသူ နားလည်သဘောပေါက်ပါက ထိုဘာသာပြန် အဆင့်တန်းမီသည်ဟု ယူဆဖွယ်ရှိပါသည်။ ထိုသူ သဘောပေါက်ပါက ထိုဘာသာပြန်ကောင်းနိုင်တော့မည် မဟုတ်ပါ။ ဘာသာပြန်၏ မှတ်ကျောက်မှာ မျိုးခြားစာပေ မတတ်သော အရပ်သားဖြစ်ကြောင်း သတိပြုစေလိုပါသည်'





(စာ–၁၂၁)

ဦးသန့်၏ အမိက စံထားညွှန်းဆိုတဲ့ ဘာသာပြန်လက်ရာတစ်ခုကတော့ ဆရာကြီးသခင်ဘသောင်းရဲ့ 'ပန်းသာမစာအု'ဖြစ်ပါတယ်။ ဖတ်ကြည့်ပါဦး။

'ကျွန်တော်သည် လွန်ခဲ့သော ၁၂ နှစ်ခန့်က Tess ကို ဖတ်ဖူးပါသည်။ ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် ကံဆိုးမ Tess ကို ဂရုဏာဒေါသောတွေဖြစ်ပြီး ကြီးစွာသော စိတ်၏ဆင်းရဲခြင်းကို ခံစားခဲ့ရပါသည်။ လွန်ခဲ့သော သုံးလခန့်လောက်က တစ်ဖန် သခင်ဘသောင်း၏ ဘာသာပြန်ကိုဖတ်ကြည့်ရာ ပထမအကြိမ်ခံစားခဲ့ရသော ဂရုဏာစေတသိက်သည် တစ်ဖန်ပေါ် ပေါ်လာပြန်ပါသည်။ Tess ကို ထိုမျှလောက်နိုင်နင်းစွာ မြန်မာဘာသာပြန်၍ ရမည်ဟု ကျွန်တော် အစက နည်းနည်းမှ မထင်မိပါ။

သခင်ဘသောင်းသည် မြန်မာဂန္ထဝင်တွင် 'ပန်းသာမစာအုတည်းဟူသော ခယ်ကံဆိုးလေးတစ်ယောက်ကို ဖန်တီးလိုက်ပေပြီ' အသည် သခင်ဘသောင်း၏ ကျေးဇူးကြောင့် ကျွန်တော်တို့၏ မနောအာရုံမှ မေ့ပျောက်ရန်ခဲယဉ်းလှတိ၏'

(စာ–၁၃၂)

စသည်ဖြင့် အကျယ်တဝင့်ချီးကျူးထားပြီး 'ပန်းသာမစာအုသည် ခေတ်မြန်မာဝတ္ထုများအနက် ပြိုင်ဘက်ကင်းသော ဝတ္ထုဖြစ်ပေသည်'လို့ ဆိုထားပါတယ်။ ဘာသာပြန်ကောင်းမွန်လွန်းတော့ မြန်မာဝတ္ထုလို့ဆိုနိုင်လောက်အောင် မှတ်တမ်းတင်ရတဲ့အထိပါပဲ။

ဦးသန့်ဟာ စာရုံဖတ်၊ စာစုံရေးခဲ့လေရာ သမိုင်းပညာရှင် မစ္စတာဟားဗေး၏ အမှားကိုလည်း ဒီလို ထောက်ပြ ပြုပြင်ပေးခဲ့ပါသေးတယ်။

'တစ်ခါသော် ‚‚ မစ္စတာဟားဗေးရေးသော မြန်မာရာဇဝင်(အကြီး)ကို ကျွန်တော်ဖတ်ရင်း အမှားတစ်ခုကို သွားတွေ့ရ၏။ ထိုအမှားကား တပင်ရွှေထီးသည် မအူပင်ဒီစကြိတ် ပန်းတနော်မြို့အနီး၌ ကံကုန်တော်မူသည်ဟူသောအချက်ဖြစ်၏။'

www.burmeseclassic.com



'မြန်မာရာဇဝင်အစောင်စောင်၌ တပင်ရွှေထီးအကြောင်းကို စေ့စပ်သေချာစွာ ဖတ်ရှုစုံစမ်းရာ တပင်ရွှေထီးနှင့် ပန်းတနော် မည်ကဲ့သို့မျှ အဆက်အသွယ်မရှိ၊ တပင်ရွှေထီးသည်(ပန်းတရော)တပ်နှင့် ထွက်တော်မူကြောင်း သာရှိလေသည်။'

(စာ–၁၆၆)

ဦးသန့်ရဲ့နိုင်ငံရေးဆိုင်ရာ ဝေဖန်ချက်တွေလည်း တွေ့ရပါတယ်။ လက်ဝဲဝါဒအကြောင်း သောင်းသောင်းညံအောင် ပြောနေချိန်မှာ ဦးသန့်က လွတ်လပ်ရေးသာ ပထမ၊ အယူဝါဒက ဒုတိယဖြစ်ကြောင်း ရဲရဲတောက် ဝေဖန်ခဲ့ပါတယ်။ စစ်ဖြစ်ရခြင်းအကြောင်းအရင်း၊ မျိုးချစ်စိတ်၊ ကြီးပွားရေး၊ လူကြီးလူငယ် အကွာအဝေး စသည်အရေးအရာအတော်များများကိုလည်း ဦးသန့် ကလောင်ဖြန့်ကျက်ခဲ့တာ တွေ့ရပါတယ်။

ဆိုခဲ့တဲ့အတိုင်း ဦးသန့်ဟာ မြန်မာ့ဂုဏ်ဆောင် ကမ္ဘာကျော် ငြိမ်းချမ်းရေးဗိသုကာကြီးဖြစ်ခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန် မထမ်းဆောင်ခဲ့ရင်လည်း မြန်မာစာပေအတွက် အားကိုးရတဲ့ စာရေးဆရာ ပညာရှင်ကြီးအဖြစ် ဥဒါန်းတင်မှာမလွဲပါပဲ။ ဒီ ဦးသန့်လက်ရွေးစင်စာများမှာ မြန်မာပြည် လွတ်လပ်ရေးမရမီက ရေးခဲ့တဲ့စာတွေကို ရှာဖွေစုစည်းပေးလိုက်တာ ဖြစ်ပါတယ်။ စာအုပ်တစ်အုပ်ဖြစ်အောင် စီစဉ်ပေးတဲ့ ဆရာဦးနေသော်ကောင်းနဲ့ မောင်ဇေယျာတို့ကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ ဦးသန့်ရဲ့ စာပေလက်ရာများ ကျန်ရှိနေနိုင်သေးတာမို့ ဆက်လက်ရှာဖွေ စုစည်းထုတ်ဝေနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

[၂၀၁၀ မေလထုတ် ပန်းအလင်္ကာမဂ္ဂဇင်း]

■



# လူထုဦးလှရဲ့ ထောင်စာပေမိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးလူထုဦးလှ(၁၉၁၀–၂၀၁၀)ရဲ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးလူထုကြီးပွားရေးစာအုပ်တိုက်က ဆရာကြီးရဲ့ 'စစ် အချစ်နှင့် ထောင်'စာအုပ်ကို ၂၀၀၉ ဒီဇင်ဘာမှာ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ပါတယ်။ လူထုဦးလှရေးခဲ့တဲ့ စာအုပ်တွေ အများကြီးထဲက ဒီစာအုပ်ကို ရွေးချယ်ထုတ်ဝေလိုက်တာလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ စစ်က ဒုတိယကမ္ဘာစစ်ကို ရည်ညွှန်းပြီးတော့ အချစ်ကတော့ လူငယ်တစ်ယောက်ရဲ့ဘဝမှာ ပွင့်လန်းခဲ့ရတဲ့ ပန်းကလေးတစ်ပွင့်ဆိုပါတော့။ ထောင်ကတော့ ၁၉၅၃–၅၆ ကာလက ရန်ကုန်ထောင်ကို ရည်ညွှန်းပါတယ်။

'ဒီစာအုပ်ထဲမှာ လူတစ်ယောက်ရဲ့ မွေးစကစပြီး လူထုဦးလှနဲ့ တွေ့ဆုံချိန်အထိ ဖြစ်ရပ်များကို တင်ပြထားတဲ့အတွက် မှုခင်းများဖြစ်ပေါ်လာခြင်းရဲ့ အရင်းခံသဘောများကိုလည်း တွေ့မြင်ကြလိမ့်မယ်လို့ လူထုဦးလှက ဆိုထားပါတယ်။ အနာသိရင် ဆေးရှိဆိုသလို မှုခင်းများရဲ့ အရင်းခံအကြောင်းရင်းများကို သိရှိထားခြင်းအားဖြင့် နောင်အချိန်မှာ မှုခင်းများ နည်းပါးသည်ထက် နည်းပါးအောင် ဒီစာအုပ်ထဲက အဓိကဇာတ်ကောင် မောင်ထွန်းမြင့် တွေ့ကြုံခံစားခဲ့ရတဲ့ ခါးသီးတဲ့ ထောင်အတွေ့အကြုံများကို မဖြစ်ပွားအောင် သတိထားပြုပြင်စေလိုတဲ့ လူထုဦးလှရဲ့ဆန္ဒပြည့်ဝစေရန် ရည်သန်မျှော်မှန်းပြီး လူထုဦးလှ





အနှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေကြောင်း ထုတ်ဝေသူရဲ့ အမှာစာမှာ ဖော်ပြထားပါတယ်။

ဆရာကြီး လူထုဦးလှကိုယ်တိုင်ရေး 'မိတ်ဆက်' (အမှာစာ)မှာတော့ ထောင်တွင်းစာပေသမိုင်းကို လက်လှမ်းတမီ ပြုစုပေးထားပါတယ်။ ထောင်မှတ်တမ်း၊ ထောင်ဝတ္ထုတွေဆိုတာ ထောင်မကျဖူးတဲ့လူအများစုကြီးက အလွန်စိတ်ဝင်စားကြတာကလား။ ထောင်ဆိုတာ လူဆိုးကြီးတွေရဲ့ သီးခြားကမ္ဘာလို့ ဖြစ်နေတော့ ဒီ သီးခြားကမ္ဘာအကြောင်း လူတွေက သိချင်ကြတာပ,လေ။ တကယ်တော့ ထောင်ဆိုတာ သူခိုး၊ ဓားပြ၊ လူသတ်ကောင်၊ မုဒိမ်းကောင်စတဲ့ လူဆိုးတွေချည်း ရောက်တာမဟုတ်၊ လူထုဦးလှတို့ကဲ့သို့သော စာရေးဆရာ၊ သတင်းစာဆရာများ၊ နိုင်ငံရေးသမားများလည်း ရောက်သွားတတ်တဲ့နေရာ ဖြစ်ပါတယ်။ လူထုဦးလှပင်လျှင် ၁၉၅၃ မှ ၁၉၅၆ ထိ ပုဒ်မ–၅ အကျဉ်းသားဘဝနဲ့ ထောင်ကျခဲ့တာ မဟုတ်ပါလား။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တွေမှာလည်း လွတ်လပ်ရေးတိုက်ပွဲဝင် မျိုးချစ်ခေါင်းဆောင်များ ထောင်ကျခဲ့ရဖူးတယ်မဟုတ်ပါလား။

'စစ် အချစ်နှင့်ထောင်'စာအုပ်မှာ ထူးခြားတာက လူထု ဦးလှရဲ့ မိတ်ဆက်အမှာစာပါ။ 'ထောင်တွင်းစာပေသမိုင်း'ကို ကမ္ဘာနဲ့ချိပြီး လမ်းခင်းပြထားပါတယ်။

'သမိုင်းအစကို လိုက်ကြည့်လိုက်လျှင် ခရစ်မပေါ်မီ နှစ်ပေါင်း ၁၉၄နှင့် ၂၆၄ နှစ်အတွင်း နေသွားသော ဂရေးယစ်စ်နေးဗီးယပ်စ်ဆိုသော လက်တင်ပြဇာတ်နှင့် ကဗျာဆရာကြီးသည် အစိုးရအရာရှိကြီးများကို ရိုင်းပြစွာ ပြောဆိုသောကြောင့် အဖမ်းခံရပြီး ယခုခေတ် ပုဒ်မ–၁၂၄(က)နှင့် ထောင်ချသည့်သဘောမျိုး အပြစ်ပေးခံရသည်။ ထိုပုဂ္ဂိုလ်ကြီးသည် အကျဉ်းချခံနေရစဉ် ပြဇာတ် ၂ ပုဒ် ရေးခဲ့လေသည်'

ဆရာကြီး လူထုဦးလှရဲ့ ထောင်တွင်းစာပေများကို မှတ်စုထုတ် တင်ပြလိုက်ပါတယ်။

- ရောမအဘိဓမ္မာဆရာကြီး ဘိုသီးယစ် – Consolations of Philosophy သမိုင်းဝင်စာအုပ်ကြီး၊ သေဒဏ်ကျခံစဉ်ရေးခဲ့၊ ချော်ဆာက အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်ဆိုပြီး။

- စာပင်တီးစ်၏ ဒွန်ကွီယောတေး (ဒွန်ကွီဇုတ်-Don Quixote) ဆီဗီးလီမြို့တွင် အကျဉ်းသားဘ၀ဖြင့်ရေးခဲ့၊ ယခု ကမ္ဘာ့ဂန္ထဝင် စာအုပ်ကြီး။
- ဗော်လ်တဲယား – ပြင်သစ်မှ ကမ္ဘာကျော် စာပေတွေးခေါ်ရှင်ကြီး၊ ဘာစတီးလ်အကျဉ်းထောင်တွင် ဟင်နရီယိတ်– Henriade တစ်ပိုင်းတစ်စနှင့် Oedipe ကို ရေးခဲ့။
- ဂျွန်ဘန်းယန် John Bunyan – အင်္ဂလိပ်စာရေးဆရာ၊ ၁၆၇၅ တွင် Pilgrim's Progress ဆိုသောစာအုပ်ကို ထောင်ထဲမှာ ရေးခဲ့။
- ရလေး Raleigh – လန်ဒန်တာဝါထောင်တွင် 'ကမ္ဘာ့သမိုင်း' ဆိုသောနာမည်ကျော်စာအုပ်ကြီးကို ပြုစုခဲ့။
- အော်စကာဝိုင်း Oscar Wilde – ထောင်ထဲတွင် De Profundis ကို ရေးသည်။
- ဘာထရန်ရပ်ဆယ် Bertrand Russell – ဘရစ်တန်ထောင်၏ အကျဉ်းသားအမှတ်–၂၉၁၇၊ ထောင်ထဲတွင် Introduction of Mathematcal Philosophy ESifh The Analysis of Mind ကို ရေးခဲ့သည်။ ဒီဝေးစ်၏ လောဂျစ် ဆောင်းပါးများကို ဝေဖန်ချက်ရေး။
- သောမတ်စ်ပိန်း – အမေရိကန်ပြည်သူတို့အတွက် လွတ်လပ်ရေး နှိုးဆော်စာတမ်း Common Sense ကိုရေး၍ အလွန်နာမည်ကြီးခဲ့သော စာရေးဆရာကြီး၊ ပြင်သစ်ထောင်တွင် Age of Reason ကို ရေးသည်၊ The United State of America (အမေရိကန်ပြည်ထောင်စု) ဆိုသောစကားကို စတင်ရေးဖွဲ့ခဲ့သူ။
- ဒိုဟင်နရီ – ကမ္ဘာကျော်ဝတ္ထုတိုဆရာကြီး၊ အမည်ရင်း– ဝီလီယံဆစ်ဒ်နေးပေါ်တာ၊ မတရားသဖြင့် အပြစ်ဒဏ်ကျခံရပြီး ဝတ္ထုတိုများရေးရာမှ ကမ္ဘာကျော်ခဲ့သည်။
- နဇင်ဟစ်မက် – တူရကီကဗျာဆရာကြီး၊ ထောင်ထဲတွင် ၁၃ နှစ်ကျော်နေရရင်း အကောင်းဆုံးအမျိုးသားလွတ်မြောက်ရေးကဗျာများကို





ရေးခဲ့သည်။

- ထိလက် – အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး၊ ထောင်ထဲတွင် ဂီတာရဟာစယာကို ရေးခဲ့။
- နေရူး – အိန္ဒိယလွတ်လပ်ရေးဖိသုကာကြီး၊ ထောင်ထဲတွင် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိရေးခဲ့။
- ရာဂျာကြီး – ထောင်မှတ်တမ်း။
- အဇော် – ကိုရမ်ကျမ်းအပေါ်အမြင်။

ဆိုကရေးတီး၊ စိန့်ပေါ၊ ဆာသောမတ်စ်မိုး၊ ဖရန်စစ် ဘေကွန်၊ ဂျွန်ဒုန်း၊ ဒီမို၊ ဒီဒါးရော့၊ လေးဟန့်၊ သိုရော၊ လွိုက်ဂါ ရီဆင်၊ ဒေါ်စတိုယက်စ်စကီး၊ လီနင်၊ အနာ့စ်တိုလာ၊ ပတ်ဘာလိုနေရူးဒါတို့ဟာလည်း အကျဉ်းသားများဖြစ်ခဲ့ဖူးပြီး ထောင်စာပေများ ရေးခဲ့သူတွေလို့ ဆိုပါတယ်။ ဆရာကြီး လူထုဦးလှဟာ မြန်မာစာပေပညာရှင်ကြီးများ မင်းပြစ် မင်းဒဏ်သင့်စဉ်က ရေးခဲ့တဲ့ ဂန္ထဝင်စာပေလက်ရာကြီးများကိုလည်း ကမ္ဘာ့စာပေနဲ့တန်းတူ မမေ့မလျော့ ဖော်ပြထားပါတယ်။

အနန္တသူရိယအမတ်ကြီးရဲ့ 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ' ကဗျာ။

လက်ဝဲသုန္ဒရရဲ့ 'မဲဇာတောင်ခြေ' ရတု။

ဦးပုညရဲ့ 'ရာဇဝတ်ဝါ' တေးထပ်တို့ဖြစ်ပါတယ်။

'အကျဉ်းထောင်များအတွင်းသို့ စာရေးဆရာကြီးများ ရောက်သွားကြ၍ စာကောင်းပေကောင်းပေါင်း မြောက်များစွာ ထွန်းပေါက်လာခဲ့သည့်အကြောင်းကို သမိုင်းနှင့်ချီ၍ ကျွန်တော် တင်ပြလိုက်ခြင်းသည် စာရေးဆရာများအား ထောင်တွင်းသို့ သွားရောက်နေထိုင်ရန် တိုက်တွန်းခြင်းမဟုတ်။ ထောင်သည် ကောင်းသောနေရာ၊ နေချင်အပ်သောနေရာ မဟုတ်။ သို့ရာတွင် မလွဲသာ၍ မရှောင်နိုင်ဘဲ ကြုံခဲ့သော် အချိန်ကိုအဖိုးတန်စွာသုံးခြင်း၏တန်ဖိုးကို တင်ပြခြင်းသာ ဖြစ်သည်' လို့ လူထုဦးလှက ဆိုပါတယ်။

ထောင်ကျခဲ့ရှာတဲ့ စာရေးဆရာကြီးများက စာကောင်းပေကောင်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့စာပေကို ကျေးဇူးပြုခဲ့သလို ထောင်ထဲက ရေးခဲ့တဲ့စာတစ်အုပ်နဲ့ ကမ္ဘာကိုဖျက်ဆီးခဲ့သူ 'ဟစ်တလာ' ရေးခဲ့တဲ့ 'မိန်းကင်းပ်ဖ်' စာအုပ်အကြောင်း ဖော်ပြထားတာလည်း အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

'မိန်းကင်းပ်ဖ်' စာအုပ်ကြီးတွင်ပါသော စာလုံးတစ်လုံး အတွက် အသက်ပေါင်း ၁၂၅ မျှ ဆုံးရှုံးသည်။ စာအုပ်၏ စာတစ်မျက်နှာအတွက် အသက်ပေါင်း ၄၇၉၀ ဆုံးရှုံးသည်။ အခန်းတစ်ခု တစ်ခုအတွက် အသက်ပေါင်း တစ်သန်း နှစ်သိန်း သေဆုံးရသည်ဟုပင် အဆိုရှိလေသည်။'

'ကျွန်တော်၏ ထောင်စာပေအရေးအသားများသည် ဟစ်တလာ၏ 'မိန်းကင်းပ်ဖ်'ကဲ့သို့ ကမ္ဘာ့လူသားများအား နှိပ်စက်ဖျက်ဆီးလိမ့်မည်မဟုတ်ဘဲ အခြားပုဂ္ဂိုလ်ကြီးများ၏ အပြုစာပေများနောက်သို့ လိုက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်'လို့ လူထုဦးလှက နိဂုံးစကားဆိုထားပါတယ်။

'စစ် အချစ်နှင့်ထောင်'ဟာ ဆရာကြီး လူထုဦးလှ ထောင်ထဲမှာရေးခဲ့တဲ့ သတ္တမမြောက်စာအုပ်ဖြစ်ပါတယ်။ လူ့လောကတစ်နေရာမှ လူ့ဘဝမှတ်တမ်း တစ်ခုအနေနှင့် ပြည်သူနှင့် အစိုးရတို့ ဖတ်နိုင်ကြပြီး မကောင်းသည်များကို အကောင်းသို့ ပြုပြင်ပြောင်းလဲနိုင်ကြဖို့သာ ရည်ရွယ်ပါသည်' လို့ ဆရာကြီး လူထုဦးလှက စေတနာစကား ဆိုထားပါကြောင်း ။ ။

ညွှန်း

- လူထုဦးလှ၊ 'စစ် အချစ်နှင့်ထောင်' (ဒုတိယအကြိမ်) ၂၀၀၉ ဒီဇင်ဘာ၊ စာမူခွင့်ပြုချက် - ၅၀၁၁၉၉၀၀၀၉

■





# ယဉ်ကျေးမှုအနုပညာခံတပ်များရဲ့ မှတ်တမ်းအပိုင်းအစများ

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ကျွန်မရေးတဲ့စာအုပ်များထဲက |
| ရေးသူ | – | လူထုဒေါ်အမာ |
| ထုတ်ဝေကာလ | – | ၂၀၁၁ နိုဝင်ဘာလ |
| စာမူခွင့်ပြုချက် | – | ၄၀၁၄၆၄၁၁၁၁ |
| တန်ဖိုး | – | ၂၅၀၀ ကျပ် |
| ထုတ်/ဖြန့် | – | လူထု/ကြီးပွားရေး မန္တလေး |

ကျွန်တော်တို့ခေတ်ရဲ့ စာကောင်းပေမွန်အရေးနိုင်ဆုံး အမျိုးသမီးစာရေးဆရာတွေထဲမှာ အမေလူထုဒေါ်အမာ ထိပ်ဆုံးက ပါဝင်ပါတယ်။ အမေဟာ အသက် နှစ်ဆယ်ကျော်အရွယ် တက္ကသိုလ်ကျောင်းသူဘဝကတည်းက စာရေးလာလိုက်တာ အသက် ၉၃ နှစ်အရွယ် မကွယ်လွန်မီ လပိုင်းအလိုလောက်အထိပဲတဲ့။ ကလောင်မချစတမ်း စာပေတာဝန်တွေ ထမ်းဆောင်သွားလိုက်တာ အံ့မခန်းပါပဲ။ ၁၉၃၈ ခုထုတ် 'မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ' ဘာသာပြန်စာအုပ်ကနေ ၂၀၁၀ ခုနှစ်ထုတ် 'ကျွန်မရေးတဲ့ သူ့ဘဝ လူထုဦးလှ'အထိ နှစ်ပေါင်း(၇၀)ကျော် အတွင်း အမေ့ရဲ့စာစုစာရင်းမှာ စာအုပ်ပေါင်း ၄၅ အုပ်ရေးခဲ့တာ တွေ့ရပါတယ်။ ဒီစာအုပ်တွေကို သတင်းစာ၊ ဂျာနယ် အလုပ်တွေလုပ်ရင်းရေးခဲ့တာပါ။ နိုင်ငံရေး၊ အနုပညာ၊ ယဉ်ကျေးမှု၊ အထုပ္ပတ္တိ၊ ဘာသာရေး၊ ခရီးသွားစာပေ စသည်ဖြင့် ထောင့်ပေါင်းစုံ အကြောင်းအရာစုံကို ထဲထဲဝင်ဝင်ရေးသွားခဲ့တာပါ။

ယခု ထုတ်ဝေလိုက်တဲ့ 'ကျွန်မရေးတဲ့စာအုပ်များထဲက ..'စာအုပ်ကတော့ အမေကွယ်လွန်ပြီးမှ အမေ့ရဲ့ ၉၆ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေလိုက်တာပါ။





'ဒီစာအုပ်ထဲမှာ သူကိုယ်တိုင် မွေးဖွားထုတ်လုပ်လိုက်တဲ့ စာအုပ်ပေါင်းများစွာထဲက အထင်ကရစာအုပ်များရဲ့ နောက်ခံသမိုင်းကြောင်းများ၊ ပွဲတင်သံဃယက်များကို အမှတ်တရ ပြန်လည်ရေးသား ဖော်ပြထားတာဖြစ်တဲ့အတွက် စာကောင်းပေမွန်တစ်အုပ် သန္ဓေတည်မွေးဖွားလာဖို့အတွက် ဘယ်လောက်အထိအောင် အဆင်းရဲခံ ကြိုးပမ်းခဲ့ရ၊ လုံးပမ်းခဲ့ရတယ်ဆိုတာ မြန်မာ့ယဉ်ကျေးမှုအနုပညာကို လေးစားမြတ်နိုးကြတဲ့ နောက်လာနောက်သားများနဲ့ စာပေဝါသနာရှင်များအတွက် လမ်းပြမီးရှူးတန်ဆောင်သဖွယ် ဖြစ်စေမယ်လို့ ယုံကြည်မိတဲ့အတွက် လက်ရွေးစင်ဆောင်းပါးများကို စုပေါင်းထုတ်ဝေလိုက်ပါတယ်'လို့ 'အမှာ'စကားဆိုထားပါတယ်။

အမေလူထုဒေါ်အမာတို့ တော်တယ်၊ ကျော်တယ်ဆိုတာ စာဖတ် ပရိသတ်အပေါ် စေတနာကြီးကြီးထားပြီး ဝီရိယနဲ့ကြိုးစားခဲ့ကြလို့ပါ။ အမေ့ရဲ့ အအောင်မြင်ဆုံး အကျော်ကြားဆုံးစာအုပ် 'ပြည်သူချစ်သော အနုပညာသည်များ'ကို ဘယ်လိုရေးခဲ့သလဲဆိုတာကြည့်ပါ။

'ကျွန်မ အလုပ်ချိန်က တစ်နေ့ကို မနက်(၈)နာရီကစပြီး ည(၁၁)နာရီအထိပါ။ ဒီအတွင်း ထမင်းစားတာနှစ်ခါ၊ ကော်ဖီသောက်တာတစ်ခါ၊ ရေချိုးတာတစ်ခါပဲ စားပွဲက ခွာရပါတယ်။ ကျန်အချိန်တွေမှာ စားပွဲမှာပဲရှိပါတယ်။ သတင်းစာအတွက် တစ်ခုမဟုတ် တစ်ခုရေးပေးလုပ်ပေးနေရတယ်။ ဒါမှမဟုတ် ရေဒီယိုနားထောင်နေရတယ်။ ဒါမှမဟုတ် စာဖတ်နေရတာပါ။ ဒီကြားထဲက 'ပြည်သူချစ်သော အနုပညာသည်များ'စာအုပ်ကို ရေးတာပါ။

(စာ-၃၂)

ဒီစာအုပ်မှာ (၁) မင်းသမီးပဂေမထွေးလေး (၂)မြချောကျင်းမငွေမြိုင် (၃) ကောလိပ်စိန် (၄) လေဘာတီမမြရင် (၅)စိန်ပေဒါ (၆) ရုပ်သေးမင်းသမီးကြီးဆရာပု(၇) မြို့မငြိမ်း (၈) နန်းတော်ရှေ့ဆရာတင်တို့အကြောင်း လက်ကုန်နှိုက်ပြီး ရေးထားပါတယ်။ စာအုပ်က လွှိုင်(၈)ချိုးဆိုဒ်နဲ့ စာမျက်နှာ ၄၇၀၊ ရောင်းဈေးက၅ ကျပ်(အဲဒီခေတ်မှာ ဈေးကြီးတဲ့ စာအုပ်စာရင်းဝင်)ပြခဲ့ချင်တော့ စာအုပ်ထွက်ရက်မှာ တစ်ရာတန်နဲ့ ငါးဆယ်တန် ငွေစက္ကူတွေ ဘရားဝင်သုံးစွဲခွင့် မရှိဘူးလို့ ကြေငြာလိုက်ချိန်နဲ့ တိုက်ဆိုင်နေတယ်။ လူတွေ သက်ထဲ ငွေခက်ခဲနေချိန်ဖြစ်ပေမယ့် ဒီစာအုပ်, အုပ်ရေ ၃၅၀၀ဟာ ရက်



www.burmeseclassic.com

www.burmeseclassic.com



၄၀ အတွင်း ပြုံက်ခနဲ ကန်သွားတယ်။ ပြည်သူချစ်သော အနုပညာသည်များကို စာဖတ်ပရိသတ်က ဘယ်လောက် အားပေးလိုက်ပါသလဲ။ စာဖတ်သူများဆီက ပေးစာတွေ အများကြီးရောက်လာပါတယ်'

'စာတွေထဲမှာလည်း ကျွန်မအမှားကိုပြင်တာ၊ လိုသေးတာကို ဖြည့်စွက်တာ၊ မေ့နေတာလေးတွေကို ဖော်ပေးတာ၊ အကြံဉာဏ်ပြုတာတွေလည်းပါတယ်လေ'

(စာ ၃၅)

မှားတာကိုပြင်၊ လိုတာကိုဖြည့်ပြီး ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေပါတယ်။ အမှားပြင်၊ လိုတာဖြည့်တယ်ဆိုတာ ပညာပြည့်ဝ နှလုံးလှသူတွေသာ လုပ်နိုင်တာပါ။ ဒီမှာဘက်ခေတ်မှာ မှားတာ၊ လိုတာတွေ ဘယ်လိုပင် ထောက်ပြသော်လည်း မပြုပြင်ဘဲ အမှားကြီးအတိုင်း ဒုန်းစိုင်းနေကြတဲ့ အမည်ခံပညာရှိတွေများလှပါတယ်။ အနုပညာသည်ကြီးတွေနဲ့ ပတ်သက်တဲ့ အမေလူထုဒေါ်အမာရဲ့ မှတ်ချက်က အင်မတန်မှတ်သားစရာကောင်းပါတယ်။

**'ပြောစမှတ်နဲ့ ပြီးဆုံးမသွားသင့်ပါဘူး။ ရေးစမှတ်လည်းပြုရမှာပါ'**တဲ့။

ယောက်ျားမင်းသမီးကြီး'အောင်ဗလ'အကြောင်း အလွန်ခက်ခဲ ပင်ပန်းစွာရေးခဲ့ရပါတယ်။ အောင်ဗလရဲ့ဇာတ် ဆင်ဖြူကျွန်းအထိသွားရတယ်။ သူ့မိန်းမ မသဲနုရဲ့ဇာတ် ခရမ်းသုံးခွနားက ညောင်လေးပင်ရွာအထိ သွားရတယ်။ လူတွေနဲ့ တွေ့ဆုံမေးမြန်း အချက်အလက်ရှာဖွေမှတ်သားရတယ်။ အောင်ဗလရဲ့ ဇာတ်ပြားဟောင်းတွေ စိတ်ရှည်ရှည် ပြန်ဖွင့်ရေးကူးရတယ်။ ဒါတွေ လူထုဒေါ်အမာမို့ လုပ်နိုင်တာပါ။

နောက်တစ်ယောက်တော့ သဘင်ဥသျှောင် ဇာတ်မင်းသားကြီး **'ဂရိတ်ဦးဖိုးစိန်'**ပါ။ တစ်နေ့ကပဲ ၂၀၁၂ မိုးရာသီဦးမှာ ဦးဖိုးစိန်နှစ် ၁၃၀ ပြည့်ပွဲကြီးကျင်းပခဲ့တာ၊ မကြုံဘူးလောက်အောင် အထူးအောင်မြင်တာ တွေ့ခဲ့ရပါပကောလား။ ဦးဖိုးစိန် တော်သလောက်၊ ကျော်သလောက်ကို အမေလူထုဒေါ်အမာက အမိလိုက်ရေးနိုင်ခဲ့ပါတယ်။ ဦးဖိုးစိန်ကတဲ့ဇာတ်တွေ အတော်များများ စုဆောင်းပြီး ငိုချင်းတွေကိုပါ စာပေနဲ့ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

စိတ်ဝင်စားစရာအကောင်းဆုံးကတော့ **'ဖိုးစိန်နဲ့နိုင်ငံရေး'**ဆိုတဲ့ အခန်းပါ။





'၁၉၂၀ ခု ကျောင်းသားသပိတ်ကြီးဖြစ်တဲ့အချိန်က ဖိုးစိန်က မန္တလေးရောက်နေတာ၊ မန္တလေးမှာ က,နေတာ၊ ဒါကြောင့် ရန်ကုန်မှာ ကျောင်းသားသပိတ်တိုက်ပွဲကြီးပေါ်တယ်ဆိုတော့ မန္တလေးမှာလည်း ကျောင်းသားတွေက တိုက်ပွဲဝင်တယ်။ သပိတ်မှောက်ကြတယ်။ ပြီးတော့ ဖိုးစိန်ဆီကိုသွားပြီး သပိတ်ရန်ပုံငွေ အလှူခံကြတယ်လေ။ အဲဒါကို ဖိုးစိန်က မချေမငံပြောလွှတ်လိုက်တော့ ဖိုးစိန်ဟာ သပိတ်ကို အားမပေးမထောက်ခံဘူး။ ဖိုးစိန်ကို သပိတ်မှောက်ကြလို့ ကျောင်းသားတွေက လှုံ့ဆော်တယ်။ မြို့လူထုက ကျောင်းသားတွေဘက်နေလေတော့ ပွဲကြည့်မလာတော့ဘူး။ ဖိုးစိန် ပွဲကလို့ မရတော့ဘူး။ ဒါကြောင့် ဖိုးစိန်က ပဲခူးပြောင်းကဖို့ လုပ်တယ်။ ပဲခူးမှာလည်း ကျောင်းသားသပိတ်က ဖိုးစိန် မန္တလေးမှာ ဒီလိုဒီလို ဖြစ်လာတယ်။ ဒါကြောင့် ဒီကလည်း ပွဲမကြည့်ကြပါနဲ့၊ သပိတ်မှောက်ကြပါဆိုတော့ ပဲခူးမှာလည်း ရုံဝင်မယ့်သူမရှိဘူး။ ဒီတော့ ဖိုးစိန် မော်လမြိုင်ဘက် ရွှေ့ကတယ်။ မော်လမြိုင်ရောက်တော့ သပိတ်သမားတွေ နှိုးဆော်တဲ့စာက နောက်ကျနေလို့ ရုံထဲမှာ လူအပြည့်ရောက်ပြီးသားဖြစ်ရက်နဲ့ ရုံထဲရောက်မှ သပိတ်မှောက်ခိုင်းတော့ မော်လမြိုင်ပွဲကြည့်ကလည်း ကျောင်းသားတွေကို ထောက်ခံတာပဲ။ ဖျာလိပ်ပြန်သတဲ့'

ဒါကြောင့် ဖိုးစိန်ဟာ ရန်ကုန်ပြန်လာပြီး လူကြီးတွေဆီမှာ ကယ်ပါယူပါ လိုက်ပြောရတော့ **ဆရာကြီးသခင်ကိုယ်တော်မှိုင်း** တို့က မောင်ဖိုးစိန်ကလည်း အမှားကို ဝန်ချတောင်းပန်လိုက်၊ ကျောင်းသားတွေကလည်း သပိတ်လှန်လိုက်ကြပါလို့ ကြားဝင်ပေးခဲ့ရတယ်။ ......... ဖိုးစိန် က သရုပ်ကားကြီး တစ်စီးလှလှပပ ပြင်ဆင်ပြီး ကားဘေးတစ်ဖက်တစ်ချက်မှာ မြို့လူထုအား လွန်သမျှ ဝန်ချတောင်းပန်ကန်တော့ပါတယ်လို့ စာရေးထားပြီး ထရုပ်ကားကြီးထိပ်မှာ ရေမကန်တော့ပွဲကြီးကို ပန်းတွေနဲ့ အလှအပပြင်ဆင်ပြီး တင်ထားတာပါတဲ့။

ဖိုးစိန်က သတင်းစာတိုက်တွေကိုလည်း သူက တောင်းပန်တဲ့အကြောင်း သတင်းစာမှာ ထည့်ပေးဖို့ စာရေးပြီးပို့ပေးတယ်။ မြန်မာ့အလင်းတို့ ဉာဏ်အလင်းတို့က ဖိုးစိန်စာကို သတ်ပုံသတ်ညွှန်းပြင်ဆင်ပြီး စီထည့်ကြတယ်။ သူရိယသတင်းစာကတော့ ဖိုးစိန်လက်ရေးအတိုင်း စာကို ဘလောက်လုပ်ထည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



(စာ-၅၄)

မြန်မာပြည်ရဲ့ သဘင့်ထိပ်ခေါင်တင် ဖိုးစိန်ကြီး ကျောင်းသားသပိတ်နဲ့ တွေ့တော့ ဟက်တက်ကွဲပါလေရော။ ပြည်သူလူထုက ဖိုးစိန်ရဲ့ အနုပညာမှော်ကို ကျော်ပြီး ကျောင်းသားတွေဘက်က ထောက်ခံအားပေးခဲ့တာလည်း အလေးဂရုပြုစရာပါပဲ။ အမေလူထုဒေါ်အမာက အဲဒီလို ထောင့်စုံအောင် ရေးတယ်။ အထူးသဖြင့် ယဉ်ကျေးမှုအနုပညာအကြောင်းပြောရာမှာ **နိုင်ငံရေးအခင်းအကျင်း** နိုင်ငံရေးနောက်ခံကားကို ဘယ်တော့မှ မေ့ချန်မထားဘူး။

ဒီသဘောကို 'ရွှေရိုးဘကလေး'အကြောင်း ဆောင်းပါးမှာ ပိုပြီးတော့ ပြည့်ပြည့်စုံစုံတင်ပြသွားပါတယ်။ ဆရာဦးဘကလေးဟာ မြန်မာ့စာနယ်ဇင်းလောကမှာ ၁၉၀၅ ကစပြီး ကာတွန်းရေးခဲ့ပါတယ်။ '၂၅ နှစ်လောက်ကြာအောင် သူ့လက်ရာတွေ စာနယ်ဇင်းတွေမှာ ရှိခဲ့တာမို့ ကျွန်မရေးတုန်းကကိုပဲ နှစ်(၃၀)လောက်အရင် စာနယ်ဇင်းတွေမှာ ခြေရာခံရတာမို့ အဆမတန် ကြိုးကြိုးစားစား လုပ်ခဲ့ရပါတယ်။

(စာ-၆၄)

ဦးဘကလေးလို လူမျိုး နှစ် ၅၀ နေလို့တစ်ယောက်မမွေးဘူး။ 'ကာရိုကေးချားခေါ်တဲ့ ရုပ်ပြောင်ပုံတူမှာ ဦးဘကလေးကိုမီသူတစ်ယောက်မှ ကျွန်မတို့ဆီမှာ မပေါ်ပေါက်သေးဘူး'လို့ ဆိုထားပါတယ်။ ဦးဘကလေး ကံကောင်းတာကတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းလို ပုဂ္ဂိုလ်မျိုးက လက်တွဲခေါ်ဆောင်ခံရတာပါပဲ၊ အမေလူထုဒေါ်အမာဟာ ဦးဘကလေးအကြောင်းပေါ်လွင်အောင် ၁၉၃၀ တစ်ဝိုက် နောက်ခံရေးနောက်ခံကားကို အတော်စုံလင်အောင် မီးမောင်းထိုးပြသွားခဲ့ပါတယ်။

၂၆-၅-၃၀ မှာစဖြစ်တဲ့ ကုလားဗမာအဓိကရုဏ်းကြီးကနေ ဆရာစံလယ်သမားအရေးတော်ပုံကြီးအထိ၊ လျှင်စတဲ့ သဘာဝဘေးကြီးတွေ၊ ကပ်ဘေးကြီးတွေဆိုက်ရောက်ခဲ့ပုံတွေကိုပါ မှတ်စုမှတ်ရာနဲ့ ဖော်ပြပြီး ဦးဘကလေးရဲ့ အနုပညာဂုဏ်ရည်ကို အမွှန်းတင်နိုင်ခဲ့ပါတယ်။ ဦးဘကလေးဟာ ကာတွန်းရေးတာအပြင် ရုပ်ရှင်အနုပညာမှာလည်း ထူးချွန်လှတယ်။ 'တောမြိုင်စွန်းကလွမ်းအောင်ဖန်' ဇာတ်ကားမှာ ယနေ့ထက်ထိ မြန်မာ့သဘင်ထဲမှာ ကျန်ရစ်





ခဲ့နေသေးတဲ့ '**ဦးရွှေရိုး**'ဇာတ်ရုပ်နဲ့ သူ့အစွမ်းအစကို ဖော်ထုတ်သွားကြောင်း သိရပါတယ်။

ဦးဘကလေးကိုယ်တိုင်ပါဝင်သရုပ်ဆောင် ဇာတ်ညွှန်းရေး စီစဉ်တင်ဆက်သူအဖြစ် တင်ဆက်ခဲ့တဲ့ 'ကြင်စဦး' ဇာတ်ကားဟာ ဝင်ငွေသောက်သောက်လဲ အများဆုံးရအောင်မြင်လှတဲ့ ဇာတ်ကားဖြစ်ပြီး သတင်းစာတွေက မြန်မာရုပ်ရှင်ဇာတ်ကားကို ချီးကျူးစကားရေးတာ ဒီကား ပထမဆုံးပဲတဲ့။ ဦးဘကလေးရဲ့ ရုပ်ရှင်သမားဘဝကို တင်ပြခြင်းဟာ မြန်မာရုပ်ရှင်သမိုင်းရဲ့ ပထမ ၂၅ နှစ်ကို မှတ်တမ်းတင်လိုက်ခြင်းပါပဲ။

(စာ-၇၁ ၅)

နောက်တစ်အုပ်'ရွှေမန်းတင်မောင်'ကတော့ အမေလူထုဒေါ်အမာရဲ့ အကျော်ကြားဆုံးတွေထဲက အောင်မြင်တဲ့ စာတစ်အုပ်ပါ။ ပရိသတ်တို့ကြိုက်နှစ်သက်မှုအများဆုံးရခဲ့သလို ရွှေမန်းတင်မောင်ရဲ့ ပွားရာဇာတိနဲ့ ပတ်သက်ပြီး ဝိဝါဒအကွဲဆုံး အငြင်းခုန်ရဆုံး စာအုပ်ဖြစ်ပါတယ်။ အမေက သေချာအောင် ရွှေမန်းတင်မောင်ရဲ့ အမအကြီးဆုံးနဲ့ တွေ့ဆုံပြီး အချက်အလက်အမှန်ရအောင် ကြိုးစားခဲ့ရပါတယ်။ ရွှေမန်းတင်မောင်စာအုပ်အပေါ် တုံ့ပြန်ဝေဖန်ချက်တွေထဲမှာ အမေ့သားတစ်ယောက်ကိုယ်တိုင်က ဝေဖန်ထောက်ပြခဲ့ပုံဟာ ထူးခြားပါတယ်။ သူ့ဝေဖန်ချက်တွေကို ဖော်ပြပြီး အမေလူထုဒေါ်အမာက သူ့ဝေဖန်ရေးကို လက်ခံကြောင်း ဝန်ခံထားပါတယ်။

'အငြိမ့်' (ပဒု နှစ်တွဲ)စာအုပ်ကြီးကလည်း အမေမှိုရေးနိုင်တာပါ။ အငြိမ့်သဘင်ကျဆုံးရခြင်းနဲ့ပတ်သက်ပြီး အမေက ဒီလိုသုံးသပ်ထားပါတယ်း

'မြန်မာအငြိမ့်သဘင်ဟာ ဘုရင်မရှိတော့တဲ့နောက် နှစ် ၁၀၀ အတွင်း ပေါ်ထွန်းလာတဲ့ မြန်မာ့သဘင်အသစ်တစ်ရပ်ပါ။ သူဖြစ်ထွန်းပုံက ကျွန်မတို့ မျက်စိအောက်မှာပဲ ဆိုကြပါစို့၊ ဒါပေမဲ့ နိမ့်ကျသွားလိုက်တာကလည်း ကျွန်မတစ်သက်အတွင်းမှာပဲ မြင်နေခဲ့ရတယ်။ အဲဒါတွေကို သုံးသပ်ကြည့်တဲ့အခါ အငြိမ့်ရဲ့ အသက်က လူရွှင်တော်များ လွတ်လပ်စွာ ပြောကြတဲ့ ပြက်လုံးတွေ မဟုတ်လား။ အဲဒါတွေကို လွတ်လွတ်လပ်လပ်မပြောရတော့ သူ့အရည်အသွေးက လျော့နည်းသွားတော့တာပေါ့'

(စာ-၉၃)



www.burmeseclassic.com

www.burmeseclassic.com




အမေလူထုဒေါ်အမာရဲ့ သဘင်ယဉ်ကျေးမှုဆိုင်ရာ စာအုပ်တွေအပေါ် ပန်တျာကျောင်းတွေမှာ 'ကျောင်းသုံး'ဖြစ်ကုန်လိမ့်မယ်လို့ မျှော်မှန်းကြသော်လည်း တစ်အုပ်မှ ကျောင်းသုံးဖြစ်မလာဘူးလို့ သိရပါတယ်။ ဒီနေ့ 'ယဉ်ကျေးမှုတက္ကသိုလ်'ဆိုတာကြီး ထီးထီးမားမားပေါ်ပေါက်နေချိန်မှာ အမေ ကျားကုတ်ကျားခဲ ကြိုးစားရေးသားခဲ့တဲ့ 'ပြည်သူချစ်သောအနုပညာသည်များ'လို စာအုပ်တွေကို သင်ရိုးညွှန်းတမ်း(ကျောင်းသုံး)ထဲမှာ အခိုင်အမာ ပြဋ္ဌာန်းသင်ယူစေချင်ပါတယ်။ ဂလိုတယ်လိုက်ဖေးရှင်း ကမ္ဘာ့ရွာခေတ်ကြီးထဲမှာ လူမျိုးတစ်မျိုးရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုအမှတ်လက္ခဏာ ဘယ်လောက်ထိ ထင်ရှားတယ်၊ အဆင့်မြင့်တယ်ဆိုတာကို ကြိုးစားဖော်ထုတ်ခဲ့တဲ့ အမေလူထုဒေါ်အမာကို ဂါရဝပြု ကန်တော့ပန်းဆင်လိုက်ပါတယ်ခင်ဗျား။

[၁၈ ဇူလိုင် ၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

■






# ဒီမိုကရက်တစ်ပညာရေးအမြင်နှင့် ဆရာစံတော်လှန်ရေး

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | နိုင်ငံကြီးသား အမြဲခေတ်မီနိုင်ငံရေးသမားနှင့် ပညာရေး |
| ရေးသူ | – | ဒေါက်တာမောင်သင်း |
| ထုတ်ဝေကာလ | – | ၂၀၁၂၊ ဖေဖော်ဝါရီ |
| စာမူခွင့်ပြုချက် | – | ၄၀၀၁၀၈၀၁၁၂ |
| တန်ဖိုး | – | ၂၀၀၀ ကျပ် |
| ဖြန့်ချိ | – | ကောင်းသန့်စာပေ |

မိတ္ထီလာတက္ကသိုလ်ကြီးမှာ ပါမောက္ခချုပ်တာဝန် ထမ်းဆောင်နေတဲ့ ဆရာ ဒေါက်တာမောင်သင်းရဲ့ ပညာရေးအတွေးအမြင်ဆောင်းပါးများကို စုစည်း ထုတ်ဝေလိုက်တဲ့ စာအုပ်ပါ။ ဆရာမောင်သင်းဟာ အမျိုးသားစာပေဆု တစ်ကြိမ်နဲ့ စာပေဗိမာန်စာမူဆု ၅ ကြိမ် ရခဲ့ပြီးတဲ့ ပညာရှင်စာရေးဆရာ တစ်ယောက်ပါ။ ဆရာ့ရဲ့ ပညာရေးအတွေးအမြင်တွေက စူးရှထက်မြက် ပွင့်လင်းလှပါတယ်။

''ကျွန်တော်ကတော့ 'စာမေးပွဲအောင်မှတ်'တွေကို ပညာရေးရဲ့ တံလျှပ် တွေလို့ သုံးဖူးပါတယ်။ ဘာလို့လဲဆိုတော့ စာမေးပွဲအောင်မှတ်ဆိုတာ လူ့တန်ဖိုး အစစ်တွေ မဟုတ်သေးလို့ပါ။''

(စာ–၆၄)

ဆရာ ကျောင်းသားဘဝက ဖတ်ခဲ့ရတဲ့ စာတစ်ကြောင်းကို သတိရနေပါ တယ်တဲ့။ **'ပါရဂူကျမ်းတွေရဲ့ ပျမ်းမျှရလဒ်ဟာ ပညာရပ်တွေကို ထွေထွေထူးထူးမြင့်အောင် လုပ်နိုင်စွမ်းမရှိပါ။'** ဆိုတာ တပည့်တွေကို ပါရဂူဘွဲ့ကျမ်းတွေ ကြီးကြပ်တဲ့ဘဝရောက်မှ ကျောင်းသားဘဝက ပါရဂူဘွဲ့ ကျမ်းတွေရဲ့ ပျမ်းမျှရလဒ်ဟာ 'ပညာရပ်ကို ထူးထူးခြားခြား ပြောင်းနိုင်ခြင်း မရှိ'ဆိုတာကို နားလည်ထောက်ခံခဲ့ပါတယ်'တဲ့။

(စာ–၆၅)

ဆရာမောင်သင်းရဲ့ အမြင်က ရှင်းပါတယ်။ စာတစ်ခုတည်း တတ်နေရုံနဲ့





အလုပ်မဖြစ်၊ နိုင်ငံသစ်တည်ဆောက်ရေးမှာ ပညာရေးရဲ့ အနှစ်သာရက တကို အလွတ်ကျက်ဖြေဆိုအောင်မြင်ထူးချွန်ရုံနဲ့ မလုံလောက်ဘူးလို့ တင်ပြ ထားတာပါ။ လက်ရှိ 'ကျက်–ဖြေ' ပညာရေးစနစ်ကို ဝေဖန်ထားတာပါ။ ဘယ်လောက်ထိ ပြင်းပြင်းထန်ထန် ဝေဖန်ထားသလဲဆိုရင်. .

**'စာသက်သက်သာသင်တဲ့ စာသင်ကျောင်းတွေများလာရင် အနာဂတ် ခေါင်းဆောင်လောင်းတွေမှာ လူ့တန်ဖိုးစစ်စစ်တွေ ဆုတ်ယုတ်ခြင်း လက္ခဏာပါ။ မြန်မာ့လူ့ဘောင်အတွက် ကြီးမားတဲ့ အန္တရာယ်ပါလို့ ကျွန်တော့်အမြင်လေး ထပ်ဖြည့်ပါရစေ'**တဲ့။

(စာ–၆၉)

ဆရာ ဒေါက်တာမောင်သင်းက 'ရှုးဆိုး' နဲ့ 'ဘာထရန်ရပ်ဆဲလ်' တို့ကို ကိုးကားပြီးတော့ ပညာရေးအမြင်တစ်ခုကို ဆက်လက်တင်ပြသွားပါတယ်၊ 'ပညာရေးရဲ့ နောက်ဆုံးရလဒ်က ကောင်းမှု(ဓမ္မ)နဲ့ မကောင်းမှု(အဓမ္မ)တို့ကို ဝေဖန်ဆန်းစစ်နိုင်စွမ်းရှိပြီး အမှန်တရားကို သစ္စာခံတဲ့ ဘက်တော်သား ဖြစ်လာကာ လောကကောင်းကျိုး စွမ်းစွမ်းတမံ သယ်ပိုးနိုင်သူ ဖြစ်လာခြင်း ပါပဲ။ အဲဒါမှ ပြည်သူပြည်သားကောင်း(good citizen)ပါ။'

(စာ–၇၉)

ကျောင်းတွေမှာ ပြည်သူ့နီတိ သင်ကြားရေးအတွက်လည်း နှိုးဆော် ထားပါတယ်။ ပြည်သူ့နီတိ သင်ကြားရခြင်းရဲ့ နောက်ဆုံးရလဒ်က. .

(က) နိုင်ငံသူ နိုင်ငံသားကောင်း(Good citizen)

(ခ) လူကောင်း(Good person)

(ဂ) ဒီမိုကရေစီအကျင့်ကို လေးစားတန်ဖိုးထားသူ (သို့) ဒီမိုကရေစီဝါဒီကောင်း (Good democrat)တွေ ပေါ်ထွက်လာခြင်းတို့ပဲ ဖြစ်ပါတယ်။'

(စာ–၈၃)

ဆရာမောင်သင်းရဲ့ ပညာရေးရည်မှန်းချက်မှာ 'ဒီမိုကရေစီကျင့်စဉ်'အထိ ပါဝင်လာတာ တွေ့ရပါတယ်။

'ပညာရေးဆိုတာ အနာဂတ်လူ့ဘောင်အတွက် ကြိုတင်ပြင်ဆင်တဲ့ လုပ်ငန်းမို့ မြန်မာတက္ကသိုလ်တွေမှာ နိုင်ငံရေးသိပ္ပံပညာရပ်(Political Science) ကို ဘွဲ့အပ်နှင်းနိုင်တဲ့ အထူးပြုဘာသာရပ်အနေနဲ့ သင်ကြားပေးပြီး နိုင်ငံရေးသမားကောင်းတွေ လေ့ကျင့်ပေးဖို့ လိုမယ်ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးသိပ္ပံဘာသာရပ် သင်မယ်ဆိုလိုက်တိုင်း ၁၉ ရာစုမတိုင်မီက မြန်မာ့တက္ကသိုလ်တွေမှာ သင်ခဲ့တဲ့ နိုင်ငံရေးသိပ္ပံနဲ့ အတူတူပဲလားဆိုပြီး မိတ်ဆွေတွေက မေးကြပါတယ်။ မတူပါ။ အဲဒါက နိုင်ငံရေးသိပ္ပံအစစ် မဟုတ်ပါ။ ပါတီတစ်ခုရဲ့ မူဝါဒပါ။ မိမိရဲ့ မူဝါဒတစ်ခုကိုသာ သိစေပြီး အခြားမူဝါဒစနစ်တွေကို ကန့်သတ်လိုက်တာဟာ နိုင်ငံရေးအသိဉာဏ်တံခါးကို ပိတ်လိုက်တာပါပဲ။ ယနေ့ တက္ကသိုလ်တွေမှာ သင်ကြားခဲ့တဲ့ နိုင်ငံရေးသိပ္ပံဆိုတာ ဘောင်ခတ်ထားတဲ့ပညာရပ် မဟုတ်ရပါ။'

(စာ–၈၆)

အဲဒီလို ပညာရေး ပြုပြင်ပြောင်းလဲမှုတွေကို ဟောင်းဆိုရင်း. . . '**ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့ပညာရေးနဲ့ပတ်သက်တဲ့ လမ်းညွှန်ချက် ၆ ချက် ချမှတ်ပေးခဲ့ပါတယ်။ ဘယ်ခေတ်မဆို ခေတ်မီနေမယ့် လမ်းညွှန်ချက်ပါ။**'လို့ အလေးအနက် ဖော်ပြထားပါတယ်။

(စာ–၃၇ ရှု)

ဘယ်ခေတ်မဆို ခေတ်မီနေမယ့် အဲဒီ လမ်းညွှန်ချက်တွေကို ဆရာမောင်သင်းတို့ ဆက်လက်အကောင်အထည်ဖော်မှာလားလို့ ဒီမိုကရက်တစ်ပညာရေးကို စိတ်ဝင်စားသူ တစ်ယောက်အနေနဲ့ မေးပါရစေဆရာရယ်။ တကယ်တော့ ဆရာမောင်သင်းဟာ ကျောင်းသားဘဝကတည်းက 'လမ်းစဉ်လူငယ်အဖွဲ့ခေါင်းဆောင်'၊ လူမှုရေးတွေလုပ်၊ လုပ်အားတွေပေးနဲ့ မဆလပါတီရဲ့ အမာခံဖြစ်ခဲ့ပါတယ်။ အဲဒီမှာ ပါမောက္ခဆရာကြီး ဒေါက်တာကျော်စိုးက

''နိုင်ငံရေးဆိုတာ ပါတီတွေ ဝင်၊ လုပ်ပိုင်ခွင့်ရအောင် လုပ်တာမှ နိုင်ငံရေးလို့ ထင်လား။ မင်းတို့ ပြောပြောနေတဲ့ ပြည်သူကောင်းစားဖို့ ပြည်သူတိုးတက်ဖို့ဆိုတော့ ပြည်သူတွေကို အသိဉာဏ်မြင့်အောင် ပညာတတ်အောင် လုပ်တာလည်း (အဲဒီတုန်းက **လူ့စွမ်းအားအရင်းအမြစ်** ဆိုတဲ့ စကားလုံး မသုံးကြသေးပါ) နိုင်ငံရေးပဲကွ'လို့ အစချီပြီး ဆုံးမသြဝါဒပေးခဲ့လို့ ဆရာမောင်သင်း ပညာရေးလောကထဲ ရောက်လာတာပါ။

(စာ–၄၈၊ ၄၉ ရှု)

ကျောင်းဆရာဆိုတာ 'ငြိမ်းချမ်းရေးဗိသုကာ' လို့လည်း ဆရာကြီး ဒေါက်တာကျော်စိုးက ဆိုပါတယ်။ ဒါကြောင့် ပညာရေးဟာ နိုင်ငံရေးရဲ့





သော့ချက်ဖြစ်ကြောင်း ဆရာမောင်သင်း နားလည်လာပါတယ်။ အရာရာကို ပညာရေးနဲ့ပဲ တိုင်းတာလာရာ နယ်ချဲ့ဆန့်ကျင်ရေးသမားကြီး မြန်မာ့တော်လှန်ရေးရဲ့ဂုဏ်ထူးဆောင် လယ်သမားခေါင်းဆောင် '**ဆရာစံ**'ကိုပင် ပညာမတတ်လို့ သုံးသပ်ကာ ရှုတ်ချရေးသားခဲ့တာ တွေ့ရပါတယ်။

'. . . . မျိုးချစ်စိတ်ကြီးမားတဲ့ ဆရာစံနဲ့အဖွဲ့ တိုင်းသူပြည်သားတွေ ကျွန်ဘဝက လွတ်ချင်တဲ့ စေတနာအား အလွန်ကြီးမားပေမယ့် တစ်ဖွဲ့လုံးက **ခေတ်ပညာ အားမသန်လို့** ဗြိတိသျှရန်သူကို မဖြိုနိုင်ခဲ့ပါ။ ဒါကြောင့် ဆရာစံခမျာမှာ **ပြည်သူတွေကို ကယ်ဖို့နေနေသာသာ၊ ကိုယ့်ကိုယ်ကိုယ်တောင် မကယ်နိုင်ခဲ့တာကို** ကျွန်တော်တို့ သင်ခန်းစာယူရမှာပါ။'

(စာ–၁၃၄)

'ကမ္ဘာ့နိုင်ငံရေးကို လေ့လာခြင်း မရှိခဲ့တဲ့ ဆရာစံနဲ့ အာဇာနည်လယ်သမားကြီးတွေကတော့ မြန်မာတွေကို သခင်ဘဝရောက်အောင် မစွမ်းဆောင်နိုင်ခဲ့ပါ။'

(စာ–၈၀)

'အဲဒီလောက် လယ်သမားတွေကို ကယ်တင်ချင်တဲ့သူ မျိုးချစ်စိတ်ကြီးတဲ့သူရဲ့ လုပ်ဆောင်ချက်ဟာ **လယ်သမားတွေကယ်ဖို့ နေနေသာသာ သူ့ကိုယ်သူတောင် မကယ်နိုင်ခဲ့ပါ။ ကြိုးစင်တက်သွားခဲ့ရပါတယ်။**'

(စာ–၁၃၃)

ဆရာစံနဲ့ မျိုးချစ်တော်လှန်ရေးသမား လယ်သမားကြီးတွေ ခေတ်ပညာအားမသန်လို့ **ပြည်သူကို ကယ်ဖို့နေနေသာသာ ကိုယ့်ကိုယ်ကိုတောင် မကယ်နိုင်ခဲ့ရှာပါ။ ကြိုးစင်တက်ခဲ့ရပါတယ်။**

(စာ–၁၃၃)

'ဆရာစံက ဘုန်းကြီးလူထွက်၊ မြန်မာဆေးဆရာ၊ ခေတ်ပညာကျောင်း မနေဖူးပါ။ သူတတ်တဲ့ပညာက ဗေဒင်ပညာ၊ ယတြာချေပညာ၊ မြန်မာဆေးပညာ(သူရေးခဲ့တဲ့စာအုပ် ၃ အုပ်က မြန်မာဆေးပညာစာအုပ်တွေပါ)။ အဲဒီအချိန်က မြန်မာလယ်သမားတွေ ခံစားနေရတဲ့ဒုက္ခကို မကြည့်ရက်လို့ ဒုက္ခတွင်းက 'ကယ်ချင်တဲ့ ကြီးမားတဲ့ မျိုးချစ်စိတ်ပဲ ရှိပါတယ်။ သူ့မှာ **နိုင်ငံရေးအမြင်ကျယ်မှု** အထူးသဖြင့် ကမ္ဘာ့ရေးရာလေ့လာမှု၊ သုံးသပ်မှုရှိတယ်လို့ မှတ်တမ်းရှိခဲ့ဖူးကြောင်း ကျွန်တော်တို့ မသိခဲ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



(စာ-၁၃၂)

ဒေါက်တာမောင်သင်း မသိခဲ့တာ ဆရာစံအကြောင်း သေချာမလေ့လာဘဲ ကြားဖူးနားဝနဲ့ လျှောက်ပြောနေလို့ မသိခဲ့တာပါ။ ဒါဟာ ပါရဂူဘွဲ့ရ ပညာတတ်တစ်ယောက်အနေနဲ့ ဖတ်မှတ်လေ့လာခြင်းမပြုဘဲ တာဝန်မဲ့ ပြောကြားရေးသားနေတာပဲ ဖြစ်ပါတယ်။ ဆရာစံအကြောင်း ဂုဏ်ထူးဆောင်အတ္ထုပ္ပတ္တိစာအုပ်ကြီးတွေ ခန့်ခန့်ညားညား ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းရဲ့ ဂဠုန်ဆရာစံ၊ လယ်သမားသူပုန်(လေးတွဲ)၊ ဆရာနေမျိုးသီဟ(လပွတ္တာ)ရဲ့ ဆရာစံအတ္ထုပ္ပတ္တိစာအုပ်ကြီး၊ အခြားသော သမိုင်းဝင်စာနယ်ဇင်းမှတ်တမ်းများစွာတို့မှသည် ယခု ၂၀၁၂ မတ်လထုတ် မောင်ရွှေခေတ်ရဲ့ ဂဠုန်ဆရာစံစာအုပ်အထိ သေသေချာချာ ဖတ်မှတ်လေ့လာကြည့်စေချင်ပါတယ်။

ဆရာမောင်သင်းပြောသလို ဆရာစံဟာ ဘုန်းကြီးလူထွက် မဟုတ်ပါ။ ဗြိတိသျှက ဆုငွေငါးထောင်ကျပ်ထုတ်ပြီး လိုက်ဖမ်းနေလို့ ရုပ်ဖျက်တဲ့အနေနဲ့ သင်္ကန်းဝတ်ခဲ့တာပါ။ သခင်သန်းထွန်းလည်း ပဲခူးရိုးမက ဆုတ်ခွာတဲ့အခါ ဘုန်းကြီးဝတ်နဲ့ ရုပ်ဖျက်ပြီး တိမ်းရှောင်ခဲ့ဖူးပါတယ်။ သခင်သန်းထွန်းကို ဘုန်းကြီးလူထွက်လို့ ပြောလို့မရပါ။ ဆရာစံဟာ ဗေဒင်ဆရာ၊ မြန်မာဆေးဆရာဆိုတာ ဂုဏ်ငယ်လို့လား။ ဆရာကြီးမင်းသိခ်တို့ဆိုရင် ဗေဒင်ပညာနဲ့ ပါရဂူဒေါက်တာဘွဲ့ ယူခဲ့တာပဲ။ ပေးတဲ့နိုင်ငံကလည်း နည်းပညာနဲ့ ထိပ်တန်းရောက်နေတဲ့ အိန္ဒိယနိုင်ငံက ပေးခဲ့တာပါ။ ဗေဒင်ပညာ၊ နက္ခတ်ပညာ၊ တိုင်းရင်းဆေးပညာတွေဆိုတာ အနောက်နိုင်ငံကြီးတွေမှာတောင် အထူးပြုလေ့လာသင်ကြားနေရတဲ့ အလွန်နိုင်ခံ့တဲ့ ပညာရပ်ကြီးတွေပါ။ ဆရာစံပြုစုခဲ့တဲ့ မြန်မာ့ဆေးပညာဆိုင်ရာ ကျမ်းသုံးကျမ်းကို ဘာသာပြန်ပြီး တိုင်းခြားတက္ကသိုလ်ကြီးတွေမှာ တင်သွင်းလိုက်ရင် ဆရာစံကိုတောင် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ပေးမှာမလွဲပါ။

လူ့အခွင့်အရေး အစီရင်ခံစာတွေဆိုတာ ဒီနေ့မှာ ပေါ်လာတာပါ။ ဆရာစံက ဒီနေ့ကမ္ဘာကြီးထက် စောပြီး (နှစ်ပေါင်း ၈၀ ကျော် စောတယ်) လူ့အခွင့်အရေးအစီရင်ခံစာ ရေးခဲ့တာပါ။ ဆရာစံကို **နိုင်ငံရေးအမြင်မကျယ်ဘူး** လို့ ပြောခဲ့တဲ့ ဒေါက်တာမောင်သင်း ဖတ်ကြည့်ပါဦး။

'ဆရာစံဟာ သာယာဝတီ၊ ဖျာပုံ၊ ပြည်၊ ကသာ၊ ရွှေဘို၊ မုံရွာ၊ သရက်၊





အင်းစိန်ခရိုင်များအတွင်း ကျေးရွာများထိ ကွင်းဆင်းလေ့လာပြီး စာတွဲပေါင်း ၁၇၀၊ စာမျက်နှာ ၃၀၀ ကျော်ရှိတဲ့ အစီရင်ခံစာကို ဂျီစီဘီအေကောင်စီချုပ်သို့ ဘင်သွင်းနိုင်ခဲ့ပါတယ်။ ကောက်နုတ်ဖော်ပြရလျှင် . .

စေတီပုထိုး ရုပ်ပွားတော်များကို နည်းအမျိုးမျိုးဖြင့် အထင်အရှားခေါ်ကားခြင်းများအနက် လွန်လွန်းသော အပြုအမူများမှာ ကျင်ငယ်နှင့်ပန်းဘုတ်နှင့်ရိုက်၊ ခြေနှင့်ကန်မှုတို့ ဖြစ်သည်။ ရွာသူရွာသားတို့၏ရှေ့မှောက်တွင် ဘုရားရုပ်ပွားတော်၏ လည်ပင်းကို ကြိုးဖြင့်ဆွဲ၍ 'မင်းတို့ဘုရားသော်မှ ဘို့လက်တွင်း၌ အပြစ်ပေးခြင်းကို မလွတ်နိုင်'ဟု ပြောကြခြင်းဖြစ်သည်'

(၂၀၁၂ မတ်လထုတ် မောင်ရွှေခေတ်၏ ဂဠုန်ဆရာစံ၊ စာ-၂၄)

ဘုရားရုပ်ပွားတော်ကိုမှ စော်ကားနိုင်စက်သည်ဆိုလျှင် ပြည်သူတို့တဝကားဆိုဖွယ်ရာမရှိတော့ပါပြီ။

အခွန်ငွေ မတရားကောက်ခံခြင်း၊ လယ်သိမ်းခြင်း၊ ရိုက်နှက်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ နည်းအမျိုးမျိုးဖြင့် နှိပ်စက်ခြင်းတို့ကို ဆရာစံက လေ့လာပြီး သက်သေခိုင်လုံစွာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ကမ္ဘာ့အစောဆုံး လူ့အခွင့်အရေးအစီရင်ခံစာကို လျစ်လျူရှုခဲ့လို့ လယ်သမားသူပုန်လက်နက်ကိုင်တော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့တာပါ။

ဗြိတိသျှတို့ရဲ့ နေမဝင်အင်ပါယာကြီး မဟာအရှက်တော် ကွဲခဲ့ရပါတယ်။ အိန္ဒိယကစစ်တပ်တွေ ခေါ်ယူနှိမ်နင်းခဲ့တာတောင် ရုတ်တရက် မအောင်မြင်ခဲ့ပါ။ သူရိယ စတဲ့ ပြည်တွင်းသတင်းစာများက ဂဠုန်သူပုန်သတင်းများကို အသားပေးဖော်ပြခဲ့ပါတယ်။ ကမ္ဘာကျော် **နယူးယောက်တိုင်းသတင်းစာကြီး** ကပင် ဆရာစံတော်လှန်ရေးကို ချီးကျူးရေးသားခဲ့ပါတယ်။

'သူ၏သတ္တိ၊ သူ၏ စိတ်ပရိယာယ်များမှာ တမူထူးခြားလှသည်။ သူ၏ ဘိုက်ခိုက်ရည် ရဲစွမ်းသတ္တိသည် **အာရေဗျမှ သူရဲကောင်း လော့ရင့်ကဲ့သို့**ပင် ဖြစ်သည်'

(မောင်ရွှေခေတ်၏ ဆရာစံ ကျောပုံးကောက်စာ ၅)

ဆရာစံတော်လှန်ရေး မအောင်မြင်ခဲ့တာ ခေတ်ပညာမတတ်လို့ မဟုတ်ပါ။ အဲဒီတုန်းက ခေတ်ပညာတတ်ကြီး ဒေါက်တာဘမော်လည်း မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို ဦးဆောင်ခဲ့တာပါပဲ။ ဘာလို့ မအောင်မြင်ခဲ့သလဲ။ ဒေါက်တာဘမော်ကိုယ်တိုင်ရေးပြီး ဆရာမောင်ဆန်းကြယ် ဘာသာပြန်တဲ့ မြန်မာ့လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်ရေးကြိုးပမ်းမှု မှတ်တမ်း'စာအုပ်ကြီးကို တန်ဖိုး ၇၀၀၀ ကျပ်ဖြင့် ဝယ်ဖတ်ကြည့်ပါဘိ။

လယ်သမားတွေနဲ့ ပြည်သူကို ကယ်တင်မယ်ဆိုတဲ့ ဆရာစံဟာ သူ့ကိုယ်သူတောင် မကယ်တင်နိုင်ဘဲ ကြိုးစင်တက်သွားရတယ်လို့ ပါမောက္ခ ဒေါက်တာမောင်သင်း လှောင်ပြောင်ပြက်ရယ် ပြုထားပါတယ်။

ဒါဖြင့် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရတာကိုရော ဘယ်လိုပြောမလဲ။ သူ့ကိုယ်သူ မကယ်တင်နိုင်ဘူးလို့ ပြောမှာလား။ ကမ္ဘာ့တော်လှန်ရေးသမိုင်းတွေမှာရော၊ ချက်က ဂျူလီယက်ဖူးချစ်၊ ဖိလစ်ပိုင်က ဒေါက်တာ ဂျိုဆေးရီဇော်၊ ဗီယက်နမ်က ငုယင်ဗန်ထရွိုင်းတို့ဟာ နယ်ချဲ့တို့လက်မှာ ကျဆုံးသွားတာနဲ့ 'ကိုယ့်ကိုယ်ကိုယ် မကယ်တင်နိုင်သူများ'လို့ မှတ်တမ်းရေးထိုးရတော့မှာလား။ သူတို့ရဲ့ သမိုင်းမော်ကွန်းကို ဆရာချိန်(ပဲခူး)က ၂၀၁၂ မတ်လထုတ် 'ဗိုလ်ချုပ်အောင်ဆန်းနှင့် ကမ္ဘာကျော်တိုက်ပွဲဝင် အာဇာနည်များ' စာအုပ်မှာ ဂုဏ်ပြုရေးသားထားပါတယ်။

'အမျိုးဘာသာ သာသနာပညာ ကြီးပွားရာ ကြီးပွားကြောင်း ဆောင်ရွက်လို့ အခုလို ကြုံတွေ့ရတာပဲ၊ သုခလို့ မှတ်ပါတယ်။ . . . 'ဖြစ်လေရာဘဝမှာ အင်္ဂလိပ်ကို အနိုင်ရခဲ့တဲ့ကိုယ် ဖြစ်ပါစေလို့ ကြုံးပဆုတောင်းပြီး ဆရာစံကြိုးစင်ပေါ် ရဲရဲကြီးတက်သွားပါသတဲ့ ဒေါက်တာမောင်သင်းရေ . . ။ အမျိုးသားစာဆိုတော်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းက

'ရဂုံစံ ချစ်စရာတပည့်တို့မှာဖြင့်

ဦး အရဟံ သစ္စာကတိတွေနဲ့


ဂဠုန် သရဏံ ဂစ္ဆာမိကြပေတော့ . . ' လို့

ဂုဏ်ပြုရေးသားရလောက်အောင် ဆရာစံလယ်သမားအရေးတော်ပုံကြီးဟာ သမိုင်းဂုဏ်ရောင် ထွန်းပြောင်ခဲ့ကြောင်းပါ ဒေါက်တာမောင်သင်းခင်ဗျား။

[၂၃-၅-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

■






# ဟင်္သာကိုးဆောင်းနဲ့ဥဒေါင်းပုံပြင်

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | - | ကျွန်တော်သိသော ခေတ်သစ်ဟသ်ာကိုးသောင်းပုံပြင် |
| ရေးသူ | - | မောင်မောင်(ရွှေကရဝိက်) |
| ထုတ်ဝေကာလ | - | ၂၀၁၂၊ မေလ |
| စာမူခွင့်ပြုချက် | - | ၃၁၀၄၄၀၂၁၂ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |
| ထုတ်/ဖြန့် | - | ပြည့်စုံစာပေ |

ဇာတ်တူသားစားလို့ ဟသ်ာကိုးသောင်း ပျက်စီးရပုံ ဇာတ်ဝတ္ထုကို ပုံဆောင်ပြီး 'ကျွန်တော်သိသော ခေတ်သစ်ဟသ်ာကိုးသောင်းပုံပြင်' စာအုပ်ကို ဆရာမောင်မောင်(ရွှေကရဝိက်)က သမိုင်းမှတ်တမ်းတစ်ပုဒ်အဖြစ် ရေးသားထုတ်ဝေလိုက်ပါတယ်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ် ၁၉၉၂ က မြန်မာပြည်အရှေ့မြောက်ပိုင်း နယ်စပ်တစ်နေရာမှာ ABSDF အမည်ခံ ကျောင်းသားတပ်မတော်အတွင်း အချင်းချင်းကျူးလွန်တဲ့ လူသတ်ပွဲငရဲခန်းအကြောင်း တစေ့တစောင်းဖော်ထုတ်ရေးသားတဲ့စာအုပ် ဖြစ်ပါတယ်။ ပဲခူးရိုးမမှာ ဗကပ တို့ရဲ့ ဖြုတ်ထုတ်သတ် လူသတ်ပွဲကြီးများထက်ပင် ရက်စက်ပြင်းထန် သားရဲတိရစ္ဆာန်ကြီးတွေထက်တောင် အမျက်စောင်မာန်ကြီးတဲ့ သွေးချောင်းစီးလူသတ်ပွဲအကြောင်း ဖွင့်ချထားတဲ့စာအုပ်ပါ။

ဒီစာအုပ် မထွက်ပေါ်မီ သုံးလေးလခန့်ကပင် ပေါ်ပြူလာနယူးစ်ဂျာနယ်နဲ့ မက်ဆင်ဂျာ ဂျာနယ်တွေမှာ ပန်းချီထိန်လင်းရဲ့ 'ကျွန်တော် လူကက်ဆက်' ဆောင်းပါးကို အသားတဆတ်ဆတ်တုန်အောင် ဖတ်ခဲ့ရပါတယ်။ လက်နက်ကိုင်တော်လှန်ရေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကို ပိုးစိုးပက်စက် မြင်တွေ့လိုက်ရပါတယ်။ ၂၀၀၆ ခုနှစ်မှာ စစ်အစိုးရက ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲကို





လည်း ပြန်သတိရလာပါတယ်။ အဲဒီတုန်းက အေဘီ(မြောက်ပိုင်း)က ထွက်ပြေးလွတ်မြောက်လာတဲ့ ကျောင်းသားတွေကိုယ်တိုင်က သူတို့ ဘယ်လိုအနှိပ်စက်ခံခဲ့ရပါတယ်ဆိုတာ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ စစ်အစိုးရကလုပ်တဲ့ သတင်းစာရှင်းလင်းပွဲဆိုတော့ ထုံးစံအတိုင်း ရာနှုန်းပြည့် မယုံကြည်ခဲ့ပါဘူး။ ဒီ ကျောင်းသားဆိုတဲ့ လူငယ်တွေဟာ အစိုးရက ဖိအားပေးလို့ တော်လှန်ရေးကို အပုပ်ချထွက်ဆိုခဲ့တာလို့ ထင်မိခဲ့ပါတယ်။ ခုတော့ ပန်းချီထိန်လင်းတို့လို ပုဂ္ဂိုလ်တွေကလည်း ဖြစ်ရပ်မှန်တွေကို ဖွင့်ချနိုင်ခဲ့ပြီ။ ယခု မောင်မောင်(ရွှေကရဝိက်)ရေးတဲ့ ဟသ်ာကိုးသောင်းစာအုပ်မှာလည်း ဖော်ထုတ်လိုက်ပြီဆိုတော့ တော်လှန်ရေးတေးသံအစား ငရဲခန်းကအော်သံများကို အတိုင်းသား ကြားလိုက်ရသလို စုပ်သပ်မိပါရဲ့။

အေဘီ(မြောက်ပိုင်း)မှာ ဖြစ်ပျက်ခဲ့တာတွေဟာ နာဇီတွေရဲ့ အော့စ်ဝင်အကျဉ်းစခန်းမှာ ဖြစ်ပျက်ခဲ့တာတွေထက် မလျော့တဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာတွေ၊ ကမ္ဘောဒီးယားတို့၊ ဆာရာယေဗိုတို့မှာ ဖြစ်ပျက်ခဲ့တဲ့ ဆိုးရွားလှတဲ့ အနိဋ္ဌာရုံတွေလိုမျိုး အဖြစ်အပျက်တွေလို့ မောင်မောင်(ရွှေကရဝိက်)က နိဒါန်းမှာ ရေးထားပါတယ်။ အီရတ်က 'အဘူဂါရိုတ်' အကျဉ်းထောင်မှာ အကျဉ်းသားတွေ နှိပ်စက်ခံရတယ်ဆိုတာ မူလတန်းအဆင့်လောက်ပဲ ရှိသေးတယ်၊ ABSDF က ဆရာကြီးတွေရဲ့ လုပ်ရပ်တွေက တက္ကသိုလ်အဆင့်ပါလို့ ဆိုထားပါတယ်။ ဟသ်ာကိုးသောင်းမှာ သိသာရုံ ဥဒါဟရုဏ်ဆောင်ထားတာက

'လူသတ်ပွဲကြီး မတိုင်ခင်ရက်ပိုင်းက လူသတ်ကုန်းပေါ်မှာ ကျော်ဆေ့ခေါင်းဖြတ်ပြီး ထွန်းအောင်ကျော်ကို လည်ပင်းငုတ်တိုက သွေးတွေ စုပ်သောက်နိုင်းတာတွေ၊ ချိုကြီးရဲ့လက်ကို ဓားနဲ့ခုတ်ဖြတ်ပြီး ထွန်းအောင်ကျော်ပါးစပ်ထဲ ကိုက်ခိုင်းထားတာတွေကို တိတိကျကျ မြင်တွေ့ခဲ့ရတဲ့သူတစ်ယောက်ဖြစ်တဲ့ 'အိုကေ'တစ်ယောက်လည်း ရှိနေသေးတာပဲ' တဲ့။ (နိဒါန်းမှ)

ထွန်းအောင်ကျော်ဆိုတာ မန္တလေး ဂျီတီအိုင်ကျောင်းသားခေါင်းဆောင်ဗကသ(အထက်မြန်မာပြည်ရဲ့ ဥက္ကဋ္ဌ) ထက်မြက်တယ်၊ ရည်ရွယ်ချက်ကြီးတယ် လူချစ်လူခင်များတယ်။ ရှစ်လေးလုံးအရေးအခင်းကြီးရဲ့ နိဂုံးမှာ ကိုထွန်းအောင်ကျော်နဲ့ ကျောင်းသားလူငယ်များ KIA နယ်မြေထဲ ပြေးဝင်လာကြတယ်။

'နောက်ပိုင်း KIA နယ်မြေကို တောခိုလာတဲ့လူတွေ များလာတော့



www.burmeseclassic.com

www.burmeseclassic.com



အောက်ပိုင်းက ABSDF တို့၊ တခြား သူပုန်အဖွဲ့တို့နဲ့ ညှိနှိုင်းပြီးတော့ ကချင်ပြည်နယ် ABSDF ဆိုပြီးတော့ ABSDF (KS) ဆိုပြီးတော့ သီးသန့်အဖွဲ့တစ်ဖွဲ့အဖြစ် ထားပေးထားတယ်'

'အဲဒီအဖွဲ့က ABSDF ဗဟိုနဲ့ ဆက်သွယ်ပြီးနောက် မြန်မာတစ်နိုင်ငံလုံးက ကျောင်းသားအခြေခံ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်၊ UG တွေနဲ့ ဆက်သွယ်၊ အချိန်တွေ ကြာလာတာနဲ့အမျှ မြို့ပေါ်က ကျောင်းသားတွေ မြို့စုံနယ်စုံက တဖွဲဖွဲနဲ့ တောထဲရောက်လာကြတယ်။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းက လူငယ်တွေ အရောက်များလာတယ်။ ဒီတော့ ABSDF ဆိုတဲ့ ကချင်ပြည်နယ်တစ်ခုတည်း ကိုယ်စားပြုတာ မဖြစ်သင့်ဘူး။ မြောက်ပိုင်းဆိုတဲ့နာမည်နဲ့ ABSDF(NB) ပြန်ဖွဲ့မယ်ဆိုတော့ ဖွဲ့စည်းပုံပြန်ဆွဲ၊ ရွေးချယ်ပွဲတွေလုပ်တော့ အရည်အချင်းရှိတဲ့၊ နိုင်ငံရေးစကားပြောတတ်တဲ့၊ မြေပေါ် အတွေ့အကြုံရှိတဲ့ မြို့ပေါ်ကလူတွေထဲကပဲ ကော်မတီဝင်တွေအဖြစ် ရွေးချယ်ခံခဲ့ရတယ်။

တောထဲကို အရင်ရောက်၊ အရင်သေနတ်ကိုင်ပြီး အရင်ခေါင်းဆောင်လုပ်နေတဲ့သူတွေထဲက တချို့ပဲ ကော်မတီမှာ အရွေးချယ်ခံရတယ်။ သူတို့ကိုလည်း ပစ်ပယ်လို့မရတော့ သူတို့ကျွမ်းကျင်တဲ့ စစ်ရေးကော်မတီထဲမှာ နေရာပေးထားရ။

ဒါပေမဲ့ စစ်ရေးကော်မတီက ဗဟိုကော်မတီရဲ့ လက်အောက်မှာဆိုတော့ တောထဲ အရင်ရောက်ခဲ့သူတွေက လက်အောက်ခံဖြစ်နေရတာကို မကျေနပ်၊ အရင်တုန်းကလို သူတို့ချည်းပဲ ရာသက်ပန်ခေါင်းဆောင်ကြီးတွေ လုပ်မရတော့ဘဲ ဖွဲ့စည်းပုံနဲ့ ရွေးကောက်ပွဲနဲ့ ဖြစ်လာတော့ အမြဲတမ်း ခေါင်းဆောင်လုပ်ချင်တဲ့ စစ်ရေးခေါင်းဆောင်တွေက နောက်တက်လာတဲ့ ကော်မတီဝင်တွေကို နဝတထောက်လှမ်းရေးဆိုပြီး သူတို့အသိုင်းအဝိုင်းထဲမှာ အမုန်းတီးနာမည်တပ်ပြီး အာဏာလု၊ ရှင်းလင်းရေးလုပ်တဲ့ပွဲပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်'

(ဟသ်ာကိုးသောင်း၊ စာ–၄၈၊ ၄၉)

အဲဒီမှာ သံချောင်း (၂၀၀၆ တွင် လက်နက်ချပြီး ယခု သာယာဝတီထောင်ထဲမှာ)နဲ့ မျိုးဝင်းတို့က စစ်ရေးတာဝန်ခံတွေ၊ နိုင်ငံရေးအားကောင်းတဲ့ ဥက္ကဋ္ဌ ကိုထွန်းအောင်ကျော်နဲ့ မန္တလေးက ကျောင်းသားအများစုကို သူလျှိုထောက်လှမ်းရေးအဖြစ် နှိပ်စက်ညှဉ်းပန်း စွပ်စွဲပြီး ခေါင်းဖြတ်သတ်တဲ့အထိ





ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့သူတွေ ဖြစ်တယ်။

'ပြဿနာရဲ့ အစဦးဆုံးက စိုးမင်းအောင်လို့ နာမည်ရှိတဲ့ မန္တလေးမြို့သားက ကျောင်းသားလေးတစ်ယောက် ထွက်ပြေးတာကို ရွှေလီမှာ ဖမ်းမိတယ်။ ဗဟိုမှာ ရှစ်လေးလုံး သုံးနှစ်မြောက် အခမ်းအနားလုပ်ချိန်တဲ့၊ တိုက်ဆိုင်နေလို့ အရေးကြီးတယ်၊ ရိုးရိုးသားသား မဖြစ်နိုင်ဘူး၊ ပေါ်အောင်စစ်ပါလို့ မျိုးဝင်းက စက်နဲ့ အမိန့်ပေးလို့ စစ်ကြရာက ၁၀–၈–၉၁ ရက်မှာ ထွက်ချက်အရဆိုပြီး လူငါးယောက်ဖမ်းတာက စတာပဲတဲ့'

(စာ–၆)

အဲသလိုနဲ့ ဖမ်းလိုက်တာ လူသုံးရာကျော်ရှိတဲ့ ကျောင်းသားစခန်းမှာ လူတစ်ရာကျော်လောက်ဟာ ထောက်လှမ်းရေး နဝတ သူလျှိုတွေလို့ စွပ်စွဲခံရတယ်တဲ့။ ထောက်လှမ်းရေးလို့ ဝန်မခံရင် နှိပ်စက်နည်းပေါင်းမျိုးစုံနဲ့ ညှဉ်းဆဲကြတာမို့ အနာသက်သာအောင် ဝန်ခံလိုက်ရတာလို့ ဆိုပါတယ်။ တောထဲမှာလည်း ထောင်နဲ့ ထောင်မှူးနဲ့၊ ထောင်သား ကျောင်းသားတွေခမျာတော့ ကျွန်ခေတ်ထက်ဆိုးတဲ့ဘဝ ရောက်သွားပြီး အလုပ်ကြမ်းတွေလုပ်ကြရ၊ အမျိုးမျိုး ညှဉ်းဆဲခံရ၊ သီချင်းဆိုခိုင်းလည်း ဆိုပြရ။ (ပန်းချီထိန်လင်းရဲ့ လူကက်ဆက် ဆောင်းပါးမှာ ရင်နင့်စဖွယ် အကျယ်ရေးထားလေရဲ့)

'မတရားတာတွေ၊ အနိုင်အထက် ပြုကျင့်မှုတွေ၊ လွတ်လပ်မှု မရှိတာတွေ၊ အဂတိလိုက်စားမှုတွေကို ပြုပြင်နိုင်ဖို့အတွက် အိပ်မက်မက်ပြီး ယုံကြည်မှုတွေ တစ်ပုံတစ်ပင်နဲ့၊ ဦးတည်ချက် ရည်မှန်းချက်တွေ အများကြီးထားပြီး မြို့ပြဘဝတွေကို စွန့်လွှတ်၊ မိဘတွေ မိသားစုတွေကို ခွဲခွာပြီး ရည်မှန်းချက်တူရာလူငယ်တွေ စုစည်းလို့ တောရိပ်တောင်ရိပ်ကို ခိုအောင်းပြီး အနေဆင်းရဲအစားဆင်းရဲ တော်လှန်ရေးလုပ်လိုက်ကြတာ ဒီရောက်တော့ ဘာတွေဖြစ်ကုန်ပြီလဲ'

(စာ–၄၃)

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှာ နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ပြီးတော့ ကျောင်းသားတပ်မတော်က ပွဲတော်ကြီးတစ်ခု သမိုင်းတွင်မယ့် ပွဲတော်ကြီးတစ်ခု ကျင်းပပြုလုပ်ခဲ့ကြတာတဲ့။ ဘာပွဲလဲ သိလား။ အစုလိုက် အပြုံလိုက် လူသတ်တဲ့ပွဲတဲ့ဗျာ။ သူတို့လိုပဲ ယုံကြည်ချက်နဲ့ တောခိုလာတဲ့ ကျောင်းသားတွေထဲက အတူနေ အတူစား လုပ်ဖော်ကိုင်ဖက်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



၁၅ ယောက်ကို သွေးအေးအေးနဲ့ ဓားနဲ့ခုတ် သတ်ခဲ့ကြတာတဲ့။ ကျောင်းသားခေါင်းဆောင် ကိုထွန်းအောင်ကျော်တို့ ချုံကြီးတို့အပါအဝင် တစ်ချိန်တည်းမှာ ၁၅ ယောက် သတ်လိုက်တာတဲ့'

(စာ-၆၇)

စစ်ကြောရေးလုပ်ရင်း လက်လွန်သွားလို့ သေသွားသူတွေလည်း အများကြီး၊ အချုပ်ထောင်ထဲမှာလည်း ကျောင်းသားလူငယ် ၇၀ လောက် ကျန်နေသေးတယ်။ အဲဒီအချိန်မှာ စာရေးသူ မောင်မောင်(ရွှေကရဝိက်)က တောထဲရောက်လာတာပါ။ အဖမ်းခံထားရတဲ့ သူ့ညီကို လာတွေ့တာပါတဲ့။ မျိုးဝင်းက သူ့ညီနဲ့ တွေ့ခွင့်ပေးချိန်မှာ သူ့ညီက မန္တလေး ထောက်လှမ်းရေးတပ်က ဗိုလ်ညီညီပါလို့ ဝန်ခံပြောဆိုပါသတဲ့။ (နှိပ်စက်သတ်ဖြတ်ခံရမှာကြောက်လို့ မျိုးဝင်းရှေ့မှာ တမင်ပြောနေတာ)

ဒါပေမဲ့ မျိုးဝင်းတို့မှာလည်း ဒီလူ ၇၀ လောက်ကို ဖမ်းထားရတာ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေတယ်။ စာရေးသူ မောင်မောင်(ရွှေကရဝိက်)က မိဘတွေလာခေါ်ရင် ဖမ်းထားသူတွေ ပြန်လွှတ်ပေးဖို့ အကြံပေးတယ်။ မျိုးဝင်းနဲ့ နားလည်မှုရပြီး ဆရာမောင်မောင် မန္တလေး ပြန်ရောက်လာတယ်။ ထောက်လှမ်းရေးတပ်ကို သတင်းပို့ရတယ်။ မေးသမျှ ဖြေရတယ်။

(စာ-၁၄၄)

သူ့ရည်ရွယ်ချက်ကတော့ သူ့ညီကို ကယ်ဖို့နဲ့ တောထဲမှာ အဖမ်းခံထားရသူတွေ လွတ်မြောက်စေဖို့ပါပဲတဲ့။ သူ့အနေနဲ့ တော်တော်ကြိုးစားခဲ့ရတယ်။ ရန်ကုန်က ကျောင်းသားမိဘတွေကိုလည်း သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြရတယ်။ ဟိုမှာ အဖမ်းခံထားရတဲ့ ကျောင်းသား ဝဏ္ဏဇော်ရဲ့အဖေ ရုပ်ရှင်မင်းသားကြီး ဇော်ခင်ကိုလည်း လိုက်ရှာရတယ်။

ဒီလိုနဲ့ ၁၅-၃-၉၂ မှာ မိဘခြောက်ယောက်နဲ့အတူ ဆရာမောင်မောင် အောဘီ(မြောက်ပိုင်း)စခန်းဆီ တစ်ခေါက်ထွက်ခဲ့ပြန်တယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ ပြန်လွှတ်မပေး။ မိဘတွေ ငိုယိုတောင်းပန်ပေမယ့် အချည်းနှီး။ မိဘတစ်ဦးဖြစ်တဲ့ ဒေါ်ခင်နှင်းကြည်က KIO အတွင်းရေးမှူး ဦးဇော်ခါးရားနဲ့ တွေ့ခွင့်ရစဉ် "KIO က ဒီစခန်းမှာ နောက်ထပ် လူတစ်ယောက်မှ မသတ်ဖို့တော့ တားမြစ်ပေးပါ့မယ်"လို့ အာမခံလိုက်တယ်။ စာရေးသူ ကိုမောင်မောင်က အမေရိကန်သံရုံးက ပထမအတွင်းဝန်နဲ့ တွေ့ဆုံပြီး အကူအညီတောင်းတယ်။





အတွင်းဝန်ဆီကလည်း "အဲဒီစခန်းမှာ လူသတ်မှု နောက်ထပ် မဖြစ်စေရပါဘူး"ဆိုတဲ့ အာမခံတဲ့စကား ကြားခဲ့ရပါတယ်။

ဟုတ်ပါတယ်။ အဲဒီနောက် အောဘီ(မြောက်ပိုင်း)စခန်းမှာ ကျောင်းသားတွေကို သတ်တဲ့သတင်း မကြားရတော့ပါဘူး။ အချုပ်ခံထားရတဲ့သူကောထဲမှာ ၅၄ ဦး ထွက်ပြေးလွတ်မြောက်လာခဲ့ပါတယ်။ တကယ့် မဟာစွန့်စား ...ကြီးပါပဲ။ နောက်ပိုင်းမှာ အောဘီပျက်သွားပြီးနောက် လူသတ်ပွဲဆင်နွှဲခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ နိုင်ငံခြားတိုင်းပြည်တွေရောက်၊ ဒီမိုကရေစီအရေးတော်လှန်ရေးအကြောင်းတွေ ပြောနေစဉ်မှာပဲ အစိုးရသစ်ပေါ်ပေါက်လာ၊ သမ္မတကြီးကိုယ်တိုင်က ပြန်လာဖို့ ဖိတ်ခေါ်လိုက်တဲ့အခါ . .

"ABSDF က ပုဂ္ဂိုလ်ကြီးများ ဒီမိုကရေစီသူရဲကောင်းကြီးတွေ လုပ်ပြီးတော့ နောက်ဆုံးအချိန်အထိ လက်နက်မချစတမ်း တော်လှန်ရေးလုပ်လာတဲ့သူတွေအဖြစ် သူတို့ကိုယ်သူတို့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြန်ရောက်လာမလားလို့ တွေးမိတယ်။ သူတို့ပြန်လာကြရင် ဘာလုပ်ကြမလဲ။ ကျွန်တော်ကတော့ ဘာမှ မလုပ်နိုင်ပါဘူး။ နိုင်ငံတော်က၊ တရားဥပဒေက၊ ပြည်သူက လုပ်နိုင်တယ်။ သူတို့ကျူးလွန်ခဲ့တဲ့ ပြစ်မှုအပေါ် စစ်ဆေးနိုင်တယ်။ အပြစ်ရှိရင် အရေးယူအပြစ်ပေးနိုင်တယ်"လို့ စာရေးသူက ဟသ်ာကိုးသောင်းနိဒါန်းမှာကတည်းက သတိပေးရေးသားထားပါတယ်။

ရက်ရက်စက်စက် အသတ်ခံခဲ့ရတဲ့ ကိုထွန်းအောင်ကျော်တို့ရဲ့ ဝိညာဉ်အော်သံများကို ဒီနေ့ နှစ်ပေါင်း ၂၀ ကျော်အကြာမှာ ပြန်ကြားလိုက်ရခြင်းလည်း ဖြစ်ပါတယ်။

[၆-၇-၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

■



www.burmeseclassic.com


www.burmeseclassic.com

"

ဆရာရဲ့ဘော်ဘာခက်ကိုယ်တိုင်ကတော့
ကွန်မြူနစ်ပါတီရဲ့ နေ့ရက်များကို
"လမိုက်ညငရဲခန်းများ" လို့ တင်စားခဲ့ပါတယ်။
"ဘာခက်အကြောင်း" ဟာ
ကွန်မြူ နစ်ဟောင်းကြီးတစ်ဦးရဲ့
အဆုံးမရှိနိုင်တဲ့ ငိုချင်းရှည် သံဝေဂတေးတစ်ပုဒ်ပါပဲ။

"





# ကွန်မြူနစ်ဟောင်းကြီးတစ်ယောက်ရဲ့ လမိုက်ည ငရဲခန်းများထဲက ငိုချင်းရှည် သံဝေဂတေး

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ဘခက်အကြောင်း |
| ရေးသူ | – | ရဲဘော်ဘခက် |
| ထုတ်ဝေကာလ | – | ၂၀၁၂ ဇူလိုင် |
| စာမူခွင့်ပြုချက် | – | ၃၁၀၁၁၇၀၅၁၂ |
| တန်ဖိုး | – | ၇၀၀၀ ကျပ် |
| ထုတ်/ဖြန့် | – | အားမာန်သစ်စာပေ |

ယနေ့တိုင် လမ်းဘေးမှာ ဈေးကြီးပေးဝယ်နေရတဲ့ 'သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ'စာအုပ်ကြီးကို ဦးဆောင်ပါဝင်ရေးသားခဲ့တဲ့ ဆရာရဲဘော် ဘခက်ရဲ့ 'ဘခက်အကြောင်း'စာအုပ်ကြီးကို တစ်ညလုံး မိုးလင်းလုအထိ ဖတ်အပြီးမှာ သင်ခန်းစာတွေ သံဝေဂတွေ တနင့်တပိုးကြီး ရလိုက်ပါတယ်။

ဒီစာအုပ်မှာ ဘခက်အကြောင်းထက် ဗမာပြည်ကွန်မြူနစ်ပါတီ အကြောင်းက ပိုကဲလွှမ်းမိုးထားတာတွေ့ရပါတယ်။ ဒါလဲ သဘာဝကျပါတယ်။ ကွန်မြူနစ်ပါတီဟာ ခန္ဓာကိုယ်ကြီးဆိုရင် ရဲဘော်ဘခက်ဟာ အဲဒီ ခန္ဓာကိုယ် ကြီးရဲ့ ကိုယ်အင်္ဂါအစိပ်အပိုင်းတစ်ခုဖြစ်ခဲ့တာကိုး။ ဒီနေ့ ကမ္ဘာမှာ ကွန်မြူနစ် ဝါဒကျဆုံးသွားသည့်တိုင် မြန်မာပြည်မှာလည်း ကွန်မြူနစ်ပါတီရယ်လို့ ထင်ထင်ရှားရှား မရှိတော့ပေမယ့် အကြောင်းတိုင်ဆိုင်လာတိုင်း ကွန်မြူနစ် တမ်းချင်းကို လွမ်းသံနှောလို့ ပြောနေရတုန်းမဟုတ်ပါလား။

နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ သမိုင်းစဉ်မှာ ကွန်မြူနစ်ပါတီရဲ့ ဩဇာအရှိန်အဝါက အင်မတန်ကြီးခဲ့တာကိုး။ ကွန်မြူနစ် တေ့ ‌ ပါ မျှော်လင့်မိသူများဘက်ကလည်း အစွဲအလန်းကြီးခဲ့ကြတာ





အမှန်ပါပဲ။ ကွန်မြူနစ်ပါတီကို စွန့်ခွာပြီး လက်နက်ချအလင်းဝင်လာခဲ့သူများ အောင် သူတို့ပါတီနဲ့ ဝါဒအပေါ် သံယောဇဉ်နှောင်ဖွဲ့ထားတုန်းဆိုတာ ကိုယ့် ဘတ်ဝန်းကျင်မှာ မကြာခဏ တွေ့မြင်နေရပါတယ်။

ဒီစာအုပ်ကြီး(စာမျက်နှာ ၅၉၈ မျက်နှာရှိ)မှာ ကိုကိုမောင်ကြီး၊ တက္ကသိုလ် ငြိမ်းတင်နဲ့ ကျော်ဝင်းတို့က အမှာစာရေးပေးထားကြပါတယ်။ ဆရာကိုကိုမောင် ကြီးရဲ့ အမှာစာမှာ

'ကိုယ်ဘခက် သူ့ဘဝအကြောင်းကိုပြောရင်း ဗကပရဲ့ နောက်လိုက်လူ ငယ်တစ်ဦးအနေဖြင့် ပြည်တွင်းစစ်ဆိုတဲ့ အကွေ့အကောက်များလှတဲ့ နိုင်ငံ ရေး ခရီးကြမ်းတစ်လျှောက်လုံး လိုက်ပါစီးမျောရင်း တွေ့ကြုံခံစားခါးသီး နာကျည်းခဲ့ပုံကို တင်ပြထားတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ....... မှားခဲ့တာကို မှားခဲ့တဲ့အတိုင်း ရိုးသားစွာ တင်ပြထားတာကိုလည်း တွေ့ရ ပါတယ်'လို့ နိဒါန်းမှာရေးထားပါတယ်။

ဗကပဟာ ၁၉၄၈ မှာ လက်နက်ကိုင် တော်လှန်ရေးစတင်၊ ၁၉၅၉ မှာ အထူးအောင်မြင်ခဲ့သော်လည်း '၁၉၅၀ ပြည့်ကုန်ဆုံးကာနီးလောက်မှာဆိုရင် ဗကပ ခေါင်းဆောင်အင်အားစုဟာ တရွေ့ရွေ့နဲ့ကျဆင်းလာခဲ့တယ်။ ဗကပ အပါအဝင် တောခိုတပ်ဖွဲ့တွေဟာ မိမိတို့ သိမ်းပိုက်ထားတဲ့ နေရာဌာနတွေကို နှစ်ပေါင်းများစွာ ရှည်ကြာအောင် သိမ်းပိုက်ထားနိုင်စွမ်း မရှိခဲ့ကြဘူး။ သူတို့ ရဲ့ နိုင်ငံရေး စီးပွားရေး အုပ်ချုပ်ရေးအစရှိတဲ့ လုပ်ငန်းတွေကိုလည်း အောင် မြင်အောင်သော်လည်းကောင်း၊ ရှေ့နောက် ညီညွတ်အောင်သော်လည်းကောင်း မလုပ်နိုင်ခဲ့ကြဘူး။ ဒါကြောင့် ဗကပအတွင်းမှာ ခေါင်းဆောင်အချင်းချင်း လည်း မယုံကြည်ကြ၊ မညီညွတ်ကြ။ ခေါင်းဆောင်နှင့် နောက်လိုက်အချင်း ချင်းလည်း မယုံကြည်ကြ၊ နောက်ဆုံးကျတော့ 'ဖြုတ်၊ ထုတ်၊ သတ်' ဆိုတဲ့ မကောင်းဆိုးဝါးလုပ်ရပ်များသာလျှင် ကြီးစိုးလာခဲ့ပြီး ဗကပရဲ့ ဇာတ်သိမ်းခန်း နဲ့အတူ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များသည်လည်း ရောက်ရှိလာခဲ့ ဘာကို ကျွန်တော်တို့အားလုံး တွေ့မြင်ကြားသိခဲ့ရပြီး ဖြစ်ပါတယ်' လို့ ဆရာ ကိုကိုမောင်ကြီးက ဆွေးနွေးတင်ပြသွားပါတယ်။ ဗကပ စစ်ရှုံးတာ နိုင်ငံရေး လမ်းစဉ်မှား လို့ဖြစ်ကြောင်းလည်း သုံးသပ်သွားပါတယ်။

ကွန်မြူနစ်တွေ နိုင်ငံရေးလမ်းစဉ်မှားတာကတော့ အစကတည်းက ဗေထိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာနဲ့ ကွဲပြီဆိုတာလိုပါပဲ။ ကွန်မြူနစ်ဝါဒကို မျိုးစေ့ချ အပင်ပေါက်စေခဲ့တဲ့ ကွန်မြူနစ်ဘိုးအေကြီး သခင်စိုးက နယ်ချဲ့တွေရဲ့အန္တရာယ်ထက် '**ဗိုလ်ချုပ်အောင်ဆန်းကို အဓိကထားပြီး တိုက်ရမယ်**' ဆိုတဲ့ မူဝါဒကို ချမှတ်ခဲ့ကြောင်း ကိုကိုမောင်ကြီးက ဖော်ထုတ်ရေးသားထားပါတယ်။ သခင်သန်းထွန်းကလည်း '**ဗိုလ်ချုပ်အောင်ဆန်းကို အမျိုးသားသစ္စာဖောက်**'လို့ သဘောထားကြောင်း ဘခက်အကြောင်း စာမျက်နှာ ၁၃၆ မှာ ဖော်ပြထားပါတယ်။ သခင်စိုးနဲ့ သခင်သန်းထွန်းအလံနီနဲ့ ဗကပခေါင်းဆောင်နေရာဗိုလ်လုရင်း ကွဲပြားခဲ့ကြပေမယ့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် သစ္စာဖောက်လို့ စွပ်စွဲတာကတော့ အတူတူပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းဟာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဦးဆောင် ဆင်နွှဲအောင်ပွဲရခဲ့ပြီးတဲ့နောက် အင်္ဂလိပ်တို့ရဲ့ ဘုရင်ခံကောင်စီထဲပါဝင်ခဲ့ပါတယ်။ 'အလိုတော်ရိ'အဖြစ်ပါဝင်ခဲ့တာမဟုတ်ပါဘူး။ 'တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရင်ပေး၊ မပေးရင် ချမယ်'ဆိုတဲ့ ရာဇသံပေးပြီး လူထုခေါင်းဆောင်အဖြစ်ပါဝင်ခဲ့တာပါ။ ပြည်သူလူထုကြီးပေါ် ကွန်မြူနစ်တွေရဲ့ အရှိန်အဝါ ဩဇာအာဏာထက် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရိုးသားဖြောင့်မတ် တော်တည့်မှန်ကန်တဲ့ ခေါင်းဆောင်မှုအရှိန်အဝါက အတိုင်းမသိ ကြီးမားလှပါတယ်။ ဒါကြောင့်လည်း ဗြိတိသျှအစိုးရရဲ့ ပစ်မှတ်ဟာ ဗိုလ်ချုပ်အောင်ဆန်းပဲဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံဖို့ လက်နက်တွေထုတ်ပေးခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရဟာ သခင်စိုး၊ သခင်သန်းထွန်းစတဲ့ ကွန်မြူနစ်တွေကို လုပ်ကြံဖို့ ကြံစည်လုပ်ဆောင်ခဲ့ခြင်း လုံးဝ မရှိခဲ့ပါဘူး။

ဗိုလ်ချုပ်အောင်ဆန်းကို 'အမျိုးသားသစ္စာဖောက်'လို့ စွပ်စွဲတိုက်ခိုက်ခဲ့ကြသော်လည်း ဗိုလ်ချုပ်ကို ခုတုံးလုပ်အသုံးချပြီး ပုံတောင်ပုံညာတောတွင်း တစ်နေရာမှာ '**အာဇာနည်နေ့**'ကျင်းပခဲ့ကြောင်းလည်း 'ဘခက်အကြောင်း' မှာ ဖတ်မှတ်ခဲ့ရပါတယ်။ ၁၉၅၂ တော်လှန်ရေးပြိုကွဲချိန် ဗကပ၊ အလံနီ နဲ့ ပြည်သူ့ရဲဘော်များဟာ ပုံတောင်ပုံညာတောတောင်များဆီ ဆုတ်ခွာလာခဲ့ရပါတယ်။ အင်အားချိနဲ့လာချိန်မှာ သုံးပါတီ ညီညွတ်ရေးလုပ်ဖို့ စေ့စပ်ဆွေးနွေးကြပါတယ်။ အဲဒီမှာ **ပြည်သူ့ရဲဘော်ပါတီ** ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရင်သွေးသဖွယ်ဖြစ်လေတော့ ဖခင်ဗိုလ်ချုပ်အောင်ဆန်းအတွက် 'အာဇာ





နည်နေ့'ကျင်းပပေးဖို့ တောင်းဆိုခဲ့ပါတယ်။ သခင်စိုး၊ သခင်သန်းထွန်းတို့လည်း မချစ်သော်လည်း အောင့်ကာနမ်းဆိုတာလို သဘောတူ လိုက်လျောခဲ့ရပါတယ်။ ၁၉၅၂ ဇူလိုင် ၁၉ ရက်မှာ ပုလဲမြို့နယ်၊ ခင်သာရွာအနီး ပုံတောင်ပုံညာတောကြီးထဲမှာ'အာဇာနည်နေ့' ကျင်းပခဲ့ကြောင်း သိရပါတယ်။ သခင်သန်းထွန်းရဲ့ မိန့်ခွန်းထဲမှာ '.... ဗိုလ်ချုပ်အောင်ဆန်း အသက်ရှင်လျက်မရှိပေတယ်လို့ ဗိုလ်အောင်ဆန်းဟာ ကျွန်တော်တို့နဲ့ အတူရှိလျက်ဖြစ်တယ်လို့ သဘောထားပြီး မပြီးဆုံးသေးသော တော်လှန်ရေးကို ပြီးဆုံးအောင်လုပ်ကြမယ်လို့ သန္နိဋ္ဌာန်ချကြပါ'လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။

(စာ ၁၃၇ ရှု)

တကယ်တော့ ပြည်သူ့ရဲဘော်ရဲ့အားကို လိုချင်လို့ ပရိယာယ်အနေဟန်ဆောင်ပန်ဆောင်ပြောခဲ့တာဖြစ်ပါတယ်။ သူတို့ တကယ်အလေးအနက်ထားတာက ကွန်မြူနစ်ခေါင်းဆောင်ကြီး 'စတာလင်'ပါ။

'၁၉၅၃ ခုနှစ် မတ်လ ၅ ရက်နေ့ဖြစ်သည်။ ထိုနေ့ နံနက်ပိုင်းက ခေါင်းဆောင်ကြီး **မဟာစတာလင်** ကွယ်လွန်အနိစ္စရောက်သွားကြောင်း သတင်းကို မော်စကို ရေဒီယိုမှ ကြေညာသွားလေသည်။ ထိုကြေညာချက်ကြောင့် ဆရာကြီးသခင်စိုးရော၊ သခင်သန်းထွန်းကိုပါ ရုတ်တရက် များစွာလှုပ်ခါသွားစေခဲ့သည်။ ပူဆွေးဝမ်းနည်းခြင်း၊ ကြေကွဲတသခြင်းများဖြစ်ပေါ်စေခဲ့သည်'

'မဟာစတာလင်၏ ဈာပနအခမ်းအနားကို နှစ်ပါတီ ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။ တခမ်းတနားကျင်းပခဲ့ခြင်းဖြစ်သည်။ အလံနီကြီးများကို စတာလင်၏ပုံသဏ္ဍာန်ပြုလုပ်ထားရှိစေသည်။ တူတံစဉ်အလံများကို ဘေးပတ်ပတ်လည်တွင် စိုက်ထူထားစေသည်။ နောက်ကျော နံရံဘက်တွင် ခေါင်းဆောင်ကြီး စတာလင်၏ ပုံကို ချိတ်ဆွဲထားရှိစေသည်။ ဘေးပတ်လည် နံရံများတွင် ခေါင်းဆောင်ကြီး စတာလင်၏ ငယ်ဘဝမှ လှုပ်ရှားမှုဓာတ်ပုံများကို ပြသထားရှိစေသည်'

'ခေါင်းဆောင်ကြီး စတာလင်၏ ရုပ်အလောင်းအား ပါတီ ၂ ရပ်စလုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများသည် ကာဘိုင်သေနတ်များထမ်းပြီး ညလုံးပေါက်



www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျစောင့်ရှောက်ခဲ့ကြသည်။ ၎င်းအပြင် ခေါင်းဆောင်ကြီး မဟာစတာလင်၏ ဂုဏ်ပြောင်သော စွမ်းဆောင်ချက်များကို ဟောပြောကြလေသည်'

(စာ–၁၄၆)

'ဗမာပြည် ကွန်မြူနစ်ပါတီဝင်ကောင်းတစ်ယောက်ဟုတ်မဟုတ်ကို ခေါင်းဆောင်ကြီး မဟာစတာလင်အပေါ်ထားရှိတဲ့ သဘောထား၊ ဆိုဗီယက်ပြည်ထောင်စုအပေါ် ထားရှိတဲ့ သဘောထားနှင့် တိုင်းတာကြည့်ရမှာဖြစ်တယ်' ဟုလည်း သခင်သန်းထွန်းက အဆုံးသတ်တွင် ထည့်သွင်းပြောကြားသွားခဲ့သည်'

'၎င်းအပြင် ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုမှ ကြိုးမဲ့ကြေးနန်းဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုင်း၊ ခရိုင်အားလုံးသို့ ခေါင်းဆောင်ကြီး မဟာစတာလင်အခမ်းအနားများ ကျင်းပရန် ညွှန်ကြားခဲ့သည်'

(စာ ၁၄၇)

ကွန်မြူနစ်တွေက အဲဒီလို တလွဲဆံပင်ကောင်းခဲ့တာပါ။ 'အာဇာနည်' နေ့ကိုတော့ ပြည်သူ့ရဲဘော်က တိုက်တွန်းလို့ စတိမျှ ကျင်းပပါဝင်ခဲ့ပြီး 'မဟာစတာလင်နေ့'ဆိုတာကိုတော့ တခမ်းတနားကျင်းပခဲ့ကြပါတယ်။ အဖေကိုကျော်ပြီး ပထွေးကို လွမ်းတယ်လို့ ဆိုရလေမလား။ သူတို့ တော်လှန်ရေး ကျဆင်းလာတာကိုတော့ မဟာစတာလင်လည်း လာမကယ်နိုင်ပါဘူး။ သခင်သန်းထွန်းကိုယ်တိုင်က . . . 'ကျဆင်းရတဲ့ အကြောင်းပြောရရင် ကျွန်တော်တို့ရဲ့ **လမ်းစဉ်မှားယွင်းမှုဟာ မသေးငယ်တဲ့အကြောင်းဖြစ်တယ်**'လို့ ၂၇–၁၀–၁၉၅၅ မှာ ဝန်ခံပြောကြားသွားပါတယ်။

(စာ ၂၁၆)

လမ်းစဉ်မှားရတဲ့အထဲ အချင်းချင်း မညီညွတ်ဘဲ ပြိုကွဲ၊ ၁၉၅၅ ခုနှစ် မတ်လ တတိယပတ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဗဟိုကော်မတီအစည်းအဝေးစတင် ကျင်းပခဲ့ပတယ်။

'ထိုအစည်းအဝေးစလျှင် စချင်းပင် တစ်နယ်နှင့်တစ်နယ်၊ တစ်ဒေသနှင့် တစ်ဒေသ၊ တစ်တိုင်းနှင့် တစ်တိုင်း အမြင်ချင်းမတူကြ၊ အယူအဆတွေ မတူကြ၊ ခံယူချက်တွေ ကွဲပြားကြသဖြင့် တညီတညွတ်တည်းမဖြစ်ခဲ့။ ထို့





ကြောင့်ပင် အထက်ဗမာပြည် ကွန်မြူနစ်ပါတီမှ ရဲဘော်အောင်သူ(သံမဏိမောင်မောင်)က ဤဗဟိုကော်မတီအစည်းအဝေးမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီဥက္ကဋ္ဌ **သခင်သန်းထွန်းအား ဥက္ကဋ္ဌတာဝန်မှ ဖယ်ရှားပေးရန်** အတွက် အဆိုတင်သွင်းလေသည်။

(စာ–၂၁၇)

ရဲဘော်အောင်သူဟာ အစောပိုင်းမှာကတည်းက သခင်သန်းထွန်းကို ဥက္ကဋ္ဌအဖြစ်တာဝန်မှ ဖယ်ရှားရန် စာရေးပေးပို့တောင်းဆိုခဲ့သူဖြစ်ပါတယ်။ ဒါတွေဟာ လမ်းစဉ်အမှားကိုပြင်ဖို့ထက် ရာထူးအာဏာနေရာလုတယ်လို့ မြင်ပြီးတော့ နောင်အခါမှာ '**ဖြုတ် ထုတ် သတ် လူသတ်ပွဲကြီးတွေ**'ဆီ ဦးတည်စေခဲ့တဲ့ လက်ဦးအကြောင်းတရားများဖြစ်ခဲ့ပါတယ်။

ကွန်မြူနစ်ပါတီ(ဗကပ)ရဲ့ လှုပ်ရှားမှုသမိုင်းနောက်ခံကားပေါ်မှာ 'ဘခက်အကြောင်း'အကျဉ်းချုပ်ကတော့ . . .

'၁၉၃၆ ခုနှစ်ဖွား၊ ရွှေဘိုခရိုင် ဆိပ်ခွန်ဇာတိ၊ အဖ ဦးအောင်စိန်၊ အမိ ဒေါ်ဦး။ ၁၉၄၈ မြို့မအထက်တန်းကျောင်းတွင် ပညာသင်၊ ၁၉၅၉ ရန်ကုန်ပြည်လမ်းဆရာဖြစ်သင် ကောလိပ်တွင် ပညာသင်၊ အကြိုတက္ကသိုလ် သင်တန်းထိနေခဲ့၊ ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး မြေအောင် ဗမာပြည်ကွန်မြူနစ်ပါတီသို့ ဝင်ရောက် ·တောခိုခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်တွင် တာဝန်ယူခဲ့သည်'

၁၉၅၈–၆၀ ယူဂိျတာဝန်ခံ၊ ၁၉၆၃ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဗပကကိုယ်စားလှယ်၊ ၁၉၆၅ ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းတက်၊ ဗကပ ဗဟိုဌာနချုပ်ရဲ့ စခန်းကော်မတီအဖွဲ့ဝင်၊ ရုံးအုပ်တာဝန်။ ၁၉၆၇ ပြေ ၂၇ ရက်နေ့တွင် သခင်သန်းထွန်းက 'ဗမာပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းဝင်အောင်ပွဲနေ့'အဖြစ်သတ်မှတ်ကာ ရဲဘော်ဘတင်(ဂိုရှယ်)၊ ရဲဘော်ဌေးနှင့် ရဲဘော်ဘခက်တို့ကို ဖမ်းဆီးခဲ့သည်။ ၁၉၆၇ ဇွန်လ ၆ ရက် အသတ်ခံရဆဲဆဲအချိန်တွင် ရဲဘော်ဘခက် ထွက်ပြေးလွတ်မြောက်ခဲ့သည်'

အဲဒီနောက် ရဲဘော်ဘခက်တို့ရေးတဲ့ 'သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ'ပေါ်ထွက်လာ၊ ရဲဘော်ဘခက်ကို တစ်ပြည်လုံးကဆဲဆိုပြီး ပြဿနာပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၊ သူတို့ဖွင့်တဲ့ မြရာပင်စာပေ(ယခု နေပြည်တော် ရုပ်ရှင်ရုံအောက်က Aroma Cafe)ကို ဗုံးခွဲခံရနဲ့ . . . သံဝေဂ ရစရာတွေချည်းပါပဲလား။ ဆရာကျော်ဝင်းရဲ့ စကားဦးမှာ . .

'ဆိုဗီယက်ယူနီယံပြိုကွဲကာစ ထွက်ပေါ်ခဲ့သော အယူအဆတစ်ရပ်ရှိသည်။ 'နတ္ထိပြန်ရိုက်ချက် Nichilist backlast' ဟု ခေါ်သည်။ တော်တော်များများ ထင်နေကြသည်က အာဏာရှင်စနစ်တစ်ခုလွန်လျှင် ဒီမိုကရေစီတန်းရလိမ့်မည်ဟု လွယ်လွယ်တွေးခဲ့ကြသည်။ လက်တွေ့တွင် ဤအတိုင်းမဖြစ်၊ ဤသို့ မျှော်လင့်ထားသည်နှင့် လက်တွေ့ရင်ဆိုင်ရသည်များ အဟပ်မညီရာမှ ပေါ်ထွက်လာသော ဒဏ်သင့်မှုများကို 'နတ္ထိပြန်ရိုက်ချက်' ဟု ဆိုလိုရင်းဖြစ်သည်။ မြန်မာ့လက်ဝဲလှုပ်ရှားမှုတွင်လည်း နတ္ထိပြန်ရိုက်ချက်တွေ မနည်းမနောရှိလိမ့်မည် ထင်သည်' တဲ့။

ဆရာရဲဘော်ဘခက်ကိုယ်တိုင်ကတော့ ကွန်မြူနစ်ပါတီရဲ့ နေ့ရက်များကို 'လမိုက်ညငရဲခန်းများ' လို့ တင်စားခဲ့ပါတယ်။ 'ဘခက်အကြောင်း' ဟာ ကွန်မြူနစ်ဟောင်းကြီးတစ်ဦးရဲ့ အဆုံးမရှိနိုင်တဲ့ ငိုချင်းရှည် သံဝေဂတေးတစ်ပုဒ်ပါပဲ။

[၂၅ ဇူလိုင် ၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

■




သုံးပါတီ ညီညွတ်ရေးကွန်ဖရင့်နှင့်
ပုံတောင်ပုံညာတောကြီးထဲမှာ ကျင်းပခဲ့တဲ့
# အာဇာနည်နေ့



www.burmeseclassic.com

www.burmeseclassic.com



၁၉ ဇူလိုင်အာဇာနည်နေ့နီးလာတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပုံ အတိတ်ရဲ့ သမိုင်းပုံကားချပ်တွေ တဖျပ်ဖျပ်အသက်ဝင် ရှင်သန်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၊ အမည်မဲ့သူရဲကောင်းများရဲ့ သမိုင်းဟာ အမြဲတမ်း ရှင်သန်နေပါတယ်။ ဒီအချိန်မှာ အသက်ရှင်နေပါရက်နဲ့ 'သမိုင်းသေ'သွားတဲ့သူတွေ ရှိနေပါသေးတယ်။

ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ချစ်ခင်ကြည်ညိုကိုးစားကြသလောက် ကွန်မြူနစ်တွေကတော့ 'အမျိုးသားရေးသစ္စာဖောက်'အဖြစ် ရှုမြင်စွပ်စွဲခဲ့ကြတယ်။ ကွန်မြူနစ်တွေဆိုရာမှာ အလံနီသခင်စိုးရော၊ ဗကပ သခင်သန်းထွန်းရော။ သူတို့ချင်းမတည့်ပေမယ့် ဗိုလ်ချုပ်ကို သစ္စာဖောက်လို့ စွပ်စွဲရာမှာတော့ အမြင်တူကြတယ်။

'လွတ်လပ်ရေး ရရင်ရ၊ မရရင် ချမယ်'လို့ နယ်ချဲ့အစိုးရ အင်္ဂလိပ်ကို ရာဇသံပေးခဲ့တဲ့ ဗိုလ်ချုပ်ကို အင်္ဂလိပ်နဲ့ ပေါင်းတယ်ဆိုပြီး ပြောင်းပြန်ရှုမြင်ကာ 'သစ္စာဖောက်'လို့ စွပ်စွဲခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ၁၉ ဇူလိုင် ၁၉၄၇ မှာ ဗိုလ်ချုပ်တို့ လုပ်ကြံခံရတော့ အင်္ဂလိပ်အလိုတော်ရိ လက်ယာသမားတွေ





ရော၊ ကွန်မြူနစ်လက်ဝဲသမားတွေရော ကြိတ်ပြီးတော့ ဝမ်းသာနေခဲ့မှာ အမှန်ပါပဲ။ ၁၉၄၈ လွတ်လပ်ရေးရတော့လည်း 'အတုအယောင်'လို့ သုံးသပ်ပြီး ကွန်မြူနစ်တွေ တောခိုသွားတယ်။ လက်နက်ကိုင်တော်လှန်ရေးဖြင့် ပြည်သူ့လွတ်မြောက်ရေးနဲ့ ပစ္စည်းမဲ့အာဏာရှင်စနစ်တည်ဆောက်ရေးကို ဦးတည်ခဲ့တယ်။ သခင်သန်းထွန်းက '၁၉၄၉ မှာ တော်လှန်ရေးက တက်လာတယ်။ ၄၉ နောက်ပိုင်းမှာ ကျဆင်းလာတယ်။ စစ်မာနတွေ ဝင်လာတယ်၊ ဂိုဏ်းဂဏပြင်းထန်လာတယ် . . .'လို့ ပြန်လည်သုံးသပ် ဝန်ခံခဲ့ပါတယ်။

(၁၉၅၂၊ သုံးပါတီညီညွတ်ရေး ကွန်ဖရင့်တွင် သခင်သန်းထွန်း၏တင်ပြချက် ၂၀၁၂ ဇူလိုင်ထုတ် ရဲဘော်ဘခက်၏ ဘခက်အကြောင်း၊ စာ. ၁၂၅ တွင်ရှု)

သူတို့တော်လှန်ရေးက တက်မယ်မှမကြံသေးဘူး၊ ရုတ်ခြည်းထိုးကျသွားတယ်။ သခင်သန်းထွန်းရဲ့ ဗကပသာ မကဘူး။ သခင်စိုးရဲ့ အလံနီကွန်မြူနစ်ပါတီလည်း မြစ်ဝကျွန်းပေါ်ကနေ ယောနယ် ပုံတောင်ပုံညာဆီ ဆုတ်ခွာခဲ့ရတယ်။ သရက်ခရိုင် အနောက်ခြမ်းမှာ အခြေချခဲ့တဲ့ ပြည်သူ့ရဲဘော်ပါတီလည်း ဖရိုဖရဲကသောင်းကနင်းဖြစ်လျက် ယောနယ် ပုံတောင်ပုံညာ အလောင်းတော်ကဿပနယ်မြေသို့ ဆုတ်ခွာ ထွက်ပြေးခဲ့ရတယ်။ ဗကပတွေရဲ့ ဆုတ်ယုတ်ကျဆုံးမှုအတိုင်းအတာက အကြီးမားဆုံးပဲတဲ့။ သုံးပါတီအခက်အခဲအကြပ်အတည်းဆိုက်နေချိန် တစ်ခုတည်းသော ထွက်ပေါက်ကတော့ 'လက်ဝဲညီညွတ်ရေး(သုံးပါတီညီညွတ်ရေး)'တည်ဆောက်ဖို့ ဖြစ်လာပါတယ်

တကယ်တော့ သုံးပါတီလုံး ဘယ်တုန်းကမှ မညီညွတ်ခဲ့ပါဘူး။ အခွင့်ရရင် ရသလို တစ်ဖွဲ့နဲ့တစ်ဖွဲ့ ရှုတ်ချတိုက်ခိုက်နေကြတာပါပဲ။ ဒီ အချိန်မှာတော့ပြင်ပ သုံးဖွဲ့လုံးအထိနာ အားနည်းနေရာက မပြေးသော်လည်းကန်ရာရှိအောင် ကိုယ့်အကြံနဲ့ကိုယ် ညီညွတ်ရေး လုပ်ကြတာဖြစ်တယ်။ အတွင်းစိတ်မှာတော့ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ အကြိတ်အခဲတွေကို မချေဖျက်နိုင်ခဲ့ပါဘူး။ မည်သို့ပင်ဖြစ်စေ သုံးပါတီညီညွတ်ရေး ကွန်ဖရင့်ကို မုံရွာခရိုင်ပုလဲမြို့နယ် ခင်သာရွာ အနောက်ဘက် သစ်တောစခန်းမှာ ၁၉၅၂ ဇူလိုင် ၃ ရက်နေ့မှာ စတင်ကျင်းပနိုင်ခဲ့ပါတယ်။ 'ဒီကွန်ဖရင့်ကြီးမှာ မြန်မာနိုင်ငံရေး၊ တော်လှန်ရေးနဲ့ ပါတီအသီးသီးတို့ရဲ့ သမိုင်းတွေကို လေ့လာဝေဖန်သုံးသပ်ကြဖို့ အထူးလိုအပ်ပါတယ်' လို့ ပြည်သူ့ရဲဘော်ပါတီခေါင်းဆောင် ဗိုလ်ထွန်းလင်းက ပြောကြားသွားပါတယ်။



www.burmeseclassic.com

အလံနီသခင်စိုးကတော့ သခင်အောင်ဆန်းအပေါ် သဘောထားမှားခဲ့ပုံတွေကို ဝန်ခံရင်း 'ညီညွတ်ရေးဘောင်ရဲ့ အပြင်ဘက်မှာရှာတော့ **တော်လှန်မှန်ကန်တဲ့ သစ္စာတရားကို မရခဲ့ဘူး။ ဒီမိုကရေစီ သစ္စာတရားအစား ဖက်ဆစ်တရားပဲရခဲ့တယ်။ တိုင်းပြည်ကြီးပျက်စီးတဲ့ တရားပဲရခဲ့တယ်'** လို့ သုံးသပ်သွားပါတယ်။

(ဘခက်အကြောင်း စာ ၁၁၉)

ပါတီပြိုကွဲခဲ့ပုံကိုလည်း သခင်စိုးက ဒီလိုတင်ပြသွားပါတယ်။

'ကိုလိုနီနဲ့ ကိုလိုနီတစ်ပိုင်း တိုင်းပြည်တို့မှာ ကွန်မြူနစ်ပါတီဟာ တစ်မျိုးသားလုံးရဲ့ ဆရာဖြစ်တယ်၊ ခေါင်းမိုးကမလုံတော့ တစ်အိမ်လုံး ရွဲရွဲစိုသွားတယ်ဆိုသလို လက်ရှိပြဿနာတွေ ပေါ်ပေါက်ခြင်းရဲ့ အရေးအကြီးဆုံးအခန်းလည်းဖြစ်၊ အဓိကအခန်းလည်းဖြစ်တဲ့ ပါတီတည်ဆောက်ရေးနဲ့ အဘိဓမ္မာရေးမှာ ဂိုဏ်းဂဏစွဲတွေ ဝင်ရောက်ခဲ့တော့ မြန်မာပြည်မှာ အလံနီကွန်မြူနစ်ပါတီရယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီရယ်၊ ဆိုရှယ်လစ်ပါတီရဲ့ တော်လှန်ရေးအစိတ်အပိုင်းတွေရယ်၊ ပြည်သူ့ရဲဘော်အဖွဲ့ရယ်၊ ဒါတွေ အသီးသီးဟာ တော်လှန်ရေး အင်အားစုတွေ အစိတ်စိတ်အမြွှာမြွှာဖြစ်နေမှုပဲ'

(ငှင်း စာ ၁၁၉)

ပြည်တွင်းစစ်ရဲ့ တရားခံအဖြစ်လည်း ဖြောင့်ချက်ပေးခဲ့ပါသေးတယ်။

'ကျွန်တော်တို့ဟာ ဒီကိုလာတဲ့ လမ်းတစ်လျှောက်မှာ ကျွန်တော်တို့ နယ်မြေတွေ၊ ကေအင်ဒီအိုနယ်မြေတွေနဲ့ ဗမာပြည်ကွန်မြူနစ်နယ်မြေတွေကို ဖြတ်သန်းခဲ့ပါတယ်။ အဲဒီနယ်မြေတွေကို ဖြတ်သန်းတိုင်း ဖရိုဖရဲပြိုလဲနေတဲ့ ပြောင်သလင်းခါနေတဲ့ မီးလောင်ပြင်နဲ့ ကျေးရွာပျက်တွေကို မြင်တွေ့ရတော့ ကျွန်တော်ဟာ မချုပ်တည်းနိုင်အောင် ရင်ဝဆို့တက်လာတဲ့ ကြေကွဲမှုအားလုံးကို အတင်းမြိုချပြီး ကျွန်တော် မျက်ရည်လည်ရွဲနဲ့ အလိုလို စိတ်မထိန်းနိုင် အော်ဟစ်မိခဲ့ပါတယ်'

'ဒီလို လင်သေသားဆုံးနဲ့ **ကျေးရွာတွေ မီးလောင်မြေဖြစ်စေခဲ့တဲ့ တရားခံ ငစိုးကြီးလာပါပြီဗျို့၊** ထွက်ကြည့်ကြပါ။ ကျွန်တော်နဲ့ ထိုက်တန်တဲ့ အပြစ်ဒဏ်ပေးကြပါ၊ ကျွန်တော် ကျေကျေနပ်နပ်ကြီးခံယူပါမယ်လို့ တလှိုက်





တလှဲ အော်ဟစ်မိပါတယ်။ ကျွန်တော် ဟန်ဆောင်ပန်ဆောင် အော်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော် ကျူးလွန်ခဲ့တဲ့အမှားကို တကယ်မြင်လို့ ပြုပြင်ချင်လို့ အော်ခဲ့မိတာပါ'

(ငှင်း စာ ၁၂၂)

သခင်စိုးက ဆက်လက်တင်ပြ ဝန်ခံပါတယ်။

'အခုလည်း ကျွန်တော်ဟာ ကွန်မြူနစ်ပါတီကို ကွဲအောင်ခွဲမိတဲ့ အမှားကို တကယ်မြင်ပြီး တကယ်ပြင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကျွန်တော့်ရှေ့မှောက်မှာရှိတဲ့ မဟာပထဝီမြေကြီးကို သက်သေအရာထားပြီး သုံးပါတီညီညွတ်ရေးရရှိအောင် အားကြိုးမာန်တက် ဆောင်ရွက်ပါမယ်လို့ ကတိသစ္စာတိုင်တည်ပါတယ်၊ (လက်ခုပ်သံများ)'

(စာ ၁၂၃)

သခင်စိုးက သုံးပါတီ ညီညွတ်ရေးအတွက် ကွယ်လွန်သူ မာ့က်စ်၊ အိန်ဂျယ်၊ လီနင်တို့ကို အမှူးထားပြီး ကျိန်ဆိုပါတယ်'လို့ ဆိုလိုက်သေးရဲ့။ (ဒါပေမဲ့ လက်ဝဲညီညွတ်ရေးမရခဲ့တာ အဲဒီ ပါတီတွေ ပျက်သုဉ်းပြီး ပါတီခေါင်းဆောင်တွေ ကျဆုံး သေလွန်သွားတဲ့အထိပါပဲ။)

သုံးပါတီညီညွတ်ရေးကွန်ဖရင့်မှာ သခင်သန်းထွန်းရဲ့ တင်ပြချက်က အရှည်ဆုံးပါပဲ။ သူက တော်လှန်ရေးကျဆင်းလာရခြင်းအကြောင်းရင်းကို သုံးသပ်တင်ပြပါတယ်။

'ကော်သူလေးကလည်း သူ့နယ်မှာ တစ်ပါတီအစိုးရပဲ၊ ကျွန်တော်တို့ ပြည်သူ့ရဲဘော်အဖွဲ့တို့၊ အလံနီပါတီတို့ကလည်း တစ်ပါတီအစိုးရတွေ၊ သူ့နယ်နဲ့သူလုပ်နေကြတယ်။ သခင်နုအစိုးရကို တစ်ပါတီအစိုးရမကြိုက်လို့ တိုက်လာသော်လည်း ကျွန်တော်တို့ လမ်းချော်ပြီး ကျဆင်းလာတယ်။'

(စာ–၂၆)

'ကျွန်တော်တို့အနေနဲ့ ၁၉၄၈ခုနှစ်မှာ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် လုပ်ခဲ့ပေမယ့် ၁၉၄၉ခုနှစ်မှာ ဂိုဏ်းဂဏဝါဒ၊ စစ်မာနတွေ လွှမ်းလာပြီး တိုက်ချင်လို့တိုက်တယ်ဆိုတဲ့ သဘောမျိုး ဖြစ်လာပြီး တဖြည်းဖြည်း ကျဆင်းလာတာတွေ့ရတယ်။'



www.burmeseclassic.com

www.burmeseclassic.com



(ဖွင်း စာ-၁၂၇)

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဦးနုအစိုးရနဲ့ အမေရိကန်နယ်ချဲ့သမားကို ဆက်တိုက်ရမယ်လို့ သခင်သန်းထွန်းက နိဂုံးချုပ် ပြောကြားသွားခဲ့ပါတယ်။

ခင်သာစခန်းတွင် ရှိသော ပြည်သူ့ရဲဘော်ပါတီသည် ဗိုလ်ချုပ်အောင်ဆန်း အား ရည်စူးသည့် အာဇာနည်နေ့ကျင်းပရေး အစီအစဉ်ကို တင်ပြခဲ့ရာ သခင်စိုးနဲ့ သခင်သန်းထွန်းတို့က သဘောတူခဲ့တယ်လို့ ဆိုပါတယ်။ သခင် သန်းထွန်း နည်းပရိယာယ်အရ သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ 'ပြည်သူ့ရဲဘော်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းကို သူတို့ရဲ့ဖခင်အဖြစ်ပဲ သဘောထားနေကြတယ်၊ စွဲနေကြသေးတယ်။ ဒါကို ကျွန်တော်တို့ မျက်စိမှိတ် ထားလို့မရဘူး၊ အရင်ကတော့ ဗိုလ်ချုပ်အောင်ဆန်းကို အမျိုးသားသစ္စာ ဖောက်လို့ သဘောထားခဲ့တာမှန်တယ်။ ကနေ့ကျတော့ ဒီအခြေအနေမှာ အကောင်းဆုံးနည်းပရိယာယ်ကို ကျင့်သုံးဖို့ဟာပိုပြီး အရေးအကြီးဆုံး ဖြစ်လာတယ်။'

(စာ-၁၃၆)

အဲဒီလိုနဲ့ ပုံတောင်ပုံညာတောကြီးထဲမှာ ၁၉၅၂ ဇူလိုင်လ ၁၉ ရက်မှာ 'အာဇာနည်နေ့'ကို ထူးထူးခြားခြား ကျင်းပဖြစ်ခဲ့ပါတယ်။ အခမ်းအနားမှူး မှာ ပြည်သူ့ရဲဘော်ပါတီက ရဲဘော် အုန်းမောင်ဖြစ်ပြီး ဗိုလ်ထွန်းလင်းက သဘာပတိအဖြစ် ဆောင်ရွက်ပါတယ်။ ဗိုလ်ထွန်းလင်းနဲ့ သခင်စိုးတို့ မိန့် ခွန်းပြောပြီးတဲ့နောက် သခင်သန်းထွန်းက ...'**ဗိုလ်ချုပ်အောင်ဆန်း၏ မပြီးဆုံးသေးသော တော်လှန်ရေးကို ပြီးဆုံးအောင်လုပ်ကြစို့**'ဆိုတဲ့ အမိ ဌာန် စာတမ်းကို ဖတ်ကြားပါတယ်။

သူ့စာတမ်းထဲက အချက် ၃ ချက်ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

■ ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့တဲ့ ပြည်သူလူထုကြီးရဲ့ တပ်ပေါင်းစုကြီးဟာ ယခုအခါ ပြိုကွဲနေပြီဖြစ်လို့ ပြည်သူလူထုကြီး ရဲ့ တပ်ပေါင်းစုကြီးကို ပြန်လည်စုစည်းကြဖို့။

■ ယခုအခါ ဖဆပလ လက်ယာဂိုဏ်း ဆိုရှယ်လစ်ခေါင်းဆောင်





ကြီးတွေဟာ **ဗိုလ်ချုပ်အောင်ဆန်းရဲ့ တော်လှန်ရေးအစဉ်အလာ ကို ဖျက်စီးနေကြတယ်။** ဗိုလ်ချုပ်အောင်ဆန်းမှိုင်းနဲ့ ပြည်သူလူ ထုကို တိုက်ပြီး နယ်ချဲ့သမားကို အလုပ်အကျွေးပြုနေကြတယ်။ ဒါတွေကို ဖော်ထုတ်ဖို့၊ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ တော်လှန် ရေးအစဉ်အလာကို အမွေဆက်ခံတာ ကျွန်တော်တို့ပဲဖြစ်တယ်လို့ ကြွေးကြော်ပြီး ဒီလို ပြည်သူလူထုအား ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုက်နေတာကို လွှတ်မြောက်အောင်လုပ်ဖို့လိုတယ်။

■ နောက်ဆုံးကတော့ မပြီးဆုံးသေးတဲ့ တော်လှန်ရေးကို ပြီးဆုံး အောင် လုပ်သွားကြဖို့ရှိတယ်။ ပြည်သူ့ရဲဘော်အဖွဲ့ဟာ အခုလက် နက်ကိုင် တော်လှန်ရေးထဲမှာ မားမားမတ်မတ်ပါဝင်နေတာဖြစ်လို့ ပြည်သူ့ရဲဘော်အဖွဲ့ရဲ့ဖခင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ အသက် ရှင်နေရင် ပြည်သူ့ရဲဘော်အဖွဲ့နဲ့အတူ လက်ရှိတော်လှန်ရေးမှာ ပါဝင်နေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။

အဲဒီလိုပဲ သုံးပါတီညီညွတ်ရေး ဆွေးနွေးပွဲမှာလည်း မုချပါဝင်နေမှာ လို့ ယုံကြည်တယ်။ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်း အသက်ရှင် လျက် မရှိပေမယ်လို့ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျွန်တော်တို့နဲ့ အတူရှိလျက်ဖြစ်တယ်လို့သဘောထားပြီး မပြီးဆုံးသေးသော တော် လှန်ရေးကို ပြီးဆုံးအောင်လုပ်ကြမယ်လို့ သန္နိဋ္ဌာန်ချကြပါ။

(စာ-၁၃၄)

တကယ်အတည်ပြောတာလား၊ ပရိယာယ်သဘောနဲ့ ပြောတာလား ပိုင်း ခြားဝေဖန်ကြည့်သင့်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကတော့ ကွန်မြူ နစ်တွေဟာ ကဖျက်ယဖျက်လုပ်တတ်လွန်းလို့ ဖဆပလအဖွဲ့ချုပ်ကြီးထဲက ထုတ်ပယ်ခဲ့ရုံမက ပြတ်ပြတ်သားသား တုံ့ပြန်သွားမယ်လို့ စိန်ခေါ်ခဲ့ပြီးဖြစ် ပါတယ်။

၁၉ ဇူလိုင် အာဇာနည်နေ့ကိုရောက်တိုင်း ဗိုလ်ချုပ်တို့ရဲ့ ဂုဏ်ကျေးဇူးတော် အထူးသတိရနေမိပါတယ်။ ၁၉၈၈ နောက်ပိုင်း စစ်အစိုးရ တစ်ခေတ်လုံး စတိမ္ပသာကျင်းပခဲ့တဲ့ အာဇာနည်နေ့ကြီးကို တစ်ပြည်လုံးက မြို့ကြီးတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



လေးလေးနက်နက် ကျင်းပတော့မှာ ဖြစ်ပါတယ်။ ပြည်သူလူထုကြီးကတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ကြီးများကို ခုတုံးလုပ်၊ အသုံးချ ဟန်ဆောင်ပန်ဆောင် သတိရချင်ယောင်ဆောင်တာမျိုး ယောင်လို့တောင် ပြုလုပ်မည်မဟုတ်ပါ။ နိုင်ငံရေးပရိယာယ်သဘောအရ လွှမ်းပြတာမျိုးမဟုတ်ဘဲ ရင်ထဲအသည်းထဲကလာတဲ့ သတိရခြင်း၊ လွမ်းဆွတ်ခြင်း၊ ဂုဏ်ပြုခြင်း၊ ကျေးဇူးသတိတတ်ခြင်းတွေနဲ့သာ အာဇာနည်နေ့ကို အရောက်လှမ်းအလေးပြုကြမှာဖြစ်ကြောင်းပါဗျာ။

ရည်ညွှန်း/

ရဲဘော်ဘခက်၏ ဘခက်အကြောင်း

၂၀၁၂ ဇူလိုင်ထုတ်၊ တန်ဖိုး ၇၀၀၀၊ အားမာန်သစ်စာပေ

စာမူခွင့်ပြုချက် – ၃၁၀၁၁၇၀၅၁၂

[၂၀–၇–၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

■





# ကျောပိုးအိတ်ကလေးကိုဖွင့်ကြည့်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ကျောပိုးအိတ်လေးကို ချိကာလွယ် |
| ရေးသူ | – | တင့်ဆွေ(ဖျာပုံ) |
| ထုတ်ဝေကာလ | – | ၂၀၁၀ ဇူလိုင် |
| စာမျက်နှာ/တန်ဖိုး | – | ၅၁၂/တန်ဖိုး ၄၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | ပန်းမျိုးတစ်ရာ |
| စာမူခွင့်ပြုချက် | – | ၃၁၀၀၁၇၀၆၁၀ |

'စာအုပ်အမည် ကျောပိုးအိတ်လေးမှာ ကျွန်တော်၏ ကွယ်လွန်ခဲ့ပြီးသော ချစ်ဇနီး 'မ'(အန်တီစန်း)အား ရည်ညွှန်းပါသည်။ မ သည် ကျွန်တော်၏ ဇနီးအဖြစ် အနှစ် ၆၀ တိုင်တိုင် ကျွန်တော်တာဝန်ကျရာ ဒေသအသီးသီးသို့ လိုက်ပါပြီး ခင်ပွန်းဖြစ်သူ ကျန်းမာအောင်၊ ပျော်ရွှင်အောင်၊ အလုပ်တာဝန်များ ကျေပြွန်စွာ ထမ်းဆောင်နိုင်အောင် ဖဝါးခြေထပ် အမြဲမခွဲဘဲ လိုက်ပါ ပါရမီ ဖြည့်ခဲ့ရသူဖြစ်၍ စစ်သားတစ်ယောက်၏ ကျောပိုးအိတ်လေးဟု တင်စားဖွဲ့နွဲ့ခြင်း ဖြစ်ပါသည်။

တပ်မတော်သားဘဝတွင် ရဲဘော်မှ ဗိုလ်မှူးချုပ်အထိ ရာထူးအဆင့်ဆင့် တာဝန်ယူခဲ့ပြီး တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ တိုင်းမှူး၊ ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး တာဝန်များအား ၁၉၈၈ ခုနှစ်အထိ ထမ်းဆောင်ခဲ့ရပုံများအားလည်း မှတ်တမ်းတင် ရေးသားထားပါသည်။ စာရေးသူသည် ယခု အသက် ၈၅ နှစ် ရှိပါပြီ။





နောက်ထပ် ယခုလို စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားနိုင်တော့မည်ဟု မထင်တော့ပါ။ ယခုစာအုပ်သည် ကျွန်တော်၏ ပထမဦးဆုံးနှင့် နောက်ဆုံး စာအုပ်ဖြစ်မည် ထင်ပါသည်။'

(စာရေးသူ၏ အမှာစာမှ ကောက်နုတ်ချက်)

စာရေးသူဟာ ကိုလိုနီခေတ်မှာ ကြီးပြင်းခဲ့ပြီး မျိုးချစ်စိတ်ဖြင့် အသက် ၁၈ နှစ်မှာ စစ်ထဲဝင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဇာတိ ဖျာပုံကနေ တပ်သစ်တွေ ဖွဲ့ရာ ပျဉ်းမနားကို ထွက်လာခဲ့ပါတယ်။ စာရေးသူရဲ့အဖေက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာနဲ့လည်း အလွန်ရင်းနှီးပါတယ်။ အဖေက စစ်ထဲဝင်တာ သဘော မတူလို့ ပျဉ်းမနားထိ လိုက်လာ၊ ဗိုလ်လက်ျာ ဖျောင်းဖျလို့ ဖျာပုံ ပြန်သွားခဲ့ တာပါ။ ဒီလိုနဲ့ စာရေးသူဟာ ဂျပန်ခေတ် မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း တက်ခွင့်ရခဲ့ပါတယ်။ အဲဒီနောက် ဂျပန်ပြည် စစ်ပညာသင်ဘဝ၊ ၁၉၄၅ အောက်တိုဘာ ၂၈ ရန်ကုန်ပြန်ရောက်။

'လောကဘဝ အပြောင်းအလဲများက ဆန်းကြယ်သည်၊

ကျွန်တော့်မှာ အဖေ့ရင်ခွင်မှ ရုန်းထွက်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန်ဟုဆိုကာ မင်္ဂလာဒုံ စစ်သင်တန်းကို တက်၊ ဂျပန်အထိ သွားပြီး ကာမှ ပြန်လာတော့ အကျယ်ချုပ်သဘော ခံရ၏။ ကျွန်တော်တို့သည် ဂျပန် စစ်တက္ကသိုလ်မှ ကျောင်းဆင်းလာသော အရာရှိများ ဖြစ်သော်လည်း ဗမာ့ တပ်မတော် ပြန်လည်ဖွဲ့စည်းရာတွင် အင်္ဂလိပ်တို့နှင့် ချုပ်ဆိုခဲ့သော ကန္ဒီစာချုပ် အရ တပ်မတော်တွင် အရာရှိ ၂၀၀ သာ ထားရှိရမည်ဖြစ်သည့်အတွက် waiting list အရ တပ်မတော်ထဲသို့ တပ်သားဘဝဖြင့် ဝင်ရောက်၍ စောင့် ဆိုင်းရမည့် အခြေအနေ ဖြစ်ပါသည်။'

(စာ–၇၂)

'ဒါကြောင့် သူငယ်ချင်း ကိုလှဘုန်း(နောင်အခါ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှဘုန်း)နဲ့ တိုင်ပင်ပြီး တပ်ရင်း(၄) ဒုဗိုလ်မှူးကြီးနေဝင်း၏ တပ်ရင်းမှာ တပ်သားဘဝနဲ့ ဝင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါတောင် ဆေးမအောင် လို့ 'ဗိုလ်ချုပ်အောင်ဆန်းထံသို့ သွားရောက်တွေ့ဆုံခဲ့၍ အကျိုးအကြောင်း ရှင်းပြခဲ့ပါသည်။' ဆေးစစ်ချက် မအောင်မြင်ပါ။ ပြည်သူ့ရဲဘော် အဖွဲ့အစည်း ထဲသို့ဝင်ရန် ဗိုလ်ချုပ်က အကြံပေးခဲ့ပါသည်။'

(စာ–၈၀)



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူဟာ ဖွဲ့မလျှော့ဘဲ ကျန်းမာရေးဘက်က ဂရုစိုက်ခဲ့လို့ နောက်တစ်ကြိမ် ဆေးစစ်ချက်အောင်ပြီး တပ်ထဲ ဝင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ဒီလိုနဲ့ တပ်ရင်း(၄)မှာ တစ်ပတ်အတွင်း တပ်ကြပ်ကြီးရာထူး တိုးခဲ့ကာ လယ်ဝေး တောင်ညိုဒေသမှာ ဗမာပြည် ကွန်မြူနစ်များနဲ့ တိုက်ခဲ့ရတယ် ဆိုပါတယ်။ ၁၉၄၈ စက်တင်ဘာ ၂၀ မှာ ဒုဗိုလ်ဖြစ်လာခဲ့ပြီး မိတ္ထီလာ စစ်ဝန်ထမ်းတပ်သို့ ပြောင်းရပါတယ်။ ဗိုလ်မှူးကြီးနေဝင်း ကိုယ်တိုင် မိတ္ထီလာသို့ လေယာဉ်ဖြင့် လိုက်ပို့ပါတယ်။

မိတ္ထီလာဒေသကား ကွန်မြူနစ်နှင့် ရဲဘော်ဖြူတို့ လွှမ်းမိုးထားတဲ့ဒေသ၊

'ထိုအချိန်တွင် ကရင်သူပုန်တို့သည် ရန်ကုန်အစိုးရဟု ဆိုရလောက်အောင် တစ်နိုင်ငံလုံးတွင် အနှံ့အပြား တိုက်ခိုက်နေကြပါသည်။'

(စာ-၈၉)

ကရင်တွေဟာ မန္တလေးကို သိမ်းဖို့ တောင်ငူမှ မိတ္ထီလာသို့ စစ်ချီလာခဲ့ပြီ ဖြစ်ပါတယ်။ ဗိုလ်နော်ဆိုင်း ခေါင်းဆောင်တဲ့ အမှတ်(၁) ကချင်သေနတ်ကိုင်တပ်ရင်းနဲ့ ပေါင်းမိပြီး အင်အားအလွန်တောင့်တင်းသွားပြီလို့ ဆိုပါတယ်။ လက်ထပ်ပြီးခါစ 'မ'(အနှတ်တီစန်း)ကိုပင် မန္တလေးပို့ပြီး ရှောင်နိုင်းထားစေခဲ့ပြီ။

စာရေးသူတို့က မိတ္ထီလာအဝင် ကုန်းသာတံတားက ဆီးကြိုပြီး ခုခံပါတယ်။ သို့သော် အားချင်းမမျှလို့ ဆုတ်ခဲ့ရပါတယ်။ အဲဒီအချိန် ပြင်ဦးလွင်မှာ ရုံးစိုက်နေတဲ့ မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးကြီးမောင်မောင်ဟာ မိတ္ထီလာကို ဆင်းလာစဉ် ကရင်တပ်တွေ လက်ရဖမ်းမိတာ ခံရပါတယ်။ ဗိုလ်မှူးစောမြသိန်း၊ ဗိုလ်ကြီးထွန်းအုံတို့ပါ ကရင်တပ်က အလွယ်တကူ ဖမ်းမိလိုက်ပါတယ်။ (ကရင်သောင်းကျန်းသူတို့ဘက်ကကြည့်ရင် ရောမကြီးကျယ်သော အောင်မြင်မှုကြီး ဖြစ်သွားသည်။ မြောက်ပိုင်းတိုင်း တိုင်းမှူးကို ရလိုက်တာ ဖြစ်သည်။)လို့ မှတ်တမ်းတင်ထားပါတယ်။

(စာ-၉၅)

မိတ္ထီလာလေယာဉ်ကွင်းကို ပုံမှန်ခရီးစဉ်အတိုင်း ဆင်းလာတဲ့ လေယာဉ်တစ်စင်းကိုလည်း ကရင်တွေက သိမ်းပြီး ပြင်ဦးလွင်ကို ဆက်သွားခဲ့ပါတယ်။ ဒီလိုနဲ့ ကရင်တပ်တွေဟာ မိတ္ထီလာ၊ မန္တလေး ဆိုတဲ့ မြို့ကြီးတွေကို သိမ်းယူနိုင်ခဲ့ပါတယ်။

'သူတို့အစီအစဉ်က မန္တလေးမှ ရရှိသော လက်နက်၊ ပြင်ဦးလွင်မှရသော





လူသူလက်နက် ခဲယမ်းများကို ရထားပေါ်တင်ကာ တောင်ငူတွင် စု၍ အင်အားဖြည့်ပြီး ရန်ကုန်ကို ပြန်တိုက်ဖို့ ကြံရွယ်တာ ဖြစ်သည်။'

(စာ-၉၉)

ဒါကြောင့် တပ်အသီးသီးဟာ ဗျူဟာအရ အချက်အချာကျတဲ့ 'သာစည်' မှာ စုဆုံပြီး ခုခံနေခဲ့ကြပါတယ်။ ကရင်ကလည်း သာစည်ကို သဲကြီးမဲကြီး တိုက်ပါတယ်။ သို့သော် သာစည်ကား မကျ။

'သာစည်ခံစစ်တွင် ထူးထူးခြားခြား ထုတ်ဖော်အပ်သော ပုဂ္ဂိုလ်ကား ကျွန်တော်တို့ ဒုတိယပတ် ဗိုလ်သင်တန်းမှ ဂျပန်ပြန်တစ်ဦးပင်ဖြစ်သော ဗိုလ်ချစ်မောင် ဖြစ်ပါသည်။ ဗိုလ်ချစ်မောင်က မိတ္ထီလာမှ သာစည်သို့လာသော လမ်းဘက်ကို တာဝန်ယူရသည်။ သူတာဝန်ယူရသော လမ်းဘက်ကို ကရင်သောင်းကျန်းသူက ဘရင်းကယ်ရီယာများနှင့် လာပစ်တော့ သူကလည်း ကြက်ခေါင်းဆိတ်မခံ ပြန်ပစ်သည်။ ထို့ကြောင့် သာစည်ခံစစ်ပြုရာတွင် ရှုပ်ရှုပ်ရှံ့ရှံ့ တိုက်ခိုက်သူဖြစ်၍ ဗိုလ်ချစ်မောင်အား 'အောင်သာစည်ချစ်မောင်' ဟုပင် ဂုဏ်ပြုခေါ်ဆိုကြ၏။'

(စာ-၁၀၀)

သာစည်ခံစစ်မှာ တပ်ရင်း(၆)ကပါ ဝင်တိုက်ခိုက်ခဲ့တဲ့ ဗိုလ်မှူးတင်မောင် (ဆရာမြတ်တန်)ကလည်း 'တိုင်းပြည်ကနုန့ မုန်တိုင်းကထန်ထန်' စာအုပ်တွင် 'အောင်သာစည်'ဟူသော ခေါင်းစဉ်ဖြင့် သာစည်မြို့ကလေးကို 'ရန်သူတို့ တိုက်သိမ်း၍မရသော မြို့'ဟု အမွှန်းတင်ခဲ့ပါတယ်။

ဒီလိုနဲ့ ကရင်တပ်တွေ ရှုံးသွားတယ်၊ ဆုတ်သွားတယ်။ နောက်ဆုံးမှာ စာရေးသူတို့တပ်တွေ မိတ္ထီလာကို ပြန်ဝင်နိုင်ခဲ့ကြပါတယ်။ အဲဒီနောက်တော့ စာရေးသူဟာ တပ်ရင်း(၂၂)ရဲ့ တပ်ခွဲမှူး ဖြစ်လာပြီ။ ရခိုင်ပြည်နယ်မှာ သောင်းကျန်းနေတဲ့ ဘာသာကွဲ၊ လူမျိုးကွဲ မူဂျာဟစ်တွေကို သွားရောက်နှိမ်နင်းရပါတယ်။ အဲဒီနောက် မြန်မာပြည်ထဲ ကျူးကျော်ဝင်ရောက်လာတဲ့ ကူမင်တန် တရုတ်ဖြူတပ်များကို 'နဂါးနိုင်စစ်ဆင်ရေးမှုများကို ပိတ်ဆို့ချေမှုန်းရာ ကရင်နီ ဒုတိယခေါင်းဆောင် အောင်သန်းလေးနှင့် အင်အား ၂၀ လက်နက်ချ အလင်းဝင်ခဲ့တယ် ဆိုပါတယ်။

(စာ-၁၀၈)

'ကျွန်တော်သည် အနောက်တောင်တိုင်း စစ်ဌာနချုပ်(ပုသိမ်)သို့



www.burmeseclassic.com

www.burmeseclassic.com



ဒုတိုင်းမှူးအနေနှင့် ပြောင်းရ၏။ ဒုတိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် မြစ်ဝကျွန်းပေါ် ကွန်မြူနစ်ပါတီ တိုင်းဌာနချုပ်ကို တိုက်ခိုက်ရန် စီစဉ်ဆောင်ရွက်ရပါသည်။ ပြောက်ကျားစနစ် ဆင်နွှဲနေသော ကွန်မြူနစ်ပါတီအား ကွန်မင်ဒိုနည်းဗျူဟာဖြင့် တိုက်ခိုက်စေပါသည်။ ပထမဆုံးသော ကွန်မင်ဒိုနည်းဗျူဟာဖြင့် နှိမ်နင်းစေရာ အောင်မြင်မှုများ ရခဲ့ပါသည်။ ထိုအောင်မြင်မှုကို စစ်ရုံးမှ အသိအမှတ်ပြုပေးခဲ့ပြီး ကွန်မင်ဒိုနည်းဗျူဟာဖြင့် တိုက်ခိုက်ခြင်းများကို တပ်ဖွဲ့အသီးသီးတွင် အသုံးပြုလာကြပါသည်။'

(စာ-၁၄၈)

အဲဒီနောက် စာရေးသူဟာ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဖြစ်လာခဲ့ပြီးတဲ့နောက် ပဲခူးရိုးမရှိ ဗကပတွေကို တိုက်ဖို့ တပ်မ(ရရ)ကို ဦးဆောင်ဖွဲ့စည်းခဲ့ပါတယ်။

'ဗကပသည် လက်နက်တပ်ဆင်ထားရုံသာမက သဘောတရားကိုပါ တပ်ဆင်ထားသော သောင်းကျန်းသူအဖွဲ့ဖြစ်ပြီး ထိုစဉ်က ဗကပများကို တရုတ်ပြည်ကွန်မြူနစ်ပါတီက ခေါ်ယူသင်တန်းပေးထားသောကြောင့် ဗကပသည် နိုင်ငံတကာအထိ ခြေဆန့်ထားသောအဖွဲ့ ဖြစ်၏။'

(စာ-၁၅၈)

'ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်သော စစ်ဆင်ရေးမှာ ၁၁-၁၂-၆၇ ရက်နေ့မှစ၍ ၃၁-၈-၆၈ ရက်နေ့တိုင် ဆင်နွှဲခဲ့သော ပြည်သာယာစစ်ဆင်ရေး ဖြစ်ပါသည်။'

(စာ-၁၆၃)

'၁၉၆၈ ခု ဧပြီလ ၁၅ ရက်နေ့ညတွင် ပဲခူးရိုးမရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ဌာနချုပ်ကို ဝိုင်းထားသည်၊ နောက်တစ်နေ့ နံနက် ၅ နာရီတိုင်အောင် ဗကပ ဗဟိုဌာနချုပ် စခန်းတစ်ခုလုံးသည် အိပ်မောကျနေ၏။ ဗကပ ဗဟိုဌာနချုပ်သည် နှစ်သစ်ကူး သင်္ကြန်အတက်နေ့ကို ပျော်ရွှင်စွာ ကျင်းပပြီး နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ကြခြင်း ဖြစ်၏။'

(စာ-၁၆၃)

အဲဒီမှာ လူတစ်ယောက် ထွက်လာ၊ ခလရ(၆)မှ ရဲဘော်များက လက်ရဖမ်းဖို့ကြိုးစားစဉ် ထွက်ပြေးရာ ပစ်ခတ်ဖမ်းဆီးခဲ့ရ၊ ထိုသူကား ဗကပ ဗဟိုကော်မတီဝင် စစ်ဦးစီးချုပ်။





ဗကပ ဗဟိုဌာနချုပ် ပြိုကွဲပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးကြ၊ စာရေးသူတို့က လိုက်လံချေမှုန်းကြ။ 'ကျွန်တော်တို့က ပဲခူးရိုးမကို လေးဘက်လေးတန် ဝိုင်းဝန်းပိတ်ဆို့ချိန်တွင် သခင်သန်းထွန်း၏ ဗကပဌာနချုပ်မှ ရဲဘော် မြကြီး ဆိုသူသည် တပ်မ(ရရ) ရှေ့တန်းဌာနချုပ်ရှိရာ ကျွဲပွဲသို့ အလင်းဝင် ရောက်လာပါသည်။ ၂၅-၉-၆၈ ရက်နေ့ နံနက် ၉း၁၀ နာရီတွင် ဖြစ်သည်။ 'တပ်မမှူး ရဲဘော်မြကြီး ဆိုသူက သခင်သန်းထွန်းအား ပစ်သတ်ခဲ့ပြီး အလင်းဝင်လာပါတယ်'ဟု သတင်းပို့ပါ၏'

(စာ-၁၈၁)

'မြရာပင်ကြောတွင် သခင်သန်းထွန်း အမှန်တကယ် ကျဆုံးသွားကြောင်း အတည်ပြုနိုင်ရုံသာမက သခင်သန်းထွန်းအား မြှုပ်နှံထားသောနေရာကို တွေ့ရှိသောအခါ ပြန်လည်တူးဖော်ပြီး သခင်သန်းထွန်း၏အလောင်း မှန်ကန်မှု ရှိမရှိအား စနစ်တကျ အတည်ပြုပါသည်။ ထို့နောက် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ဈာပနပြုလုပ်ပေးပြီး မီးသင်္ဂြိုဟ်ပါသည်။ ထို့နောက် ၎င်း၏ အရိုးပြာများအား P.S.O နှင့် ဗိုလ်ကြီးအေးနိုင်တို့အား တာဝန်ပေးပြီး စစ်သင်္ဘောဖြင့် သယ်ဆောင်ကာ ရန်ကုန်မြစ်ဝပင်လယ်တွင် ကြဲဖြန့်စေခဲ့ပါသည်။'

(စာ-၁၈၃)

အဲဒီနောက် ၁၉၆၉ ခုနှစ်မှာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတာဝန်နဲ့ မော်လမြိုင်သို့ ပြောင်းရပါတယ်။ အရှေ့တောင်တိုင်းမှာ . .

(က) KNDO ကရင်သောင်းကျန်းသူများ (နောင် KNU ဟု ခေါ်သည်)

(ခ) မွန်ပြည်သစ်ပါတီသောင်းကျန်းသူများ

(ဂ) ပြည်ပြေးအဖွဲ့ဝင်များ

(ဃ) တနင်္သာရီတိုင်း ဗမာပြည်ကွန်မြူနစ်ပါတီ သောင်းကျန်းသူများ

(င) မူဆလင် သောင်းကျန်းသူများ

(စ) မှောင်ခိုအဖွဲ့အစည်းများ . . ရှိနေပါတယ်။

(စာ-၂၁၀)

အဲဒီမှာ သင်ခန်းစာယူစရာ၊ သံဝေဂရစရာ အကြောင်းအရာများလည်း ပါဝင်လာတာ တွေ့ရပါတယ်။ စာရေးသူတို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က တိုင်းမှူးတာဝန် ထမ်းဆောင်ခဲ့တဲ့ ဗိုလ်မှူးကြီး စိန်မြဟာ . .



www.burmeseclassic.com

www.burmeseclassic.com



'အနားယူခဲ့သော ဗိုလ်မှူးကြီးစိန်မြ က သောင်းကျန်းသူတို့နှင့် ဆက်သွယ်ကာ ထိုင်းနယ်စပ်သို့ ရောက်ရှိသွားပြီး မွန်ပြည်သစ်ပါတီဝင် ဖြစ်သွားသည်။ ထိုင်းနယ်စပ်တွင် ဗိုလ်မှူးကြီးစိန်မြအား ကရင်သောင်းကျန်းသူတို့က သေနတ်နှင့်ပစ်သတ်ကာ အလောင်းကို မြန်မာပြည်ဘက်ခြမ်းဖြစ်သော နတ်အိမ်ထောင်တွင် လာ၍ ပစ်ထားသည်။ ဒေသခံတပ်များက ဗိုလ်မှူးကြီးစိန်မြအလောင်း လာရောက်ပစ်ထားကြောင်း သတင်းပို့တော့ 'အေးကွယ်-အလောင်းကို ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်လိုက်ကြပါ'ဟု လှမ်းပြောခဲ့ရပါသည်။

(စာ-၂၁၃)

၁၉၇၃ မှာ ပြည်ပြေးဌာနချုပ်ကို တိုက်သိမ်းဖို့ ဝိုင်းဝန်းပိတ်ဆို့ထားထားပေမယ့် ပြည်ပြေးတွေက ညတွင်းချင်းပဲ နတ်အိမ်ထောင်ဘက်သို့ ဆုတ်ခွာလွတ်မြောက်သွားပါတယ်။

(စာ-၂၁၂)

'၁၇-၃-၁၉၇၅ ရက်နေ့တွင် ကရင်သောင်းကျန်းသူတို့က မြဝတီကို အလုံးအရင်းနှင့် ဝင်တိုက်ပါတော့သည်။ မြဝတီနှင့် ကော့ကရိတ်အကြားရှိ သင်္ကန်းညိုနောင်သို့လည်း ဝင်တိုက်၏။ တိုက်ခိုက်သောအင်အားက ကရင်သောင်းကျန်းသူသက်သက် မဟုတ်။ မဒတ ခေါ် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုအမည်ခံ ကေအင်ယူ၊ ပြည်ပြေး၊ ပအိုဝ်း ခွန်ရဲနောင်အဖွဲ့နှင့် မွဆလင်သောင်းကျန်းသူတို့ စုပေါင်းထားသောအဖွဲ့ ဖြစ်သည်။'

(စာ-၂၁၆)

'မြဝတီကို ဝင်တိုက်သော ရန်သူအင်အား စုစုပေါင်း ၂၀၀၀ ခန့် ရှိ၏။ ထိုဒေသတွင်ရှိသော မိမိအင်အားက မြဝတီတွင် တပ်ခွဲနှစ်ခွဲ အင်အား ၂၀၀ ခန့်၊ သင်္ကန်းညိုနောင်တွင် တပ်ခွဲရုံးနှင့် တပ်စုတစ်စုဖြစ်သောကြောင့် အင်အား ၃၀ ကျော်ခန့်ရှိပြီး မဲပလဲတွင်လည်း အင်အား ၃၀ ကျော်လောက်ရှိသည်။'

(စာ-၂၁၈)

'ကျွန်တော်သည် စစ်ရုံးသို့တင်ပြကာ သင်္ကန်းညိုနောင်ကို လေကြောင်းမှ ပစ်ကူပေးသည်။ မတ်လ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့ နံနက်အထိ တီ ၃၃ အမျိုးအစား ဂျက်လေယာဉ် ၅ စီးဖြင့် သင်္ကန်းညိုနောင် ပတ်ဝန်းကျင်ရှိ





ရန်သူစခန်းချရာ နေရာများကို ပစ်ကူပေးသည်။'

(စာ-၂၁၉)

ဒီလိုနဲ့ မြဝတီကို ကာကွယ်နိုင်ခဲ့ပြီး အေးအေးဆေးဆေး ရှိလာတဲ့အခါ ရန်ကုန်- မေခလမ်းမှာ အိမ်ဆောက်ဖို့ စီစဉ်ပါတော့တယ်တဲ့။

'ထိုစဉ်က အိမ်ဆောက်သည်ဆိုတာက သတိထား ဆောင်ရွက်ရသော အလုပ်ဖြစ်၏။ အိမ်ဆောက်တာနှင့်ပတ်သက်၍ အတော်များများ ပြုတ်တဲ့လူ ပြုတ်၊ ရာထူးချထားတာ ခံရသူ ခံရ ရှိခဲ့သည်။'

(စာ-၂၃၉)

ကျွန်တော်သည် အိမ်ဆောက်တာနှင့်ပတ်သက်၍ အိမ်မြေကို ဘယ်လိုဝယ်သည်၊ ဘယ်ကငွေနှင့်ဝယ်သည်၊ အိမ်ပုံစံကို ဘယ်လိုဆွဲသည် စသည်တို့ကို ထိုစဉ်က ထောက်လှမ်းရေးညွှန်ကြားရေးမှူးဖြစ်သူ မျက်မှန်ကြီးဟူ၍ အသိများသော ဗိုလ်မှူးကြီးတင်ဦး(နောင် ဗိုလ်မှူးချုပ်တင်ဦး)ထံသို့လည်း တင်ပြသည်။'

(စာ-၂၃၀)

'အိမ်ဆောက်နေချိန်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက တပ်ကို စစ်ဆေးရန် မော်လမြိုင်သို့ ရောက်ရှိလာပါသည်။ တပ်ကို စစ်ဆေးပြီး စကားမြည် ပြောနေကြရာတွင် ဗိုလ်မှူးကြီးတင်ဦးက ဗိုလ်ချုပ်ကြီးနေဝင်းကို

'ဗိုလ်ချုပ် ကိုတင့်ဆွေလည်း အိမ်တစ်လုံး ဆောက်နေပါတယ်' ဟု ဆိုပြီး တင်ပြ၏။

ဗိုလ်မှူးကြီးတင်ဦးက ထိုကဲ့သို့ ပြောပေးသည့်အတွက် ကျွန်တော်တို့ အိမ်လေးလည်း တရားဝင်ဖြစ်သွားပြီး မကြာမီ ပြီးသွားပါသည်။'

(စာ-၂၃၉)

အဲဒီခေတ်က တိုင်းမှူးတစ်ယောက်ရဲ့လစာဟာ ၁၅၀၀/- မျှသာ ရှိကြောင်း ရေးသားဖော်ပြထားပါတယ်။ အိမ်အနီးမှာ ကင်းတဲနှင့် ရဲဘော်မိသားစုနေဖို့ အိမ်ကလေးတစ်လုံးကိုတော့ အစိုးရဆောက်ပေးပါတယ်။ (နောင်အခါ ၁၉၈၈ နောက်ပိုင်း ဝန်ကြီးဘဝမှ အနားယူတော့ ပင်မအိမ်ကြီးကို ဒေါ်လာနဲ့ငှားစားပြီး စာရေးသူကတော့ ကင်းတဲနေရာက အိမ်မှာပဲ နေခဲ့ရတယ် ဆိုပါတယ်။)

၁၉၇၄ ခုနှစ်မှာ မကြုံစဖူး ရေကြီးခဲ့ပုံတွေကိုလည်း ပြည်သူ့က တတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းများနဲ့ တင်ပြထားပါတယ်။

စာရေးသူရဲ့ ဘဝသက်တမ်း ထက်ဝက် အသက် ၄၉ နှစ် ၁၉၇၄ ခုနှစ်မှာ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးတာဝန်များ ထမ်းဆောင်ပြီးတဲ့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးတာဝန်တွေ ထမ်းဆောင်ခဲ့တာ ၁၉၈၈ အရေးအခင်းကာလအထိ ဖြစ်ပါတယ်။

ဒီစာအုပ်ရဲ့ ဒုတိယပိုင်းဟာ စက်မှု(၁)ဝန်ကြီးဘဝ အတွေ့အကြုံများပဲဖြစ်ပါတယ်။

စက်ရုံ အလုပ်ရုံတွေ တိုးတက်များပြားလာခဲ့ပေမယ့် ဆိုရှယ်လစ်စီးပွားရေးစနစ် ပီပီပြင်ပြင် မအောင်မြင်ခဲ့တာ ဘာ့ကြောင့်လဲဆိုတာ နှိုက်နှိုက်ချွတ်ချွတ်သုံးသပ်ထားတာ မတွေ့ရပါဘူး။ အခြေအနေမှန်ကိုတော့ ဒီလို မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။

'မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအနေနှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်အား နိုင်ငံပိုင်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်ရာတွင် နှစ်ကြာသည်နှင့်အမျှ အောင်မြင်မှု မရှိတော့ပါ။ ပါတီဝင်အားလုံးနှင့် ပြည်သူများ နှစ်ရှည်လများ ချိုးခြိုးချွေတာ၍ မနေနိုင်ကြတော့ပေ။ ဖွံ့မကောင်းနိုင်ကြတော့ပေ။ မျှတစွာ စားသုံးရသော အချိုးကျစနစ် မလောက်၍ မဲနှိုက်ရသောစနစ်၊ မကြိုက်တာရော ကြိုက်တာရော တွဲယူရသောစနစ်၊ မိမိပိုင်မြေတွင် စိမ်ကိန်းဝင် သီးနှံအား ကြိုက်ကြိုက်၊ မကြိုက်ကြိုက် စိုက်ရသောစနစ်၊ ထွက်ထွက် မထွက်ထွက် သတ်မှတ်ဈေးနှင့် ရောင်းပေးရသောစနစ်များအား သည်းမခံနိုင်ကြတော့၊ ပါတီနှင့် အစိုးရအပေါ် အပြစ်မြင်လာကြပါတော့သည်။'

(စာ–၄၅၁)

'ဥက္ကဋ္ဌကြီး(ဦးနေဝင်း)နှင့် တာဝန်ရှိသူများ အနေဖြင့် အခြေအနေမှန်အား သိရှိသောအခါ ၁၉၈၆ ခန့်တွင် ဥက္ကဋ္ဌကြီးက ကျွန်တော်တို့အား စီးပွားရေးစနစ်ပြောင်းရန် တံခါးဖွင့်ပြီး နိုင်ငံတကာနှင့် ဆက်ဆံလုပ်ကိုင်ရန် လမ်းညွှန်ပါသည်။

'သို့သော် ကျွန်တော်တို့ နောက်ကျသွားခဲ့ပါသည်။ ကျွန်တော်တို့ သင်ခန်းစာတစ်ခု ရပါသည်။ ကျွန်တော်ရရှိသော သင်ခန်းစာအား စာဖတ်သူများ၊ လူငယ်များလည်း ရစေချင်ပါသည်။ . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .





စနစ်မမှန်ပါက၊ ဥပဒေကြောင်းနှင့် ညီညွတ်မှုမရှိပါက ရလဒ်မကောင်းနိုင်ပါ။ အချိန်အခါ စောလွန်းခြင်း၊ နောက်ကျခြင်းတို့ကလည်း အဖြေမှားများကိုသာ ဖြစ်ပေါ်စေတတ်ပါသည်။'

(စာ–၄၅၂)

'၂၆ နှစ် သက်တမ်းကာလအတွင်း လုပ်ဆောင်မှုများတွင် အကောင်းအဆိုး၊ အမှားအမှန်များ ရှိခဲ့လေရာ နောက်ဆုံးတွင်တော့ ပြိုကွဲနိဂုံးချုပ်ခဲ့ရသည်။ ပါတီကျဆုံးရခြင်းအား ကျွန်တော်တစ်ယောက်တည်း၏ သုံးသပ်ချက်ကို တင်ပြရသော်

၁။ ပြည်သူပိုင်သိမ်းခြင်း။ ။ ၁၉၆၃ ခုနှစ်တွင် ပြည်သူပိုင်သိမ်းပါသည်။ . . . . . . . . . . . . . . . . . . . လမ်းဘေးစတိုးဆိုင်များအထိ အသိမ်းခံရကာ နိုင်ငံသားများ စီးပွားရေး မလုပ်ရဲတော့ခြင်းမှာလည်း လမ်းစဉ်ပါတီ၏ အားနည်းချက်တစ်ရပ်ဟု သုံးသပ်မိပါသည်။

၂။ ငွေစက္ကူများ တရားမဝင်ကြေညာခြင်း။ ။ တရားမဝင်ငွေစက္ကူ ကြေညာခြင်းအား သုံးကြိမ်ဆောင်ရွက်ခဲ့ပါသည်။ . . . . . . . . . . . . ၁၉၈၇ ခု ကြေညာရာတွင် လုံးဝ ပြန်လဲမပေးခြင်းမှာ ပြည်သူအားလုံးအား ပြင်းထန်စွာ ထိခိုက်စေသည့်အပြင် နိုင်ငံတော်အစိုးရနှင့် လည်ပတ်အသုံးပြုနေသော ငွေစက္ကူများအပေါ် မယုံကြည်မှုများ ဖြစ်စေခဲ့ခြင်းမှာလည်း ပါတီနှင့် အစိုးရအဖွဲ့၏ အားနည်းချက်တစ်ရပ် ဖြစ်ပါသည်။

၃။ L.D.C ကြေညာခြင်း။ ။ (Least Developed Countries) အဖြစ် ပါတီနှင့် အစိုးရအပေါ် မကျေနပ်ဖွယ်ရာ အချက်တစ်ချက် ဖြစ်လာခဲ့သည်။ နိုင်ငံတော်တွင် ထိုအချိန်က တင်ရှိနေသောအကြွေးမှာ US$ 7 billion ခန့် ဖြစ်ပါသည်။

(စာ–၄၅၃)

စာရေးသူရဲ့ အထက်ပါသုံးသပ်ချက်တွေဟာ သမိုင်းသင်ခန်းစာလည်း ဖြစ်မယ်ထင်ပါတယ်။ စာရေးသူရဲ့ ဘဝသင်ခန်းစာကတော့ ဒီလိုပါ။

'လောကဓံတရား (၈)ပါး၏ ထုထောင်းမှုအား ၈၅ နှစ်ခန့် ခံပြီးချိန်မှာတော့ ကောင်းတာလုပ်ပြီး မကောင်းတာဖြစ်တတ်တာတွေ၊ မှန်ခြင်းနှင့် မှားခြင်းဟာ အချိန်အခါလိုက်ပြီး ပြောင်းတတ်တာတွေကို သိရှိလာရပြီ ဖြစ်ပါသည်။'

(စာ–၄၅၆)



www.burmeseclassic.com

www.burmeseclassic.com




ဒီစာအုပ် 'ကျောပိုးအိတ်လေး'ကို ရေးချိန်မှာ အသက် ၈၅ နှစ် ရှိပြီဖြစ်တဲ့ စာရေးသူဟာ ပြင်ဆင်မှုအားလုံးတွင် အရေးအကြီးဆုံးနှင့် နောက်ဆုံးပြင်ဆင်မှုအနေဖြင့် အနိစ္စတည်းဟူသော သေခြင်းတရားအတွက် ကုသိုလ်များများ ယူဆောင်သွားနိုင်အောင် ကြိုးစားနေပုံများကို စာအုပ်ရဲ့ နိဂုံးပိုင်းမှာ ဖော်ပြထားပါတယ်။

ဆရာတင့်ဆွေ(ဖျာပုံ) (ဗိုလ်ချုပ်တင့်ဆွေ)ရဲ့ ကျောပိုးအိတ်လေးကို ဖွင့်ကြည့်လိုက်တဲ့အခါ ချစ်ဖနီး 'မ' သို့မဟုတ် အနိတိစန်းအပေါ် အကြင်နာမေတ္တာများနဲ့အတူ ဗကပ စသော လက်နက်ကိုင်အဖွဲ့အစည်းများအပေါ် အောင်နိုင်ခဲ့သလောက် ၂၆ နှစ်တာ ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ လမ်းစဉ်ပါတီရဲ့ ကျဆုံးခန်းများကို မှတ်မှတ်သားသား တွေ့မြင်ခဲ့ရပါကြောင်း. . .။

|၂၀၁၀ အောက်တိုဘာ ပေဖူးလွှာ မဂ္ဂဇင်း|




# ကမ္ဘာကြီးရဲ့ ကံကြမ္မာဖတ်စာ




ခေတ်၏လူသားသည် နားရွက်များများနှင့် နားထောင်၍
ဦးနှောက်များများနှင့်စဉ်းစားချိန်ဆကာ
နှလုံးသားကြီးကြီးနှင့် ဆုံးဖြတ်ဆောင်ရွက်ကြဖို့. . .


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | မမွေးဖွားရသေးတဲ့ သားကလေးရဲ့အသံ |
| ရေးသူ | – | အံ့မောင် |
| ထုတ်ဝေကာလ | – | ၂၀၁၁၊ ဇန်နဝါရီ |
| စာမူခွင့်ပြုချက် | – | ၃၁၀၁၀၆၁၀၁၀ |
| တန်ဖိုး | – | ၂၅၀၀ ကျပ် |
| ဖြန့်ချိ | – | ဒေါင်းစာပေ |

ကမ္ဘာ့စာပေရတနာတစ်ပါးဖြစ်တဲ့ 'အန်းဒါးဆင်းပုံပြင်များ'ကို မြန်မာစာပေဘဏ္ဍာတိုက်ထဲသို့ ပို့ဆောင်ပေးခဲ့သူ ဆရာအံ့မောင်ရဲ့ စာစု ၂၃ ပုဒ်ကို စုစည်းထုတ်ဝေလိုက်တာပါ။

၁၉၉၄–၉၅ တော်ဝင်ဂျာနယ်မှာ ရေးခဲ့တဲ့ စာစုများအပါအဝင် အခြားသင့်တော်ရာ စာစုများနဲ့ အားဖြည့်ထားပါတယ်။ မျက်နှာဖုံးမှာ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာလို့ ဖော်ပြထားပေမယ့် ရှေ့သုံးပုဒ်နဲ့ ဆရာအံ့မောင်ရဲ့ အိုဘားမားအပေါ် သုံးသပ်ချက် ၂ပုဒ်တို့ဟာ မြန်မာဘာသာချည်းသက်သက် ဖြစ်ပါတယ်။ ဒီစာအုပ်နဲ့ ပတ်သက်ပြီး 'ဘာသာပြန်ပေးသောအခါ အဆိုအမိန့် တစ်မျိုးတည်းဆိုလျှင် စာဖတ်သူကို တစ်ဖက်သက် ဆွဲသွားနိုင်သည်မျိုး ဖြစ်မှာစိုး၍ အဖက်ဖက် စုံနိုင်သမျှစုံအောင် ပေးနိုင်ဖို့ ကြိုးစားရပြန်သည်။ ယဉ်ကျေးသူ၊ အဆင့်မြင့်သူတို့သည် တစ်ဖက်တည်းသာ မနားကြားဘဲ အဖက်ဖက်စုံအောင် နားကြားတတ်ကြစမြဲဖြစ်သည်။ ခေတ်၏လူသားသည် နားရွက်များများနှင့် နားထောင်၍ ဦးနှောက်များများနှင့် စဉ်းစားချိန်ဆကာ နှလုံးသားကြီးကြီးနှင့် ဆုံးဖြတ်ဆောင်ရွက်ကြဖို့ ရှိပါလေသည်။'လို့ ဆရာအံ့မောင်က မှတ်ချက်ရေးထားပါတယ်။





ဒီစာအုပ်မှာ အမေရိကန်သမ္မတအိုဘားမားရဲ့ မိန့်ခွန်း ၄ပုဒ် ပါဝင်သလို ရုရှားက ခေါင်းဆောင်ကြီး ဂေါ်ဗာချော့ရဲ့ ဆောင်းပါးလည်း ပါဝင်ပါတယ်။ အာရပ်ခေါင်းဆောင်ကာဒါဖီရဲ့ 'အစ္စရေးနဲ့ ပါလက်စတိုင်း' ဆောင်းပါးကိုလည်း ဖတ်နိုင်ပါတယ်။ ဒီစာအုပ် 'သားကလေးရဲ့ အသံ'ဟာ ကမ္ဘာကြီးရဲ့ အသံပါပဲ။ မမွေးဖွားရသေးတဲ့ သားကလေးရဲ့အသံကတော့ ကိုယ်ဝန်ဖျက်ချခြင်းကို ဝေဖန်သုံးသပ်ထားတာ ဖြစ်ပါတယ်။ ကိုယ်ဝန်ဖျက်ချခြင်းဟာလည်း ကမ္ဘာ့ပြဿနာတစ်ခုပါပဲ။ ကိုယ်ဝန်ဖျက်ချတာကို တားမြစ်ရမလား၊ ခွင့်ပြုရမလား ယောင်ဝါးဝါးဖြစ်နေတဲ့ အိုဘားမားကို ကိုယ်ဝန်ဖျက်ချတာကို ခွင့်ပြုရင် လူသတ်မှုကျူးလွန်တာပဲလို့ ပေါ်ပြူလာနယူးစ်ဂျာနယ်ထွက်စက ကျွန်တော် ဝေဖန်ခဲ့ပါသေးတယ်။

ဒီစာအုပ်မှာတော့ တစ်ကမ္ဘာလုံး စီးပွားရေး ဝရုန်းသုန်းကားဖြစ်နေပုံတွေကို ထောင့်ပေါင်းစုံက သုံးသပ်ထားတာ တွေ့ရပါတယ်။ စာရေးဆရာ သတင်းစာဆရာ ဒေးဗစ်ကောက်စ် (David Cox)က The Guardian သတင်းစာမှာ 'ကားလ်မတ် မှန်သလော။ အရင်းရှင်စနစ် အပျက်ခံမလား။ ပြင်မလား'ဆိုတဲ့ ဆောင်းပါးကိုရေးပြီး ကမ္ဘာကြီးကို သတိပေးထားပါတယ်။

'ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အရင်းရှင်စနစ်၏ ပဋိပက္ခများ၊ ဝတ်လစ်စလစ်ပေါ်လာပြီ။ . . . အရင်းရှင်စနစ်၏ နက်မိမယ်ကေရိုဟု မိတ်ဆွေရောရန်သူကပါ ထင်မှတ်ခဲ့ကြသည့် တစ်ကမ္ဘာလုံးယှက်နွယ် ကူးစက်မှု ဂလိုဘယ်လိုက်ဇေးရှင်းသည် နတ်မိမယ်ဘဝမှ စုန်းတစ္ဆေ ပြိတ္တာဘဝသို့ ကူးပြောင်းသွားခဲ့လေပြီကော။'

(စာ–၈၆)

'ဖြစ်ပုံပျက်ပုံအလုံးစုံကို သိမြင်ခဲ့ကြလောက်ပါပြီ။ စည်းလွတ်ဖက်လွတ် စီးပွားရေးလုပ်ချင်သလိုလုပ်လာကြသည့်အတွက် ယနေ့ကမ္ဘာ မိုးလေဝသ ရာသီဥတုတို့ ပျက်စီးခဲ့ရပြီ။ လူတို့မှီခိုသုံးစွဲရာ ရေပြတ်လပ်ရှားပါးပြီ၊ လယ်တော၊ ယာတော၊ သစ်တော၊ ဝါးတောတို့ ပျက်ခဲ့ပြီ၊ ကမ္ဘာ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည်မှာ ကလေးအငိုတိတ်အောင် ပလီပလာချော့သည့် စကားသာဖြစ်နေသည်။'



www.burmeseclassic.com

www.burmeseclassic.com



(စာ–၈၇)

'အစိုးရကြီးများ၊ ကုမ္ပဏီကြီးများ၊ ပုဂ္ဂလိကများတို့က လုပ်ချင်သလို လုပ်နေကြသည့် ကုန်သွယ်ရောင်းဝယ် ဈေးကွက်အလုပ်ကြီးများကြောင့် **တစ်ကမ္ဘာလုံး စီးပွားပျက်ကပ်ကြီး ဆိုက်အံ့ဆဲဆဲဖြစ်သည်။**

. . . ထို့ပြင် အရင်းရှင်စနစ်ကို ခြိမ်းခြောက်နေသည့် အခြားအန္တရာယ်မှာ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် လူမှုရေး မမျှတမှုကြီးပို၍ပို၍ နက်ရှိုင်းလာခြင်း ဖြစ်သည်။

လွန်ခဲ့သည့် နှစ် ၂၀ အတွင်းတွင် အမေရိကန်မန်နေဂျာတစ်ဦး၏လခ သည် သာမန်အလုပ်သမားတစ်ဦး၏လခထက် အဆပေါင်း ၄၀ မှ ၁၁၀ အထိ ပိုများလာသည်။'

(စာ–၈၇)

အလုပ်သမား သပိတ်တွေ၊ ဆူပူမှုတွေ ကမ္ဘာမှာ ပိုများလာပြီလို့ ဒေးဗစ်ကောက်စ်က ထောက်ပြပါတယ်။ သူပြောသလို ကွန်မြူနစ်ဝါဒရဲ့ ခင်ကြီး ကားလ်မတ် မှန်လို့တော့မဟုတ်။ ကားလ်မတ်သာ မှန်ခဲ့ရင် အရင်းရှင်စနစ် ဟာ ၂၀ ရာစု အစောပိုင်းကတည်းက ကျဆုံးသွားခဲ့မှာပေါ့။

အရင်းရှင်စနစ် ဈေးကွက်စီးပွားရေးခေတ်ကို မီးလောင်ရာလေပင့် လုပ်ခဲ့ တာက အိုင်တီနည်းပညာတွေပဲ မဟုတ်ပါလား။

ရုရှားခေါင်းဆောင်ကြီး ဂေါ်ရီဗာချော့က ဒီလို သုံးသပ်ပြပါတယ်။

'ခရစ်နှစ် ၂၀၀၈ ဟာ တစ်ကမ္ဘာလုံး ဘဏ္ဍာရေးကပ်ကြီး ဆိုက်တဲ့နှစ်ပါ။ ဒီဘဏ္ဍာရေးကပ်ကြီး ဆိုက်ရောက်လာလိမ့်မယ်ဆိုတာ ဘယ်သူမှ ကြိုမပြော ခဲ့ပါဘူး။ ဒီကပ်ကြီး ဘယ်လောက်ဆိုးမယ်ဆိုတာလည်း ဘယ်သူမှ မတွက် ချက်နိုင်ပါဘူး။ ဒီကပ်ကြီး ဘယ်တော့ပြီးမယ်၊ ဘယ်လိုပြီးမယ်ဆိုတာကိုလည်း ဘယ်သူမှ သိတယ်မထင်ပါဘူး။'

(စာ–၁၀၃)

ဂေါ်ရီဗာချော့က ကမ္ဘာ့ဒုက္ခတွေကို တင်ပြရင်း . . . 'ဘာတွေဖြစ်နေတာ လဲ၊ ဘာတွေဖြစ်ဦးမှာလဲ၊ ဘေးအန္တရာယ်အဟောင်းတွေ၊ အသစ်တွေ အမျိုး





မျိုးကို ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်တွေက ဘာကြောင့် ထိထိရောက်ရောက် မကိုင်တွယ်နိုင်ကြတာလဲ'လို့ မေးခွန်းထုတ်ထားပါတယ်။

'ကနေ့ အကြီးအကျယ် ဝရုန်းသုန်းကားဒုက္ခကြီးတွေ ဖြစ်နေရတာတွေဟာ နိုင်ငံရေးခေါင်းဆောင်တွေအနေနဲ့ စစ်အေးပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်အကဲဖြတ်ပြီး လမ်းသစ်ကို အတူလက် တွဲ ရှာဖို့ အားမထုတ်ကြလို့ ရှာနိုင်စွမ်းမရှိလို့ ဖြစ်ရတာပါ'လို့ အဖြေထုတ် ထားပါတယ်။

ကမ္ဘာ့နိုင်ငံကြီးတွေ စီးပွားရေးချင်းပြိုင်တာ လောဘ၊ စစ်အင်အားခြင်း ပြိုင်တာ ဒေါသ၊ ဒီလို လောဘဒေါသတွေ ပြိုင်နေတာ မာန၊ လောဘ ဒေါသ မာနတွေကြောင့် ကမ္ဘာ့ခေါင်းဆောင်တွေ မညီညွတ်နိုင်ကြရှာ။

ဂေါ်ရီဗာချော့က 'တစ်ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်လိုက်ရင် စီးပွားရေးဟာ ကျိုးကြောင်းဆင်ခြင်တုံတရားနဲ့ ပိုကိုက်ညီပြီး မေတ္တာ ဗြဟ္မစိုရ် တရားနဲ့ပါ ပြည့်ဝလာပါလိမ့်မယ်'လို့ အကြံပေးထားပါတယ်။

(စာ–၁၀၇)

'ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု' ဆိုတာကို သူတို့ချင်းပြိုင်နေတဲ့ နိုင်ငံ ကြီးတွေက လက်ခံမှာလား။ ကုလသမဂ္ဂကြီး ရှိရက်သားနဲ့ ကမ္ဘာကြီးမှာ ဘေးဒုက္ခတွေ ပိုများလာတာသာ ကြည့်ပါတော့။ ညီညွတ်ရေးစကားဆိုတာ ကြားကောင်းအောင် ပြောရတာလွယ်ပါတယ်။ တကယ် အကောင်အထည် ဖော်ဖို့ ဘယ်လောက်ခက်တယ်ဆိုတာ ဒီနေ့ ကမ္ဘာ့ပြဿနာကြီးတွေက သက်သေခံနေပါတယ်။ ဒီကမ္ဘာ့ဒုက္ခတွေကို အမေရိကန်သမ္မတ အိုဘားမား ကလည်း ဖော်ပြခဲ့ပြီး လက်တွဲညီညွတ်စွာနဲ့ ဒီကမ္ဘာမြေကို ကယ်တင်ရမယ်လို့ ဆိုပါတယ်။

(စာ–၁၄၄ မှ)

'ပျက်စီးယိုယွင်းနေတဲ့ ကမ္ဘာဂြိုဟ်' လို့ အိုဘားမားက ညွှန်ပြလိုက်ပြီး သူ့အမေရိကန်နဲ့ ပတ်သတ်ပြီးတော့လည်း 'နှစ်တစ်ရာအတွင်းမှာ အဆိုးဆုံး ဘဏ္ဍာရေးကပ်' ဆိုက်နေတယ်လို့ ဝန်ခံသွားပါတယ်။

(စာ–၁၅၅)



www.burmeseclassic.com

www.burmeseclassic.com



'ဒီကမ္ဘာသူ ကမ္ဘာသားတွေဟာ ဂုဏ်သိက္ခာရှိရှိ၊ အခွင့်အလမ်းပြည့်ပြည့်၊ လုံခြုံမှုရှိရှိ၊ တရားမျှမျှတတနေချင်ကြတယ်'

ဒါကြောင့် 'ကံကြမ္မာကို အဖြေပေးကြပါစို့၊ ကမ္ဘာကြီးကို အသစ်တစ်ဖန် ပြန်လည် တည်ဆောက်ကြပါစို့'လို့ ဘာလင်မိန့်ခွန်းမှာ ပန်ကြားသွားခဲ့ပါတယ်။

သို့တိုင်အောင် အိုဘားမားကိုယ်တိုင်လည်း ကံကြမ္မာကို အဖြေမပေးနိုင်။ ကမ္ဘာကြီးကို အသစ်တည်ဆောက်ဖို့နေနေသာသာ သူ့တိုင်းပြည်အတွက်ပင် အတော်ရုန်းကန်နေရပါပကောလား။

ဆရာအံ့မောင်က 'အိုဘားမား သမ္မတသက်တမ်းတစ်နှစ်ပြည့်ချိန်မှာ ရှေ့ဘာဆက်လုပ်မှာလဲ'လို့ စစ်တမ်းထုတ်ထားပါတယ်။ မြန်မာစာရေးဆရာကြီးတစ်ယောက်ရဲ့ သုံးသပ်ချက်ကို ရှုပါဘိလော့။

'ကမ္ဘာပေါ်တွင် အချမ်းသာ အကြွယ်ဝဆုံးဖြစ်သော အမေရိကန်နိုင်ငံကြီးသည် မကြုံဖူးမကြားဖူးလောက်အောင် ဆိုးဝါးသော စီးပွားပျက်ကပ်ကြီးကို ရင်ဆိုင်ခဲ့ရသည်။ . . . အမေရိကန်၏ဘဏ္ဍာရေး သိက္ခာ သမာဓိကို ကမ္ဘာက မယုံရဲလောက်အောင် ဖြစ်သွားသည်။ . . . အမေရိကန်ဒေါ်လာသည် ချည်းစားပျက် မိန်းကလေးကဲ့သို့ ဂုဏ်သရေ ညှိုးနွမ်းသွားခဲ့လေသည်'

'အမေရိကန်စစ်သားတစ်ယောက်၏ တစ်နှစ်အတွက်ကုန်ကျစရိတ်မှာ ဒေါ်လာတစ်သန်းဟုဆိုသည်။ အာဖဂန်နစ္စတန်တွင် အမေရိကန်စစ်သားတစ်သိန်းပို့ထားသည်ဆိုပါက တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်းတစ်သိန်း ကုန်ကျမည်ဖြစ်၏။ အီရတ်တွင်ကား . . . အမေရိကန်တပ်သားအင်အားပို၍ များများပို့ခဲ့သဖြင့် အကုန်အကျပို၍များဦးမည် မုချဖြစ်၏။ ဤမျှ အကုန်အကျကြီးများခံနေခြင်းမှာ မုတ်ဆိတ်ဖွားဖွားကြီးနှင့် အဘိုးအိုကြီးတစ်ယောက် နှစ်ယောက်ကို ဖမ်းဆီးကြိုးပေးဖို့ရည်ရွယ်ချက်လောက်ဟုတ်၊ မဟုတ်ကမ္ဘာက မေးခွန်းတစ်သောင်းမေးချင်ပေလိမ့်မည်။'

(စာ-၂၂၄)

ဒါကြောင့် အိုဘားမားသည် စစ်လမ်းကို လိုက်မည်လော၊ ငြိမ်းချမ်းရေးလမ်းကိုလိုက်မည်လောလို့ ဆရာအံ့မောင်က မေးခွန်းထုတ်ထားပါတယ်။ 'အမေရိကန်ဟာ အရာရာကိုဖြစ်အောင်လုပ်နိုင်တဲ့ တိုင်းပြည်'လို့ အောင်ပွဲခံစကား





ပြောကြားခဲ့တဲ့ သမ္မတအိုဘားမား ဘယ်လိုဖြေမှာလဲ။

၁၉၈၈ မှ ၂၀၀၁ အထိအမေရိကန်နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သော အမျိုးသမီးကြီး 'မက်ဒလင်အောလ်ဗရိုက်'ရဲ့ 'နောက်တက်မည့်သမ္မတသို့ ပန်ကြားချက်'ကိုလည်းကြားသိစေချင်ပါသေးတယ်။

'ချူးကလီးယားလက်နက်တွေ မလုပ်ကြနဲ့ဟု ကျွန်တော်တို့က အခြားနိုင်ငံများအား ပြောသည်။ သို့သော် ကျွန်ုပ်တို့နိုင်ငံ၏ လက်ထဲမှာ ကမ္ဘာပေါ်တွင် အကြီးအကျယ် အပြောက်မြားဆုံး နျူးကလီးယားလက်နက်များကို ကိုင်ထားသည်။'

'အနာဂတ်ကာလကို ကောင်းအောင်လုပ်ကြပါဟု ကျွန်ုပ်တို့က ဓမ္မကထိက လေသံဖြင့် ဟောပြော ညွှန်ပြသည်။ သို့သော် အမေရိကန်သည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဘေးဆိုးကြီးကို မမြင်ယောင်ပြုနေသည်။'

'ဤကမ္ဘာမြေကြီးပေါ်တွင် အမေရိကန်တို့သည် ၄ရာခိုင်နှုန်းသာ ရှိပါသည်။ အာရှတိုက်က ကမ္ဘာထက်ဝက်၊ မွတ်ဆလင်က သုံးပုံတစ်ပုံ၊ ဤမျှ ဦးရေနည်းပါးသေးငယ်သည့်ပြင် ရှိလေသမျှ အမေရိကန်တို့ကလည်း ကိုယ့်နိုင်ငံ၏ ရေးကဖြစ်ပျက်ကြောင်းလျှာတို့ကို သိဝ်မသိတော့ဘဲ လောလောလတ်လတ်ခြင်းရာကိစ္စများလောက်ကိုသာ နားမျက်စိ ထိမိကြတော့သည်။'

(စာ-၁၂၂)

အမေရိကန်အမျိုးသမီးကြီးဟာ ကိုယ့်တိုင်းပြည်ကိုယ် ပွင့်ပွင့်လင်းလင်း ဝေဖန်ထားပြီး ရှေ့ရေးအတွက်လည်း ဒီလို အကြံပေးထားပါတယ်။

'ကမ္ဘာကြီးအကြောင်းသိနားလည်အောင် ပြန်လည်ကြိုးစားခြင်း၊ လူမျိုးအသီးသီးတို့၏ ဘာသာစကားကိုသင်ယူခြင်း၊ အခြားအခြားသော ယုံကြည်မှုကိုးကွယ်မှုများကို သိမြင်နားလည်နှစ်လိုစိတ်ဖြစ်ပေါ်လာအောင် အားထုတ်ခြင်း၊ သမိုင်းဆိုင်ရာကိစ္စများကို ရှုထောင့်အထွေထွေမှ လေ့လာခြင်း၊ ယခုခေတ်ပညာရပ်များကို အပြုသဘောအတွက် ထပ်ဆင့်အသုံးပြုခြင်း၊ ကောင်းခြင်းဆိုးခြင်းနှစ်ဖြာကို အပေါ်ယံကြောကိုဖောက်၍ အတွင်းသားအထိကြည့်ခြင်းများကို မြိုင်မြိုင်ဆိုင်ဆိုင် လုပ်ကြပါမှ အမေရိကန်နိုင်ငံကြီး ပြန်လည်နာလန်ထူပါလိမ့်မည်။'



www.burmeseclassic.com

www.burmeseclassic.com



(စာ-၁၂၃)

သမ္မတအိုဘားမားကတော့ အာဖဂန်အရေးနဲ့ပတ်သက်ပြီး 'လောင်းကြေးကကြီးလွန်းလို့ အခုမှ ကစားဝိုင်းထဲက ထွက်သွားမယ်ဆိုလို့ မဖြစ်တော့ဘူး'လို့ ဆိုခဲ့ပါတယ်။

(စာ-၁၄၂-၅)

အာဖဂန်အပါအဝင် ကမ္ဘာပေါ်မှာစစ်ပွဲတွေမပြီးဆုံးသေး။ ငြိမ်းချမ်းရေးကို ကမ္ဘာပြည်သူတွေ မွတ်သိပ်နေချိန်မှာပဲ 'မမွေးဖွားရသေးတဲ့ သားကလေးရဲ့ အသံ'ကို ကြားနာလိုက်ရတဲ့အတွက် ဆရာအံ့မောင်ကို ကျေးဇူးတင်ရပါတယ်။ စင်ကာပူ အမျိုးသားတက္ကသိုလ်ကျောင်းသား 'တိုကျုန်ဆင်း'ရဲ့ ကဗျာထဲက ကောက်နှုတ်ချက်များနဲ့ ဒီဆောင်းပါးကို နိဂုံးချုပ်လိုက်ပါတယ်။

လူ့ဇာတ်ရဲ့ အပူခန်းကိုတောင်
လွမ်းမပြလိုက်ရှာကြရ
သားကို ဖြစ်လာအောင်လုပ်တာလဲ သူတို့
အခု ဖျက်ဆီးလွှင့်ပစ်မှာလဲ သူ့တို့၊
သားသဘော သားဆန္ဒလေးကိုတောင်
မေးရိုးကလေးမှ မမေးကြ
သား သွားရတော့မှာပါနော်၊
တန်းစီပြီး တစ်ခါစောင့်ရလေဦးမှာ
အသက်ရှင်ခွင့်
ကံစမ်းမဲပေါက်တဲ့အထိ
လူစော်နံပြန်ရော့လို့ အငြင်းပယ်ခံရတဲ့
ဘုရားသခင်ရဲ့ လက်ဆောင်ကလေး။

[၉-၂-၂၀၁၁ ထုတ် နံနက်ခင်းဂျာနယ်]


■

မန်းချောင်းစာပေ

"

ရှားပါးလှတဲ့ ရေကြောင်းစာပေကို ရသမြောက်ရင်နင့်စွာ ဖန်တီးခဲ့တဲ့
ဆရာမောင်သော်ကရဲ့ စာပေကျေးဇူးကို
ကျွန်တော်တို့ အစဉ်အမြဲတသနေလျက်ဖြင့် . . .

"



# ရှင်သန်ခြင်းရဲ့ အဓိပ္ပါယ်

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | တိုက်ရေယာဉ် ၁၀၃ |
| စာရေးသူ | – | မောင်သော်က |
| ထုတ်ဝေကာလ | – | ၂၀၁၁ (ဒုတိယအကြိမ်) |
| စာမူခွင့်ပြုချက် | – | ၅၀၁၁၄၉၁၀၁၀ |
| တန်ဖိုး | – | ၂၂၀၀ ကျပ် |
| ဖြန့်ချိရေး | – | ဇမ္ဗူတလူစာပေ |

ဆရာမောင်သော်ကရဲ့ **'တိုက်ရေယာဉ် ၁၀၃'** ဟာ ကျွန်တော်တို့ခေတ်ရဲ့ စာအုပ်ကောင်းတစ်အုပ်အဖြစ် မမေ့မလျော့ မှတ်တမ်းတင်ရမယ့်စာအုပ် ဖြစ်ပါတယ်။

တိုက်ရေယာဉ် ၁၀၃ အကြောင်းကို စာအုပ်မဖြစ်မီကတည်းက ဆရာဦးအောင်သင်းပြောပြဖူးတာတစ်ခုတည်းနဲ့ အထူးပဲ စိတ်ဝင်စားခဲ့ရပါတယ်။ ၁၉၈၇ ခုနှစ်က ပေဖူးလွှာမဂ္ဂဇင်းမှာ အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့စဉ်ကလည်း စောင့်ဖတ်ခဲ့ရတယ်။ ၁၉၈၈ လုံးချင်းစာအုပ် ဖြစ်လာတော့လည်း ထပ်ဖတ်ဖြစ်ခဲ့ပါတယ်။ ၁၉၈၈ မှ ၂၀၁၀ အတွင်း 'တိုက်ရေယာဉ် ၁၀၃' ဟာ ရှားပါးစာအုပ်ဖြစ်သွားပြီး ပန်းဆိုးတန်းစာအုပ်အဟောင်းတန်းမှာပါ မိတ္တူကူးပြီး ရောင်းတာ တွေ့ခဲ့ရပါတယ်။

ယခု ၂၀၁၁ နှစ်ဆန်းပိုင်းမှာ ဒုတိယအကြိမ် ပြန်ထုတ်ခွင့်ရခဲ့ပါတယ်။ ၁၂–၃–၂၀၁၁ က MRTV-4 အရောင်းရဆုံးစာအုပ် ၁၀ စာအုပ်စာရင်းမှာ **'တိုက်ရေယာဉ် ၁၀၃'** ပါလာပြီး ရေးသူအမည်ကိုတော့ **'မောင်သော်တာ'** လို့ မှားယွင်းဖော်ပြထားတာ တအံ့တသြတွေ့လိုက်ရပါတယ်။ ရုပ်သံသမားတွေ စာပေနဲ့ အလှမ်းဝေးနေပါလားဆိုတာ သတိထားလိုက်မိပါတယ်။ ဆရာ





မောင်သော်ကဟာ သရော်စာနဲ့ ရုံဖန်ရံခါ ဝေဖန်စာများရေးပြီးတော့လည်း စာပေခရီးမှာ မှတ်တိုင်စိုက်ထူနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဆရာက တိုက်ရေယာဉ် ၁၀၃ ကို အမှာရေးရာမှာ စာအုပ်တစ်အုပ်လုံးကို ခြုံမိငုံမိအောင် ရေးပြထားပါတယ်။

'ကျွန်တော်သည် တိုက်ရေယာဉ် ၁၀၃ နှစ်မြုပ်ပြီးသည့်နောက် နှစ်ပေါင်းသုံးဆယ်တိုင်အောင် မရေးဘဲနေခဲ့ရာမှ ယခုအချိန်သည် ကျွန်တော့်ဘဝ၏ ဆည်းဆာချိန်လည်း ရောက်ပြီ၊ မြန်မာစာပေတွင် ရှိသင့်သော **ရေကြောင်းစာပေတစ်ရပ်လည်း ကျန်ရစ်စေ** ဟူသော ရည်ရွယ်ချက်နှင့်အတူ ကျွန်တော့်ရဲဘော်များကို ပင်လယ်ပြင်ကို အန်တုလျက် တိုင်းပြည်တာဝန် ကျေပွန်ခဲ့မှုကိုလည်း ချီးကျူးမှတ်တမ်းတင်သည့်အနေနှင့် အကျိုးမဲ့ အချည်းနှီးမဖြစ်စေလိုသောဆန္ဒနှင့် ဖွင့်ဟရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

နှစ်ပေါင်း ၃၀ စောင့်ဆိုင်းနေခဲ့ခြင်းမှာ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း အသက်ပေးသွားခဲ့သည့် ရဲဘော်တစ်စုတို့၏ ကျန်ရစ်သူမိသားစုများ စိတ်မချမ်းမသာ ဖြစ်ကြမည်ကို စိုးရိမ်သောကြောင့် တတ်နိုင်သမျှ နှုတ်ပိတ်ရှောင်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုသော် သေသောသူလည်း မေ့လောက်ပြီ ဒဏ်ရာများလည်း ကျေလောက်ပြီဟု ယူဆကာ မြန်မာစာပေတွင် **ရှားပါးလှသည့် ရေကြောင်းစာပေ** တစ်ရပ် မှတ်တမ်းတင်အဖြစ် ရင်နာနာဖြင့်ပင် ရေးသားတင်ပြခဲ့ရခြင်း ဖြစ်ပါသည်။'

မိမိရဲ့ စာပေအောင်မြင်မှုထက် ကျန်ရစ်သူမိသားစုများကို ငဲ့ကွက်စာနာတတ်တဲ့ ဆရာမောင်သော်ကရဲ့ နှလုံးသားကို အတိုင်းသားမြင်လိုက်ရပါတယ်။ ဆရာမောင်သော်ကပြောသလို ကျွန်တော်တို့ မြန်မာစာပေမှာ 'ရေကြောင်းစာပေ' ဆိုတာ ရှားပါးလှတဲ့အကြောင်းအရာ။ ဆရာသိန်းဖေမြင့်ရဲ့ 'အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ' တစ်အုပ်ကောင်းလောက်သာ ဖတ်ဖူးခဲ့ကြောင်း ဝန်ခံရမှာ ဖြစ်ပါတယ်။ ယခု ဆရာမောင်သော်ကရဲ့ 'တိုက်ရေယာဉ် ၁၀၃' မှာ ရေတပ်၊ ပင်လယ်၊ သင်္ဘောနှင့် အထူးသဖြင့် လူ့သဘော လူ့သဘာဝကို ဖော်ထုတ်ရေးသားသွားနိုင်တဲ့အတွက် စာမျက်နှာတိုင်း အသက်ဝင်နေတယ် ဆိုရပါမယ်။ တိုက်ရေယာဉ် ၁၀၃ ဟာ အမေရိကန်ရေတပ်မှ ကမ်းခြေစောင့်ကင်းလှည့်သင်္ဘောငယ်တစ်စင်း ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ကမ်းခြေစောင့်ဖို့ သုံးခဲ့ပြီး စစ်ကြီးပြီးသွားတဲ့နောက် ၁၉၅၀ မှာ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ရေတပ်ကို လွှဲပေးခဲ့တယ်။ တိုက်ရေယာဉ် ၁၀၃ နဲ့မျိုးတူ ၁၀ စီး မြန်မာပြည်က ရခဲ့ပါတယ်။ သင်္ဘောအရွယ်အစားက အလျား ၈၃ ပေ၊ အနံပြက် ၁၄ ပေ၊ ရေစူး ၆ ပေ၊ ဦးနဲ့ပွဲမှာ ဘိုဖာ(Bofor)ခေါ်တဲ့ စက်အမြောက် နှစ်လက် တပ်ဆင်ထားတယ်။

'တိုက်ရေယာဉ် ၁၀၃ နှင့် ကျွန်တော်သည် ထိုစဉ်ကတည်းက ရေစက်ဆုံခဲ့ကြသည်။ ထိုစဉ်က တိုက်ရေယာဉ် ၁၀၃ ကို အမေရိကန်ရေတပ်မှ လွှဲပြောင်းလက်ခံရယူခဲ့သည့် စစ်ရေယာဉ်မှူးမှာ ဗိုလ်မှူးကြီးမောင်မောင်ခင်ဖြစ်လျက် ဒုစစ်ရေယာဉ်မှူးမှာ ဗိုလ်ကံညွန့်ဖြစ်၏။ ကျွန်တော်က ကြိုးမဲ့ကြေးနန်းမှ တပ်ကြပ်တစ်ဦး ဖြစ်သည်။ ပထမအသုတ်ဖြစ်သော တိုက်ရေယာဉ်လေးစီးကို စစ်ရေယာဉ်မေယု ဦးဆောင်လျက် စင်ကာပူမှ ရန်ကုန်သို့ တောက်လျှောက် ခုတ်မောင်းယူဆောင်လာခဲ့ကြသည်။ လမ်းခရီးတွင် လှိုင်းလေပြင်းထန်သောကြောင့် ဒီဇယ်ပီပါများလွင့်စင်ကာ ရေထဲ ကျသွားခဲ့သည်။ ဒီဇယ်ပီပါတစ်လုံးက စစ်ရေယာဉ်မှူး၏ လက်သန်းကို ကြေမွသွားသည်အထိ ကြိတ်ပြီးမှ လိမ့်ဆင်းသွားသည်။ **တိုက်ရေယာဉ် ၁၀၃ သည် သူ၏ ပထမဆုံးဖြစ်သည့် စစ်ရေယာဉ်မှူးဖြစ်လာမည့်သူကိုပါ သတိပေးသည့်အလား ကျွန်တော့်လက်ဝဲဘက်၏ လက်ခလယ်ထိပ်ကို အဖုံးတံခါးတစ်ခုဖြင့် ညပ်စေကာ သွေးစိမ်းရှင်ရှင် ထွက်စေခဲ့သည်'**

(စာ–၈)

နောက် ခြောက်နှစ်အကြာမှာ ဆရာမောင်သော်ကဟာ တပ်ကြပ်ဘဝမှ ဗိုလ်ကြီးဘသော် ဖြစ်လာခဲ့ပြီး တိုက်ရေယာဉ် ၁၀၃ ရဲ့ စစ်ရေယာဉ်မှူးဖြစ်လာခဲ့ပါတယ်။ 'ဤအချိန်သည် ရေတပ်အရာရှိငယ်တစ်ဦး၏ အပျော်ရွှင်ဆုံးသော အထွတ်အထိပ်အချိန် ဖြစ်သည်။ ခရာ(Pipe)မှုတ်၍ ကြိုဆိုခြင်းခံရသောဂုဏ်ဟူသည်မှာ သင်္ဘောတစ်စီး၏ စစ်ရေယာဉ်မှူးနှင့် ရေတပ်ဦးစီးချုပ်တို့သာလျှင် ဂုဏ်ပြုခြင်း ခံရသည်။

(စာ–၉)

တိုက်ရေယာဉ် ၁၀၃ ရဲ့တာဝန်က မြန်မာ့ရေပြင်ကို ကျူးကျော်ပြီး ငါးနိုဖမ်းနေတဲ့ သင်္ဘောတွေကို ရှာဖွေဖမ်းဆီးဖို့ သောင်းကျန်းသူများကို နှိမ်နင်းဖို့သွားမည့်ခရီးစဉ်က မြိတ်၊ မြိတ်မှာ တာဝန်ထမ်းဆောင်နေတဲ့ တိုက်ရေယာဉ်၁၁၀ ဆီက တာဝန်လွှဲပြောင်းယူရမှာ၊ တိုက်ရေယာဉ် ၁၀၃ မှာ အရာရှိ ၃





ဦး၊ အခြားအဆင့် ၁၅ ဦး၊ ပေါင်း ၁၈ ဦး၊ သက်ဆိုင်ရာသင်္ဘောသား ၉ ဦးအကြံစီးဖို့ ထည့်ပေးလိုက်ရာ ပေါင်း ၂၄ ဦး။

ပင်လယ်သွား ရေယာဉ်တစ်စီးပေါ်မှာ အရေးကြုံလျှင် အသုံးပြုရန် အသက်ကယ်ပစ္စည်းများ လူအားလုံးအတွက် ပါရှိစေရမည်ဆိုတဲ့ 'မူ'ရှိပါတယ်။ **'သို့သော် မည်သည့်သင်္ဘောမှ ချမှတ်ထားသည့်မူအတိုင်း အတိအကျလိုက်နာခြင်း မရှိကြပါ။'**

(စာ–၁၇)

ဒီလိုနဲ့ ၁၉၅၆ နိုဝင်ဘာ ၂၈ ရက်မှာ ခရီးစတင်ခဲ့ကြပါတယ်။ ဆရာမောင်သော်ကဟာ သင်္ဘောအနေအထား၊ အစိတ်အပိုင်းများ၊ ရာထူးအခေါ်အဝေါ်များကို သာမန်လူ နားလည်အောင် ဖွင့်ဆိုရှင်းပြသွားပါတယ်။ ဗိုလ်စောဦး၊ ဗိုလ်သန်းလွင် စတဲ့ အရာရှိများအကြောင်း၊ အခြားသင်္ဘောသားများရဲ့ စရိုက်ဖွဲ့တွေကိုလည်း တိုတိုနဲ့ထိထိ ရေးသွားတယ်။

'ဗိုလ်စောဦးက ကျန်းမာရေး မကောင်း၊ အရက်မသောက်၊ ပုတီးပင်စိပ်လိုက်သေးရဲ့။ ဗိုလ်သန်းလွင်ကတော့ ဘီလပ်ပြန် ရေတပ်ဗိုလ်ကလေး 'သူ သင်တန်းတက်ခဲ့သည့်သင်္ဘောမှာ လေယာဉ်ပျံတင်သင်္ဘောကြီး ဖြစ်သည်၊ ယခု လက်တွေ့တာဝန်ထမ်းဆောင် ရသည့်သင်္ဘောမှာ ဆင်နှင့် ယုန်ငယ်မျှမနှိုင်းယှဉ်သာလောက်အောင် ကွာခြားလွန်းလှသည်။'

(စာ–၂၇)

ဗိုလ်သန်းလွင်မှာ ပင်လယ်လုပ်သက် နုသေးပြီး လှိုင်းလည်း မူးတတ်တယ်။ ဆရာမောင်သော်က က သူ့တာဝန်တွေ ယူပေးရတယ်။ တာဝန်မကျေတဲ့ဝန်ထမ်းတွေလည်း ပါလာသေးရဲ့။ သူက ဆက်သွယ်ရေးသမား ခင်မောင်လတ်၊ စစ်ရေယာဉ်မှူး ပို့ခိုင်းတဲ့ ကြေးနန်းသတင်းကို ချက်ချင်းမပို့။ နံနက် ၈ နာရီနဲ့ ည ၈ နာရီမှာ ရန်ကုန်စတေရှင်ကို အချိန်မှန်သတင်းပို့ရမယ့်တာဝန်၊ ရောက်ရှိတဲ့နေရာ၊ ရာသီဥတုနဲ့ ပင်လယ်ရဲ့အခြေအနေ၊ ဒီလို သတင်းပို့ထားပါမှ အရေးကြုံလာရင် လာကယ်နိုင်မှာ မဟုတ်ပါလား။

သင်္ဘောထွက်လာကာစမှာပင် ခင်မောင်လတ်ဟာ သင်္ဘောဦးမှာ ဂစ်တာတီးပြီး သီချင်းဆိုနေခဲ့သေးတယ်။ ဆိုတဲ့သီချင်းက မာရီလင်မွန်ရိုး ဆိုထားတဲ့နာမည်ကြီး ရုပ်ရှင်ဇာတ်ဝင်သီချင်း 'River of no return' ပြန်လည်မရှိသောမြစ်၊ စစ်ရေယာဉ်မှူးက 'နိမိတ်မရှိ နမာမရှိ' ဆိုပြီး ဝေါက်ပိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နိမိတ်ပြခဲ့တာ၊ အခုပဲ လှိုင်းကြီးလာပြီ၊ လေထန်လာပြီ။ နောက်တစ်နေ့ နံနက်မှာတော့ သင်္ဘောရှေ့ပိုင်းမှာ ရေတွေဝင်လာခဲ့ပြီ။ ရေစုပ်ထုတ်စရာပန့်တွေ မကောင်း၊ ရေစုပ်စက်ငယ်လေးတစ်လုံး ပါလာတာလည်း အသုံးမဝင်၊ ရေတွေ သံပုံးနဲ့ခပ်ထုတ်နိုင်းရ၊ သင်္ဘောကတော့ ဖြောင်းဆန်နေပြီ။

'ရှေ့ပိုင်း Gun Pit (အမြောက်အောက်ခြေ သံမဏိပြားပိုင်း)ကြီး အောက်ခြေမူလီတွေ ပြုတ်ထွက်ပြီး ယမ်းနေတယ်။ Ventilor (လေဝင်ပေါက်ခေါင်းတိုင်)တွေလည်း ကျိုးကုန်ပြီ၊ ရှေ့က Hetch cover (အဖုံးတံခါး)လည်း ကျိုးသွားပြီ' ဟု သတင်းပို့သည်။

(စာ-၃၉)

သစ်သားများ၊ သံတိုင်များ တဖြောင်းဖြောင်း ကျိုးသံတွေ ကြားနေရ၊ ညက ခင်မောင်လတ် ကြေးနန်းမပို့ခဲ့။ ယခု စစ်ရေယာဉ်မှူးကိုယ်တိုင် ပို့ဖို့ကြိုးစား၊ ဒါပေမဲ့ မီးခိုးတွေ အူထွက်လာပြီး စက်ပျက်သွား၊ အရေးပေါ်သုံးဖို့ ဘက်ထရီနဲ့သုံးတဲ့ ကြိုးမဲ့ကြေးနန်းစက်လည်း မပါရှိခဲ့။ ဌာနချုပ်နဲ့ရော တစ်လောကလုံးနဲ့ပါ အဆက်အသွယ် ပြတ်တောက်သွားပြီ။

'ပင်လယ်ပြင်တွင် သင်္ဘောအန္တရာယ် ကြုံတွေ့ခဲ့ရသော် အကူအညီတောင်းခံသည့်နည်းလမ်းများအနက် ပေါက်ကွဲစေတတ်သည့် လက်နက်တစ်စုံတစ်ရာကို အချက်မှန်မှန်ပစ်ဖောက်၍ အကူအညီတောင်းခံခြင်းမှာ နည်းလမ်းတစ်လမ်းဖြစ်သည်။'

(စာ-၄၃)

'ဗိုလ်စောဦး ပွဲပိုင်းက အမြောက်ကို တထိုင်းထိုင်း ပစ်ဖောက်၊ နောက်ဆုံးတော့ အသက်ကယ်ဖောင်နှစ်ခုသာ အားကိုးရှိတော့ရဲ့၊ သင်္ဘောက မြုပ်စပြီနေပြီ။ ဖောင်လည်း ချလိုက်ရော ရဲဘော်တချို့ အမိန့်မရဘဲ အလုအယက်ခုန်ဆင်းကြတယ်။ ခင်မောင်လတ်လည်း ခုန်ဆင်းသွားတယ်။ 'ဖောင်ငယ်သည် ကျွန်တော်တို့ကြည့်တဲ့ မိနစ်ပိုင်းအတွင်းတွင်ပင် မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့တော့သည်။ နောက်ထပ်လည်း အဆိုပါ အသက်ကယ်ဖောင်သော်လည်းကောင်း၊ ဖောင်ပေါ်တွင် လိုက်ပါသွားကြသည့်သူများကိုသော်လည်းကောင်း မည်သူမျှ မတွေ့ကြတော့ပေ။

(စာ-၄၉)

ဒီမှာကျန်နေတဲ့ဖောင်တစ်ခုကို ပစ်ချ၊ အားလုံး ဖောင်ပေါ် ခုန်ချသွား





ကြပြီ။ ဆရာမောင်သော်ကတစ်ယောက်သာ ကျန်ခဲ့တော့ရဲ့။ 'ကျွန်တော်မှုယာမာယာ များနေခြင်းမဟုတ်၊ ရေယာဉ်မှူးများသည် သူတို့၏သင်္ဘောများနှင့် လိုက်ပါအသေခံကြသည်ဆိုခြင်းမှာ ရူးနှမ်းခြင်း၊ သူရဲကောင်းဆန်ခြင်း မဟုတ်သည်ကို ထိုတဒင်္ဂတွင် ကျွန်တော် နားလည်လိုက်သည်။ လောကတွင် ဂုဏ်သရေချို့ငဲ့လျှင် ဆက်လက်အသက်ရှင်နေခြင်းမှာ မထိုက်လှသည် **ဖြစ်၏'**

(စာ-၅၁)

ဒီလိုနဲ့ စာရေးသူဟာ နောက်ဆုံးမှ ဖောင်ပေါ် ခုန်ချခဲ့တယ်။ ဖောင်ကို ရော်ဘာနဲ့ ပြုလုပ်ထားပြီး နိုင်လွန်နဲ့ ဖုံးအုပ်ထားတယ်။ ပုံသဏ္ဌာန်က အဝိုင်း အချင်း ၆ ပေရှိတယ်။ လူခြောက်ယောက်ပဲ စီးနိုင်တယ်။ ဒါပေမဲ့ ဒီဖောင်လေးပေါ်မှာ လူ ၁၈ ယောက်၊ ဖောင်ပေါ်မှာ လူချင်းထပ်လို့၊ ကျပ်ညပ်ဖိသိပ်လို့ ဖောင်မှာ အသင့်ပါလာတာတွေက သောက်ရေချိုဘူး (နို့စိမ်းဘူးခန့်) ၄ ဒါဇင်၊ ကြိုးသကြားလုံး၊ မီးကျည်၊ ရေခွက် စသည်တို့ပါပဲ။

ဖောင်ပေါ်မှာ ပြုံထိုင်နေလို့ မရ၊ တစ်စုက ရေထဲဆင်း ဖောင်ဘေးမှာ တွယ်နေ၊ တစ်စုက နား၊ တစ်စုက လော့၊ ဆရာမောင်သော်က ရေထဲအရင် ဆင်းပါတယ်။ ဆရာ့ရဲ့ ခေါင်းဆောင်ပီသတဲ့ အရည်အချင်းတွေဟာ အမြဲ လင်းလက်နေခဲ့ပါတယ်။ ရေချိုသောက်တာကအစ ရဲဘော်တွေထက် တစ်စက်မျှ ပိုမသောက်ခဲ့ပါ။ ကျန်းမာရေး ချို့ယွင်းလာတဲ့ ဗိုလ်စောဦးကို အထူးဂရုစိုက်ခဲ့ပါတယ်။ 'ကျွန်တော်ကိုယ်တိုင်မှာ ဗုဒ္ဓဘာသာဝင်တစ်ဦးမဟုတ်သို့ကြောင့် အားအင်ချိနေသည့် ဗိုလ်စောဦးက ခေါင်းဆောင်ကာ ငါးပါးသီလ ခံစေကြပြီး သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုကြသည်။'

(စာ-၈၃)

သကြားလုံးတွေ အရည်ပျော်ကုန်လို့ သကြားရည်တွေ စွန်းနေတဲ့ စက္ကူဖတ်ကိုပဲ စုပ်ကြရတော့တယ်။ ဒီတော့ ခရုသေးသေးလေးတွေ ဖောင်ပေါ်တက်လာရင် ဖမ်းပြီး အစိမ်းစား၊ ဂဏန်းနဲ့ ငါး အစိမ်းစား၊ ရေချိုချွေတာနေရလို့ ပင်လယ်ရေ ခိုးသောက်သူတွေ ဝမ်းတွေ ဒလဟော သွား ဒီလို ဒုက္ခတွေကြား လေယာဉ်ပျံသံကြားလို့ အားတက်ခဲ့ကြတယ်။ မီးကျည် ပစ်ဖောက် အချက်ပေးပေမယ့် လေယာဉ်ပျံက မြင်ချင်မှ မြင်ပေလိမ့်မယ်၊ ဒါပေမဲ့ ရှေ့သုံးမိုင်လောက်မှာ ကျွန်းကြီးတစ်ခုကို မြင်လိုက်ရလို့ အားတက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေမယ့် လှိုင်းတံပိုးတွေ ကြီး၊ လေက ထန်လာတော့ ကျွန်းကြီးနဲ့ ၁၀ မိုင်လောက် ဝေးခဲ့ရပြန်ရော။ ဒီကြားထဲ ကျော်ကျော်က သရဲကြီး ကျွန်တော့်ကို လာဆွဲနေပါပြီ အော်လိုအော်၊ စိတ်ဖောက်ပြန်စ ပြုလာပေပြီ။ ရှူးခန်ဲ အော်မြည်သံကြီးတွေကြားတော့လည်း ထိတ်လန့်စရာ၊ ဒါဟာ လင်းရှူးခေါ် သတ္တဝါရဲ့ အသက်ရှူထုတ် လေမှုတ်သံတဲ့။

'လင်းရှူးသည် အန္တရာယ်ပေးတတ်သည့်သတ္တဝါမဟုတ်။ သူရှိနေခြင်းဖြင့် ငါးမန်းများ အနီးအပါး မလာတော့။ သူ့လေမှုတ်သံကို ငါးမန်းများ မခံနိုင်၊ လင်းရှူးရှိရာဒေသတွင် ငါးမန်းမလာ'

(စာ-၉၉)

အဲသလို ပင်လယ်ပြင်သုတတွေ ပေးဝေထားပါသေးတယ်။ ရဲဘော်တွေ မိသားစုကို သတိရကြ၊ စားချင်တာတွေ ပြောဆိုနေကြ၊ ဗိုလ်ကြီးစောဦးနှင့် ရဲဘော်အချို့ကား ဖျားနာနေကြပြီ။ တချို့ ကြောင်စီစီ၊ နောက်ဆုံးတော့ ဒီဇင်ဘာ ၈ ရက်မှာ ဗိုလ်စောဦး သေတယ်။ သူ့အလောင်းကို ရေထဲ ချခဲ့ရတယ်။ နောက်တစ်နေ့မှာ တပ်သားကျော်ကျော် သေတယ်၊ ရေထဲ ချခဲ့ရတယ်။ အောင်အေးက စိတ်နောက်သွားပြီး သူ့ဟာသူ ရေထဲခုန်ချသွားတယ်။

'လူတစ်ဦးတစ်ယောက် သေဆုံးသည့်အခါတိုင်း ကျွန်တော်တို့တွင် ဒွိဟစိတ်များ ဖြစ်ကြရသည်။ တစ်ခုသောစိတ်မှာ သေဆုံးသူအတွက် ဝမ်းနည်းကြေကွဲစိတ်နှင့် နောက်စိတ်တစ်ခုမှာ လူသေ၍ ရေချလိုက်လျှင် ဖောင်ပေါ်တွင် နေရာကျယ်ဝန်းလာသည်ဖြစ်ခြင်းကြောင့် လူတစ်နေရာစာ အတွက် ဝမ်းသာစိတ်တို့ အတူယှဉ်တွဲလျက်ဖြစ်သည်။ လူမဆန်ဟုဆိုချင် ဆိုစေတော့၊ ကျွန်တော်တို့ကိုယ်စီတွင် ကမ္ဘာမီးလောင် သားကောင်ချနှင်းသည့် ဗီဇစိတ်၊ ကိုယ်မချိသော် အမိသော်လည်း သားတော်ခဲဟူသည့် အရိုင်းစိတ်များ ဝင်လာကြပြီဖြစ်သည်။ ပင်လယ်တွင်း ကိုးရက်ကျော် လွန်လာသည့် နောက်ပိုင်းတွင် ကျွန်တော်တို့၏ စိတ်များသည် မည်သူမျှ မမှန်ကြတော့ပါ'

(စာ-၁၁၆)

ဆရာမောင်သော်က,က အရင်းခံအတိုင်း ဝန်ခံရေးသားခဲ့ပါတယ်။ သောက်ရေကုန် ကုန်လုနီးပါး ဖြစ်လို့ ကိုယ့်သေးကိုယ် ပြန်သောက်ဖို့ စမ်းသပ်ခဲ့ကြပါသေးတယ်။ သင်္ဘောကြီးတစ်စီး လှမ်းမြင်လို့ မီးကျည်ဖောက် အချက်ပေးသော်လည်း သင်္ဘောက မြင်ဟန်မတူ။ ကူရာကယ်ရာမဲ့ဘဝ၊ လောကရဲ့





ကို ဖြတ်သန်းနေရခြင်း၊ ဒီအချိန်မှာ နောက်ဆုံးမျှော်လင့်ချက်ရဲ့ အလင်းရောင်ကတော့ သင်္ဘောကြီးတစ်စင်းကို တွေ့လိုက်ရတာပါပဲ။ ဒီတစ်ခါတော့ မလွဲတော့ပါဘူး။ ၁၃ ရက်တိုင် ပင်လယ်ထဲ မျောနေရာက ဂျပန်ကုန်တင်သင်္ဘောကြီးက တွေ့သွားပြီး ကယ်တင်နိုင်ခဲ့ပါတယ်။ ဒီအချိန်မှာ ၁၁ ယောက်ပဲ ကျန်ပါတော့တယ်။ ဂျပန်သင်္ဘောကြီးပေါ် ရောက်ပြီးမှ တပ်ကြပ်ကြီး ခင်မောင်ဝင်း သေဆုံးခဲ့ရတာကတော့ အဖြစ်ဆိုးလွန်းလို့ ဆရာမောင်သော်က မျက်ရည်ကျခဲ့ရပါတယ်။

'ပင်လယ်ပြင်တွင် ကျွန်တော်တို့ သင်္ဘောမြုပ်ခဲ့ရခြင်း၌ ကျွန်တော့်တွင် လုံးဝတာဝန်ရှိပါသည်။ သင်္ဘောပျက်စီးနစ်မြုပ်ပြီးသည့်နောက်ပိုင်းတွင် ပင်လယ်ပြင်နှင့် ဖက်ပြိုင်အံတု၍ အသက်လုကာ ထွက်လာနိုင်ခြင်းဟူသည်မှာ ကျွန်တော့်ရဲဘော်များ၏ ဝိုင်းဝန်းကူညီကြိုးပမ်းမှုကြောင့်သာလျှင် ဖြစ်ပါ၏။ အပြစ်ရှိလျှင် အပြစ်ခံဖို့ သင့်သည်မှာ ကျွန်တော်တစ်ဦးတည်းသာ ဖြစ်လျက် ချီးကျူးဂုဏ်ပြုထိုက်သည်မှာ တိုက်ရေယာဉ် ၁၃၀ မှ သေရှာပြန် ကျွန်တော့်ရဲဘော်တစ်စုသာလျှင် ဖြစ်ပါတော့သည်။'

(စာ-၁၄၃)

ဆရာမောင်သော်က က အလွန်ရိုးသားနှိမ့်ချစွာ၊ ပြီးတော့ မြင့်မြတ်စွာဖြင့် နိဂုံးပိုင်းကို ရေးခဲ့ပါတယ်။ သို့သော် ဆက်မရေးဖြစ်တဲ့ 'နောက်ဆက်တွဲအမှာစကား' ကိုလည်း ဖော်ပြထားပါသေးတယ်။ အဲဒါကတော့ စစ်ခုံရုံးတင်ပြီး စစ်ဆေးခံရခြင်း၊ ဒီအပိုင်းကိုတော့ ဆရာက အကျယ်မရေးခဲ့သလို ကျွန်တော်တို့လည်း ဖတ်ချင်စိတ် မရှိတော့ပါဘူး။ ရှားပါးလှတဲ့ ရေကြောင်းစာပေကို ရသမြောက်ရင်နင့်စွာ ဖန်တီးခဲ့တဲ့ ဆရာမောင်သော်ကရဲ့ စာပေကျေးဇူးကို ကျွန်တော်တို့ အစဉ်အမြဲတသနေလျက်ဖြင့် ...။

[၂၃-၃-၂၀၁၁ ထုတ် နံနက်ခင်းဂျာနယ်]

■



www.burmeseclassic.com


www.burmeseclassic.com

“

ဆရာရန်ကုန်ဘဆွေက စိတ်အချဉ်ပေါက်ပြီး
နဂါးနီသီချင်းထဲက စာသားတချို့ကို
ဖက်ဆစ်သရဲတွေရဲ့ ကြွေးကြော်သံအဖြစ်
ဖန်တီးရေးသားလိုက်တာကဖြင့်
အလွန်ရုပ်ပျက်တဲ့ အရေးအသားလို့ ဆိုချင်ကြောင်းပါဗျာ။

”






# ဖက်ဆစ်သူရဲနှင့် နဂါးနီသီချင်း

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ဖက်ဆစ်သရဲတွေ ပတ်လည်ဝိုင်းပါလို့ |
| ရေးသူ | – | ရန်ကုန်ဘဆွေ |
| ထုတ်ဝေကာလ | – | ၂၀၁၁ ဩဂုတ်လ (ဒုတိယအကြိမ်) |
| စာမူခွင့်ပြုချက် | – | ၃၁၀၁၂၄၈၆၁၀ |
| တန်ဖိုး | – | ၂၀၀၀ ကျပ် |
| ဖြန့်ချိ | – | ပညာရွှေတောင် |

ကျွန်တော်တို့ ခပ်ငယ်ငယ် ကျောင်းသားဘဝ စာဖတ်စကာပင် တရှိက်မက်မက်နဲ့ လက်ကမချနိုင်အောင် ဖတ်ခဲ့ရတဲ့ စာအုပ်တွေထဲမှာ 'ဆရာရန်ကုန်ဘဆွေ'ရဲ့ ဝတ္ထုစာအုပ်တွေ အများကြီး ပါဝင်ပါတယ်။ ဆရာ့ဝတ္ထုတွေဖတ်ပြီးတော့လည်း ဇာတိသွေး၊ ဇာတိမာန်တွေ ထက်သန်နိုးကြားခဲ့ပါတယ်။ ဆရာ့ဝတ္ထုအများစုဟာ စစ်နောက်ခံတော်လှန်ရေးဝတ္ထုတွေ ဖြစ်နေလို့ပါပဲ။

'သေသော်မှတည့် ဩော်ကောင်း၏'လို၊ 'မြန်မာပြည်သား'လို ဝတ္ထုမျိုးတွေမှာ ရေးမြန်မာတို့ရဲ့ ဇာတိပုည ဂုဏ်မာနကို လှလှပပ ပေါ်ပေါ်လွင်လွင် ရေးသားနိုင်ခဲ့ပါတယ်။

'စပယ်တို့ခေတ်'ဆိုရင် ဇာတ်လမ်းဇာတ်အိမ် နိုင်ခန့်လှပတဲ့ ရခိုင်ရာဇဝင်နောက်ခံ ဝတ္ထုရှည်ကြီး ဖြစ်ပါတယ်။ 'ချီလေသော်လည်း'၊ 'တိုက်ယူရသည့်မျက်ရည်တစ်ပေါက်' စတဲ့ ဝတ္ထုတွေကတော့ လွတ်လပ်ရေးရပြီးစ ပြည်တွင်းစစ်နောက်ခံ ဝတ္ထုတွေပါ။ 'နန်းဟာဗီး'လို ဝတ္ထုမျိုးတွေကလည်း အလွန်ထူးခြားပါတယ်။ ဆရာ ရန်ကုန်ဘဆွေ စာရေးကောင်းပုံကြောင့် စာဖတ်သူတွေဟာ ဆရာ့ကလောင်ဆွဲခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့ရတာချည်းပါ။





ဆရာ့ဝတ္ထုတွေထဲက ဇာတ်ကောင်အတော်များများဟာ ဆရာ့ကိုယ်ပွားဇာတ်ဆောင်တွေလို့ ဆိုကြပါတယ်။ ၁၉၅၁ မတ်လမှာ ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ယခု ဒုတိယအကြိမ် ထုတ်ဝေလိုက်တဲ့ 'ဖက်ဆစ်သူရဲတွေ ပတ်လည်ဝိုင်းပါလို့' ဝတ္ထုထဲက ဇာတ်ဆောင် 'စံနက်ကျော်' ဟာလည်း ဆရာရန်ကုန်ဘဆွေရဲ့ ဘဝပုံရိပ်တစ်ခုလို့ ထင်မှတ်ရလောက်အောင် ကလောင်လက်စွမ်းပြရေးဖွဲ့သွားပါတယ်။ ဝတ္ထုခေါင်းစဉ်မှာပဲ ခေတ်စနစ်ရဲ့ အရိပ်အယောင်က ပေါ်လွင်နေခဲ့ပါပြီ။

'ဖက်ဆစ်သရဲတွေ ပတ်လည်ဝိုင်းပါလို့ . . '

ဂျပန်ခေတ် မြန်မာပြည်သူတို့ရဲ့ လူမှုဘဝတွေကို ရင်နာဖွယ် ခြယ်မှုန်းရေးဖွဲ့ထားပါတယ်။ ဖက်ဆစ်ဂျပန်တို့ရဲ့ သရုပ်သကန်ကိုလည်း အော့နှလုံးနာဖွယ် ရေးဖွဲ့နိုင်ပါတယ်၊ ဖက်ဆစ်ဂျပန်တွေကို အော့နှလုံးနာရမယ့်အစားကပ်ဖားယပ်ဖားလုပ်ပြီး ကိုယ်ကျိုးရှာတဲ့ အသားထဲက,လောက် သစ္စာဖောက်မြန်မာတွေကို ပိုပြီး ရွံရှာစက်ဆုပ်ဖွယ် ရေးဖွဲ့ပြသွားပါတယ်။

'ဘယ်နေရာကြည့်ကြည့် ဖက်ဆစ်သရဲတွေကို မတွေ့ဟူ၍ မရှိရ။ နေရာတိုင်း၌ တွေ့နေရသည်။ ရှောင်၍ မလွတ်၊ ပြေး၍ မလွတ်၊ ဘယ်ဘက်လှည့်လိုက် လှည့်လိုက် မျက်စိရှေ့တွင် ဖက်ဆစ်သရဲကြီးတွေကို ကားရားကြီးမြင်လိုက်ရသည်။ လူထုသည် တုတ်တုတ်မှ မလှုပ်ဝံ့ကြ။ မျက်စိကို မှိတ်၊ နားကိုပိတ်လျက် ကြိတ်၍ ကြိတ်၍သာ ရှိုက်ငင်နေခဲ့ကြရသည်။'

(စာ–၅၉)

ဖက်ဆစ်သရဲတွေက သူတို့ကို မနှစ်မြို့ဟန်ပြသူကစပြီး တော်လှန်ဖို့ကြံစည်သူအဆုံး ဖမ်းဆီးနှိပ်စက်၊ သတ်ဖြတ်လိုက်ကြတဲ့အခါ 'ဘယ်ခေါင်းဆောင်ကြီးတွေမှ မလှုပ်ဝံ့ကြတော့'လို့ ဆရာရန်ကုန်ဘဆွေက သရော်ထားပါတယ်။

'ကိုယ့်အဖွဲ့ ကိုယ် အတိုးတက်ဆုံးဟု သမုတ်လျက် စာအုပ်ထူကြီးများတသယ်တပိုးနှင့် အလိုလို ဘဝင်မြင့်နေကြသော လူတစ်စုက ဆိုကြသည်၊ ငါတို့က ဖက်ဆစ်သရဲတွေကို တိုက်ခြင်းသည် အကိုင်းအခက်တို့ကိုခုတ်ခြင်းသာဖြစ်သည်။ မျိုးချစ်မျက်ကန်းတို့၏ အပြုအမူသာဖြစ်သည်၊ ဖက်ဆစ်တို့ကိုသာ အထောက်အကူပေးရမည်'တဲ့။

(စာ–၆၀)



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်စက်မှုအောက်မှာ စားဝတ်နေရေးက ချွတ်ခြုံကျနေတဲ့ ပြည်သူလူထုရဲ့ဘဝတွေကို မျက်ကွယ်ပြုထားတဲ့ စာအုပ်ကြီးသမား တော်လှန်ရေးသဘောတရား ဆရာကြီးများကိုလည်း ဆရာရန်ကုန်ဘဆွေက ဝေဖန်ရှုတ်ချထားပါတယ်။

'ကလေးတွေဆိုရင် အမြဲဆာပြီး တအီအီ ဖြစ်နေကြရတယ်။ အဝတ်ဆိုရင်လည်း သတိသာထားတော့။ ဟို အကယ်ကြီးချောင်းဖျားဘက်မှာ ဂုန်နီအိတ်တောင်မရှိလို့ သပေါ့ဖျာကို ပတ်နေရတယ်တဲ့။ နင်တို့လည်း အပျိုလေးတွေမယ့် အဲဒီလို မပတ်ရဘူးများ မထင်နဲ့'

(စာ–၁၃)

'အလုပ်ဆိုတာကလည်း အရင်က တစ်နေ့လုပ်ရင် တစ်နေ့စာရနိုင်တယ်။ အခု တစ်နေ့စာရဖို့ကို တစ်နေ့လုပ်နေရတာ မဟုတ်ဘူး။ ငါးနေ့လောက်လုပ်ကြရတာ၊ ဘာမဆို ငါးဆလောက် ဈေးကကြီးလာတာ၊ လုပ်ခကျတော့ အရင်ကထက် ထူးရကြတာ မဟုတ်ဘူး၊ သိကြလား'

(စာ–၁၄)

ဒီလိုအခြေအနေကြားမှာ စံနက်ကျော် တော်လှန်ရေးသမား ဖြစ်ခဲ့ပါတယ်။

ဂျပန်တွေဟာ မြန်မာတစ်ပြည်လုံးကို သိမ်းယူရာမှာ စက်ဘီးအစုတ်က အခ မကျန်ရအောင် လုယက်ယူငင်တတ်တယ်လို့ ဆိုပါတယ်။ စံနက်ကျော်တို့လူငယ်တစ်စု(ငါးယောက်အဖွဲ့)ဟာ စက်ဘီးနှစ်စီးနဲ့ ရွှေတိဂုံဘုရား အနောက်မြောက်ဘက်မှာ စီးလာတဲ့ညတစ်ညမှာ ဂျပန်နှစ်ယောက်နဲ့ ပက်ပင်းဆုံကြတယ်။ ဂျပန်နှစ်ယောက်ဟာ တရုတ်ဟိုတယ်တစ်ခုက မိန်းမတစ်ယောက်ကို ခေါ်လာတာ၊ မိန်းမက အလိုတူဟန်မပြ၊ ရုန်းကန်နေတယ်။ ဂျပန်တွေဟာ စံနက်ကျော်တို့ဆီက စက်ဘီးကိုလုပြီး မိန်းမကို တင်ခေါ်သွားဖို့ ကြိုးစားရာမှာ ရုန်းရင်းဆန်ခတ် ဖြစ်ကြတော့တယ်။ မိန်းမက လွတ်ထွက်ပြေးသွားတယ်။ ဂျပန်နှစ်ယောက်နဲ့ စံနက်ကျော်တို့ ရန်ပွဲကို ဆရာရန်ကုန်ဘဆွေက အသေးစိတ် သရုပ်ဖော်ရေးသားထားပါတယ်။

'ထိုစဉ်က ဗမာ့ခေတ်သတင်းစာတွင် ပါလာသည့်အတိုင်း ရွှေတိဂုံစေတီကြီး၏ အနောက်မြောက်ဘက်လမ်းသစ်ကြီးပေါ်တွင် လုံးဝသေဆုံးသွားသည့် ဖက်ဆစ်သရဲ အရာရှိငယ်တစ်ယောက်နှင့် ဆေးရုံတွင် သုံးရက်ခန့်ကြာပြီးမှ





သေဆုံးသွားသည့် ဖက်ဆစ်သရဲအရာရှိကြီးတစ်ယောက်တို့၏ အမှုနှင့်ပတ်သက်၍ ဖက်ဆစ်စုံထောက်ဌာနမှ ဟိုတယ်အမျိုးသမီးတစ်ဦးကို ဖမ်းလိုက်သည်။'

(စာ–၇၆)

အဲဒီအမျိုးသမီးကို နှိပ်စက်စစ်မေးတဲ့အခါ ဂျပန်အရာရှိနှစ်ယောက်ကို ဘယ်သူသတ်တယ်ဆိုတာ ပေါ်သွားတယ်။ အဲဒီမှာ စံနက်ကျော် ပြေးရတော့တယ်။

'စံနက်ကျော်သည် ပြေးရင်းလွှားရင်း ဖက်ဆစ်သရဲမုန်းတီးရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတရားတွေကို ဟော၏။ ထို့နောက် ဖက်ဆစ်မုန်းတီးရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေကို ဖွဲ့၏။'

(စာ–၇၉)

ဒီလို ပြေးရင်းလွှားရင်း သွားရင်းလာရင်းမှာ ဂျပန်အလိုတော်ရိသူဌေးဦးဌေးမြိုင်ရဲ့ ကျော့ကွင်းထဲ စံနက်ကျော် သက်ဆင်းခဲ့ရတယ်။ သူ့ကိုဖမ်းပြီး ဂျပန်စစ်တပ်ဆီအပ်ဖို့ ဦးဌေးမြိုင်က ပိပိရိရိ စီစဉ်နေဆဲမှာ စံနက်ကျော် ဖောက်ထွက်လွတ်မြောက်ခဲ့ပါတယ်။ ဒါဟာ ဝတ္ထုရဲ့ အရေးကြီးတဲ့ ဇာတ်ဝင်ခန်း၊ စံနက်ကျော်ရဲ့ စွန့်စားခန်းတွေနဲ့ ဆရာရန်ကုန်ဘဆွေက ဖမ်းစားလိုက်ပါတော့တယ်။

စံနက်ကျော် ကိုင်းတောကြီးထဲ ဝင်ပြေးတာနဲ့ 'ကိုရွှေဂျပန်တို့နှင့်တကွသော ဂျပန်အခိုင်းခံကျေးရွာသားတို့သည် ထိုကိုင်းတောကြီး၏ တစ်ဖက်စပ်ကို မီးနှင့်တိုက်နေကြရုံမျှမက မီးမလောင်သေးသည့်ဘက်သို့လည်း လူဆက်မပြတ် ပတ်၍ စောင့်ရန် တာဝန်ခွဲဝေပြေးလွှားနေကြသည်။ မီးတုတ်မီးစည်းများ ကိုင်ထားသော လူအချို့သည် နေရာနှစ်နေရာခွဲ၍ ကိုင်းတောကြီးကို မီးတင်ရှို့နေကြသည်။ လူအချို့သည် အပြေးပြိုင်သကဲ့သို့ ပြေးလွှားလျက် စံနက်ကျော်ထွက်လာသည့်ဘက်သို့ ရောက်လာကြသည်။'

ဒါပေမဲ့ စံနက်ကျော် လွတ်မြောက်သွားပြီး အဆောက်အဦတစ်ခုထဲ ဝင်ပုန်းမိရာက ဆရာမလေး အစုနဲ့ ဆုံဆည်းရပြန်တယ်။ ဆရာမလေးဟာ ရန်ကုန် အလုံ ကရင်ခြံက လာခဲ့သူဖြစ်ပြီး ဒီရွာမှာ ကျောင်းဆရာမလေး လုပ်နေတာ၊ ခေတ်ပျက်ကာလဆိုးကြီးမှာ သောင်တင်နေတာ၊ ဒီရွာမှာ အခြေချထားတဲ့ ဂျပန်စစ်တပ်က ဂျပန်စစ်ဗိုလ်က ဆရာမလေးကို သားမယား



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပြုကျင့်ဖို့ အမျိုးမျိုးကြံစည်ခြိမ်းခြောက်နေတာတွေ စံနက်ကျော် သိလာရပါတယ်။

ဆရာ ရန်ကုန်ဘဆွေက ဆရာမလေးရဲ့ ဣတ္ထိယအလှကိုလည်း လိုက်မောဖွယ် ရေးဖွဲ့ပြပါတယ်။

*'သင်တိုင်းအတွင်း ရင်ညွန့်၏လက်ယာဘက် ခပ်နိမ့်နိမ့်တွင် မှဲ့နက်ကလေးထိပ်၌ ပေါက်နေသည့် တွန့်လိပ်တွန့်ခွေ အမွေးကလေးစိမ်းညို့ညို့ကိုပင် နေ့ခင်းက မြင်ရသည့်အတိုင်း မြင်နေရသည်။'*

(စာ-၉၅)

ဒီလို ဆရာမလေးက စံနက်ကျော်ရဲ့ဘဝကို လုံခြုံအောင် ကာကွယ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ဂျပန်စစ်ဗိုလ်က ဆရာမလေးဆီ ရောက်လာပြီး အဓမ္မပြုကျင့်ဖို့ ကြိုးစားရာမှာ စံနက်ကျော်နဲ့ တွေ့ကြတော့တာပါပဲ။ 'စံနက်ကျော်နှင့် ဓားသူရဲကောင်းကြီး နာကာမူရား'တို့ရဲ့ သတ်ပုတ်ခန်းကိုလည်း ဆရာ ရန်ကုန်ဘဆွေက စိတ်လှုပ်ရှားဖွယ် ရေးဖွဲ့သွားပါတယ်။

*'စံနက်ကျော်သည် ဖက်ဆစ်သရဲကြီး၏ ဓားချက်မှ ဥချမည့်လိပ်ပြာ . . . နေရာရှာသကဲ့သို့ လူးလာတုံ့ခတ်၍ ရှောင်၏'*

(စာ-၁၀၃)

အဲဒီလို လှပစွာ ဖွဲ့ပြပါတယ်။ (သိုင်းဆရာကြီး ဦးပြည်သိမ်းရဲ့ ပညာဂုဏ်များကိုပါ တစ်ပါတည်း ဖော်ကျူးသွားခဲ့ပါတယ်။ စံနက်ကျော်က ဆရာကြီး ဦးပြည်သိမ်းရဲ့ တပည့်လေ) စံနက်ကျော်ဟာ ဂျပန်စစ်ဗိုလ်ကို အသေသတ်ပြီးတဲ့နောက် ဆရာမလေးကို ဆွဲခေါ်ကာ ဆက်၍ဆက်ကာ ပြေးနေရရှာပါတော့တယ်။ ဒီလို ပြေးရင်းလွှားရင်းမှာပဲ ဆရာမလေးနဲ့ ရင်းနှီးကျွမ်းဝင်သံယောဇဉ်တွယ်မိကြပါတယ်။ ဒါပေမဲ့ ချစ်ခွင့်မသာ ထပ်ကြပ်မကွာလိုက်လာတဲ့ ဖက်ဆစ်သရဲတွေရန်က လွတ်အောင်သာ ပြေးခဲ့ရရှာရင်း စံနက်ကျော် ဒဏ်ရာပြင်းထန်စွာ ရခဲ့တယ်။

ဖတီးနော်မိုး၊ စောကျော်နီ စတဲ့ ကရင်တိုင်းရင်းသားတို့ရဲ့ ကျေးဇူးနဲ့ စံနက်ကျော် ဒဏ်ရာက ပြန်သက်သာလာပြီး ဖက်ဆစ်တော်လှန်ရေး ဆက်လုပ်တယ်။ သူနာပြုလုံးသားလို့ ဆိုနိုင်တဲ့ ဆရာမလေးကိုတော့ တော်လှန်ရေးမှာ စတေးပေးဆပ်လိုက်ရတယ်။ ဆရာရန်ကုန်ဘဆွေ ဝတ္ထုဇာတ်အိမ် တည်ဆောက်ပုံ၊ ဇာတ်ဆောင်တွေ လှုပ်ရှားပုံက အလွန်ပဲ အသက်ဝင်လှပါတယ်။





မေ့လို့မရနိုင်တဲ့ ဝတ္ထုကောင်းတစ်ပုဒ်ပါပဲ။ ဒါပေမဲ့ နတ်သုဒ္ဓါထဲ မစင်တစ်စက်ကျသလို ဖက်ဆစ်ဆန့်ကျင်ရေးကို ဖွဲ့နွဲ့ရာမှာ ကျွန်တော်တို့ တစ်မျိုးသားလုံးရဲ့ ခမျှော်လင့်ချက်အားမာန် အောင်တေးအောင်သံဖြစ်တဲ့ **နဂါးနီသီချင်းကို** မဆီမလျော် ထည့်သွင်းအသုံးချသွားတာ တွေ့ခဲ့ရပါတယ်။

'ဖက်ဆစ်သရဲတွေက သူတို့ခေတ် သူတို့အချိန်သို့ ရောက်လာလျှင် *တစ်တိုင်းပြည်လုံး ရတနာပေါ်၍ ပြန့်ပြောကြွယ်ဝလာရမည်။ လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်ရမည်။ ကျောင်းတွေ ဆောက်လိုက်၊ ဘုရားတွေ တည်လိုက်ဖြင့် အမြဲပျော်ရွှင်နေကြရမည်။ ဘာမဆို ဗမာတန်ခိုးလို့ ခေါ်လို့ရအောင် နှစ်ဆတိုးလာရမည်လို့ ပြောသည်။*'

(စာ-၁၆၄)

အဲဒါ နဂါးနီသီချင်းထဲက စာသားတွေပါပဲ။ ဆရာရွှေတိုင်ညွန့်ရေးပြီး မင်းသား ခင်မောင်ရင် သီဆိုခဲ့တဲ့ ကိုလိုနီခေတ်က ဝံသာနုသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ယနေ့တိုင်အောင် မရိုးနိုင်အောင် အကြိမ်ကြိမ်ပြန်ဆိုနေရတဲ့ အမျိုးသားရေးတေးသံ ဖြစ်ပါတယ်။ ဆရာ ရန်ကုန်ဘဆွေက စိတ်အချဲ့ပေါက်ပြီး နဂါးနီသီချင်းထဲက စာသားတချို့ကို ဖက်ဆစ်သရဲတွေရဲ့ ကြွေးကြော်သံအဖြစ် ဖန်တီးရေးသားလိုက်တာကဖြင့် အလွန်ရှုပ်ပျက်တဲ့ အရေးအသားလို့ ဆိုချင်ကြောင်းပါဗျာ။

[၁၂-၁၀-၂၀၁၁ ထုတ် နံနက်ခင်းဂျာနယ်]

■



www.burmeseclassic.com


www.burmeseclassic.com

"

စစ်မြေပြင်အာဖဂန်ရဲ့ နေသာတဲ့နေ့ လသာတဲ့ညများကို
ခါလက်ဟူစိန်နီက ငြိမ်းချမ်းရေးတမ်းချင်း တသသဖွဲ့နွဲ့ထားလေသမျှ
ဆရာမ ဝင့်ပြုံးမြင့်ကလည်း အမိအရထိထိရှရှ
မြန်မာပြန် တင်ဆက်ပေးထားပါတယ်။

"






စစ်မြေပြင်မှ ငြိမ်းချမ်းရေးအလင်္ကာ

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | နေအသခြေ် လအနန္တ |
| မြန်မာပြန် | – | ဝင့်ပြုံးမြင့် |
| ထုတ်ဝေကာလ | – | ၂၀၁၁ ဇန်နဝါရီ |
| စာမူခွင့်ပြုချက် | – | ၅၀၁၃၁၅၁၂၁၀ |
| တန်ဖိုး | – | ၃၀၀၀ ကျပ် |
| ဖြန့်ချိ | – | မျက်ပွင့် စာပေ |

အာဖဂန်နစ္စတန်မှစကားသံကို မြန်မာပြည်သူများ ပြန်ကြားသိနိုင်စေရန် 'အာဖဂန်နစ္စတန်မှ အမျိုးသမီးများ၏ ဘဝပုံတူကားချပ်' ဆိုတဲ့ မျက်နှာဖုံးညွှန်းဆိုချက်များနဲ့အတူ ဆရာမ ဝင့်ပြုံးမြင့် ဘာသာပြန်တဲ့ 'နေအသခြေ် လအနန္တ' စာအုပ်ကို လှိုက်လှိုက်မောမောဖတ်ခဲ့ပါတယ်။

မူရင်းက KHALED HOSSEINI ရေးတဲ့ A Thousand Splendid Suns ဖြစ်ပါတယ်။ 'ခါလက်ဟိုစိန်နီ'ရဲ့ ပွဲဦးထွက်စာအုပ် KITE RUNNER ကို မဝင့်ပြုံးမြင့်ကပဲ 'တိမ်ယံသစ္စာ'အမည်နဲ့ ၂၀၀၉ ခုနှစ်မှာ ဘာသာပြန်ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ 'တိမ်ယံသစ္စာ'ဟာလည်းအာဖဂန် ဝတ္ထုရှည်ကြီးတစ်ပုဒ်ဖြစ်ပြီး သူငယ်ချင်းနှစ်ယောက်ရဲ့ သံယောစဉ်နဲ့ သစ္စာတရားကို အလွန်လှပစွာနဲ့ အလွန်ကြေကွဲဖွယ်ကောင်းအောင်ရေးဖွဲ့နိုင်စွမ်းရှိခဲ့ပါတယ်။ 'ခါလက်ဟိုစိန်နီ' ဟာ ပွဲဦးထွက်'တိမ်ယံသစ္စာ' တစ်အုပ်တည်းနဲ့ ကမ္ဘာသိစာရေးဆရာဖြစ် လာခဲ့ပါတယ်။ KITE RUNNER ကိုရုပ်ရှင်ရိုက်ပြရာမှာလည်း အောင်မြင်ခဲ့ ပါတယ်။ သို့သော် ဝတ္ထုအရသာကိုတော့မမီ။

ယခုဟိုစိန်နီရဲ့ ဒုတိယစာအုပ် A Thousand Splendid Suna ဟာလည်း အနောက်ကမ္ဘာစာနယ်ဇင်း ဆရာများက ချီးကျူးထောပနာပြုခဲ့ရတဲ့ စာအုပ်ဖြစ်ပါတယ်။

အာဖဂန်အမျိုးသမီးတို့ရဲ့ ဘဝကို 'မာရီယမ်' နဲ့ 'လိုင်လာ' ဆိုတဲ့ ဇာတ်ကောင်နှစ်ဦးကတစ်ဆင့် ရင်နင့်ဖွယ် သီကုံးတင်ပြထားပါတယ်။ မရီယမ်ကို အမေဖြစ်သူ 'နာနာ'ကိုယ်တိုင်က စိတ်အလိုမကျဖြစ်ပြီဆိုရင် 'ဟာရာမိမ်' လို့ပြည်တွန်တောက်တီးလေ့ရှိတယ်။ ဟာရာမီဆိုတာ လက်ထပ် ထိမ်းမြားခြင်းမရှိဘဲ မွေးတဲ့ကလေး၊ တရားမဝင်တဲ့ကလေး။ မာရီယမ့်အဖေ 'ဂျာလေး'





မှာတရားဝင်ဇနီးသုံးယောက်က မွေးထားတဲ့သားသမီးကိုးယောက် ရှိပါတယ်။ မာရီယမ်က အိမ်ဖော်နာနာနဲ့ရတဲ့ သမီး၊ နာနာ့ အဖေဆိုရင် ရှက်လွန်းလို့ အီရန်ကို ထွက်ပြေးသွားရတယ်။ နာနာ့ကိုလည်း တောအရပ်က ရွှံ့အိမ်ကလေးဆီပို့ထားလိုက်တယ်။ နာနာတို့သားအမိအတွက် တစ်လတစ်ခါ ရိက္ခာပို့တယ်။ ဂျာလေးက သမီးမာရီယမ်ဆီ ကြာသပတေးနေ့တိုင်းလာတွေ့တယ်။ ဂျာလေးဆိုတာ ဟေရက်မြို့ကြီးမှာတော့ တကယ့်သူဌေး ရုပ်ရှင်ရုံ လည်းပိုင်တယ်၊ အခြားစီးပွားရေးလုပ်ငန်းတွေလည်းရှိတော့ မိန်းမသုံးယောက် တရားဝင်ယူထားတယ်။ ဟေရက်မြို့ကြီးပေါ် ဒီမိန်းမသုံးယောက်ကားတွေစီးပြီး ပပလွှားလွှားဝင့်ကြွားနိုင်သလောက် နာနာတို့သားအမိဘဝကတော့ တုံးအောက်ကဖားလို ပြားကပ်နေတယ်။ မာရီယမ်မှာ ဖြေသာစရာဆိုလို့ ကြာသပတေးနေ့တိုင်း ရောက်လာတတ်တဲ့ အဖေဂျာလေးရဲ့မေတ္တာပဲရှိတယ်။ ဒါပေမယ့် ဂျာလေးရဲ့မေတ္တာဆိုတာကလည်း အကန့်အသတ်နဲ့၊ မယားသုံးယောက်နဲ့ သားသမီးကိုးယောက်ကြားညှပ်နေရှာသာမက မာရီယမ်တို့ သားအမိအပေါ် မတော်မတည့်ကြံစည်မှုတွေရှိတယ်။ မာရီယမ်လေးကတော့ မသိရှာဘူး။ အဖေကိုအားကိုးလိုက်တာ၊ ချစ်လိုက်တာများ။ ဒီရွှံ့အိမ်လေးထဲ တစ်သက်လုံး အတူနေလာတဲ့ အမေကိုတောင်မေ့နိုင်အားတဲ့အထိပေါ့။

အဖေဂျာလေးထက် ပိုပြီးခင်တွယ်ရသူက ဆရာဖာဇူလာ၊ မရီယမ်ကို ကိုယ်ရမ်ကျမ်းစာ သင်ပေးသူ။ ဒါပေမယ့် ကိုရမ်ကျမ်းလာ စာလုံးများရဲ့ အဓိပ္ပါယ်ကိုမသိကြောင်းလည်း ရိုးဖြောင့်စွာဝန်ခံရှာတယ်။ ဆရာဖာဇူလာဟာ ကြံ့လိုခါးကိုင်း၊ သွားမရှိ၊ မုတ်ဆိတ်ဖြူကြီးကလည်း ချက်ထိရှည်ကျနေလို့ သရုပ်ဖော်ထားတယ်။ ဒီလိုအဓိပ္ပါယ်မသိတဲ့ကိုရမ်ကျမ်းစာကို နာနာလည်းသင်ခဲ့ဖူးတာပဲ။ ယခု သမီးမာရီယမ် ကျမ်းစာသင်တော့ နာနာမကြိုက်လှဘူး။ ကျောင်းတက်ပြီးစာသင်ချင်တာလဲအားမပေးဘူး။

'သင်စရာဘာရှိလို့လဲ၊ ကျောင်းထားတာဘာအဓိပ္ပါယ်ရှိသလဲ၊ ထွေးခံခွက်ပြောင်အောင်တိုက်သလိုနေမှာပေါ့။ သင်စရာတစ်ခုပဲရှိတယ်။ အဲဒါကတော့ **'ခံနိုင်ရည်ရှိဖို့'** တဲ့။

(၈၁–၁၉)

ဘဝပေးအသိနဲ့နာနာပြောနေတာမှ ဂျာလေးရဲ့မယားတွေနိုင်းသမျှ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာတွေ။ တကယ်ဆိုနာနာ့မှာလည်း ချစ်သူရှိခဲ့သားပေါ့။ မင်္ဂလာမဆောင်မီတစ်ပတ်အလိုမှာ 'နာနာ့ခန္ဓာကိုယ်ထဲ မိစ္ဆာကောင်ဝင်ခဲ့သည်' တဲ့။ အဲဒီမိစ္ဆာကောင်ဆိုတာ တက်တဲ့ရောဂါကိုပြောတာ။ နာနာ ရုတ်တရက်တက်ပြီဆိုရင် ဝုန်းခနဲပစ်လဲသွား၊ တစ်ကိုယ်လုံးတောင့်တင်း၊ မျက်ဖြူလန်၊ ခြေလက်တွေရမ်းခါ၊ မင်္ဂလာပွဲဆင်နွှဲဖို့စိတ်ကူးယဉ်ခဲ့သမျှ ချစ်သူက ပစ်ပြေးသွားတာပဲ ကြုံခဲ့ရတယ်။ ဘယ်သူကမှလည်းနာနာ့ကို လာမတောင်းတော့။

ဒီလိုကံကြမ္မာ၊ ဒီလိုလောကဓံတွေကို ခံနိုင်ရည်ရှိဖို့သာနာနာလိုလားရဲ့။ ဒါပေမယ့် မာရီယမ်ကတော့ နာနာ့ကိုထားခဲ့ပြီး အဖေ့ဘဝထဲသွားဖို့စိတ်ကူးနေလေတယ်။ နာနာကတော့ပြောရှာတယ်။ နင့်ကိုချစ်တာ ငါတစ်ယောက်တည်းတဲ့၊ နင်သွားငါသေမယ်တဲ့၊ မာရီယမ်ကတော့ မယုံ၊ သူ့ကိုမပျော်စေချင်လို့၊ ဘဝကောင်းမှာမနေစေချင်လို့ပြောနေတာလို့ထင်တယ်။ မာရီယမ်က ဂျာလေး (အဖေ)ရဲ့ မယားတွေကမွေးထားတဲ့ အစ်ကိုအစ်မတွေနဲ့ သူတို့လိုနေချင်နေမိတယ်။

ဒီလိုနဲ့အဖေရှိရာ ဟေရက်မြို့ကြီးကို စွန့်စွန့်စားစားထွက်ခွာလာပြီး အဖေ့အိမ်ရှေ့ခက်ခက်ခဲခဲရောက်လာခဲ့၊ ဒါပေမယ့် အိမ်ထဲကိုအဝင်မခံတဲ့အပြင် သူတောင်းစားလိုနှင်ထုတ်ခံရ၊ တစ်ညလုံးအိမ်ရှေ့ဂိတ်တံခါးဝမှာ ခွေခေါက်ပြီးစောင့်နေခဲ့၊ နံနက်လင်းတော့လည်းနှင်ထုတ်ခံရ၊ သူ့အဖေဂျာလေး မရှိဘူး၊ ခရီးသွားတယ်လို့ဆိုကြပေမယ့်

'ပေါ်ထပ်ပြတင်းမှဂျာလေးရဲ့မျက်နှာသည် မာရီယမ်အတွေးထဲမှမကျွတ်၊ သူမကို လမ်းဘေးမှာတင်အိပ်စေခဲ့သည်။ ဩော် လမ်းမဘေးမှာ မာရီယမ်မျက်ရည်သွန်ရင်းခွေကျသွားသည်'

(စာ-၃၉)

နောက်တော့ဂျာလေးရဲ့ယာဉ်မောင်းက ရွာပြန်လိုက်ပို့ပေးတယ်၊ မာရီယမ်ကိုကြိုနေတာက ဆွဲကြိုးချပြီးသေနေပြီဖြစ်တဲ့ နာနာ့အလောင်း၊ နင်သွားရင်ငါသေမယ်ဆိုတဲ့အတိုင်း နာနာလုပ်ပြသွားခဲ့ပြီ၊ ဒီလိုနဲ့မာရီယမ်ရောက်ချင်လှတဲ့ အဖေ့အိမ်ကို ရောက်ခွင့်ရခဲ့ပေမယ့်ခဏတာ၊ မကြာခင်မှာပဲ ၁၅ နှစ်သမီး မာရီယမ်ကို အဖေ့မယားသုံးယောက်က ယောကျ်ားပေးစားလိုက်ကြတယ်။





ယောကျ်ားက ဖိနပ်ချုပ်သမား မုဆိုးဖို၊ ကဘူးမြို့တော်က။ ဟေရက်မြို့နဲ့ ကီလိုမီတာ ၆၅၀ ဝေးတဲ့ နေရာက၊ လူပုံကထွားထွား၊ ရင်အုပ်ကားကားဗိုက်ရွှဲရွှဲ နှာယောင်ကောက်ကောက်၊ ဆံပင်ကြမ်းကြမ်း၊ သွားတွေက ထပ်နေသေး၊ နောက်ဆုံးတော့ ဒီလူကြမ်းကြီးနောက် မာရီယမ်လိုက်ခဲ့ရပြီ။

'သမီးကြောင့် အဖေအရှက်ကွဲနေတယ်ဆိုတာ သမီးမသိခဲ့ဘူး'

'သမီးဆီ အဖေအလည်လာမယ်'

'မလာနဲ့၊ မလာပါနဲ့၊ အဖေ့ကိုသမီးမတွေ့ဘူး၊ အဖေ့အသံမကြားချင်တော့ဘူး'

'ဒီနေရာမှာ အဖေနဲ့သမီး သားအဖ စခန်းသိမ်းပြီ'

( စာ-၆၄ )

ဇာတ်ကနာလှပါတယ်။ သားအဖဘဝ စခန်းသိမ်းသွားပေမယ့် ဇနီးမယားဘဝရဲ့နိဒါန်းအစ၊ ကဘူးရောက်တာနဲ့ အိမ်ကြီးရခိုင်နဲ့တော့နေပါရဲ့၊ လူကြမ်းကြီး ရာရှိဲ့သွန်သင်ချက်တွေကတော့ ပြင်းထန်လှတယ်။ 'အကြည့်တစ်ချက်မှားတာနဲ့ စကားတစ်ခွန်းမှားတာနဲ့ သွေးထွက်တဲ့နေရာကငါလာခဲ့တာ၊ မိန်းမတစ်ယောက်ရဲ့ မျက်နှာဆိုတာ သူ့ယောကျ်ားတစ်ဦးတည်းရဲ့ကိစ္စပဲ'

( စာ-၈၁ )

မာရီယမ်ခေါင်းမြီးခြုံခဲ့ရပြီ။

'ဦးခေါင်းပေါ်မှာအုပ်ရသောခွေသည် ကျပ်ပြီးလေးနေသည်၊ ထို့အပြင်လောကကြီးကို ဇာပဝါခံ၍ကြည့်ရခြင်းသည် အူကြောင်ကြောင်နိုင်လှသည်၊ ခေါင်းမြီးခြုံထဲတွင် ပတ်လည်မြင်ကွင်းမမြင်ရပါ။ ပါးစပ်ကို ပုဝါစ လာကပ်၍ အသက်ရှူမဝဖြစ်နေခြင်းကိုလည်း မာရီယမ်မနှစ်မြို့'

( စာ-၈၃ )

တစ်နေ့ မာရီယမ်ထမင်းချက်တာမှားသွားတဲ့အခါ ရာရှိက မာရီယမ်ငဲ့ပါးစပ်ထဲကို ကျောက်စရစ်ခဲတွေအတင်းထည့်စေပြီး ဝါးစားခိုင်းတယ်၊ ငြင်းလို့မရ၊ တောင်းပန်လို့မရ၊ တကယ်လုပ်ခဲ့ရတယ်။

အိမ်ထောင်သက်လေးနှစ်တာဟာ အပေါက်ခံရ၊ ပါးရိုက်ခံရ၊ ပိတ်ကန်ခံရ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုယ်ဝန်လွယ်တိုင်းလည်းပျက်ကျခဲ့တယ်။

မာရီယမ်တို့ရပ်ကွက်ထဲမှာ ကျောင်းဆရာဟာကင်မ်နဲ့ ဖနီးဖာရီသာ၊ သူတို့သမီးလေးလိုင်လာတို့ကို သွားရင်းလာရင်းဆိုသလို တွေ့နေရတယ်။ သူတို့က ရှေးရိုးစွဲဓလေ့ထုံးစံတွေကို ကျော်ပြီး လွတ်လွတ်လပ်လပ် နေတတ်တယ်။ ရာဟီက မကြိုက်ဘူး။ တကယ်တော့အာဖဂန်နစ်စတန်ဟာ အသစ် မျှော်လင့်ချက်နဲ့ အယူသည်းအစွန်းရောက်တို့ရဲ့ အားပြိုင်စရာ စစ်တလင်း၊ မာရီယမ် ၁၄ နှစ်သမီး၊ ၁၉၇၃ မှာဘုရင်စနစ်ပျက်သုဉ်း၊ ဒါဝတ်ခန်က အာဏာသိမ်းပြီး သမ္မတနိုင်ငံအဖြစ်ကြော်ငြာ၊ အဲဒီနောက် ၁၉၇၈ မှာ ကွန်မြူနစ်တွေ အာဏာသိမ်း၊ဒါဝတ်ခန်အသတ်ခံရ သို့မဟုတ် ကိုယ့်ကိုယ်ကို သတ်သေ၊ သူ့မိသားစုတွေကိုလည်း အကုန်လုံးသတ်ပစ်၊ အဲဒီနောက် ၁၉၇၉ မှာ

'ဆိုဗီယက်တွေဝင်လာ၊ အမေရိကန်က ဆိုဗီယက်တွေ ကိုတိုက်ခိုက်ဖို့ လက်နက်တွေတင်ပို့၊ ဆိုဗီယက်တွေ လူတစ်သန်းသတ်ခဲ့တယ်။ အခု လေးနှစ် အတွင်း ကဘူးတစ်မြို့ထဲတွင် မူဂျာဟစ်ဒင်တွေ လူငါးသောင်း သတ်ခဲ့တာ'

( စာ– ၃၃၁)

အဲဒီလိုခေတ်ဆိုးကြီးကို မာရီယမ်တို့လိုင်လာတို့ မိန်းမသားတွေဖြတ်သန်းခဲ့ရ၊

'မူဂျာဟစ်ဒင်များ သေနတ်ဘေးချကာအနောက်မျက်နှာမူ၍ အလာဟ်ရှိုး ကြသည်။ ထို့နောက်အခင်းကော်စောပြန်ခေါက်၊ သေနတ်ထဲ ကျည်ဖြည့်၊ တောင်တန်းများပေါ်မှ ကဘူးဆီကျည်မိုးရွာသည်'

( စာ–၂၀၆ )

'တောင်ပေါ်တွင် တပ်စွဲထားသောစစ်သားများသည် လက်တည့်စမ်းသည့် အနေဖြင့် အောက်ဘက်မှကလေးလူကြီးမရွေး ဘယ်သူ့ကိုမဆို ကြုံရာကျပန်း ပစ်ခတ်နေကြောင်း လောင်းကြေးထပ်၍ လက်ဖြောင့်ပြိုင်ကြကြောင်း တာရစ်ခ် ပြောပြ၍ လိုင်လာသိရသည်'

( စာ–၂၀၇ )

ဒီလိုစစ်ကြီးအတွင်းမှာ တာရစ်ခ်နဲ့လိုင်လာတို့ သံယောဇဉ်ငြိတွယ်ခဲ့ကြ





အာဖဂန်ချင်းစစ်ခင်းနေကြချိန်မှာ လိုင်လာ့အဖေက 'အာဖဂန်တစ်ယောက်ရဲ့ တစ်ဦးတည်းသော ရန်သူဟာ ဘယ်သူမှမဟုတ်ဘူး။ သူကိုယ်တိုင်ပဲ' လို့ ဆိုပါတော့မယ်။

( စာ–၁၅၉)

စစ်ကြောင့်ပူလောင်နေသူတွေကို စာရေးဆရာက ငြိမ်းချမ်းရေး သင်္ကေတနဲ့ လမ်းပြပါတယ်။ လိုင်လာတို့မိသားစုနဲ့အတူ တာရစ်ခ်ဘာမီးလန်းဒေသဆီ ခရီးထွက်ခဲ့ရာ ဗုဒ္ဓရုပ်ပွားတော်ကြီး နှစ်ဆူကို တအံ့တသြဖူးကြရတယ်။

'နောင် အသက်တစ်ရာနေရစေဦးတော့ ဤမျှသပ္ပါယ်စရာကောင်းသော အရာကို နှစ်ပြန်မြင်တွေ့ရမည်မထင်၊ မြင့်လွန်းလှသောရောမဗုဒ္ဓရုပ်ပွားတော်ကြီးနှစ်ဆူ၊ ဓာတ်ပုံတွေထဲ လိုင်လာမြင်ခဲ့ဖူးသည်နှင့် ဘာမှမဆိုင်ဘဲ မျက်စိ တမော့ လည်တမော့ကြည့်ရလောက်အောင် ဝေသီမြင့်လွန်းလှသော ဗုဒ္ဓရုပ်ပွားတော်ကြီးနှစ်ဆူ၊ ကျောက်ဆိုင်ကျောက်သားများကို ထွင်းထုထားသော ဗုဒ္ဓရုပ်ပွားတော်ကြီးများ သက်တမ်းနှစ်ထောင်နီးပါးရှိပေပြီ။ ရုပ်ပွားတော်ကြီးများသည် ပိုးလမ်းမပေါ်မှ ယာဉ်တန်းကိုရှုစားနေသလို လိုင်လာတို့ကိုလည်း ရှုစားနေရော့ သလား၊ ရုပ်ပွားတော်နှင့်တစ်ဆက်တည်းသွယ်တန်းနေသော ကျောက်တောင် နှာမောင်း၏နံရံကလိုင်ပေါက်တွင် ဂနိုင်လိုဏ်ဂူလေးများ ပြည့်ကျပ်နေသည်။

( စာ–၁၃၇ )

'တစ်ချိန်က ဒီဂူထဲမှာ ဘုန်းကြီးအပါးငါးထောင် သီတင်းသုံးခဲ့ဖူးတယ်'

( စာ–၁၃၄ )

'ဒီအပေါ်ရောက်လာတိုင်း အာဘီမှတ်မိနေတာဒီကိုစွပဲသမီးရေ၊ တိတ်ဆိတ်မှုပေါ့၊ တိတ်ဆိတ်ငြိမ်းချမ်းနေတာ၊ သမီးကိုလည်းအဲဒါ အတွေ့အကြုံ ရစေချင်တယ်။ ပြီးတော့ **တိုင်းပြည်ရဲ့အမွေကိုလည်း မြင်စေချင်တယ်၊** အတိတ်တစ်ချိန်က ချမ်းသာကြွယ်ဝခဲ့ပုံကိုသိစေချင်တယ်'

( စာ–၁၃၅ )

ကဗျာအက်ာနဲ့ ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့လိုင်လာ့အဖေဟာ စစ်ရဲ့ ယစ်ပလ္လင်မှာ အစတေးခံလိုက်ရတယ်။ လိုင်လာ့အမေ၊ ပြီးတော့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်၊ တစ်မိသားစုလုံးကို စစ်ကြီးကဝါးမြိုသွားခဲ့ရာ၊ လိုင်လာတစ်ယောက် အပျိုပေါက်ကလေးသာကျန်ခဲ့ပါတော့တယ်။ ဒဏ်ရာရနေတဲ့လိုင်လာကို ရာဟိက ကယ်တင်လာပြီးဆေးကုပေးတယ်။ နေကောင်းလာတာနဲ့သားမယား အဖြစ် ပြုကျင့်ပေါင်းသင်းတော့တယ်။

လိုင်လာကို လင်လုဘက်အဖြစ် မာရီယမ်မနှစ်မြို့ခဲ့ပေမယ့် ရာဟိရဲ့ နှိပ်စက်တာခံရတာချင်းအတူတူဖြစ်လို့ တဖြည်းဖြည်း နားလည်စာနာရိုင်းပင်း ကူညီလာတယ်၊ တစ်ယောက်နဲ့တစ်ယောက်ညီအစ်မအရင်းတွေလို သံယောဇဉ် နှောင်ဖွဲ့မိကြတယ်။ ဒီအချိန်မှာ မူဂျာဟစ်ဒင်ခေတ်ကုန်ဆုံးသွားပြီး **တာလီ ဘန်ခေတ်** စတင်ချိန်၊ တာလီဘန်ဥပဒေက အလွန်အမင်းတင်းကြပ်လှချည့်၊ **အမျိုးသမီးများလိုက်နာရန်**တွေထဲမှာ အလုပ်မပြင်ရ၊ အမျိုးသားများနှင့် မျက်နှာချင်း ဆိုင်မကြည့်ရ၊ လူပုံအလည်တွင်မရယ်ရ၊ ရယ်ပါက အရိုက်ခံ ရမည်၊ လက်သည်းမဆိုးရ၊ ဆိုးပါကလက်ချောင်းတစ်ချောင်းအဖြတ်ခံရမည် စသည်။ အမျိုးသားတွေက လိုက်နာရန်က မုတ်ဆိတ်မွေးအရှည်ထားရမည်။ မလိုက်နာပါက ကြိမ်ဒဏ်၊ ဗောင်းထုပ်ဆောင်းရမည်၊ သီချင်းမဆိုရ၊ ခွန်မလွှတ် ရ၊ နိုးမှုမကျူးလွန်ပါက လက်ကောက်ဝတ်မှနေ၍ လက်ဖြတ်ခံရမည်၊ နောက် တစ်ကြိမ်ထပ်နိုးပါက ခြေထောက်ပါဖြတ်မည် စသည်။

( စာ-၃၂၄ )

တီဗွီ၊ ဗွီဒီယို မကြည့်ရဆိုတော့ တီဗွီတွေမြေကြီးထဲမြှုပ်ထား၊ ညပြန်ဖော် နိုးကြည့်၊ ကဘူးမြို့တော်မှာ ခေတ်အစားဆုံးက တိုက်တန်းနစ်ဇာတ်ကား၊ စစ်ဖနောင့်အောက်မှာတောင် တိုက်တန်းနစ်ရောဂါကြီးထွားခဲ့ပါသေးတဲ့။

အနုပညာရဲ့သြဇာဟာ စစ်မိန့်အာဏာကို ကျော်လွန်နေပုံ ပြဆိုသွားခဲ့ ပါတယ်။ စစ်အတွင်း ဆေးရုံတွေရဲ့ အနိဋ္ဌာရုံတွေကိုလည်း သရုပ်ဖော်သွားခဲ့၊ လိုင်လာကလေးမွေးရာမှာ မာရီယမ်က မိခင်တစ်ယောက်ပမာ ကူညီခဲ့ပါတယ်။ လိုင်လာကို ရာဟိနှိပ်စက်၊ လည်ပင်းညှစ်၊ သေလုမျောပါး ဖြစ်နေချိန်မှာ မာရီယမ်မခံနိုင်တော့ဘူး၊ ရာဟိကို သတ်လိုက်တော့တယ်။ မာရီယမ်ထောင်ထဲ ရောက်သွား၊ ထောင်ရဲ့ အနိဋ္ဌာရုံများ၊ နောက်ဆုံးမှာ သေဒဏ်ကြောင့် တာလီဘန်ရဲ့ ရိုင်ဖယ်သေနတ်ရှေ့မှာ။

မျက်လုံးများကို မှိတ်လိုက်ချိန်တွင် သူမတစ်ကိုယ်လုံး လွှမ်းပတ်





သွားသည်မှာ နှောင်တတရားမဟုတ်၊ ငြိမ်းချမ်းမှုသာဖြစ်၏။ လူ့လောကထဲ တရားမဝင်သမီးဟာ ရာမိမအဖြစ် ကံဇာတ်ဆရာကနေရာချခဲ့သည်။...'

( စာ-၄၂၅ ) မာရီယမ်ဘဝ သေသော်မှတည့်ခြော်ကောင်း၏ ဆိုတာမျိုး လိုင်လာကတော့ ယယ်ချစ်ဟောင်းတာရစ်ခ်၏ ဖေးမကြင်နာမှုအောက်မှာ ဘဝဒဏ်ရာတွေသက်သာသလို ရှိခဲ့ပေမယ့် စစ်ဘေးစစ်ဒဏ်များကို မလွန်ဆန် နိုင်သေး။ 'အာဖဂန်သားတို့၏ ဇာတ်လမ်းဟူသမျှ အနိစ္စ၊ ဒုက္ခနှင့် စိတ်ကူး၍ ပင်မရနိုင်သော သောကများချည်းသာ၊ သို့တိုင် အာဖဂန် များရှင်သန်ဖို့ ဘဝခရီးကိုဆက်လက်လျှောက်လှမ်းဖို့ တစ်နည်းမဟုတ်တစ်နည်း ရှာတွေ့ နေကြသည်။

( စာ-၄၄၈ )

တာလီဘန်တွေအပေါ်အမေရိကန်တွေက ဗုံးမိုးရွာချပြန်ပေါ့။ စစ်မီးလျှံ စွဲလောင်နေသော ကဘူးမြို့တော်ကို လိုင်လာ့အဖေက ကဗျာအလင်္ကာခြင့် နှုတ်ဆက်သွားခဲ့တာ လိုင်လာသတိရနေပါသေးတော့။

**သာစွလေ၊ မြို့ခေါင်မိုးမှာ ရွှေလစန္ဒာညီလာကျင်းသည်၊**

**မြို့တံတိုင်းမှာ နေဝန်းဖလ်ဝါ တင့်ရှွန်းသာသည်၊**

**အထူးထူးသောနေလနှစ်ဖြာ၊**

**ထောင်ရာကျူးကို မည်သူရေတွက်နိုင်အံ့နည်း။ ။**

ပစ္စုက္ခ စစ်မြေပြင်အာဖဂန်ရဲ့ နေသာတဲ့နေ့ လာသာတဲ့ညများကို ခါလက်ဟူစိန်နီက ငြိမ်းချမ်းရေးတမ်းချင်း တသသဖွဲ့နွဲ့ထားလေသမျှ ဆရာမ ဝင့်ပြုံးမြင့်ကလည်း အမိအရထိထိရှရှ မြန်မာပြန် တင်ဆက်ပေးထားပါတယ်။ ဇာတ်ဆောင်စရိုက်၊ ဇာတ်လမ်းဇာတ်အိမ်၊ ရေးသားတင်ပြပုံ၊ ဘက်စုံထောင့်စုံက ရသမြောက် သတ္တုရှည်ကြီးအဖြစ် ကျန်ရစ်နေမည့် စာပေလက်ရာကောင်း တစ်ခုအဖြစ် လေးစားစွာကြိုဆိုလိုက်ရပါတယ်။

[၁၅-၂-၂၀၁၂နေ့ထုတ် နံနက်ခင်းဂျာနယ် ]

■



www.burmeseclassic.com


www.burmeseclassic.com

“

သစ္စာဖောက်ခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းတို့၏
စိတ်လှုပ်ရှားစရာ ဇာတ်လမ်း၊
ထိုအရာအားလုံးထက်
အာဖဂန် ယဉ်ကျေးမှုကို
ခပ်ထူထူ လှီးပြခဲ့ပုံသည် စွဲမက်ဖွယ်ရာ။

”






သစ္စာသွေးကြွေးပေးဆပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | တိမ်ယံသစ္စာ(The Kite Runner) |
| ရေးသူ | – | KHALED HOSSEINI |
| မြန်မာပြန် | – | ဝင့်မြင့်ပြုံး |
| ထုတ်ဝေကာလ | – | ၂၀၀၉၊ ဇွန်လ |
| စာမူခွင့်ပြုချက် | – | ၅၀၀၅၄၀၀၄၀၉ |
| တန်ဖိုး | – | ၃၀၀၀ ကျပ် |
| စာအုပ်အရွယ်အစား | – | ၁၃x၂၁ စင်တီ |

(၁)

သတင်းခေတ်မှာ သတင်းအချက်အလက်တွေက လှိုင်းလုံးကြီးတွေလို တဝုန်းဝုန်း ဆောင့်တက်လာနေပါတယ်။ ရသစာပေကတော့ မြေအောက်က ကျောက်ကြိုကျောက်ကြားမှာ၊ တသွင်သွင်စီးဆင်းနေတဲ့ စမ်းရေလိုပါပဲ။ သတင်းလှိုင်းလုံးကြီးတွေအောက် ကွယ်ပျောက်ငုပ်လျှိုးနေရတယ်။ တကယ်တော့ သတင်းအချက်အလက်တွေဆိုတာ ငါးသိုင်းများတော့ ဟင်းဟုန်ဆိုတာ လိုပါပဲ။ အများကြီးရလိုက်တယ် ထင်ရပေမယ့် ဆုပ်ဆုပ်ခဲခဲ ကျန်ခဲ့တာမျိုး မဟုတ်ပါဘူး။ ရသစာပေကတော့ ခရီးကန္တာရထဲက 'စမ်းပေါက်' လေးတစ်ခု တွေ့လိုက်ရသလိုပါပဲ။ နည်းတယ်ထင်ရပေမယ့် အကုန်လုံး ရလိုက်တာမျိုးပါ။

ရသစာပေ အားနည်းနေချိန်မှာ တသသနဲ့ ပြန်ပြောပြစရာ ဘာသာပြန် လက်ရာကောင်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ဆရာမဝင့်ပြုံးမြင့် ဘာသာပြန်တဲ့ 'တိမ်ယံသစ္စာ'။ ရုပ်ရှင်ဇာတ်ကားအနေနဲ့ လူသိများပြီး ထူးချွန်ဆုရခဲ့တဲ့ Kite Runner (စွန်လိုက်သူ)ဖြစ်ပါတယ်။ ဇာတ်လမ်းဇာတ်အိမ်တည်ထားတာက အာဖဂန်နစ္စတန်မှာ။ ပြဿနာပေါင်းစုံ ဒုက္ခဘုံကြီးရဲ့ မပြီးပြေ မငြိမ်းချမ်းနိုင်သေးတဲ့ အာဖဂန် စစ်နယ်မြေက သတင်းဇာတ်လမ်းတွေနေ့တိုင်းပဲ ကြားနေခဲ့ရပါတယ်။ တစ်ယူသန်နဲ့ မူမှန်၊ အယူမှန်နဲ့ အယူမှား အားရှိနဲ့ အားမဲ့၊ ဒေါသမီးလျှံ အမုန်းရန်ငြိုး လက်နက်မိုးကြီး တဝေါဝေါရွာ မြေစာပင် ပြည်သူလူထု၊ ဘယ်သူ့ ဘယ်သူကိုမှ မကယ်နိုင်။ ကောင်းကင်နိုင်ငံအောက်က အထင်ကရ ငရဲကမ္ဘာ။

အဲသလိုမြင်နေရတဲ့ အာဖဂန်မြေပေါ်မှာ မေတ္တာအပင်က သစ္စာပန်း





တွေဝေခဲ့ရတဲ့ ရှားရှားပါးပါး လူသားကလေးငယ်နှစ်ယောက်ရဲ့ နှလုံးသား ဇာတ်လမ်းတစ်ပုဒ်၊ ရေးသူ ခါလက်ဟူစိန်နီဖြစ်ပြီး ဒီပွဲဦးထွက်ဝတ္ထုတစ်ပုဒ် တည်းနဲ့ပင် ကမ္ဘာ့စာပေ စင်မြင့်ပေါ် ရောက်ခဲ့ရတယ်။ ချက်ချင်းပဲ ခေတ်ပြိုင် ဂန္ထဝင်ဝတ္ထုတစ်ပုဒ် ဖြစ်သွားခဲ့ပါတယ်။

(၂)

'၁၉၇၅ ခု၏ အေးစိမ့်သော ဆောင်းရာသီတစ်ရက်က တစ်ဆယ့်နှစ်နှစ်သားအရွယ် ကလေးငယ်ဘဝကို ယခု ကျွန်တော် ပြန်ရောက်နေသည်။ ထိုနေ့က တစ်မိုးလုံးမှောင်ဝေကာ ရိုးချောင်းလေးသည်ပင် ရေတွေခဲလျက်ရှိသည်။ ဖရိုဖရဲပြိုလဲနေသော ရွှံ့နံရံနောက်ဝပ်၍ ရိုးချောင်းအနီးမှ လက်ကြားလမ်းလေးထဲ ချောင်းနေခဲ့ရသော ထိုအခိုက်အတန့် ထိုကာလကို ပြက်ပြက်ထင်ထင် အမှတ်ရနေသည်။ နှစ်တွေမနည်းတော့။ သို့သော်ငြား အတိတ်ဟုဆိုလျှင် မဟုတ်သေး။

အတိတ်ကို ဘယ်ပုံဘယ်နည်း မြေမြှုပ်သင်္ဂြိုဟ်နိုင်ကြောင်း ကျွန်တော် လေ့လာသင်ယူခဲ့ခြင်းမှာ အတိတ်သည် ကျွန်တော့်အပေါ် ကုတ်ကပ်တွယ်တက်လာနေသည်။ ခုတော့လည်း အတိတ်ကို လည်ပြန်လှည့်ကြည့်လိုက်မှ လွန်ခဲ့သော ၂၆ နှစ်လုံးလုံး ထိုလက်ကြားလမ်းလေးထဲကိုသာ ကျွန်တော် အစဉ်တစိုက်ချောင်းနေခဲ့ပါကလားဟု သိလိုက်ရတော့၏။'

ဝတ္ထုအဖွင့်မှာပင် ၂၆ နှစ်တာ အတိတ်ကာလ၏ ဘဝပုံရိပ်တွေထဲက 'လက်ကြားလမ်းကလေး'ဆိုတာ မိုးရိပ်တွေကြား မှုန်ဝါးမနေ၊ အဲဒီလက်ကြားလမ်းကလေးကို သတိရနေသောကြောင့်ပင် အတိတ်ဟုဆိုလျှင် မဟုတ်သေး . . . လို့ ဖွဲ့နွဲ့ပါတယ်။ အဲဒီ လက်ကြားလမ်းကလေးထဲမှာ တစ်သက်လုံး တည်ဆောက်ခဲ့တဲ့သူငယ်ချင်းနှစ်ယောက်ရဲ့ သစ္စာတရားတွေ၊ ကံကြမ္မာတွေ၊ သံယောဇဉ်နှောင်ကြိုးတွေ၊ ဘဝသတ္တိတွေ ပြိုကွဲခဲ့၊ ရှုံးနိမ့်ခဲ့၊ ပျောက်ဆုံးခဲ့၊ ဝေးကွာခဲ့၊ ပြီးဆုံးခဲ့ပြီထင်ကာမှ ပြန်ဆက်ခဲ့ရတဲ့ဘဝဇာတ်လမ်း။

သစ္စာဖောက်တစ်ယောက်ရဲ့ သစ္စာကြွေးပေးဆပ်ခြင်းသည်ပင် တိမ်ယံသစ္စာ။

(၃)



www.burmeseclassic.com

www.burmeseclassic.com






ဟိုစိန်နီသည် ပါရမီပါသောပုံပြောဆရာတစ်ဦး။
သင့်နှလုံးသားထဲမှ ကြိုးဟူသမျှကိုဆွဲပြီး
တေးသီကြွေးခိုင်းဖို့ရာ လက်မနှေးသူ။

သူငယ်ချင်းနှစ်ယောက်၊ အေမားနဲ့ ဟက်ဆန်။

အေမားက သူဌေးကြီးသား၊ ဟက်ဆန်က သူ့ရဲ့အစေအပါး၊ ဟက်ဆန်ရော သူ့အဖေအလီပါ အေမားတို့အိမ်မှာ အိမ်ဖော်ရုလုပ်ကြရတယ်။ ဒါပေမဲ့ အေမားရဲ့အဖေ သူဌေးကြီးဘာဘာက ကိုယ်ချင်းစာတရား အားကြီးသူ၊ ဟက်ဆန်တို့သားအဖကို မိသားစုနဲ့မခြား ဂရုစိုက်ခဲ့သူ။ ကဘူးမြို့တော်ရဲ့ သူဌေးရပ်ကွက်ထဲက အေမားတို့အိမ်ကြီးဟာ ရဲတိုက်ကြီးလို ခန့်ညားထည်ဝါ။ အေမားဟာ အစစအရာအရာ ပြည့်စုံပေမယ့် အမိမဲ့သား၊ အေမားကိုမွေးပြီး သူ့အမေဆုံးသွားတယ်၊ အေမားအမေက ပညာတတ်ဆရာမ၊ စာကဗျာနဲ့ မွေ့လျော်တတ်သူ၊ ကဘူးမြို့တော်မှာ အလှနဲ့ပညာပေါင်းထားတဲ့ အမျိုးသမီး။ အေမားအဖေဘာဘာက သိပ်မြတ်နိုးတယ်၊ အမေဆုံးသွားတာ အေမားကြောင့်လို့ အေမားက ခံစားနေရတယ်။ ဒါ့ကြောင့် ဘာဘာက အေမားကို မုန်းနေမှာပဲလို့ ခံစားတယ်။ ဘာဘာဟာ အလုပ်တွေထဲ ဘဝကို နှစ်ထားလေတော့ အေမားကို ပစ်ပယ်ထားသလို ဖြစ်နေတယ်။ အေမားဟာ စာကြည့်ချိန်၊ စာသင်ချိန်ကလွဲရင် ကျန်အချိန်များမှာ ဟက်ဆန်နဲ့ တတွဲတွဲ။

ဟက်ဆန်လည်း အေမားလိုပဲ အမေမရှိဘူး။ ဒါပေမဲ့ အေမားအမေလို သေသွားတာတော့ မဟုတ်ဘူး။ ဟက်ဆန်ကိုမွေးပြီး ငါးရက်အကြာမှာ အိမ်က ထွက်သွားတာ။ ဒီမှာ အေမားရဲ့အဖေကပဲ နို့တိုက်မိခင်တစ်ဦး ငှားပေးခဲ့ရတယ်။ အေမားလည်း ဒီမိန်းမအငှား နို့တိုက်မိခင်ရဲ့နို့စို့ပြီး ကြီးပြင်းခဲ့တာ။ နို့တိုက်မိခင်တူလို့ပဲလားမသိဘူး၊ အေမားနဲ့ ဟက်ဆန် ဘဝချင်းမတူပေမယ့် သိပ်ချစ်ကြတယ်။ ဘယ်လောက် ချစ်သလဲဆိုရင် သူတို့နှစ်ယောက်ကြားမှာ





အရှင်သခင်နဲ့ အစေအပါးဆိုတာတောင် မတွေ့ရသလောက်ပါပဲ။

တကယ်တော့ သူတို့နှစ်ယောက်ဟာ ဘဝချင်းသာ ခြားသည်မဟုတ်၊ လူမျိုးနွယ်ချင်း၊ ဘာသာနွယ်ချင်းပါ ခြားနားလှပါတယ်။ အေမားက ပက်ရှ်ထန်၊ ဆွန်နီမွတ်ဆလင်၊ ဟက်ဆန်က ဟာဇာရာလူမျိုး၊ ရှီယာမွတ်စလင်။

'ကျွန်တော်တို့ ပက်ရှ်ထန်များက ဟာဇာရာများကို ဖိနှိပ် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ၁၉ ရာစုတွင် ဟာဇာရာများက ပက်ရှ်ထန်တို့ကို တွန်းလှန်ရန် ကြိုးပမ်းခဲ့ကြသည်။ ပက်ရှ်တန်တို့က အင်အားသုံး၍ အကြီးအကျယ် နှိပ်ကွပ်ခဲ့သည်။ သုတ်သင်ခဲ့သည်။ သူတို့ပိုင်မြေမှ သူတို့ကို နှင်ထုတ်ခဲ့သည်၊ အိမ်များမီးရှို့၍ မိန်းမများကို ရောင်းစားခဲ့ကြသည်။ ပက်ရှ်ထန်တို့က ဟာဇာရာများကို နှိပ်စက်ခဲ့သည့်အကြောင်းရင်း တစ်စိတ်တစ်ပိုင်းမှာ ပက်ရှ်ထန်တို့သည် ဆွန်နီမွတ်စလင်များဖြစ်ပြီး ဟာဇာရာတို့သည် ရှီယာမွတ်စလင်များဖြစ်သောကြောင့်ပင်။'

(တိမ်ယံသစ္စာ၊ စာ-၁၃)

သို့သော် အေမားအဖေ ဘာဘာက အယူသည်းမွတ် ဆလင်မဟုတ်သောကြောင့်သာ ပက်ရှ်ထန်အေမားနှင့် ဟာဇရာဟက်ဆန်တို့ ညီအစ်ကိုလိုတွဲနေခြင်းပင်။ ဘာဘာကား ဘာသာတရားက တားမြစ်ထားသော စည်းကမ်းများကို ကျော်ပြီး သူ့အတွေး သူ့အရေးဖြင့်နေသူ ဖြစ်ပါတယ်။ အရက်မသောက်ရ တားမြစ်ထားပေမယ့် စက္ကူညိုနဲ့ထုပ်ထားတဲ့ ဝီစကီပုလင်းကို သီးသန့်ဆေးဆိုင်တွေမှာ ဆေးအဖြစ်နဲ့ ဝယ်သောက်ရတယ်။ ဘာဘာက ဝီစကီသောက်တော့ သား အေမားက ဆရာသင်လိုက်တဲ့အတိုင်း "ဘာသာ ဒုစရိုက်သမား ဖြစ်သွားပြီလား'လို့ မေးတယ်။ ဘာဘာက 'ဟို မုတ်ဆိတ်ဗရပျစ် သောက်ရူးကောင်တွေဆီကနေ တန်ဖိုးရှိတာ ဘာမှတတ်လာမှာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်မှန်နေတဲ့မျောက်တွေ၊ သူတို့မုတ်ဆိတ်ပေါ် ရှူးသာပန်းချ'လို့ သားကို သင်ပေးပါတယ်။ ဘာဘာရဲ့ ကိုယ်ပိုင်ဒဿနကတော့

'ဆရာတွေ ဘာသင်သင်၊ ဒုစရိုက်မှုတစ်ခုတည်း ရှိတယ်ကွ၊ အဲဒါကတော့ ခိုးတာပဲ။ တခြား ဒုစရိုက်မှုတွေဆိုတာ ခိုးခြင်းကနေ ပွားထွက်လာတာ၊ နားလည်လား'

(တိမ်ယံသစ္စာ၊ စာ-၂၃)



www.burmeseclassic.com

www.burmeseclassic.com



‘လူတစ်ယောက်ကိုသတ်တယ်ဆိုရင် အသက်တစ်ချောင်းကို ခိုးယူလိုက်တာပဲ၊ ဇနီးသည်တစ်ယောက်ရဲ့ လင်ယောက်ျားကို ခိုးယူလိုက်တာ၊ ကလေးတွေရဲ့ အဖေကို ခားပြတိုက်ယူလိုက်တာ၊ မုသာဝါဒဟာလည်း တစ်ယောက်ယောက်ရဲ့အမှန်တရားကို ခိုးယူလိုက်တာ၊ သူများကို အနိုင်ကျင့်တာဟာလည်း တရားမျှတမှုအခွင့်အရေးကို ခိုးယူလိုက်တာပဲ အေမား၊ ရှင်းလား’

(စာ-၂၃)

ဘာသာရဲ့ ဒီဒသနဟာ တိမ်ယံသစ္စာဝတ္ထုအတွက် အရေးကြီးပါတယ်။

အေမားကတော့ ဘာဘာရဲ့ အပစ်ပယ်ခံသားအနေနဲ့ အရှုယ်နဲ့မလိုက်အောင် စာကဗျာတွေထဲ ဘဝကို မြှုပ်နှံထားပါတယ်။ သူကိုယ်တိုင်လည်း ပုံပြင်လေးတွေ စမ်းရေး ကြည့်ရဲ့။ သူ့ပုံပြင်အပေါ် ဘာဘာက ထူးထူးခြားခြား စိတ်ဝင်စားဟန်မပြ၊ ဘာဘာ့အရင်းနှီးဆုံးသူငယ်ချင်း ရာဟင်ခန်ကတော့ အရေးတယူရှိရဲ့။ ဟက်ဆန်ကို သူ့ပုံပြင်အကြောင်း ပြောပြတော့ ဟက်ဆန်က

‘တစ်နေ့ကျရင် အစ်ကိုအေးမားတော့ စာရေးဆရာကြီး ဖြစ်လာမှာ၊ ကမ္ဘာကလူတွေအားလုံး မင်းရဲ့ဝတ္ထုကို ဖတ်ကြမှာ’ လို့ နိမိတ်ဖတ်ပါတယ်။ အေမားရဲ့ပုံပြင်မှာ ငိုရင်ပုလဲပုံပြင်၊ မိန်းမကို ငိုနိုင်းပြီး ယောက်ျားက ချမ်းသာဖို့ ကြိုးစားသူ၊ ဟက်ဆန်ရဲ့ဝေဖန်ရေးက ‘မျက်ရည်ဆိုတာ ဝမ်းနည်းမှ စိတ်မကောင်းဖြစ်မှ ကျမလား၊ ကြက်သွန်နီဥ ရှူရင်ကော မကျဘူးလား’ တဲ့။

စာတစ်လုံးမှမတတ်၊ စာတစ်လုံးမှ မရေးဖူးသော ဟက်ဆန်ရဲ့ ဝေဖန်ရေးကြောင့် အေမား သူ့ပုံပြင်ရဲ့အားနည်းချက်ကို သိသွားတယ်။ တကယ်တော့ အေမားဟာ အားကောင်းတယ်ထင်ရပေမယ့် အားနည်းချက်တွေနဲ့၊ ဟက်ဆန်ကတော့ နိမ့်ကျတယ်ထင်ရပေမယ့် မြင့်မားတဲ့ ကိုယ်ရည်ကိုယ်သွေးတွေနဲ့၊ စာရေးဆရာက လှလှပပလေး သရုပ်ဖော်သွားလေ့ရှိတယ်။ အာဖဂန် ယဉ်ကျေးမှုဓလေ့စရိုက်ကို ကြည့်ပါဦး။

‘ကဗျာလင်္ကာများကို မျက်နှာအပ်ထားသော သားတစ်ယောက်ကို အဖေတော်ရခြင်းက တစ်ပိုင်းသီးခြားစီဖြစ်မည်။ ဤအဖြစ်မျိုးကို ဘာဘာ မျှော်လင့်ထားပုံမရ၊ ယောက်ျား စစ်စစ်များ ကဗျာမဖတ်၊ ကဗျာစပ်ဖို့ဆိုလျှင်





ဝေလာဝေးလို့ ဘုရားကပင် တားမြစ်ထားသည်။’

(စာ-၂၉

သို့သော် အေမားက စာကဗျာတွေနဲ့နေတယ်။ ဟက်ဆန်နဲ့နေတယ် ဟက်ဆန်က သူ့အပေါ် အထူးသစ္စာရှိ၊ သူ့စကားကို အမြဲနားထောင် ဟက်ဆန်က အေမားကို အရိပ်တကြည့်ကြည့်၊ မင်း ဒီခွေးကြီးကို လေးခွ ပစ်ကွာဆိုရင် ဟက်ဆန်က ပစ်ပြီးသား။ သူတို့ ဆော့ကစားတော့လည်း အတူတူ၊ ရုပ်ရှင်ကြည့်တော့လည်း အတူတူ၊ သူတို့နှစ်ယောက်ရဲ့ အမှတ် တရတွေ အများကြီးထဲမှာ တောင်ကုန်းလေးပေါ်က တလဲသီးပင်ပေါ် အေမာ ရေးထွင်းထားတဲ့စာတန်းများ။

‘အေမားနဲ့ဟက်ဆန်၊ ကဘူးမြို့ရဲ့ ပသီဘုရင်များ’

အေမားက တလဲသီးတွေနဲ့ ဟက်ဆန့်ရင်ဘတ်ကို ပစ်ပေါက်(အနိုင် ကျင့်ပြန်)၊ ငါ့ကို ပြန်ထုလေကွာဆိုတော့ ဟက်ဆန် မထု၊ မပစ်၊ အတင်း ပစ်ခိုင်းတော့ ဟက်ဆန် တလဲသီးနဲ့ သူ့မျက်နှာသူ ပြန်ထု၊ မျက်နှာတစ်ခုလုံး သွေးတွေလို နီရဲသွား၊ ဟက်ဆန်ပြန်မထုလို့ အေမားကို မနာကျင်စေလို့ သူပဲ အမြဲ အနာခံလိုသူ၊ အေမာ အသားမနာပေမယ့် ဟက်ဆန့် သဘော ထားကို ရင်နာနာနဲ့ သိမှတ်ခဲ့ရပြီ။

ဒီလို သူတို့ရဲ့ဘဝနေနည်းပုံစံထဲ ၁၉၇၈ ဧပြီလမှာ ကွန်မြူနစ်တွေ အာဏာသိမ်းပြီးတဲ့နောက် ရုရှားတင့်ကားတွေ အလုံးအရင်းဖြင့် ဝင်ရောက် လာခြင်းဖြင့် ‘အာဖဂန်နစ္စတန်၏ အကြွင်းမဲ့နိဂုံးကို ဆောင်ကြဉ်း လာတော့သည်။ ယနေ့တိုင် မဆုံးနိုင်သေးသော သွေးထွက်သံယိုခေတ်ဆ တာထွက်ပင် ဖြစ်တော့သည်။’

(စာ-၄၂)

ခေတ်ကာလမတည်ငြိမ်မှုထဲ ‘အာစွပ်’တို့လို လူရမ်းကားလေးတွေက တောကြောင်တွေလို သောင်းကျန်းနေချိန်၊ အာစွပ်က သံလက်သီးနဲ့ ကလေးတွေကို နားရွက်ပြတ်သွားတဲ့အထိ ထိုးကြိတ်အနိုင်ကျင့်၊ သူ့နာမည်ပင် နားရွက်စား အာစွပ်လို့ ကျော်နေပြီ။ အာစွပ်က ပက်ရှ်ထန်၊ ဟက်ဆန် တို့လို ဟာဇာရာတွေကို ကြည့်မရ၊ အမြဲနှိပ်ကွပ်နေတဲ့ကောင်လေး၊ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



အမေား ဟက်ဆန်အတွဲနဲ့ အာစွပ်တို့ လူမိုက် သုံးယောက် ပက်ပင်းရင်ဆိုင်တွေ့၊ အာစွပ်က ဟက်ဆန်ကို ပုံပန်းသဏ္ဌာန်ကြည့်ပြီး 'နှာပြား'လို့ခေါ် ရန်စ၊ အာဖဂန်ဆိုတာ ပက်ရှုံထန်တွေရဲ့မြေ၊ ဟာဇာရာတွေကို အေမားတို့လိုကောင်တွေ ကာကွယ်ထားလို့ ရောင့်တက်နေတာ၊ ဟာဇာရာ ချေမှုန်းရေးစကားတွေနဲ့ အာစွပ်က စိန်ခေါ်နေပေပြီ။ အေမား ကြောက်လန့်နေချိန် –

ဟက်ဆန် လေးခွဆွဲထုတ် အသင့်ပြင် 'နားရွက်စား အာစွပ်ကနေ တစ်ဖက်ကန်းအာစွပ်ဖြစ်သွားမယ်' လို့ ရဲရဲရင်ဆိုင်လိုက်တယ်။ သံလက်သီးသမား အာစွပ် နောက်ဆုတ်သွား၊ ရန်ငြိုးဖွဲ့တေးမှတ်သွား၊ ဟက်ဆန်ကား အေမားရဲ့ အားကိုးရာဖြစ်မှန်းမသိဖြစ်လာ၊ ဘာဘာကတော့ အေမားရဲ့ သူရဲဘောကြောင်တဲ့ဉာဉ်ကို 'ဖျင်းတဲ့ဉာဉ်'လို့ သမုတ်ပြီး အားမလိုအားမရ၊ ဟက်ဆန်က သားရှေ့က ဝင်ရပ်ကာကွယ်ပေးခဲ့တာတွေကို ဂုဏ်ယူလျက်ဖြင့်၊ နှုတ်ခမ်းကွဲလေး ဟက်ဆန်အတွက် မွေးနေ့လက်ဆောင်ကတော့ နယူးဒေလီ (အိန္ဒိယ)က တကူးတကပင့်ခေါ်လာတဲ့ ဆရာဝန်၊ ဟက်ဆန် နှုတ်ခမ်းကွဲကို ဘာဘာက တကူးတက ပြုပြင်ပေးစေခဲ့ပါတယ်။

ဟက်ဆန်မှာ တော်တဲ့အရည်အချင်းတစ်ခုကတော့ စွန်လိုက်တာပါပဲ။

'တံခွန်စိုက်စွန်တိုက်ပွဲသည် အာဖဂန်နစ္စတန်ရိုးရာ ပြိုင်ပွဲတစ်ခုဖြစ်သည်။ ပြိုင်ပွဲနေ့တွင် မနက်စောစောကတည်းက ပွဲစပြီး ကောင်းကင်တွင် ပိုလ်စွဲသော စွန်တစ်ကောင်သာ မကျန်မချင်းပွဲမပြီး၊ တစ်ခါကများဆိုလျှင် စွန်တိုက်ပွဲ နောက်တစ်နေ့ကူးသွားခဲ့ဖူးသည်။ လျှောက်လမ်းနှင့် အိမ်ခေါင်မိုးများပေါ် လူတွေပြည့်ကာ ကိုယ့်ကလေးကိုယ် အားပေးကြသည်။ လမ်းမပေါ်တွင် စွန်လိုက်သူများက အပြည့်'

(စာ–၅၇)

အဲဒီစွန်လိုက်သူတွေကြားမှာ ဟက်ဆန်က စွန်ဘယ်နေရာမှာ ကျမယ်ဆိုကြိုသိနေသူ၊ သဘာဝဗီဇသိစိတ်အားဖြင့် သိနေသူ၊ စွန်ကျမည့်နေရာ ကြိုရောက်နေတတ်ပြီး စွန်အမြဲရတဲ့သူ၊ အေမားအံ့သြလို့ မဆုံးတော့ပြီ။

'စွန်လိုက်သူများအတွက် မျက်စိကျစရာ အကောင်းဆုံးဆုမှာ နောက်ဆုံးပြတ်ကျသည့်စွန်ဖြစ်၏။ ထိုစွန်သည် အောင်ပွဲရ အထိမ်းအမှတ်ဆုဖြစ်သည်။





ညြသည်များ၏ ချီးမွမ်းမှုကို ခံယူရန် ပြသထားရသောဆုဖြစ်သည်၊ ကောင်းကင်တွင် စွန်များကုန်သွားပြီး ဗိုလ်လုပွဲအတွက် စွန်နှစ်ကောင်သာ ကျန်ရစ်ချိန်၊ ထိုအချိန်တွင် စွန်လိုက်ကလေးတိုင်း ထိုဆုအတွက် အသင့်ပြင်ကြပြီ။'

(စာ–၅၈)

'သိပ်မကြာခင် စွန်ဖြတ်ပွဲလာပြီဖြစ်၍ စစ်ရှုံးစွန်များ ပရမ်းပတာ ချာလည်လည်နေသည်။ အမြီးကလေးတွေ လူးလွန့်လှိုင်းထကာ ကောင်းကင်မှ ကြယ်ကြွေတွေလို တရှူးထိုး ဆင်းသက်လာသည်။ အောက်ဘက်စွန်လိုက်သူများအတွက် ကြယ်ကြွေတွေပန်းမိုးကြဲပြီ၊ လမ်းတစ်လျှောက် ရှူးရှူးအော်ဟစ်သွားသော စွန်လိုက်သူများ၏အသံကို ကျွန်တော် ကြားနေရသည်။'

(စာ–၇၅)

၂၅ နှစ်အတွင်း အကြီးကျယ်ဆုံး စွန်တိုက်ပွဲကြီးမှာ အေမားပါဝင်ခဲ့ပြီ။ သူ့ရဲ့ အကူလူ ရစ်ဘီးကိုင်က ဟက်ဆန်၊ ဒီပွဲကို ဘာဘာကလည်း အတော်မျှော်လင့်ထားတယ်။ အာဖဂန်ရဲ့ ကောင်းကင်မှာ စွန်ရောင်စုံပျံ့ဝဲ၊ စွန်တစ်ကောင်နဲ့ တစ်ကောင် စက္ကူငါးမန်းတွေအလား၊ သားကောင်ကိုရှာ၊ တိုက်ကြဖြတ်ကြနဲ့၊ နောက်ဆုံးမှာ အေမားရဲ့စွန်နဲ့ စွန်ပြာကြီးပဲ ကျန်တော့တယ်။ အေမားနိုင်အောင်တိုက်တယ်။ စွန်ပြာကြီး ပြတ်လွင့်သွားပြီ၊ အေမားနိုင်ပြီ။ ဒီအချိန်ကလေးဟာ ဘဝရဲ့အကြီးကျယ်ဆုံး အခမ်းနားဆုံးအချိန်။

ဟက်ဆန်ကတော့ ပြတ်သွားတဲ့စွန်ပြာကြီးနောက် ပြေးလိုက်သွားတယ်။

'မင်းအတွက်ဆိုရင် အခေါက်ပေါင်းထောင်ချီသွားပစေ'

ဒီစွန်ပြာကြီးဟာ ရန်သူကို အသေမိသလို အောင်ပွဲရဲ့ အမှတ်အသားအဖြစ် ပြထားရမှာ၊ သိပ်အရေးကြီးတယ်။

အေမား အောင်ပွဲခံဖို့ ဟက်ဆန်ပြန်အလာကို စောင့်ရဦးမယ်။ တော်တော်နဲ့ ပြန်မလာတော့ အေမား အပူတပြင်း လိုက်ရှာ၊ တွေ့မယ်တွေ့တော့ လက်ကြားလမ်းအဆုံးမှာ၊ ရန်သူသုံးဦး (အာစွပ်တို့အဖွဲ့)ရဲ့ရှေ့မှာ။ ဟက်ဆန့်အနီးမှာ ဘာဘာရဲ့နှလုံးသားကိုဖွင့်မယ့်သော့တံ သို့မဟုတ် စွန်ပြာကြီး၊ အဲဒီစွန်ပြာကြီးကို အာစွပ်တို့က တောင်းနေပြီ။

www.burmeseclassic.com



'ဒါ အစ်ကိုအေမားရဲ့စွန်'

ဟက်ဆန် ဘယ်လောက်သစ္စာရှိလိုက်သလဲ။ ဒီစွန်ကိုပဲ အသက်နဲ့လဲပြီး ကာကွယ်မည့်ဟန်၊ မာန်မလျှော့၊ အေမားကတော့ မြင်နေပါလျက် ဝင်မကူ၊ ဝင်မကယ်နိုင်၊ စွန်တိုက်ပွဲမှာ နိုင်ခဲ့ပါလျက် လူချင်းတိုက်ရမှာ သူရဲဘောကြောင်နေသူ၊ သူ့ကိုကယ်ခဲ့ပေါင်းများပြီ ဖြစ်တဲ့ဟက်ဆန်ကို ဝင်မကယ်ရဲ၊ ချောင်းကြည့်နေသလိုမျိုး၊ ငြိမ်ကုတ်လျက်။

ဒီတစ်ခါ ဟက်ဆန်ရှုံးတယ်၊ သုံးယောက်နဲ့တစ်ယောက်၊ ရှုံးတာမှ ဂုဏ်သိက္ခာပါရှုံးခဲ့တာ၊ ဟက်ဆန်ဘောင်းဘီကို အာစွပ်တို့ ချွတ်လိုက်တယ်။ ဟက်ဆန်ကား သားသတ်သမား လက်က သိုးကလေးပမာ။

အစ်နေ့မှာ သိုးကလေးကို ယဇ်ပူဇော်တာ အေမား ပြန်မြင်ယောင်မိ။

'ယဇ်ဆရာသည် သိုးကိုမေးရိုးမှကိုင်၍ ဓားသွားကို လည်ကုပ်ပေါ်တင်ကာ လက်ဖျစ်တစ်တွက်အတွင်းမှာပင် သိုးမျက်လုံးကို ကျွန်တော်မြင်လိုက်ရသည်။ ကျွန်တော့်ကို အိပ်မက်များထဲထိ ရက်ပေါင်းများစွာ လိုက်လံခြောက်လှန့်နေတော့ မည့်ထိုအကြည့်၊ ဘာ့ကြောင့်များ နှစ်စဉ် ကျင်းပမြဲ ထိုဟာလာ ထုံးတမ်းကို ကျွန်တော် စောင့်ကြည့်နေမိပါလိမ့်။ မြက်ခင်းပေါ်မှ သွေးကွက်ပြယ် လွင့်သွားသည့်တိုင် အိပ်မက်ဆိုးများကတော့ မပြယ်နိုင်သေး။'

(စာ–၈၆)

နောက်ဆုံးတော့ ကူရိုန်ကယ်ချိန် ရပါသေးလျက် မကူမကယ်ဘဲ အေမား ငိုယိုထွက်ပြေးခဲ့တယ်။

'လောကကြီးမှာ ဘာမှ အလကားမရ၊ ဟက်ဆန်သည် ကျွန်တော်ပေးဆပ်လိုက်ရသော အဖိုးအခ၊ ဘာဘာ့ကို အနိုင်ရဖို့ ကျွန်တော် သတ်လိုက်ရသော သိုးကလေးဟက်ဆန်၊ ထိုအဖိုးအခသည် တရားမျှတပါ၏လော။'

(စာ–၈၆)

ဟက်ဆန်ဟာ သူ့ဂုဏ်သိက္ခာကို အရှုံးဖြင့်စတေး ပေးဆပ်ပြီး အေမား အလွန်လိုချင်နေတဲ့ စွန်ပြာကြီးကို ပေးအပ်နိုင်ခဲ့ပြီ။ ဒါပေမဲ့ နောက်ရက်တွေမှာ အေမားကို ရှောင်ဖယ်သွားပြီ။ အေမား ဆောက်တည်ရာမဲ့လျက်က ညညဆို အိပ်မပျော်နိုင်တော့ပြီ။





'ဟက်ဆန် မုဒိမ်းကျင့်ခံရတာကို ကျွန်တော် ကြည့်နေခဲ့တယ်'

သူ့ဟာသူ ပြောနေမိတယ်။

'တစ်ယောက်ယောက် နိုးလာပြီး ကျွန်တော့်စကားကို ကြားပါစေ ဆုတောင်းသည်။ သို့မှသာ ထိုဖုံးကွယ်မှုကြီးနှင့် ကျွန်တော် အတူ ဆက်နေသွားစရာမလိုတဲ့ လမ်းခွဲ၍ရမည်။ သို့သော် နိုးလာသူမရှိ။ ထိုအခါ တိတ်ဆိတ်မှုနှင့်အတူ ကျွန်တော် ဘေးသင့်ခဲ့သော ကျိန်စာ၏ သဘောသဘာဝကို နားလည်လာရတော့သည်။'

(စာ–၉၅)

ဟက်ဆန်က သူ့အိပ်မက်ကို ပြောပြခဲ့ဖူးတာ ပြန်သတိရ။

'ကြည်လင်လှပတဲ့ ရေကန်ကြီးနားရောက်သွားတယ်၊ ရေကန်ကြီးက လှပေမယ့် ကန်ထဲမှာ မိစ္ဆာကောင်ကြီးရှိလို့ လူတွေ ကန်ထဲမဆင်းရဲဘူးတဲ့၊ အစ်ကိုအေမားနဲ့ ငါတို့ကတော့ ကန်ထဲဆင်း ရေကူးကြတာ ဘာမိစ္ဆာမှလည်းမရှိပါဘူး။'

'ရေကန်ထဲမှာ မိစ္ဆာရှိနေပါသည်။ ထိုမိစ္ဆာကောင်က ဟက်ဆန့်ခြေကျင်းဝတ်မှချုပ်ကာ နောက်ကျိနေသော ကန်အောက်ခြေထိ ဆွဲချသွားခဲ့သည်၊ ထိုမိစ္ဆာကောင်မှာ ကျွန်တော်ဖြစ်၏'

(စာ–၉၅)

ကြေကွဲနေတဲ့အမှားတစ်ခု ဆက်ကျူးလွန်ပြန်တယ်။ သူ့ပိုက်ဆံနဲ့နာရီ ဟက်ဆန်ခိုးပါတယ်ဆိုပြီး ဘာဘာ့ကိုတိုင်တယ်။ ဘာဘာက ဟက်ဆန်တို့သားအဖကို ခေါ်စစ်တယ်။ ဟက်ဆန်မခိုးဘဲ ခိုးတယ်လို့ဝန်ခံတော့ အေမား မယုံနိုင်လောက်အောင် အံ့သြရပြီ။

ဘာဘာခွင့်လွှတ်သည့်တိုင် ဟက်ဆန်တို့သားအဖ ဒီအိမ်မှာ မနေလိုတော့ပြီ။ ဝေးရာဆီ အပြီးအပိုင်ခွဲခွာသွားခဲ့လေပြီ။

(၃)

ဘာဘာတို့ အေမားတို့လည်း အမိမြေ အာဖဂန်ကို ခွဲခဲ့ရပြီ။ အခြေအနေတွေ ရှုပ်ထွေးဆိုးဝါးလာတော့ ပါကစ္စတန်ကတစ်ဆင့် အမေရိကန်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးခဲ့ရပြီ။ သူ့ဒွေးကြီးဘာ အမေရိကန်မှာ ဓာတ်ဆိုင်မှာ ဝင်လုပ်ရတယ်။ အေမား ကျောင်းဆက်တက်၊ သူဖြစ်ချင်တဲ့ စာရေးဆရာလည်းဖြစ်ခဲ့ပြီ၊ အာဖဂန်စစ်ပြေး ဗိုလ်ချုပ်ကြီးသမီးတစ်ဦးနဲ့လည်း အိမ်ထောင်ကျခဲ့ပြီ၊ ဘာဘာလည်း သေခဲ့လေပြီ။

အဲဒီအချိန်မှာ အာဖဂန်မှာ တာလီဘန်ခေတ်၊ ဟက်ဆန်လည်း အိမ်ထောင်ကျ၊ သားတစ်ယောက်ရကာမှ တာလီဘန်တွေ သတ်တာခံလိုက်ရပြီး ထောင်ကျ။ သားတစ်ယောက်ရကာမှ တာလီဘန်တွေ သတ်တာခံလိုက်ရပြီး သူ့သားလေးက မိဘမဲ့ဂေဟာရောက်နေလေရဲ့။ ဒီအချိန်မှာ ဘာဘာ့သစ္စာရှိ မိတ်ဆွေကြီး ရာဟင်ခန်က အမေရိကန်မှာ အခြေကျနေတဲ့ အေမားကို လှမ်းခေါ်တယ်။

'ပြန်လာခဲ့၊ သူ့အပေါ် ပြန်ကောင်းဖို့ နည်းလမ်းရှိတယ်'

သူ့အပေါ်ဆိုတာ ဟက်ဆန်အပေါ်၊ ဟက်ဆန်အပေါ် သစ္စာကြွေး ပေးဆပ်ဖို့ အေမားပြန်လာခဲ့ပြီလေ။

'ဟက်ဆန်ဟာ မင်းရဲ့ညီ၊ မင်းအဖေ ဟက်ဆန့်အမေနဲ့ ရတဲ့သား ဟက်ဆန့်အဖေအလီက အမြုံ' သူကြားရပုံတွေက မယုံနိုင်စရာ။ ကမ္ဘာကြီး အိုးထိန်းစက်လို လည်သွားတယ် ဆိုတာမျိုး။

ဒါဖြင့် သူ့အဖေဘာဘာဟာ လူလိမ်ပဲ။ ခုစရိုက်တွေထဲမှာ ခိုးတာဟာ အဆိုးဆုံး၊ မုသာဝါဒအမှန်တရားကို ခိုးယူလိုက်တာ • ။

အမှန်တရားကို ခိုးယူသွားခဲ့တဲ့ ဘာဘာပါကလား။

ဟက်ဆန့်သားကလေးဟာလည်း သူ့တူဖြစ်နေပါပေါ့လား။ အာဖဂန် တစ်နိုင်ငံလုံး တာလီဘန်တွေလက်အောက်မှာ စစ်ရဲ့အနိဋ္ဌာရုံတွေနဲ့ အကျည်း တန်နေချိန် အေမား ကဘူးကို ပြန်ရောက်ခဲ့တယ်။ မိဘမဲ့ဂေဟာမှာ သူ့တူလေး (ဟက်ဆန့်သား)ကို ဒုက္ခခံပြီးလိုက်ရှာတယ်။ တွေ့မယ်တွေ့တော့ တာလီဘန် ခေါင်းဆောင်တစ်ယောက်ရဲ့အိမ်မှာ။ အဲဒီ တာလီဘန်ကမိဘမဲ့ကလေးတွေ တစ်လတစ်ယောက် လာခေါ်တယ်။ မိန်းခလေးတွေခေါ်ခေါ်ပြီး အပျော်ကြံ တယ်။ ရံဖန်ရံခါ သနားကမားယောကျာ်းလေးတွေ။

မျက်နှာချင်းဆိုင်တွေ့ကြချိန်မှာ အဲဒီ တာလီဘန်ခေါင်းဆောင်ကား 'အာစွပ်' ဖြစ်နေ၊ ကမ္ဘာမကြေရန်ငြိုးတွေနဲ့ အာစွပ်က အေမားကို ရင်ဆိုင်





လိုက်ပြီ။ အေမားအင်မတန် တွေ့ချင်နေတဲ့ ဟက်ဆန့်သားလေးကိုလည်း ဆွဲထုတ်လာပါပြီ။ ကလေးနာမည်က စိုးရက်ဗ်၊ ဟက်ဆန် အင်မတန်ကြိုက် ခဲ့တဲ့ ရှာနာမာဝတ္ထုထဲက သူရဲကောင်းနာမည်။

တာလီဘန်အာစွပ်က သူ့အောင်ပွဲ၊ ၁၉၉၈ ဩဂုတ်လ က မာဇာ လူသတ်ပွဲကြီးအကြောင်း မြိန်ရေယှက်ရေပြောလိုက်သေးရဲ့။

'တစ်အိမ်တက်ဆင်းပဲ၊ ကြီးကြီးငယ်ငယ် ယောကျာ်းမှန်သမျှ အကုန် ထွက်၊ သူတို့မိသားစုရှေ့မှာတင် အကုန်ပစ်ချတယ်။ ကြည့်ကြစမ်းပါစေ၊ ကိုယ့်ကိုယ်ကိုယ် ဘာလဲဆိုတာ မှတ်မိသွားအောင်၊ ငါကတော့ စက်သေနတ်နဲ့ တရကြမ်း ဆွဲပစ်တာပဲ။ ငါ့ရှေ့မှာ မီးခိုးတွေမွှန်ပြီး ဘာမှမမြင်ရတော့တဲ့ အထိ ဆွဲပစ်တယ်ကွာ။ ကျည်ဆန်တွေ ပျံ့ချင်သလို ပျံ့ပါစေ၊ အပြစ်မရှိဘူး နောင်တမရဘူး၊ ကောင်းမှန်း သန့်စင်မှန်း သိက္ခာရှိမှန်း သိနေတယ်။ ဘုရားရဲ့ အမှုတော်ကို ထမ်းနေတယ်ဆိုတာ သိနေတယ်။ ဒါက တယ်ရင်ခုန်စရာကောင်း တာ။'

(စာ – ၂၇၆)

အာစွပ်ဟာ သူငယ်ငယ်က ကိုင်နေကျ သံလက်သီးကိုလည်း ခုထိ ဆောင်ထားတုန်း။ အဲဒီသံလက်သီးကို အေမား တစ်ဝကြီး မြည်းလိုက်ရပေပြီ။

အဲဒီမှာ ဟက်ဆန့်သားလေးက လေးခွနဲ့ အာစွပ်ကို ဝင်ဆော်တယ်၊ အာစွပ် မျက်လုံးကန်းသွားပေပြီ၊ အေမားလည်း ကလေးကိုခေါ်ပြီး အသက်လု ထွက်ပြေးခဲ့ရ၊ အာဖဂန်မှ ပါကစ္စတန်၊ ပါကစ္စတန်မှ အမေရိကန်ရောက်အောင် ဒုက္ခတွေ အများကြီး ကျော်လွှားခဲ့ရ၊ ဟက်ဆန့်အပေါ် တင်ရှိနေတဲ့ သစ္စာ ဖောက်တစ်ယောက်ရဲ့ သစ္စာကြွေးကို အေမား ဒီလို ဒီနည်းနဲ့ ပေးဆပ်နိုင်ခဲ့ ပါတယ်။

(၆)

ခါလက်ဟူစိန်နီရဲ့ Kite Runner ဝတ္ထုဟာ အင်မတန် အောင်မြင်ခဲ့ပါတယ်။ ဆရာမဝင့်ပြုံးမြင့်က 'တိမ်ယံသစ္စာ' အမည်နဲ့ မြန်မာပြန်တဲ့အခါ စာအုပ် ကျောဖုံးမှာ အောက်ပါ အညွှန်းများကို ဖော်ပြထားပါတယ်။

- ဤမျှ စာပေအရည်အသွေးမြင့်မားပြီး ဤမျှ အချိန်သင့် အခါသင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာနိုင်သော စာအုပ်၊ အံ့သြစရာပင်။ (Publishers Weekly)

- အထင်ကရပွဲဦးထွက်ဝတ္ထု။ သစ္စာဖောက်ခြင်းနှင့် ပြန်လည် ပေးဆပ်ခြင်းတို့၏ စိတ်လှုပ်ရှားစရာ ဇာတ်လမ်း၊ ထိုအရာအားလုံးထက် အာဖဂန်ယဉ်ကျေးမှုကို ခပ်ထူထူ လှီးပြခဲ့ပုံသည် စွဲမက်ဖွယ်ရာ။

(Kirkus Reviews)

- ပျောက်ဆုံးသွားသော ကမ္ဘာကို ပြန်လည်ဖန်တီးလိုသော ဆန္ဒဖြင့် အတိတ်အမှတ်တရနှင့် တသလွမ်းဆွတ်ခြင်းတို့၏ အနုအရင့်ကို ပေါင်းစပ်ထားသည်။ အတွေ့အကြုံများဖြင့် အနာတရဖြစ်ခဲ့ရသော ဖြူစင်ရိုးသားမှုဟူသည့် ဥရောပ ဂန္ထဝင်ဝတ္ထုတိုများကို အောက်မေ့စရာဖြစ်သည်။

(Independent)

- ဟိုစိန်နီသည် ပါရမီပါသောပုံပြောဆရာတစ်ဦး။ သင့်နှလုံးသားထဲမှ ကြိုးဟူသမျှကိုဆွဲပြီး တေးသီကြွေးခိုင်းဖို့ရာ လက်မနှေးသူ။

(The Times)

- ၁၉၇၀ ခုနှစ်များက အာဖဂန်နစ္စတန်။

ဆယ့်နှစ်နှစ်သား အေမားသည် တံခွန်စိုက်စွန်ပြိုင်ပွဲအတွက် အသည်းအသန်ဖြစ်ခဲ့ရာ သူ၏ သစ္စာရှိ သူငယ်ချင်းဟက်ဆန်က ကူညီဖို့ ကတိထားခဲ့သည်။ သူတို့တစ်တွေ၏ဘဝတွေ ပြိုကွဲသွားစေဖို့ ဖန်လာတော့မည့် ဟက်ဆန်၏ကံကြမ္မာကို နှစ်ဦးစလုံး မမြင်နိုင်ခဲ့။

ရုရှားများဝင်လာပြီး အမေရိကန်ပြည်ထောင်စုသို့ မဖြစ်မနေ ထွက်ပြေးလာကြရချိန်တွင် အေမားသည် တစ်နေ့နေ့ တစ်ချိန်ချိန် အမိမြေသို့ ပြန်ရမည်၊ ကမ္ဘာသစ်က သူ့ကို မပေးစွမ်းနိုင်သော တစ်ခုတည်းသော ဉာဏ်အရာ။ အပြစ်ဆေးကြောခြင်းအတွက် ပြန်ရမည်ဟု သိနေခဲ့သည်။ ယူကျုံးမရဖြစ်စေသော၊ ပြောင်မြောက်သော၊ ထို့ပြင် ရင်နင့်အောင် ရိုးသားခဲ့သောဝတ္ထု။

(Daily Telegraph)

[၂၀၁၀ ဩဂုတ်လထုတ် ပန်းအလင်္ကာမဂ္ဂဇင်း]

■

မန်းချောင်းစာပေ



# နောက်ကြည့်မှန်ထဲက အရိုးခံအမှန်တရား

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | နောက်ကြည့်မှန် |
| ရေးသူ | – | မင်းကိုနိုင် |
| ထုတ်ဝေကာလ | – | ၂၀၁၂ ဇူလိုင် |
| တန်ဖိုး | – | ၂၀၀၀ ကျပ် |
| ဖြန့်ချိ | – | အရှေ့ကြယ်စာပေ |

ကိုမင်းကိုနိုင်ရဲ့ 'နောက်ကြည့်မှန်' ဆိုတဲ့ ဝတ္ထုစာအုပ်ကလေးထွက်လာတော့ ငြိမ်သက်နေတဲ့ စာအုပ်လောကထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ လှုပ်သလောက် ဟုတ်ရဲ့လားလို့လည်း မေးကြတယ်။ 'ဟုတ်ပါတယ်။ ဟုတ် မဟုတ်သိချင်ရင် ဖတ်ကြည့်ပေါ့'လို့ပဲ ညွှန်းလိုက်ရတယ်။ ရန်ကုန်–မန္တလေး မြောင်းမြစတဲ့ မြို့ကြီးတွေမှာ စာအုပ်မိတ်ဆက်ပွဲ လုပ်တော့လည်း ပရိသတ်ကြီးကသည်းသည်းလှုပ်လှုပ်၊ ကိုမင်းကိုနိုင်ကိုယ်တိုင် စာဖတ်သူတွေနဲ့ တွေ့ဆုံပြီး စာအုပ်ပေါ်မှာ လက်မှတ်ထိုးပေးတာဆိုတော့လည်း ပွဲကပိုပြီးတော့ စည်ပါတယ်။ တစ်ခါ ဒီဝတ္ထုကို ဗီဒီယိုရိုက်ချင်တဲ့ ဒါရိုက်တာနှစ်ယောက်အကြားပွဲတင်စကားတွေ လျှံထွက်လာတော့ မုဒိတာပွားရမယ့်အစား ဣဿာ မစ္ဆရိယစကားတွေပဲ ကြားခဲ့ရတယ်။ လူတွေရဲ့ စိတ္တဗေဒဟာ အတော်အံ့သြစရာကောင်းတာပဲကိုး။ ကိုယ်လည်း ဘာမှမလုပ်နိုင်၊ လုပ်နိုင်သူတွေအပေါ်မှာလည်း မနာလိုဝန်တိုဖြစ်ကြနဲ့။ ဒီလိုလူတွေကပဲ 'ညီညွှတ်ရေး'စကား ဘန်းပြပြီး စည်းလွတ်ဝါးလွတ် လျှောက်ပြောနေတာတွေလည်း သက်သေအထောက်အထားနဲ့တကွ တင်ပြချင်ပါသေးတယ်။





မင်းကိုနိုင်၊ ကိုကိုကြီး၊ ဂျင်မီ . . . စသည်ဖြင့် အမည်တပ်ပြီး မပြောပေမယ့် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေကို ရည်ညွှန်းပြောဆိုလိုက်တာကို ရှင်းရှင်းလင်းလင်း ကြားသိခဲ့ရပါတယ်။ ၅–၆–၂၀၁၂ ထုတ် 'စောင့်ကြည့်'သတင်းဂျာနယ်မှာ **ဆရာမောင်သာနိုးက** 'စင်ပြိုင်မင်းသားမှူးများ'ဆိုတဲ့ ဆောင်းပါးနဲ့ ဒီလို ပြောထားပါတယ်။

'ကနေ့ခေတ်ဟာ အောင်ဆန်းသမီးက ဦးဆောင်ပြီး ဒီမိုကရေစီထူထောင်ရေး အားထုတ်ကြိုးပမ်းနေကြတဲ့ခေတ်ကြီး ဖြစ်တာကို လူတိုင်းသိတယ်။' လို့ ဆိုလိုပြီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ဒီမိုကရေစီအရေးတော်ပုံမှာ ပါဝင်ဖို့ နှိုးဆော်ထားတယ်။ အဲဒါ ကောင်းပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီရဲ့ သဘောအနှစ်မှာကိုက အကြောင်းကြောင်းကြောင့် ကွဲပြားပိုင်ခွင့်၊ လွတ်လပ်ခွင့်တွေ ရှိနေပါတယ်။ လွတ်လပ်စွာ ကွဲပြားပိုင်ခွင့်အပေါ်မှာ ဆရာမောင်သာနိုးက . .

'နိုင်ငံရေးအင်အားစု ဆိုလား၊ တပ်ပေါင်းစု ဆိုလား၊ **မင်းသားကြီး မလုပ်လို့ ပတ်မထိုးဖောက်လိုသူ** တစ်စင်ထောင်လိုသူတွေရဲ့ အဖွဲ့ထူထောင်သံကြားရပါတော့တယ်။ ဖြစ်ဖြစ်မြောက်မြောက်လည်း ရှိခဲ့ပုံမရပါဘူး။ **လူမျက်စိနောက်စရာအဖြစ် သမိုင်းတကွေ့မှာ ဖုန်မထတဲ့ ခွေးလေးခုန်ခဲ့တာ တစ်ခုပါပဲ။**' လို့ ရေးလိုက်ပါတယ်။ ဒါက ကိုမင်းကိုနိုင်တို့ကို ပြောတာ မဟုတ်ပါဘူး။ ဦးသန်းငြိမ်းနဲ့ ဦးခင်မောင်ဆွေတို့အဖွဲ့ကို ပြောတယ်ဆိုတာ လူတိုင်းသိပါတယ်။ အဲဒီတုန်းက NLD က ရွေးကောက်ပွဲဝင်ဖို့ ဗျေးဆစ်နေချိန်မှာ သဘာဝကျကျပဲ ကွဲပြားသွားတယ်လို့ ဆိုရပါလိမ့်မယ်။ ဆရာမောင်သာနိုးက '**ဖုန်မထတဲ့ ခွေးလေးခုန်ခဲ့တာတစ်ခု**'လို့ ရိုင်းရိုင်းစိုင်းစိုင်း ပြောလိုက်တာကတော့ ဒီမိုကရေစီအခွင့်အရေးတွေကို စော်ကားလိုက်တာပါပဲ။ ဒီထက် ပိုဆိုးတာကတော့ . .

'ဒါပေမဲ့ NLD ဆိုတာ တစ်ဖွဲ့၊ ငါတို့နဲ့ မဆိုင်ဘူး။ ငါတို့က သူတို့ထက်မြင့်မြတ်တဲ့ ပြည်သူ့ သူရဲကောင်းတွေဆိုတဲ့ **ဘဝင်လေပင့်နေသူများ** ကလည်း ရှိသေးတယ်။ လူတွေက မေးတော့ **လောလောဆယ် ပါတီထောင်ဖို့စိတ်ကူး မရှိသေးပါဘူး** ဖြေလိုဖြေ၊ စိတ်ထဲကတော့ လူတွေ NLD – NLD ဖြစ်နေချိန် **ခဏအမြီးကုပ်နေပြီး** တစ်နေ့ ပါတီထောင်မယ်၊ ရွေးကောက်ပွဲဝင်မယ်များရာစုရမယ်လို့ စိတ်ကူးယဉ်၊ ဒီအတွက် ခုကတည်းက စည်းရုံးရေးဆင်းရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ **စင်ပြိုင်စည်းရုံးရေးခရီးတွေ** တိုင်းပြည်အနှံ့ထွက်၊ လူငယ်တွေနဲ့ ဒူးတိုက်ဆွေးနွေးပွဲတွေလုပ်၊ ဘုန်းကြီးတွေ ဝင်ဖူး၊ ဆိုတာတွေ မျက်စိနောက်လောက်အောင် လျှောက်လုပ်နေတာကလား' လို့ ရေးသားထားပါတယ်။

ဒါကတော့ ကိုမင်းကိုနိုင်တို့ ကိုကိုကြီးတို့ ၈၈ မျိုးဆက်ကျောင်းသားတွေကို ရည်ညွှန်းပြောဆိုလိုက်တာဖြစ်ကြောင်း လူတိုင်းသဘောပေါက်ပါတယ်။ ဆရာမောင်သာနိုးရဲ့ စကားအသုံးအနှုန်းတွေ ဘယ်လောက်ရိုင်းစိုင်းတယ်ဆိုတာ နားနဲ့မနာ ဖဝါးနဲ့နာရမလိုပါပဲ။ NLD က လူမှုရေး၊ ပညာရေး၊ ပရဟိတလုပ်ငန်းတွေလုပ်နေရာမှာ ပူးပေါင်းပါဝင်ခြင်း မရှိခဲ့ရင် . . . '**စင်ပြိုင်**လုပ်တာ'၊ '**သီးခြားအလံထောင်တာ**'လို့ ဆရာမောင်သာနိုးက စွပ်စွဲပါတယ်။

NLD က လုပ်နေတဲ့ ဗေဒါ စတဲ့ သင်တန်းတွေမှာ 'အကူအညီပေးပါ၊ ဆရာဝင်လုပ်ပါ'လို့ ဆရာမောင်သာနိုးက အကြံပေးထားပါတယ်။ '**အဲသလိုတော့ မဟုတ်ဘဲ ပဒိုင်းသီးသင်တန်း၊ တလင်းပြင်လူ့ဘောင်ရှင်းပြဆွေးနွေးပွဲဆိုပြီး** ဖွင့်နေရင်တော့ **စင်ပြိုင်ထောင်တာပဲဖြစ်တယ်**'လို့ ဆရာမောင်သာနိုးက ပက်ပက်စက်စက် ပြောထားပါတယ်။ ပဒိုင်းသီးသင်တန်းဆိုတာ အရူးသင်တန်းလို့ ပြောလိုက်တာပါ။ ခေါင်းစဉ်မှာပဲ စင်ပြိုင် **မင်းသားရူးများ** လို့ စော်ကားခဲ့ပြီး ဖြစ်ပါတယ်။ 'တလင်းပြင်လူ့ဘောင်ရှင်းပြဆွေးနွေးပွဲ' ဆိုတာကတော့ ၈၈ မျိုးဆက် ကျောင်းသားများရဲ့ '**ပွင့်လင်းတဲ့လူ့အဖွဲ့အစည်း**' ဖြစ်ပေါ်ရေး လှုပ်ရှားမှုတွေကို ပြက်ရယ်ပြုထားတာပါ။

ပါတီစုံခေတ်မှာ ကိုမင်းကိုနိုင်တို့ ပါတီထောင်မယ်ဆိုရင်လည်း . . 'ပါတီတစ်ရပ် ပေါ်လာဦးတော့မှာပေါ့လေ။ ပေါ်လာစေချင်ပါတယ်။ အဲဒီတော့မှလည်း လူဆိုတာ မိမိကိုယ်ကို ကိုယ်ထင်သလို **မဟာလူ့သားကြီး** ဟုတ်ရဲ့လား၊ ကိုယ့်အစွမ်းအစကိုယ် တွေ့သိကြမှာပဲလေ . . 'လို့ ဆရာမောင်သာနိုးက ခနဲ့ခနဲ့ ဆိုထားပါတယ်။ ၈၈ မျိုးဆက် ကျောင်းသားတွေကို **ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ကာ ရပ်သင့်တာရပ်နိုင်အောင်** သတိပေးနေတာဖြစ်တယ်လို့လည်း အကဲစမ်းထားပါတယ်။

၈၈ မျိုးဆက် ကျောင်းသားတွေဟာ ဘယ်တုန်းကမှ မဟာလူသားကြီးလို့ မကြွေးကြော်ခဲ့ပါဘူး။ ကျွန်တော့်အနေနဲ့ သူတို့နဲ့ ရင်းနှီးခင်မင် နီးစပ်ခြင်းလည်း မရှိပါဘူး။ အခုပြောနေတာ လူအရ မဟုတ်ဘဲ မှုအရ သူတို့ဘက်က





ခုခံကာကွယ်ပြောဆိုနေတာပါ။ သူတို့လောက် စွန့်လွှတ်အနစ်နာခံပြီး လုပ်နိုင်သူတွေ ရှိရဲ့လား။ ဒေါ်အောင်ဆန်းစုကြည် ရှိတယ်လို့ ဖြေရင် ကျွန်တော် သဘောတူပါတယ်။ သူတို့ဟာ တစ်ဦးချင်းအရရော၊ အုပ်စုအဖွဲ့အနေနဲ့ရော ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ရဲ့ပြိုင်ဘက်တွေ မဟုတ်ကြပါဘူး။ လိုက်ပြိုင်နေတာမျိုးလည်း တစ်ခါမှ မတွေ့ရပါဘူး။ NLD နဲ့ အကြီးအကျယ် သဘောထားကွဲတာမျိုးလည်း လုံးဝ မကြားမိပါဘူး။ NLD နဲ့က မျိုးဆက်ကျောင်းသားများရဲ့ အနေအထားဟာ ပြဒါးတစ်လမ်း သံတစ်လမ်းမဟုတ်တဲ့ မြစ်ရေလိုအတူတူ စီးဆင်းနေတာပဲ တွေ့ရပါတယ်။ ရေကို ခုတ်လို့မပြတ်သလိုပဲ NLD နဲ့ ၈၈ မျိုးဆက်ကျောင်းသားများဟာ ဆရာမောင်သာနိုးရဲ့ သပ်လျှိုတဲ့အရေးအသားတွေကြောင့်တော့ ကွဲပြဲသွားလိမ့်မယ်လို့ ကျွန်တော် မယုံကြည်ပါဘူး။

ပြည်သူတွေက ဒေါ်အောင်ဆန်းစုကြည်ကို ချစ်သလို ကိုမင်းကိုနိုင်နဲ့ ကျောင်းသားတွေကိုလည်း လေးစားကြ မြတ်နိုးကြတယ်။ ဘယ်လောက်ထိ ချစ်ခင်အားကိုးကြသလဲဆိုရင် . . တိုင်းပြည်ရဲ့ အညွှန့်အဖူးကလေးတွေအဖြစ် တန်ဖိုးထားပြီး ထောက်ခံအားပေးနေကြတယ်။ အခုဆိုရင် သူတို့မှာ ရင့်ကျက်တဲ့ နိုင်ငံရေးအတွေ့အကြုံတွေ တပွေ့တပိုက်ကြီး ရှိနေပြီ။ အလုပ်သမား လယ်သမား မိဘပြည်သူများရဲ့ အရေးအရာပေါင်းများစွာအတွက် ပါဝင်ဆောင်ရွက်နေပြီ။ သူတို့ကို ဥရောပခေါင်းဆောင်များက လာတွေ့ရသလို အစိုးရအဖွဲ့ထဲက ဦးအောင်ကြည်တို့လို ဝန်ကြီးတွေနဲ့ စကားပြောခဲ့ပြီးပြီ။ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနဲ့လည်း တွေ့ဆုံခဲ့ပြီးပြီ။ **မကြာမီ သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင်နဲ့ တွေ့ဆုံဆွေးနွေးပြီး** ဒီတိုင်းပြည်ရဲ့ပြဿနာတွေကို အဖြေရှာတွေ့လိမ့်မယ်လို့ မျှော်လင့်ရတယ်။

ဆရာမောင်သာနိုးက ဘယ်လိုပင် ပုတ်ခတ်စော်ကားသော်လည်း လူငယ်တွေဘက်က စိတ်ဓာတ်ခွန်အားကြီးကြီးနဲ့ သည်းခံနိုင်ခဲ့တာကိုလည်း လေးစားဖွယ် တွေ့မြင်နေရပါတယ်။ ဒီအချိန်မှာ ကိုမင်းကိုနိုင်ရဲ့ 'နောက်ကြည့်မှန်' ဝတ္ထုကို ဖတ်လိုက်ရတော့ ရှေ့ဆက်လျှောက်မယ့်လမ်းပေါ်မှာ ပြန့်ကြဲနေတဲ့ မှန်ကွဲစများကိုလည်း သတိထား ရှောင်ရှားကျော်လွှားကြဖို့ လိုပေလိမ့်မယ်။

နောက်ကြည့်မှန်ဟာ မင်းကိုနိုင် ၂၆ နှစ်သားအရွယ် ၁၉၈၈ နှစ်ကုန်ပိုင်း စစ်အာဏာသိမ်းပြီးကာလက ရေးခဲ့တဲ့ ဝတ္ထု ဖြစ်တယ်။ သူ ထောင်ထဲမှာ ရှိနေချိန်ကတည်းက ဒီဝတ္ထုဟာ လူငယ်တွေကြား ပျံ့နှံ့ပြီးဖြစ်နေတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com





"ယနေ့မျိုးဆက်သစ်များ ဖတ်မိလျှင်
ရှေးဆန် ငြီးငွေ့ ဖွယ်ဖြစ်နိုင်သလို
ကျွန်တော်တို့ခေတ်ပြိုင်(ရင့်ကျက်မျက်လုံး)များအတွက်လည်း
မဖွယ်မရာ မလောက်လေး မလောက်စား
နိုင်ကောင်းပါလိမ့်မည်"

ထောင်ကလွှတ်လာပြီးတဲ့နောက် ပေါ်ပြူလာနယူးစ်ဂျာနယ်မှာ အခန်းဆက် ဖော်ပြခဲ့တာကို စာပေစိစစ်ရေးကလည်း ခွင့်ပြုခဲ့ပါတယ်။ ခု လုံးချင်းစာအုပ်သစ်အဖြစ် ထုတ်ဝေရာမှ 'ယနေ့မျိုးဆက်သစ်များ ဖတ်မိလျှင် ရှေးဆန် ငြီးငွေ့ဖွယ်ဖြစ်နိုင်သလို ကျွန်တော်တို့ခေတ်ပြိုင်(ရင့်ကျက်မျက်လုံး)များအတွက်လည်း မဖွယ်မရာ မလောက်လေး မလောက်စားနိုင်ကောင်းပါလိမ့်မည်' လို့ ဆရာမင်းကိုနိုင်က အမှာစကား ဆိုထားပါတယ်။

သူ့ကိုယ်သူ နှိမ့်ချပြီး ရေးလိုက်ပုံရပါတယ်။ ဒါပေမဲ့ မလုံမလဲ ဖြစ်နေပုံလည်း တွေ့ရတယ်။ ဆရာသိန်းဖေမြင့်ရဲ့ 'သပိတ်မှောက်ကျောင်းသား'လို ဇာတ်အိမ်ကြီးကြီးနဲ့ သမိုင်းဝင်ဇာတ်ဆောင်တွေနဲ့ ခင်းကျင်းတင်ဆက်ဖို့ အခွင့်မသာခဲ့ဘူးမဟုတ်လား။ ၁၉၈၈ အရေးတော်ပုံကြီးရဲ့ ပုံရိပ်တစ်ခုကို နောက်ကြည့်မှန်ထဲ ဖျပ်ခနဲ မြင်တွေ့နိုင်အောင် ရေးဖွဲ့ထားတာ မဟုတ်ပါလား။ ဒီဝတ္ထုမှာ ကျွန်တော် တွေ့လိုက်ရတာကတော့ **စာပေအနုပညာရဲ့ ရိုးသားတဲ့** အလှတရား ပါပဲ။

ကျောင်းသားလှုပ်ရှားမှုတစ်ခုမှ ထွက်ပြေးတိမ်းရှောင်လာတဲ့ 'ဖေသောင်း' ဆိုတဲ့ လူငယ်လေးနဲ့ တောဘူတာလေးတစ်ခုက ရုံပိုင်ရဲ့သမီး 'ညို'တို့ရဲ့ သံယောဇဉ်ဇာတ်လမ်းတစ်ပုဒ်ကို သိက္ခာရှိရှိ၊ ဣန္ဒြေရရ လှလှပပ ရေးဖွဲ့သွားတာပါ။ ရိုးစင်းတဲ့ဇာတ်လမ်းလေးကို poetic prose လို့ခေါ်တဲ့ ကဗျာဆန်တဲ့ အရေးအသား၊ ရစ်သမ်ပါတဲ့ စကားပြေနဲ့ ဆရာမင်းကိုနိုင်က ခြယ်မှုန်းသွား





တာပါ။ သူပြတဲ့ နိမိတ်ပုံလေးတွေက မြန်မာဆန်တယ်၊ မခမ်းနားဘဲ စွဲငြိဖွယ်ကောင်းနေတယ်။ ဇာတ်လမ်းအဖွင့် ညိုက တောဘူတာလေးရဲ့ ကုက္ကိုပင်ကြီးမှာ 'ရေအိုးစင်' တည်တာနဲ့ ဖွင့်ထားတယ်။ ရေအိုးစင်ဆိုတာ မြန်မာ့ရိုးရာ စစ်စစ် အေးချမ်းတဲ့နိမိတ်ပုံ၊ ဂုဏ်ပကာသနမပါတဲ့ အလှူဒါန၊ ပုဂ္ဂိုလ်စွဲမပါ အားလုံးနဲ့ဆိုင်တဲ့ ဘုံသင်္ကေတ။ ဒီရေအိုးစင်ကလေးဟာ 'သက်မဲ့ဇာတ်ပို့' အဖြစ်ကနေ အသက်ဝင်လာပြီး ဝတ္ထုဆုံးတဲ့အထိ ဇာတ်ကို သယ်သွားနိုင်တယ်လို့ ထင်ပါတယ်။

'ညို့အဖေက မကြာခင် ဘူတာ ပြောင်းရတော့မယ်။ ဒီလိုပဲ ပြောင်းနေရတာပါ။ ကိုဖေသောင်း တစ်နေ့နေ့ ပြန်လာရင် တောဘူတာကလေးတွေမှာ ရေအိုးစင် ရှိသလား ရှာကြည့်ပေါ့။ ညိုရှိတဲ့နေရာမှာ တည်ထားပါ့မယ်'တဲ့။

ညို့ရဲ့အဖေ ရုံပိုင်ကြီးဟာ ဝန်ထမ်းဖြစ်လျက် အရေးတော်ပုံကျောင်းသားကို အားပေးကူညီခဲ့သူ ဖြစ်တယ်။ ဝန်ထမ်းဆိုတာ ဒီနေ့ထိ ဝမ်းရေးငဲ့ပြီး အစိုးရရဲ့မူဝါဒ ဥပဒေ အမိန့်တွေကို ကြောက်ကြောက်နဲ့ လိုက်နာနေရတဲ့ ဘဝမျိုး မဟုတ်လား။ ဖေသောင်းကို လက်ခံစောင့်ရှောက်ထားတာက တောရဘုန်းကြီးကျောင်းကလေး၊ မခင်အေးတို့ ဒေါ်တင်တင်တို့ကတော့ လူထဲကလူ ပြည်သူထဲက ပြည်သူတွေ။

လူတွေအတွက် ပြည်သူတွေအတွက် အလုပ်လုပ်နေတဲ့ တိုက်ပွဲဝင်တော်လှန်ရေးသမားဟာ အရေးကြုံလာ သက်လုံကောင်းရအောင် လူထဲ ပြည်သူထဲမှာပဲ နားခိုရတယ်။ အမိမဲ့သား ရေနည်းငါးဖြစ်ခဲ့ရင် ဒီငါးကလေးတွေ သေပြီပေါ့။ တော်လှန်ရေးသမားဆိုတာ ရေနဲ့ငါးလို ကျင့်ရတယ်။ မိဘပြည်သူဆိုတဲ့ ရေပြင်ထဲမှာသာ ငါးကလေးတွေ ရှင်သန်ကူးခတ်နိုင်တယ်ဆိုတဲ့သဘောကို 'နောက်ကြည့်မှန်'က အသေအချာ ပြောပြထားပါတယ်။

မိမိတို့ရဲ့ နုပျိုတဲ့ဘဝတွေကို စတေးပေးဆပ်ပြီး ဒုက္ခကြီးစွာ ရောက်ရှုံကို ညို့ရဲ့အမေက ကရုဏာဒေါသောနဲ့ 'မျောက်'နဲ့တင်စားပြီး ပြောတာ စာမျက်နှာ ၃၃၊ ၅၅၊ ၅၉၊ ၆၀၊ ၆၁၊ ၁၀၀ တို့မှာ ခြောက်ကြိမ်ခြောက်ခါ လောက် တွေ့ခဲ့ရပါတယ်။ ရယ်စရာလိုလိုနဲ့ သနားစရာကောင်းတဲ့ မျောက်နိမိတ်ပုံဟာ 'နောက်ကြည့်မှန်'ရဲ့ အက်ကွဲကြောင်းလေးတစ်ခုလို ဖြစ်နေပါတယ်။

စာပေအနုပညာနဲ့ နိုင်ငံရေးဆိုတာ ရေအိုးနဲ့ ရေမှုတ်လိုပဲ အုပ်တွဲနေတတ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဥက္ကဋ္ဌကြီး မော် ကဗျာတွေ ရေးခဲ့တယ်၊ ဂျူးလီယက်ဖူးချစ်ရဲ့ ကြိုးစင်ပေါ်က မှတ်တမ်းဟာ အမတကဗျာ၊ ဒီးဒုတ်ဦးဘချို ဦးနု၊ ဗိုလ်ချုပ် အောင်ဆန်း၊ ဦးသိန်းဖေမြင့်တို့ဟာ နိုင်ငံရေးလုပ်ငန်းတွေလုပ်ရင်း စာတွေ ရေးသွားကြတယ်။ သို့မဟုတ် စာရေးရင်း နိုင်ငံရေးလုပ်သွားကြတယ်။ ကိုမင်းကိုနိုင်တို့လည်း မအားမလပ်တဲ့ကြားကပဲ စာကဗျာတွေ ရေးသားသွား စေချင်ပါတယ်။ နောက်ကြည့်မှန်ထဲ ရိုပ်ခနဲမြင်အောင်ပြသလိုမျိုး၊ ကျွန်တော်တို့ ဖြတ်သန်းနေရတဲ့ခေတ်ကြီးကို မြင်သာအောင် ထောင့်ပေါင်းစုံက မှန်ထောင်ပြ သလိုမျိုးလည်း ရေးဖွဲ့ခဲ့စေချင်ပါတယ်။ ကျွန်တော့်မှာ ဆရာမင်းကိုနိုင်ရဲ့ နောက်ကြည့်မှန်ထဲက ရေအိုးစင်ကလေးကို လွမ်းမောသွားပြီး ရှိးရာသံချပ် တေးတဘောင် တစ်ပုဒ်ကို ရုတ်တရက် သတိရလိုက်မိပါတယ်။


'ဘုန်းတော်ကြီးလို့ သက်တော်ရှည်၊ တို့တတွေမှာ ရေချမ်းအိုးကြီး'

ပြည်သူလူထုကြီးကို ရေချမ်းအိုးလို အေးမြအောင် စွမ်းဆောင်နေကြတဲ့ ကျောင်းသားလူငယ်တွေ ဘုန်းကြီးလို့ သက်ရှည်ကြပါစေ။ ။

[၁-၈-၂၀၀၂ ထုတ် နံနက်ခင်းဂျာနယ်]

■





# တိုင်းပေါ်အလံစိုက်ချင်

## အဝေးမြင် ရှိဟင်ဂျာအရေး

www.burmeseclassic.com

www.burmeseclassic.com



၂၀ ဇူလိုင် ၂၀၁၂ သောကြာညမှာ ပြည်ပအသံလွှင့်ဌာနတစ်ခုရဲ့ ထုတ်လွှင့်ချက်သတင်းတစ်ပုဒ်မှာ လူ့အခွင့်အရေးကော်မရှင်က 'ရိုဟင်ဂျာတွေကို လူ့သားချင်းကိုယ်ချင်းစာဖို့' တောင်းဆိုသွားပါတယ်။ နိုင်ငံတကာမှာ လူ့အခွင့်အရေးဆိုတဲ့ ကြွေးကြော်သံတွေ မပေါ်မီ ရှေးပဝေသဏီကတည်းက ကျွန်တော်တို့မှာ ကိုယ်ချင်းစာတရား လက်ကိုင်ထားခဲ့ပြီး ဖြစ်ပါတယ်။ အမိမြေဖွား ကိုယ့်တိုင်းရင်းသားများနဲ့ မခြား နေထိုင်လုပ်ကိုင်စားသောက်ခွင့်တွေ ပေးခဲ့ပြီး ဖြစ်ပါတယ်။ မိုးခိုခွင့်တောင်းတဲ့ ကုလားအုတ်ပုံပြင်လိုပဲ မျက်နှာသာပေးရှေးရေးပန်းကန့်တက်ဖြစ်လာကာ ခေါင်းဝင်ကိုယ်ဆန့်သဘောနဲ့ သွေးတိုးစမ်းရာက နောက်ဆုံးမှာ ကုလားအုတ်က တဲပိုင်ရှင် အာရပ်ကို ကန်ထုတ်ပစ်လိုက်တယ်ဆိုတဲ့ အာရပ်ရိုးရာပုံပြင်လေးတစ်ပုဒ်ကို သတိရနေမိပါတယ်။

ရိုဟင်ဂျာပြဿနာ ဖြစ်ပေါ်လာတဲ့အခါ သက်ဆိုင်ရာခေါင်းဆောင်များက ရှင်းရှင်းလင်းလင်း ချက်ချင်းတုံ့ပြန်ပြောကြားခြင်း မရှိတဲ့အတွက် နိုင်ငံသားများအနေနဲ့ အားမလို အားမရ ဖြစ်ခဲ့ကြပါတယ်။ အထူးသဖြင့် ဒီမိုကရေစီခေါင်းဆောင်အဖြစ် မျှော်လင့်ချက်တွေ ယုံကြည်အားကိုးခြင်းတွေ ပုံအပ်ခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဆီက ရှင်းလင်းပြတ်သားတဲ့ အဖြေတစ်ခု ပေါ်ထွက်လာခြင်း မရှိခဲ့ပါဘူး။ ပြည်တွင်းမှာရော ပြည်ပ(ဥရောပခရီးစဉ်)မှာပါ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တာက 'တရားဥပဒေစိုးမိုးရေး' ဓာတ်ပြားဟောင်းကြီး ဖွင့်ပြခဲ့ခြင်းသာပါ။ ဒါဟာ အင်မတန် ယေဘုယျကျပြီး ဗလုံဗထွေးနိုင်တဲ့ အဖြေစကားမျိုး ဖြစ်ပါတယ်။ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ ကာနေသလိုမျိုး။

ရိုဟင်ဂျာအရေး တအုံနွေးနွေးဖြစ်နေချိန် တောင်မေးမြောက်မေး အမေးခံနေရချိန်မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ရိုဟင်ဂျာဆိုတာ တိုင်းရင်းသားမဟုတ်ကြောင်း၊ ခိုးဝင်လာသော ရိုဟင်ဂျာများကို လက်မခံနိုင်ကြောင်း





၁၁ ဇူလိုင် ၂၀၁၂ မှာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား အဖြေပေးပြောကြားလိုက်ပြီ ဖြစ်ပါတယ်။ ကမ္ဘာသိအောင် အဖြေပေးလိုက်တဲ့ သမ္မတကြီးရဲ့ ရှင်းလင်းချက်ကို ပြည်ထောင်စုသား နိုင်ငံသားပြည်သူလူထုကြီးက ကောင်းချီးသြဘာ ပေးခဲ့ကြပါတယ်။ ခေါင်းဆောင်ဆိုတာ ဝေ့လည်ကြောင်ပတ်လုပ်နေရင် 'ခေါင်းရှောင်' ဖြစ်သွားတော့မှာပေါ့။ အရေးအကြောင်းကြုံလာပြီဆိုရင် အမှန်တရားဘက်က ပြည်သူ့ဘက်က မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးရပါမယ်။

ရိုဟင်ဂျာဆိုတာ တိုင်းရင်းသား မဟုတ်လို့ လက်မခံနိုင်ကြောင်း ပြောကြားလိုက်တဲ့ သမ္မတကြီးရဲ့ မှတ်ချက်သဘောထားကို အစိုးရနဲ့ ဆန့်ကျင်ဘက်အမြင်ရှိသူများကပင် ထောက်ခံကြိုဆိုခဲ့ကြပါတယ်။ ရိုဟင်ဂျာပြဿနာဆိုတာ ရပ်ကွက်ထဲက ဆဲဆိုရိုက်နှက်ကြတဲ့ ရန်ပွဲသာသာ ပြဿနာမဟုတ်ဘူးဆိုတာ နိုင်ငံသားတိုင်း သိကြပါတယ်။ ဒါဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ လွတ်လပ်ရေးကို ခြိမ်းခြောက်တာ၊ ပြည်ထောင်စု ပြိုကွဲအောင် လုပ်နေတာ၊ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာတာပဲ ဖြစ်ပါတယ်။ ရိုဟင်ဂျာအရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဆီက သမိုင်းပညာရှင်တွေက စေ့စပ်သေချာတိကျစွာ သုတေသန ပြုထားပြီးဖြစ်ပါတယ်။ ဒီဆောင်းပါးငယ်မှာ အကျယ်ကို မဖော်ပြသာပါ။ အနီးစပ်ဆုံးကို ညွှန်းရရင် ရခိုင်တိုင်းမင်းကြီး လုပ်ခဲ့တဲ့ စာရေးဆရာကြီးမောင်ထင်ရဲ့ 'ရခိုင်ပြည်နယ်အစီရင်ခံစာ' (၁၉၆၀ ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်း)မှာ ဖတ်ကြည့်ပါ။ ရခိုင်အမျိုးသားများကိုယ်တိုင် ရေးတဲ့ သမိုင်းအထောက်အထားတွေကို ပိုပြီးတော့ အားကိုးရှုမြင်ရမှာ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကိုလိုနီသမိုင်းဆရာကြီး ပါမောက္ခ လုစ်က ရိုဟင်ဂျာတွေ ရခိုင်ဒေသမှာ ရှေးမဆွကပင် ရှိခဲ့လေဟန် ရမ်းတုတ်ပြီး ရေးခဲ့တာကို မြန်မာသမိုင်းဆရာကြီး ပါမောက္ခ ဒေါက်တာသန်းထွန်းက ထောက်ခံရေးသားခဲ့တဲ့ ဆောင်းပါးတစ်ပုဒ် ၁၉၉၄ ခု ဩဂုတ်လထုတ် ကလျာမဂ္ဂဇင်းမှာ ဖော်ပြခဲ့ဖူးပါတယ်။ ဘယ်ပြောကောင်းမလဲ။ ရခိုင်အမျိုးသားတွေက တုံ့ပြန်ဝေဖန် ရေးသားခဲ့ကြပါရောလား။ 'လေ့လာသူတစ်ဦး'က ၁၉၉၅ ဇူလိုင်လထုတ် 'ရုပ်ရှင်တေးကဗျာ'မဂ္ဂဇင်းကနေ အကိုးအကားတွေ တစ်လှေကြီးနဲ့ ဒေါက်တာသန်းထွန်းရဲ့အမှားကို ချေဖျက်ရေးသားခဲ့ပါတယ်။ မောင်ရခိုင်က **'ကိုလိုနီဝါဒဆိုးမွေ'**ခေါင်းစဉ်နဲ့ ၁၉၉၅ မတ်လထုတ် ကလျာမဂ္ဂဇင်း

www.burmeseclassic.com



မှာ ဒေါက်တာသန်းထွန်းရဲ့ အမှားတွေကို ဝေဖန်ချေဖျက်ခဲ့ပါတယ်။ 'မောင်တောသား'ကလည်း 'ရခိုင်သဟာယမဂ္ဂဇင်း'ကနေ 'အနောက်တံခါးမှ ဝင်ရောက်လာသူများအပေါ် သမိုင်း'ဆိုတဲ့ ဆောင်းပါးနဲ့ ဒေါက်တာသန်းထွန်းကို ပညာပေးခဲ့ပါတယ်။

ရခိုင်အမျိုးသားများက ပညာရှင်ဆန်ဆန် ကျမ်းဂန်အကိုးအကား အခိုင်အမာ တိကျစွာ တုံ့ပြန်ဝေဖန်ကြလေရာ ဒေါက်တာသန်းထွန်းဘက်က 'အမှားပြင်ဆင်ချက်' ထည့်ပေးပြီး ဝန်ခံရတဲ့အဖြစ်အထိ ဖြစ်ခဲ့ပါတယ်။ 'ရခိုင်အမျိုးသားများ၏ တင်ပြချက်အရ (ရိုဟင်ဂျာမဖြစ်နိုင်)ဟူသော ကောက်ချက်ဖြင့် ပြင်ဆင်ဖတ်ရှုကြရန်' (ဒေါက်တာသန်းထွန်းနှင့် ကလျာစာတည်းအဖွဲ့)ဆိုပြီး ပြင်ဆင်ချက် ထည့်ပေးခဲ့ရပါတယ်။ အမှားပြင် ဝန်ခံရဲတဲ့ ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ သတ္တိကို ချီးကျူးရမှာပါ။

ကျွန်တော်တို့ဟာ ရခိုင်သမိုင်းကို ရခိုင်တွေထက် ပိုပြီး မသိနိုင်တာ လုံးဝသေချာပါတယ်။ ရခိုင် ရိုဟင်ဂျာအရေးနဲ့ပတ်သက်ပြီး ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီရဲ့ အထွေထွေအတွင်းရေးမှူး ဦးဦးလှစောနဲ့ The Messenger ဂျာနယ် တွေ့ဆုံခြင်းမှာ ဖော်ပြထားတာတွေကို အလေးဂရုပြုသင့်လှပါတယ်။

(၁၈ ဇွန် ၂၀၁၂ ထုတ် ၎င်းဂျာနယ်၌)

'ဒီ ရိုဟင်ဂျာဆိုတဲ့ လူတွေရဲ့အကြောင်းကို အသိဆုံးဟာ ကျွန်တော်တို့ ရခိုင်တွေပဲ။ ကျွန်တော်တို့ မသိဘဲ ဆုံးဖြတ်မယ်ဆိုရင် အမှားတွေ အများကြီး ဖြစ်သွားနိုင်တယ်။ အဲဒီတော့ ပြဿနာကို မျှတတဲ့ ဖြေရှင်းနည်းဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာ ရခိုင်သမိုင်းဆရာတွေရဲ့ အခန်းကဏ္ဍဟာလည်း အင်မတန်အရေးကြီးတယ်။ ရခိုင်အကြောင်းကို အမေရိကန်လည်း မသိဘူး၊ အီးယူလည်း နားမလည်ဘူး။ ခုလောလောဆယ် အဖြေထွက်နေတဲ့ Fair Solution ဆိုတာကတော့ ကျွန်တော်တို့ရဲ့ သမိုင်းအချက်အလက်တွေ နံပါတ်(၁) ရိုဟင်ဂျာဆိုတာ တိုင်းရင်းသား မဟုတ်ဘူး။ ဒါကို အကုန်လုံး လက်ခံလိုက်ပြီ။'

ရခိုင်အရေးအခင်း ဖြစ်နေစဉ် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် ဗီဂျေး နမ်ဘီးယား ရောက်လာပါတယ်။ ရိုဟင်ဂျာတွေဆီ သွားခဲ့ပြီး ရခိုင်တွေဆီ မရောက်ခဲ့ပါဘူး။ ဒါနဲ့ ပတ်သက်ပြီး ဦးဦးလှစော





ပြောထားတဲ့ တုံ့ပြန်ချက်အပေါ် အလေးအနက်ထားသင့်ပါတယ်။

'နမ်ဘီးယား လာတယ်လို့ ကြားတယ်။ ကျွန်တော်တို့မှာ ရခိုင်ကိုယ်စားပြု ဝန်ကြီးသုံးပါး ရှိတယ်။ လွှတ်တော်အမတ်တွေ ရှိတယ်။ ပါတီလည်း ရှိတယ်။ မြို့ပေါ်မှာလည်း ဒီရခိုင်ပြည်နယ်ကို ကိုယ်စားပြုနိုင်တဲ့ လူကြီးလူကောင်းတွေ ရှိတယ်၊ အဲဒီလူတွေနဲ့ တွေ့သင့်တယ်။ ဒီရခိုင်ကိုလာပြီး ဒီလူတွေနဲ့ မတွေ့ဘူးဆိုတော့ ယူအင်န်ရဲ့ ရပ်တည်ချက်အတွက် တော်တော်လေးကို ကျွန်တော်တို့ စိတ်မကောင်းဖြစ်မိပါတယ်၊ ယူအင်န်ဆိုတာ ဘယ်လိုဟာလဲလို့ မေးခွန်းထုတ်ရမလိုတောင် ဖြစ်နေတယ်။ သတင်းစာရှင်းလင်းပွဲလည်း မလုပ်ခဲ့ဘူး။ တော်တော်ဆိုးဝါးပါတယ်၊ အဲဒီတော့ နမ်ဘီးယားဆိုတာ ဘယ်လိုလဲ၊ ဘက်လိုက်နေပြီလား။ . . . အဆင့်မြင့် သံတမန်အရာရှိတစ်ယောက်က သတင်းစာရှင်းလင်းပွဲ မလုပ်ရဲစရာအကြောင်းမရှိဘူး။ တစ်ကမ္ဘာလုံးက ဒီမိုကရေစီအဖွဲ့အစည်း၊ ဒီမိုကရက်တစ်အဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့ ယူအင်န်လို အဖွဲ့အစည်းတစ်ရပ်က ရခိုင်ပြည်နယ်က အမတ်တွေနဲ့ တွေ့မသွားတာဟာ ကြီးကြီးမားမား အမှားတစ်ခုကို ကျူးလွန်တာပဲ ။ သံတမန်ရေးရာ အမှား တစ်ခုကို ကျူးလွန်လိုက်တာပါပဲ'

(၁၈–၆–၂၀၁၂ ထုတ် The Messenger ဂျာနယ်မှ)

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးဟာ နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ဆုံအပြီး နောက်တစ်နေ့ ၁၂ ဇူလိုင် ၂၀၁၂ မှာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပါတယ်။ ၎င်းက ရခိုင်အရေးနဲ့ ဆက်စပ်ပြီး UNHCR ဝန်ထမ်းများ အပါအဝင် UN အဖွဲ့အစည်းများမှ ဝန်ထမ်းစုစုပေါင်း ၁၀ ဦး ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း ပြောပါတယ်။ ဥပဒေမလိုက်နာတဲ့ ဝန်ထမ်းတွေ ဥပဒေနဲ့ ပြစ်ဒဏ်ပေးခံရမှာပဲလို့ ၎င်းက ပြောကြားသွားကြောင်း သိရပါတယ်။

UNHCR ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်မြနန္ဒအောင်နဲ့ သူ့အဖေ UNHCR ဝန်ထမ်းဟောင်း ဒေါက်တာထွန်းအောင်တို့ကို အကြမ်းဖက်မှုနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းများနဲ့အတူ ထိန်းသိမ်းခဲ့ကြောင်း July 16-22, 2012 ထုတ် The Voice အပတ်စဉ်ဂျာနယ်မှာ ဖတ်လိုက်ရပါတယ်။

သူတို့က NGO နဲ့ လူ့အခွင့်အရေးမျက်နှာဖုံးစွပ်ပြီး ကျွန်တော်တို့ပြည်တွင်းရေးကို ဝင်ရှုပ်နေကြတာပါ။ ကျွန်တော်တို့ကို ကိုယ်ချင်းစာပါပြောတဲ့ လူ့အခွင့်အရေး ကြွေးကြော်နေတဲ့ အဖွဲ့တွေ၊ နိုင်ငံတွေက ရိုဟင်ဂျာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပင့်ဖိတ်လက်ခံထားကြည့်စေချင်ပါတယ်။ သူတို့ ဘာသာတူတဲ့ နိုင်ငံတွေက တောင် လက်မခံဘူးဆိုတာ သတင်းတွေမှာ အစဉ်အမြဲ ကြားနေရပါတယ်။ သူတို့တောင် လက်မခံတဲ ကျွန်တော်တို့ကို ကိုယ်ချင်းစာနိုင်းနေတာ ဘာ သဘောလဲ။ လူ့အခွင့်အရေး ဘမ်းပြပြီး ကျွန်တော်တို့လူမျိုးကို ဝါးမျိုဖို့လား၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာ အာဏာကို ထိပါးချင်လို့လား။ နိုင်ငံတော် သမ္မတကြီးကတော့ အပြတ်ပြောလိုက်ပြီ ဖြစ်ပါတယ်။ ရိုဟင်ဂျာကို လက်မခံ။

'ခိုးဝင်လာသည့် ရိုဟင်ဂျာများကို UNHCR သို့ အပ်နှံပြီး ဒုက္ခသည်စခန်း အဖြစ် ထားရှိရန်ဖြစ်ကြောင်း၊ UNHCR က ကျွေးမွေးစောင့်ရှောက်ပေးရန်ဖြစ် ကြောင်း၊ တတိယနိုင်ငံက လက်ခံမည်ဆိုလျှင်လည်း ပို့ပေးမည်ဖြစ်ကြောင်း ။'

(၁၅-၇-၂၀၁၂ ထုတ် စောင့်ကြည့်သတင်းဂျာနယ်မှ)

ဒီထက်ပိုပြီး ကိုယ်ချင်းစာနိုင်စရာ မရှိတော့ပါ။ ကျွန်တော်တို့ဘက်က အလွန်သဘောကောင်းနေပါတယ်။ သူတို့ဘက်ကလည်း အခွင့်အရေးယူပြီး လူ့အခွင့်အရေးဆိုတာကို ခုတုံးလုပ်ပြီး နယ်မြေလုမယ့်စီမံကိန်းကြီးကို လက် လျှော့မှာ မဟုတ်ပါ။ ဒီပြဿနာဟာ ယခင်ကလည်း ပေါ်ပြီးသား၊ ဒီနေ့ ကြုံတွေ့နေရတဲ့ အခြေအနေထက်ပိုပြီး ခါးသီးနာကျည်းစရာ အစဉ်အလာ သမိုင်းနေ့စွဲတွေ မပျောက်ကွယ်သေးပါဘူး။ နောင်လည်း ဖြစ်ပေါ်လာနိုင် သေးတဲ့ ဒီပြဿနာကို အမျိုးသားရေး သတိကြီးကြီးထားပြီး ဖိဖိစီးစီး ကိုင် တွယ်သွားဖို့ လိုပါတယ်။

ကျွန်တော်တို့မှာ ကိုယ့်တိုင်းပြည်ကိုယ် ကာကွယ်ဖို့ရာ ပြောဆိုရေးသား သုံးနှုန်းတဲ့ စကားလုံးလေး တစ်လုံးတစ်လေကစပြီး ပြဿနာမဖြစ်အောင် ဂရုစိုက်နေရပါတယ်။ တိုင်းပြည်လွတ်လပ်ရေးထက် ဘာက ပိုပြီး အရေးကြီး နေလို့လဲ။ အဖက်ဖက်က အင်အားကြီးမားလှပါတယ်ဆိုတဲ့ အင်္ဂလိပ်၊ ဂျပန် နယ်ချဲ့ဖက်ဆစ်တွေကိုတောင် မောင်းထုတ်နိုင်ခဲ့တာပဲ။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကိုယ့်ပြည်ထောင်စုရဲ့ အစဉ်အလာကောင်းခဲ့တဲ့ သမိုင်းကြောင်း အတိုင်း ဆက်လက်ချီတက်ကြရပါလိမ့်မယ်။

[၂၇-၇-၂၀၁၂ သောကြာနေ့ထုတ် မန္တလေးအလင်း သတင်းစာ]

■





# ဆရာသာဂနီး ခေါင်းပုံဖြတ်ခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးများ ဝန်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရဲ့ 'နဘယ်မဂ္ဂဇင်း' ဖောင်ပိတ်ကာနီးပြီးဆိုရင် ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာသာဂဒိုးကို သတိရနေတတ်ပါတယ်။ ဆရာသာဂဒိုးရဲ့ ဘာသာရေး(သို့မဟုတ်) တိုင်းရင်းဆေးပညာဆိုင်ရာဆောင်းပါးတစ်ပုဒ်ကို စောင့်မျှော်ကာနေရင်းက မဂ္ဂဇင်းဖောင်ပိတ်ရတတ်ပါတယ်။ ဆရာ့ဆီဖုန်းလှမ်းဆက်တမ္မပြီးနေပြီဆိုရင် ကျွန်တော်ကိုယ်တိုင်စာယူသွားယူလေ့ရှိပါတယ်။ စာယူတောင်းရင်း ဆရာနဲ့စကားဖောင်ဖွဲ့ရတာလည်း အင်မတန် ဗဟုသုတရတာကလား။ စာပေလောကရဲ့ရှေးဟောင်းနှောင်းဖြစ်၊ ခေတ်စနစ်တွေ ဘယ်လိုဖြတ်သန်းခဲ့ပုံပြီးတော့ ဝိဇ္ဇာလောက၊ ဂမ္ဘီရအကြောင်းအရာများစုံနေအောင် ကြားနာမှတ်သားခဲ့ရလေ့ရှိပါတယ်။ အထူးသဖြင့်တော့ စူလာနဖာနဲ့ ပိစပ်ရွက်များဖြင့် ဆေးကုပေးရာ ရောဂါဆန်းတွေ ပျောက်ကင်းပုံကို ဆရာက ဂုဏ်ယူတကြီးပြောနေလေ့ရှိခဲ့ပါတယ်။

တစ်ရက်မှာ စာအုပ်စင်ရှင်းရင်း ရှုမဝမဂ္ဂဇင်းအဟောင်းတစ်အုပ် ထွက်လာပါတယ်။ ၁၉၅၅ ခုနှစ်က ထုတ်ခဲ့တဲ့ ရှုမဝ လတစ်ရာပြည့် အထူးထုတ်ဖြစ်ပါတယ်။ အထူးထုတ်ပီပီသသပါပဲ၊ စာကောင်းတွေ တဝကြီးဖတ်လိုက်ရ





တော့ ရှုမဝခေတ်ကို ပြန်လွမ်းနေပါသေးတော့။

ဒဂုန်တာရာ၊ မောင်သာရ၊ ဂျာနယ်ကျော်မမလေး၊ ကြည်အေး၊ သိန်းဖေမြင့်၊ အောင်မြင်၊ သော်တာဆွေ၊ အောင်လင်း၊ မင်းရှင်၊ သုခ၊ သာဓု၊ မြသန်း(တင့်)၊ ကြယ်နီစသည်ဖြင့် ထိတ်ထိတ်ကြဲ စာရေးဆရာကြီးများရဲ့ စာပေလက်ရာတွေကြားမှာ ဆရာသာဂဒိုးရဲ့ ထူးခြားတဲ့ ဟာသဝတ္ထုတစ်ပုဒ်ကို ဖတ်ခဲ့ရပါတယ်။ အဲဒီတုန်းက သာဂဒိုးကို ဂငယ်နဲ့မရေး၊ သာကဒိုးလို့ ကကြီးနဲ့ရေးထားတာလည်း အဆန်းဖြစ်နေပါတယ်။

ဝတ္ထုအမည်က '**သူတို့အား ခေါင်းပုံဖြတ်စားခဲ့တုန်းက**' တဲ့။

ရှုမဝဦးကျော်က အထူးထုတ်မှာ ထူးထူးခြားခြားလေးရေးခဲ့ပါလို့ မှာလိုက်တာကြောင့် ဒီဝတ္ထုကိုရေးတယ်လို့ ဆိုပါတယ်။ ဆရာသာကဒိုး ခေါင်းပုံဖြတ်ခဲ့သူတွေကိုလည်း ကြည့်ပါဦး။

**ဗိုလ်ချုပ်အောင်ဆန်း၊ ဂျွန်ဦးစော၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဦးနု၊ ဗိုလ်မှူးအောင်၊ ဦးကျော်ငြိမ်း၊ သခင်တင်၊ ဗိုလ်စိန်မှန်၊ ဆမားဒူးဝါးဆင်ဝါးနော်၊ ဗိုလ်ခင်မောင်လေး၊ ဦးဘဆွေ** စတဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးများဖြစ်ပါတယ်။ ဆရာသာကဒိုး (ယခင်သတ်ပုံအတိုင်း)ဟာ သူ့ကိုယ်သူ ဆံပင်ညှပ်သူ ဆံသဆရာနေရာက ထားပြီး **ဝန်ကြီးတွေကို ခေါင်းပုံဖြတ်စားခဲ့တယ်** လို့ ခပ်ရွှင်ရွှင်ရေးသွားပါတယ်။

'ဝန်ကြီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးများအား ခေါင်းပုံဖြတ်၍ စားခြင်းသည် အဘယ်မှာ လွယ်ပါချိမ့်မည်နည်း။ ဝန်ကြီးတွေကလည်း တော်ရုံဝန်ရဲ့ 'လည်'ရုံနဲ့ ဝန်ကြီးဘယ်ဖြစ်လာမလဲဟ။ သို့သော် အဲသလိုနိုင်ငံရေးမှာ 'လည်'လို့ လူမှုရေးမှာ 'လည်'လို့ လူတွေထဲမှာ 'လည်'လို့ ဝန်ကြီးဖြစ်လာကြသော နိုင်ငံတော်ဝန်ကြီးများအား နိုင်ငံတော်သာကဒိုးက ရက်ရက်စက်စက် ခေါင်းပုံဖြတ်စားခဲ့ဖူးပါသည်။'

'အမယ် ... တိုင်းပြည်အုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်များရဲ့ခေါင်းကို ပယ်ယယ်နယ်နယ် ကိုင်,ကိုင်ကြည့်ရတာလည်း အင်း အရသာတစ်မျိုးကြီးပဲခင်ဗျ။ ပြီးတော့ ဆံပင်လေးတွေ ဆွဲဆွဲကြည့် ပြီးတော့ ... ဩော် ... ဒီခေါင်းဟာ ငါ့တိုင်းပြည်ကြီးကို အုပ်ချုပ်စီမံနေတဲ့ ခေါင်းပါလားလို့ ကိုင်ရင်းတွေးရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ အရသာတစ်မျိုးပဲဆရာ။'

ဆရာသာကဒိုးက ခေါင်းဆောင်ကြီးများ၊ ဝန်ကြီးများရဲ့ခေါင်းကို သရုပ်ဖော်ရင်း သူတို့ရဲ့ စရိုက်တွေကိုပါ တို့ထိရေးဖွဲ့သွားခဲ့ပါတယ်။

**ဗိုလ်ချုပ်အောင်ဆန်း**

ဗိုလ်ချုပ်အတွက် ဆံပင်ညှပ်ရန် နေရာအသင့်လုပ်ပြီးလျှင် ဗိုလ်ချုပ်သည် ဆောင့်ကနဲ လာထိုင်လိုက်တတ်ပြီး 'ဟေ့ . . . ဟေ့၊ တို့ရင်ပြီးရော၊ ကတုံးရိတ်ကွာ၊ လုပ်ချင်သလိုသာလုပ်လိုက်စမ်းကွာ' ဟု ဘုတုတု ပြောတတ်သေး၏။ သို့ကလို ဆောင့်ထိုင် ဘုတောပြီး ဆံပင် ညှပ်ရန် အလိုက်သင့် ခေါင်းကိုလည်း ယွှာမပေးဘဲ နေချင်သလို ပေစောင်းစောင်းကြီး နေပစ်လိုက်တော့သည်။ သူ့ခေါင်းက ပုံဆိုးကြီးမို့ ညှပ်ရခက်၊ တကယ့်ကလေးဆိုး ခပ်ဆိုးဆိုးညှပ်ရတာနဲ့ တယ်တူလေသည်။ ပြီးတော့ ဗိုလ်ချုပ်ကြည့်ရသည်မှာ သူ့ခေါင်းက ဆံပင်များ ခဏခဏရှည်ထွက်လာတာကိုပဲ ဒေါသထွက်နေပုံပါပဲဗျာ။

**ဂျွန်ဦးစော**

ဦးစောသည် ဆံပင်ကို ရှည်ရှည်ချန်၍ ညှပ်လျှင်သိပ်မကြိုက်ချေ။ ပြန်ပြင်ပေးရတတ်လေသည်။ ပုံမကြိုက်ဘူး၊ ကြိုက်တယ်နဲ့ ဂျီးနည်းနည်းများတတ်လေသည်။ ဦးစော၏ခေါင်းသည် သာမန်လူတို့ထက်ကြီးမားပြီး ဆံပင်ညှပ်၍ ခက်ပုံကား ဦးရေပြားမှာ ထူပျော့ပျော့ကြီး ဖြစ်နေသည့်အတွက်ပင်ဖြစ်လေသည်။

ဦးစောဟာ သူ့ခေါင်းကို တမင်စမ်းမှန်းသိရင် ဒေါသတကြီးနဲ့ နှရင်းထအုပ်မှာလည်း ကြောက်နေရသေးသတဲ့။

**ဦးနု**

ဝန်ကြီးချုပ် ဦးနု၏ခေါင်းသည်ကား ဆိုလျှင် သူလည်းခေါင်းတစ်မျိုးဆိုတဲ့ အထဲက ဖြစ်လေသည်။ ခေါင်းဆောင်ဖြစ်ချင်တဲ့သူသည် ခေါင်းပုံတွေကိုက ဆိုးလာတတ်သလားပဲမပြောတတ်ချေ။ ဦးနု၏ခေါင်းပုံစံသည် အောက်ကားအထက်ရှူး ခေါင်းပုံစားထဲက ဖြစ်လေသည်။ ထို့ကြောင့် ဦးနုသည် စိတ်သဘောထားကောင်း၏။

**ဦးကျော်ငြိမ်း**





ဦးကျော်ငြိမ်းသည် ဝန်ကြီးချုပ်ကဲ့သို့ပင် ဆံပင်ကို အိမ်ခေါ်၍ ညှပ်တတ်သည်။ ဆံပင်ညှပ်တိုင်းလိုပင် ဦးကျော်ငြိမ်းသည် တစ်နေရာသို့ ငိုင်ကာ စိုက်နေတတ်ပြီး ဆံပင်ညှပ်သည်ကို မေ့မျောနေသလား အောက်မေ့ရလေသည်။ တစ်ခါတစ်ရံတွင် အလန့်တကြား ခေါင်းထူပြီး ဟင် . . . ဟင် . . . ဘယ်သူခေါ်လဲဟင်၊ ဘာပြောလဲဟင်' ဟု မေးပြီး မခေါ်ဘဲ ထ,ထ ထူးတတ်လေသည်။

**ဦးဘဆွေ**

ဝန်ကြီးဦးဘဆွေသည် တစ်ခါတစ်ခါတွင် ဆံပင်ရှည်ပြီး ရွှေဘတို့ တင်ညွန့်တို့နှင့် အတော်တူနေမှပင် ဆိုင်ကို ပေါက်လာတတ်လေသည်။ ဦးဘဆွေသည် ဆံပင်ညှပ်သည်ကို စိတ်ရှုပ်ပုံနှင့် မှုံတေတေထိုင်ငိုင်နေတတ်၏။ ဦးဘဆွေသည် သူ့ခေါင်း သူ့ဂိုက်နဲ့ လိုက်အောင် ဖာတ်လိုက်ပုံညှပ်ပေးလိုက်သော်လည်း ဂျီးများလေ့သိပ်မရှိချေ။ နောက်ပြီး ဘယ်သူနဲ့မှ ညှပ်မယ်ဆိုပြီးလည်း လူမရွေးချေ။ အင်း . . . နောက်ပြီး ဘောက်ဆူးလေးဘာလေးလည်း ပေးဖော်တောင်မရချေ။ (ရှော်သောဝန်ကြီး)

**ဗိုလ်မှူးအောင်**

သူက ဆံပင်ညှပ်သမားနှင့် အလွှာပသလ္လာပစကားတပြောပြောနှင့် ဆံပင်ညှပ်ခံချင်သူ ဖြစ်လေသည်။ တစ်ခါတစ်လေ ဗိုလ်မှူးအောင်က သူမေးချင်တာတွေ လျှောက်မေးနေတတ်၏။ တစ်ခါတစ်လေတော့လည်း သူကိုယ်တိုင်ကပင် ဝန်ကြီးတွေ အကြောင်းတွေ၊ ဘာတွေကို ရယ်ရယ်မောမော လျှောက်ဖော်နေတတ်လေသည်။ (အဲ . . . ဟဲ . . . ဗိုလ်မှူးအောင် ပြောလို့ ကျုပ်တို့လည်း ဝန်ကြီးတွေအကြောင်းတွေ အတော်သိနေတာပေါ့ဗျာ)

**ဗိုလ်ချုပ်ကြီးနေဝင်း**

ဗိုလ်ချုပ်သည် လူစိတ်သဘောကောင်းသလောက် သူ့ဆံပင်က တယ်ခွေဆိုးလှလေသည်။ ဗိုလ်ချုပ်နေဝင်း၏ဆံပင်သည် ညှပ်ရခက်သော ဆံကျစ်ဆံကျပ်စားထဲက ဖြစ်လေသည်။ သူကြိုက်သော ဆံပင်ပုံကား ဘေးကားပုံ

**ဗိုလ်ခင်မောင်လေး**

ဝန်ကြီးဗိုလ်ခင်မောင်လေးက ဘောက်ဆူးလည်း မပေးချင်ဘူး၊ မုတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



လည်း အလကားရိတ်ခိုင်းချင်သေး၊ အနှိပ်လည်းခံလိုက်ချင်သေးဗျ။ သိလား။ ခေါင်းလျှော်ရင် အမွှေးရည်(ဆံမွှေးရည်)လဲ များများထည့်စေချင်သေးဗျ။ အတော် အမွှေးကြိုက်တဲ့ ဝန်ကြီးပဲ။

**ဦးရာရှစ်**

ဦးရာရှစ်သည် ဆံပင်ထူပျစ်ပျစ်ရှိပြီး အပေါ်ဆံတိုတို၊ ဘေးခပ်ပါးနှင့် ပုံနှိပ်ကိုကြိုက်တတ်သည်။ ဦးရာရှစ်သည် ဝန်ကြီးမဖြစ်မီက ညှပ်မည့်လူကို ရွေးတတ်သည်။ စကားလည်း တယ်မပြော၊ ဝန်ကြီးဖြစ်ပြီးနောက် လူလည်း ရွေးမညှပ်တော့၊ စကားစမြည်လည်း ဖော်ဖော်ရွေရွေပြောဖော်ရလာသည်။ အရေးကြီးဆုံးက ဘောက်ဆူးလေး ပေးတတ်လာခြင်းပင်တည်း။

**မန်းဝင်းမောင်**

ဝဝလုံးလုံးဝိုင်းဝိုင်းခန္ဓာဟန်ကို ခပ်ဖွားဖွားဘေးခပ်ကားကားပုံသာ ညှပ်ပေးလိုက်လျှင် ဝန်ကြီးမျက်နှာသည် ပိုပြလာပြီး ဝန်ကြီးဗိုက်သည်လည်း ပိုရွလာသည်ဟု အောက်မေ့ရမည် ဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့က ဝန်ကြီး၏ကိုယ်ဟန်ကို အချိုးအမျိုးမျိုးကြည့်၍ ဝန်ကြီးဆံပင်ကို ဘေးက ခပ်ပါးပါးနှင့် ပုံမြင့်မြင့်ပုံညှပ်ပေးရလေသည်။

သို့သော် ဒီဝန်ကြီးက သူ့ကို ဒီလိုစေတနာထားပါသော်လည်း တယ်မနိုင် လှပါဘူးဗျာ။ ဘယ့်နှယ် ဒီဝန်ကြီးက ဘောက်ဆူးပေးဖော်မရဘူးဗျာ။

အဲသလို ဆရာသာကနိုးရေးပုံတွေကို ကြည့်ရင် ဝန်ကြီးတွေ၊ နိုင်ငံ့ခေါင်း ဆောင်တွေနဲ့ ဘယ်လောက်ရင်းနှီးတယ်ဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။ ဆရာ သာကနိုးရေးပုံဟာ ရွှင်ရွှင်သွက်သွက်ရှိပြီး အမတ်ကြီး ဦးပေါ်ဦးနဲ့ ရှင်ဘုရင် ဘိုးတော်ဦးပိုင်း (ပဒုံမင်း)တို့ရဲ့ ဆက်ဆံရေးကို သတိရစေခဲ့ပါတယ်။ ဝန်ကြီး တွေရဲ့စရိုက်သဘာဝကို တို့ထိထားပြီး ကျီးစယ်သလို သရော်သလို ရေးသွား ပုံဟာလည်း ဆရာသာကနိုးရဲ့ စာရေးနည်းအတတ်ပညာတစ်ခုလို့ ဆိုနိုင် ပါတယ်။

တကယ်တော့ ဆရာသာကနိုးသည် ဆံပင်ညှပ်သူတစ်ဦးမဟုတ်ပါလေ။

စာပြီးမှတ်ချက်မှာ ဒီလိုရေးထားပါတယ်။

'ဤစာကို ဖတ်ပြီးသည့်နောက် ဝန်ကြီးများသည် ဆိုင်တွေမှာ ဆံပင်ညှပ်





ရမှာ သွေးလန့်ကုန်မှာ သာကနိုးများစွာပင် စိုးပါသည်။ သာကနိုးသည် ဤစာကို ရေးနိုင်ရန် ဆံပင်ညှပ်လောကအတွင်းတွင် ကျွေးတန်တာကျွေး လည်ပင်းညှစ်တန်တာ ညှစ်၍ သတင်းထောက်ပညာနှင့် လည်သလိုလုပ်ကာ အချက်များ ရှာဖွေရေးသားလိုက်ခြင်းဖြစ်ပါကြောင်း၊ နတ်လူသာဓုခေါ်ချင် ခေါ်၊ မခေါ်ချင်နေစေသော်၊(ဒိုး)'

ဆံပင်ညှပ်လောကထဲ ထိုက်သင့်သလောက် လေ့လာပြီးမှ ဒီစာကိုရေး ကြောင်းဆိုထားပါတယ်။ ဆံပင်ညှပ်ဆိုင်ကတစ်ဆင့် မြင်ရတဲ့ ခေါင်းဆောင် ကြီးများရဲ့ ရုပ်ပုံလွှာအပိုင်းအစများကိုလည်း အသော့အထေ့လေးတွေနဲ့ မနော ခွေ့အောင် ရေးသွားနိုင်ပါတယ်။ ခေါင်းဆောင်ကြီးများ၊ ဝန်ကြီးများကလည်း စိတ်မဆိုး၊ စာပေလွတ်လပ်ခွင့်ရဲ့ အကျိုးကျေးဇူးနဲ့ ထူးထူးခြားခြားတင်ဆက် နိုင်ခဲ့တဲ့ ဆရာသာဂနိုးရဲ့ ရှားရှားပါးပါး လက်ရာကောင်းတစ်ပုဒ်ဖြစ်ပါတယ်။

ဘဝမျိုးစုံကျင်လည်ခဲ့တဲ့ ဆရာသာဂနိုးဟာ အကြောင်းအရာမျိုးစုံကို သူ့ကိုယ်ပိုင်ဟန်နဲ့ စာဖွဲ့ခဲ့ပါတယ်။ ကွယ်လွန်ခါနီးရေးခဲ့တဲ့ ဘာသာရေးနဲ့ စူဠာနဖာ၊ ပိစပ်စတဲ့ တိုင်းရင်းဆေးများအကြောင်း စာအုပ်များဟာလည်း ကားဝယ်စီးနိုင်တဲ့အထိ ရောင်းအကောင်းဆုံးစာအုပ်များဖြစ်ခဲ့ပါကြောင်း။

[၄-၁-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

■



www.burmeseclassic.com


www.burmeseclassic.com

“

မြန်မာ့သမိုင်းမှာ
မင်းကောင်းတွေများခဲ့သလား၊ မင်းညံ့တွေပေါ်ခဲ့သလား ဆိုတာ
သိချင်ရင် မှန်နန်းမဟာရာဇဝင်တော်ကြီးကို
လုံးစေ့ပတ်စေ့ပြန်ဖတ်ပြီး သမိုင်းသင်ခန်းစာယူနိုင်ပါစေလို့
အကြံပေးလိုပါတယ်။

”

မန်းချောင်းစာပေ




www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| စာအုပ် | – | ပြည်သူကိုလေးစားသောအစိုးရ အစိုးရကိုလေးစားသောပြည်သူ |
| ရေးသူ | – | နေဖင်လတ် |
| ထုတ်ဝေကာလ | – | ၂၀၁၁ နိုဝင်ဘာ |
| စာမူခွင့်ပြုချက် | – | ၃၁၀၁၂၁၀၆၁၁ |
| တန်ဖိုး | – | ၃၅၀၀ ကျပ် |
| ဖြန့်ချိ | – | စိတ်ကူးချိုချို |

နိုင်ငံတော်သမ္မတကြီးရဲ့အကြံပေးအဖွဲ့ဝင် ဆရာနေဖင်လတ်ရဲ့ဆောင်းပါး ပေါင်းချုပ် စာအုပ်ဖြစ်ပါတယ်။ စာအုပ်နာမည်ကို ကြည့်ပြီးပြောရင် ဒီနေ့ နိုင်ငံရေးအခင်းအကျင်းသစ်ကို ထင်ဟပ်တဲ့ဆောင်းပါးများလို့ ပြောနိုင် ပါတယ်။ သို့သော် အဲ့ဒီလိုတပ်အပ်မပြောနိုင်ပါ။ ပြည်တွင်းနိုင်ငံရေး အခြေ အနေကို ဖော်ပြတဲ့ဆောင်းပါးတွေက ၂၀၁၀ ရွေးကောက်ပွဲ အကြိုကာလက ရေးခဲ့တာတွေဖြစ်လို့ ဒီနေ့ အလျင်အမြန်ပြောင်းလဲနေတဲ့ ခေတ်ပြိုင်နိုင်ငံရေးကို အပြည့်အဝ မထင်ဟပ်နိုင်တော့ပါ။ ဒီစာအုပ်မှာ ပြည်တွင်းပြည်ပ စီးပွားရေး နိုင်ငံရေးနဲ့ နည်းပညာဆိုင်ရာ သုံးသပ်ချက်များဆောင်းပါး ၄၁ ပုဒ် ပါဝင် ပါတယ်။ စာရေးသူရဲ့ကိုယ်စားပြု ဇာတ်ဆောင် 'ဘမောင်'ကတဆင့် လူမှုရေး ယဉ်ကျေးမှု ရှုမြင်ချက်တွေကိုလည်း ဖတ်ရမှာဖြစ်ပါတယ်။

' သူများတွေက ဘမောင်ကို 'ဆရာ'လို့ ခေါ်ရင် ခပ်တွန့်တွန့်ပဲ၊ အပုဒ်ရေ တစ်ရာကျော်ရေးပြီးတဲ့အထိ ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းမသိသေးဘူး လုပ်ငန်းစီးပွားရေးဘက်မှာတော့ ရှင်းတယ်။ ပြည်တွင်းစီးပွားရေး၊ နိုင်ငံတကာ စီးပွားရေးကို ခပ်ကြီးကြီးလုပ်နိုင်ခဲ့တဲ့အတွက်ကြောင့် လုပ်ငန်းရှင်အမည်ကို ရဲရဲကြီးခံရဲတယ်။ ပညာရေးဘက်မှာလည်း နိုင်ငံတကာ'စံ' သတ်မှတ်ထား





တဲ့အဆင့်ကို အများကြီးကျော်အောင် သင်ခဲ့၊ ယူခဲ့၊ လုပ်ခဲ့တဲ့အတွက်ကြော ပညာရှင် ဆိုတာကိုလည်း လိပ်ပြာသန့်ခဲ့တယ်။ '

(စာ–၂၂

ဒါပေမဲ့ 'စာရေးဆရာ' 'ဆရာ' ဆိုတဲ့ အသုံးအနှုန်းကိုတော့ တွန့်ဆုတ လို့ဆိုပါတယ်။ ဆရာနေဖင်လတ်က 'ပါဠိအယူအဆ (၂)'မှာ အောက်ပါအတိုင်း ရိုးသားစွာဝန်ခံထားပါတယ်။

' ကျွန်တော့်စာတစ်ကြောင်းနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း စာတစ်ကြောင်းတန်ဖိုးချင်းမတူနိုင်၊ ပရိသတ်လိုက်ပါနိုင်ခြင်း၊ ဆွဲဆောင် ရှိခြင်း၊ ဩဇာကြီးခြင်းတို့သည် မိုးနှင့်မြေကဲ့သို့ ကွာပါလိမ့်မည်။ ထို ဆရာကြီးသခင်ကိုယ်တော်မှိုင်း အလကားရခဲ့သည်မဟုတ်။

(စာ–၂၁၂

ဆရာနေဖင်လတ်လည်း ကြိုးစားရေးသားရင်း လုပ်ငန်းရှင်ပညာရှင် နိုင်ငံတော်သမ္မတကြီးရဲ့အကြံပေးအဖွဲ့ဝင် စာရေးဆရာတစ်ယောက်ဖြစ်လာ ခဲ့တယ်လို့ ဆိုရပါမယ်။ ဆရာရဲ့ပါဠိအယူအဆနဲ့ ပြောရရင် ဒီနေ့ ဒီအချိန်မှာ ဆရာ နေဖင်လတ်ဆိုတာ ပါဠိတစ်ခုကို စွဲကိုင်ထားတာနိုင်တဲ့ စာရေး ဆရာတစ်ယောက် ဖြစ်နေပြီလို့ဆိုနိုင်ပါတယ်။ ဆရာရဲ့အယူအဆရေးရာ တွေမှာ 'ဗုဒ္ဓဝါဒ' ဗုဒ္ဓဘာသာကို လက်မလွှတ်ဘဲ အလျဉ်းသင့်တိုင်း ဗုဒ္ဓဩဝါဒများ ကိုးကား ရေးသားထားတာတွေ အတွက်လည်း ကျေးဇူးတင်ရပါတယ်။ ဥပမာ–

'ပါတီစုံဒီမိုကရေစီသည် ကျွန်တော်တို့အတွက် ယဉ်ကျေးမှုသစ်မဟုတ်ပါ ကမ္ဘာကြီးအတွက်လည်း ယဉ်ကျေးမှု အသစ်မဟုတ်ပါ။ လွန်ခဲ့သောနှစ် ၂၅၀၀ခန့်က ဗုဒ္ဓ၏ 'ကာလာမသုတ်'က ဒီမိုကရေစီကို ဖော်ညွှန်းထား သည်။ ဗြဟ္မစိုရ်တရားက ဒီမိုကရေစီစစ်စစ်ဖြစ်နေပါသည်။ ရောမ ခေါ်မခေတ် က ဒီမိုကရေစီဟူသော အသုံးမျိုးဖြင့် ထင်ရှားအောင်မိတ်ဆက်ခဲ့ပါသည်။

(စာ–၄

'အတ္တာဟိ အတ္တနော နာထော'ကို မြန်မာတို့၏ ဘာသာရေးတွင် ကျယ်ပြန့်စွာ သိရှိကြောင်း။ မိမိကိုယ်သာ ကိုးကွယ်ရာ ဟူသောအနက်ရှိပြီး တစ်ပါးသူကိုအားကိုးလိုစိတ် လျော့ပါးစေရန် ရည်ရွယ်သည်ဟုမိုပြည့်စုံစွာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနိုင်ရန် 'ကံ၊ ဉာဏ်၊ ဝီရိယ၊စိတ်'ဟု ဘုရားက ဟောထားပေ၏။ လုပ်တိုင်းမဖြစ်သည့် သဘောကိုလည်း လက်ခံနိုင်ရန်ဖြစ်သည်။ 'ကံ' အရာကို မေ့မထားရန်လည်းရည်ရွယ်၏။ လုပ်တိုင်းမဖြစ်ဟု ဆိုသော်လည်း မလုပ်လျှင် ဘာမှမဖြစ်သည်က သေချာပေါက်ဖြစ်၏။ ကောင်းမွန်သော ဖြစ်မြောက်မှုအတွက် ဗုဒ္ဓကအလုပ်ကို (ကံ၊ ဉာဏ်၊ ဝီရိယ၊စိတ်)တို့ဖြင့် ပြည့်စုံစွာ ခြုံရုံစေသည်။

အနောက်ဘက်မှ Locus of Controll ကိုစီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုများတွင် သင်ကြားပေး၏။ ဗုဒ္ဓကဲ့သို့ ကံ၊ ဉာဏ်၊ ဝီရိယ၊ စိတ်ပြည့်စုံစွာ မပါဝင်ပေ'

(စာ – ၁၈၀)

အဲဒီလို ဝေဖန်ဆန်းစစ်ခဲ့တာတွေ တွေ့ရပါတယ်။

လူ့အဖွဲ့အစည်းတစ်ခု ရှေ့သို့ရွေ့ဖို့ **သမိုင်းသင်ခန်းစာယူကြဖို့**လည်း တိုက်တွန်းထားပါတယ်။ 'သမိုင်းကိုလေ့လာခြင်းမှာ သမိုင်းထဲမှသင်ခန်းစာ မယူခဲ့သူများအကြောင်း လေ့လာခြင်း'ဖြစ်သူဟု ဆိုပါသည်။ လက်ရှိမျိုးဆက်တို့ အနေဖြင့် မျိုးဆက်သစ်များအတွက် သမိုင်းသင်ခန်းစာယူခဲ့ကြသူများ အဖြစ် သမိုင်းကြောင်းကောင်းများ ထားရစ်နိုင်ကြရန်ဖြစ်ပါသည်။

( စာ–၄၅ )

ဆရာနေဖင်လတ်ရဲ့ သမိုင်းသုံးသပ်ချက်တစ်ခုကိုလည်း ဒီလို တွေ့ခဲ့ရပါတယ်။

'ပထမတစ်ခေတ် အေဒီ ၁၁ ရာစု နှစ် ၇၀၀ အတွင်း **နိုင်ငံအဆင့်ခေါင်းဆောင်ကောင်းအလွန်နည်းပါးစွာသာ** ထွက်ပေါ်ခဲ့ပါသော်လည်း ဒုတိယခေတ် အင်္ဂလိပ်လက် အောက်တွင်မှ **နှစ် ၁၀၀ ခန့်အတွင်း** သမိုင်းက လက်ခွဲနှုတ်ဆက်နိုင်လောက်သော ခေါင်းဆောင်ကောင်းတော်တော်များများ ထွက်ပေါ်ခဲ့ပါသည်။ သူ့ကျွန်ဘဝဖြစ်ခဲ့ရသော်လည်း မြန်မာ့သမိုင်း မျက်နှာပန်းလှခဲ့သည်ဟု ဆိုနိုင်ပါသည်။'

(သမိုင်းကြောင်းကောင်းထားရစ်နိုင်ကြပါစေ ဆောင်းပါး မှ– စာ–၄၂ )

အေဒီ ၁၁ရာစုဆိုတော့ ပုဂံခေတ်ဦး အနော်ရထာခေတ်လောက်က စပြော လိုက်တယ်ထင်ပါတယ်။ နှစ် ၇၀၀ အတွင်း ခေါင်းဆောင်ကောင်း အလွန်





နည်းပါးစွာ ထွက်ပေါ်ခဲ့တယ်ဆိုတာကတော့ မြန်မာ့သမိုင်းကို တကယ့်မြင် တတ်သေးလို့ပါ။ ဆရာနေဖင်လတ်မှာ သမိုင်းမျက်စိမရှိ၊ သမိုင်းအမြင် ကွယ်ပျောက်နေလို့သာ နှစ်၇၀၀အတွင်းက ခေါင်းဆောင်ကောင်းတွေကို မမြင်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ အနော်ရထာလို နိုင်ငံ့ဥသျှောင် ခေါင်းဆောင် ကောင်းကြီး လက်ထက်မှာပင် ကျန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးဆိုတဲ့ စစ်ရေးခေါင်းဆောင်ကောင်းတွေ ပေါ်ထွက်ခဲ့တယ် မဟုတ်ပါလား။ ကျန်စစ်သားဆိုရင် မွန်–မြန်မာ ချစ်ကြည် စည်းလုံးရေးကို တည်ဆောက်နိုင်တဲ့ နိုင်ငံရေးခေါင်းဆောင်ကောင်း အဖြစ်လည်း ကမ္ပည်း မော်ကွန်းရေးထိုးရတယ် မဟုတ်ပါလား။

ရာဇာဓိရာဇ် အရေးတော်ပုံ တစ်ခုတည်းမှာပင် အင်းဝ ဘုရင်မင်းခေါင် မင်းရဲကျော်စွာ၊ လဂွန်းအိမ်၊ သမိန်ဗရမ်း၊ ဗိုလ်မင်းပြတ်ဇ စတဲ့ စစ်ရေး နိုင်ငံရေးခေါင်းဆောင်ကောင်းတွေ အများကြီးပေါ်ထွက်ခဲ့ပါတယ်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ ညွှန်ဖျင်းတဲ့ခေါင်းဆောင်ရယ်လို့ အနည်းအကျဉ်းပဲ တွေ့ခဲ့ရပါတယ်။ စောလူးမင်း၊ တရုတ်ပြေးမင်း၊ ကုလားကျမင်းနဲ့ ကုန်းဘောင် ခေတ်ရောက်တော့ ဖောင်းကားစားမောင်မောင်၊ သီပေါမင်း တို့လောက်ပါပဲ။ နှစ်ပေါင်း ၇၀၀အတွင်း နိုင်ငံတော်ကြီး အစွန့်ရှည်အောင် တည်ဆောက်နိုင် ခဲ့တာ ခေါင်းဆောင်ကောင်းတွေ ရှိခဲ့လို့ပါ။

ဆရာနေဖင်လတ်ရဲ့ သမိုင်းအမြင်ကို 'စနစ်က သားကောင်နှင့် သား ကောင်းတို့ကို မွေးဖွားနိုင်သည်' ဆောင်းပါးမှာလည်း ဒီလို ဖတ်မှတ်ခဲ့ရပါတယ်။

**'အာဏာရှင်စနစ်တွင် ကောင်းသည်လည်းရှိ၏။ သို့သော် ဆိုးသည်က များသည်။ ဦးဆောင်သူတော်လျှင် အားလုံး တညီတညွတ်တည်း ဆောင်ရွက်နိုင်ခြင်းက ကောင်းခြင်းဖြစ်၏။ အရေးကြီးသည်က ဦးဆောင် သူ၏ အရည်အသွေးသာလျှင်ဖြစ်သည်။ ရှေးဘုရင်စနစ်သည် အာဏာ ရှင်စနစ် တစ်မျိုး ပင်ဖြစ်သည်။ သို့သော်လည်း မြန်မာ့သမိုင်းသာမက ကမ္ဘာ့သမိုင်းမှာပင် တစ်နိုင်ငံလုံးကိုချီမြှ တိုးတက်အောင် ဆောင်ရွက်နိုင် သော 'မင်း' အရေအတွက် လွန်စွာနည်းပါးခဲ့သည်။ မြန်မာ့သမိုင်းတွင် လည်း 'မင်းဆက်' ရာပေါင်းများစွာ အနက် ၃ဆက်သာ သမိုင်းတွင် ဖွံ့ဖြိုးခဲ့ဖူးသည်။ ကျန်မင်းများ လက်ထက် အကောင်းထက် အဆိုးတို့**



www.burmeseclassic.com

www.burmeseclassic.com



သာများခဲ့ပါ။'

( စာ-၁၇၇ )

ကမ္ဘာ့သမိုင်းကိုခဏထားပြီး အရေးကြီးတဲ့ ကိုယ့်သမိုင်း ကို ပြန်ကြည့်ကြစို့။

ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ဟံသာဝတီခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် ဆိုပြီး အလွန်ခန်းနားတဲ့ ခေတ်ကြီးတွေကို တည်ထောင်ခဲ့တယ်ဆိုတာ ဘယ်မှာညံ့လို့လဲ။ ပုဂံခေတ်ထဲမှ ကုန်းဘောင်ခေတ်အထိ မင်းကောင်းမင်းမြတ်တွေကို နံပါတ်စဉ်ရေးထိုးပြီး ဖော်ပြရရင် ကျွန်တော့်ဆောင်းပါးအဆမတန် ရှည်သွားလိမ့်မယ်။ ဆရာနေဖင်လတ်က 'မြန်မာ့သမိုင်းတွင်လည်း မင်းဆက်ရာပေါင်းများစွာအနက် ၃ဆက်သာ သမိုင်းတွင်ဖွံ့ဖြိုးခဲ့ဖူးသည်' လို့ဆိုထားပေရာ အဲ့ဒီမင်း ၃ဆက်ဟာ ဘယ်သူတွေလဲ။ နာမည်နဲ့တကွ အတိအကျဖော်ပြဖို့လိုပါတယ်။ ဝါးတားတား မလုပ်ပါနဲ့။ အဲဒီမှာလည်း **'မင်းဆက်ရာပေါင်းများစွာ'**ဆိုတာနဲ့ **မင်း၃ဆက်** ဆိုတဲ့ သမိုင်းဝေါဟာရများ အရေးအသားမှားယွင်းနေပါတယ်။ အရေးမှားရင် အဓိပ္ပါယ်မှားသွားနိုင်ပါတယ်။ (ဥပမာ – ဝန်ကြီးကို ဝံကြီးလို့အရေးမှားရင် အဓိပ္ပါယ်မှားသွားနိုင်ပါတယ်။)

သမိုင်းစကားမှာ မင်းနဲ့မင်းဆက်မတူပါဘူး။ မင်းက အနော်ရထာမင်း၊ ကျန်စစ်သားမင်း စသည်ကိုခေါ်တာဖြစ်ပြီး 'မင်းဆက်'က အနော်ရထာတည်ထောင်ခဲ့တဲ့ ပုဂံပြည်ကြီးရဲ့ ဘုရင်များအားလုံးကိုခြုံခေါ်တာဖြစ်ပါတယ်။ အနော်ရထာမှ တရုတ်ပြေးမင်းအထိကို ပုဂံမင်းဆက်၊ အလောင်းဘုရားမှ သီပေါမင်းအထိကို ကုန်းဘောင်မင်းဆက်၊ အဲဒီလိုခေါ်ပါတယ်။ ဒီတော့ ဆရာနေဖင်လတ်ရေးသလို "မင်းဆက်ရာပေါင်းများစွာ" မဟုတ်ပါဘူး။ မင်းဆက်က အနည်းငယ်မျှသာ၊ ပုဂံမင်းဆက်၊ ပင်းယမင်းဆက်၊ အင်းဝမင်းဆက် ၊ စစ်ကိုင်းမင်းဆက်၊ ညောင်ရမ်းမင်းဆက်၊ ဟံသာဝတီမင်းဆက်၊ ကုန်းဘောင်မင်းဆက်‌ . . ဒီလောက်သာပါပဲ။ မင်းတွေ ဘုရင်တွေကတော့ အများကြီးပေါ့။ အနော်ရထာက စပြီးရေတွက်ရင် ဆရာနေဖင်လတ်ပြောသလို ရာပေါင်းများ စွာမရှိပါဘူး။ ရာပေါင်းများစွာဆိုတော့ ထောင်ဂဏန်း၊ ထောင်ချီသွားပြီပေါ့။ မြန်မာနိုင်ငံရဲ့သမိုင်းသက်တမ်းကမှ နှစ်တစ်ထောင်လောက်





ရှိသေးတာ၊ ဘုရင်တစ်ထောင်လောက် အုပ်စိုးခဲ့တယ်ဆိုရင် ဘုရင်တစ်ပါး
နန်းစံသက်ဟာ ပျမ်းမျှတစ်နှစ်စီပဲ ရှိလိမ့်မယ်။

တစ်ခါ‌ . . "မင်းဆက်ရာပေါင်းများစွာအနက် ၃ ဆက်သာ သမိုင်းတွ
ဖွံ့ဖြိုးခဲ့ဖူးသည်"လို့ ရေးထားရာမှာ ၃ ဆက်ဆိုတဲ့ အရေးအသားက မှားနေပြ
ပါတယ်။ ၃ ပါးလို့ ရေးမှ မှန်ပါတယ်။ ၃ ဆက်ဆိုရင် ဥပမာ– အနော်ရထာ
စောလူး၊ ကျန်စစ်သား အစဉ်အဆက်ကို ပြောတာလည်း ဖြစ်မယ်။ (စောလူးက
မင်းကောင်းမဟုတ်ဘူး)၊ မင်းဆက်အနေနဲ့ပြောရင် အင်းဝမင်းဆက်
ကုန်းဘောင်မင်းဆက် အဲဒီလိုမင်းဆက်အရယူရင် မင်း၃ဆက်အရေးသားဟာ
မှားနေပါတယ်။ ဆရာနေဖင်လတ်လို ပညာရှင် နားလည်အောင် အင်္ဂလိပ်
ညှပ်ပြောရရင် မင်းကို KING လို့ခေါ်ပြီး မင်းဆက်ကို DYNESTY
ခေါ်ပါတယ်။ ဒါကြောင့် ဆရာနေဖင်လတ်ပြောတဲ့ မင်း ၃ ဆက်ဟာ KING
ကို ရည်ညွှန်းသလား၊ DYNESTY ကိုပြောတာလား။ ဆရာနေဖင်လတ်
ရည်ညွှန်းပုံကတော့ မင်း ၃ ပါး ဖြစ်ပါလိမ့်မယ်။ ဒီ မင်း ၃ ပါး ကိုလည်း
အမည်ဖော်ပြမထားလေတော့ ဆရာနေဖင်လတ်ဟာ မြန်မာ့သမိုင်းကို တကယ်
လေ့လာပြီး သေသေချာချာ သင်ခန်းစာယူခဲ့တာဟုတ်ရဲ့လားလို့ မေးရမှာ
ဖြစ်ပါတယ်။

မြန်မာ့သမိုင်းမှာ မင်းကောင်းတွေများခဲ့သလား၊ မင်းညံ့တွေပေါ်ခဲ့သလား
ဆိုတာ သိချင်ရင် မှန်နန်းမဟာရာဇဝင်တော်ကြီးကို လှန်စေ့ပတ်စေ့ပြန်ဖတ်ပြီး
သမိုင်းသင်ခန်းစာယူနိုင်ပါစေလို့ အကြံပေးလိုပါတယ်။

[၁၆-၁၁-၂၀၁၁ ထုတ် နံနက်ခင်းဂျာနယ်]

■



www.burmeseclassic.com

www.burmeseclassic.com

“

ရောဝတီကို သစ္စာဖောက်လို့စွပ်စွဲခဲ့သူ ဆရာချစ်စံဝင်းဟာ
အခုတော့ဖြင့် "မြစ်ကြီးရောဝတီနှင့်သူ၏ဝိသေသများ" လို့
ရေးလိုက်ပြန်ပါပြီ။
ဆရာချစ်စံဝင်း သမိုင်းအမြင်ပြောင်းလဲခဲ့လေသလား၊
ရောဝတီလှုပ်ရှားမှုထဲ တစေ့တစောင်း
အရောင်ပြောင်းပါဝင်လာတာကိုပဲ သမိုင်းသင်ခန်းစာယူရမှာလား။
ဘာပဲဖြစ်ဖြစ် ရောဝတီကို သစ္စာဖောက်လို့စွပ်စွဲတာကတော့
သမိုင်းစာမျက်နာတွေကို အကျည်းတန်အရုပ်ဆိုးစေခဲ့ပြီလို့
ဆိုချင်ကြောင်းပါဗျာ။

”






# သစ္စာတည်တဲ့ ရောဝတီ

www.burmeseclassic.com

www.burmeseclassic.com



ရောဝတီမြစ်ကြီး လှလှပပရှင်သန် စီးဆင်းရေးအတွက် လက်တွဲညီညာ ပါဝင်ခဲ့ကြသူအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

ရောဝတီအတွက် ကလောင်ကွန်ရက်ဖြန့်ကျက်ခဲ့ကြသူတွေထဲမှာ '**ဆရာချစ်စံဝင်း**'လည်းတစ်ဦးအပါအဝင်ဖြစ်ပါသည်။ ၂၀၁၁၊ စက်တင်ဘာလ ၂၈ ရက်ထုတ်မြန်မာပို့စ်ဂျာနယ်မှာ ဆရာချစ်စံဝင်းက 'မြစ်ကြီးရောဝတီနှင့် သူ၏ဝိသေသများ'ဆိုတဲ့ ဆောင်းပါးနဲ့ ရောဝတီရဲ့ဝိသေသထူးခြားချက် ၂၁ ချက်ကို တင်ပြခဲ့ပါတယ်။ ရောဝတီမြစ်ကြီးကို စီးပွားရေး၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာရှုထောင့်များကနေ တင်ပြခဲ့ခြင်းဖြစ်ပါသည်။

၁။ ရောဝတီသည် မေခနှင့်မလိခဆုံရာ စတင်ခဲ့သောနေရာမှစ၍ မုတ္တမပင်လယ်ကွေ့ထဲသို့ စီးဝင်သည်အထိ မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း မှာပင်စ၍ မြန်မာနိုင်ငံနယ်နိမိတ်ဖြင့်သာ အဆုံးသတ်သောကြောင့် အခြား တစ်ပါးသောမြစ်တို့နှင့်မတူ၊ နိုင်ငံတစ်နိုင်ငံတည်းအတွင်း၌သာ အစနှင့် အဆုံးရှိသော မြန်မာပိုင်မြစ်တစ်စင်းဖြစ်သည်။ ထို့ကြောင့် ရောဝတီသည် မြန်မာတစ်နိုင်ငံတည်းပိုင် မြစ်ဖြစ်သည်။ မြန်မာပြည်သူတို့၏ အကျိုးကိုသာ ရှေးရှုသော မြစ်ဖြစ်သည်။ အခြားမည်သည့်နိုင်ငံကိုမှ သစ္စာမခံ၊ မြန်မာနိုင်ငံ နှင့်မြန်မာပြည်သူတို့ကိုသာ သစ္စာခံသောမြစ်ဖြစ်သည်။ ဤအချက်သည် **ရောဝတီ၏ သစ္စာခံမှုဆိုင်ရာထူးခြားချက်** ဝိသေသဖြစ်၏။

၂၁။ ထို့ကြောင့် ရောဝတီမြစ်သည် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ရောဝတီမြစ်သည် မြန်မာတို့၏ ပြည်ထောင်စုစိတ်ဓါတ်၊ ရောဝတီမြစ်သည် မြန်မာတို့၏ ဇာတိသွေးဇာတိမာန် ရှင်သန်ဖြစ်ထွန်းရာမြစ်ကြီးဖြစ်ကြောင်း တင်ပြရပါသည်။

ဆရာချစ်စံဝင်းက အဲဒီလိုရေးခဲ့ပါတယ်။

ကျေးဇူးတင်ပါတယ်။

**ရောဝတီ၏ သစ္စာခံမှုဆိုင်ရာ ထူးခြားချက်ဝိသေသနှင့်ဇာတိမာန် ရှင်သန်ဖြစ်ထွန်းရာမြစ်ကြီးဖြစ်ကြောင်း** တင်ပြခဲ့တဲ့အတွက် ကျေးဇူးတင် ပါတယ်။ ဒါပေမယ့် ဆရာချစ်စံဝင်းသည်ပင်လျှင် လွန်ခဲ့သော ၁၄ နှစ် ကာလက **ရောဝတီမြစ်ကြီးကို သစ္စာဖောက်အဖြစ်** စွပ်စွဲရေးသားခဲ့ပြန်တာ





သတိရနေမိပါတယ်။ ၁၉၉၇၊ ဇူလိုင်လထုတ်မြရိပ်ညိုမဂ္ဂဇင်း အမှတ်–၁ အထူး ဆောင်းပါးအဖြစ် ဆရာချစ်စံဝင်းက **ရောဝတီသစ္စာဖောက်သောနေ့နှင့် သူ့ကျွန်မခံလိုသူများ** ခေါင်းစဉ်နဲ့ ရေးသားပါတယ်။ ရောဝတီကို သစ္စာဖောက် အဖြစ် စွပ်စွဲရေးသားရဲတာ၊ ရေးသားရက်တာ၊ သမိုင်းမှာ ဆရာချစ်စံဝင်း တစ်ယောက်ပဲ ရှိလိမ့်မယ်ထင်ပါတယ်။ ရောဝတီမြစ်ထဲ လှိုင်းတွေရိုက်ခတ်သလို ကျွန်တော့်ရင်ထဲ နှလုံးသွေးတွေဆူဝေလာပြီး တုံ့ပြန်တဲ့ဆောင်းပါးတင်ပုံ ချက်ခြင်းကောက်ရေးခဲ့ပါတယ်။ ၁၉၉၇ စက်တင်ဘာလထုတ် ရုပ်ရှင်တေး ကဗျာမဂ္ဂဇင်းမှာ '**သစ္စာဖောက်လို့စွပ်စွဲခံရတဲ့ ငါတို့ရဲ့ မိခင်ရောဝတီ**' ဆိုတဲ့ခေါင်းစဉ်အောက်မှာ ကျွန်တော် ဒီလိုရေးခဲ့ပါတယ်။

'ဆရာနန္ဒက (ငါ့သွေး၊ငါ့ခါး၊ ငါ့ရောဝတီ)၊ ထူးအိမ်သင်က (ငါတို့ရဲ့မိခင် ရောဝတီ) စသည်ဖြင့် စာပေအနုပညာရှင်တို့ ဂုဏ်ပြုဦးညွှတ်အပ်သော ရောဝတီဟာ အခုတော့ဖြင့် **သစ္စာဖောက်ရောဝတီ** ဖြစ်ခဲ့ရပေပြီ။ မြန်မာ ပြည်ရဲ့ အသက်သွေးကြောအဖြစ် ခေတ်အဆက်ဆက်စီးဆင်းမပျက် တာဝန် ကျေခဲ့တဲ့ ရောဝတီဟာ အခုတော့ဖြင့် သစ္စာဖောက်ရောဝတီရယ်လို့ စွပ်စွဲခံ လိုက်ရပေပြီ။ သမိုင်းရေးရာ၊ ပထဝီဝင်၊ အမျိုးသားယဉ်ကျေးမှုနဲ့ဘာသာ သာသနာဆိုင်ရာ အရေးအရာတွေမှာ တန်ဖိုးမဖြတ်နိုင်လောက်အောင် အရေးပါခဲ့တဲ့ရောဝတီဟာ တစ်ကြိမ်တစ်ခါတော့ဖြင့် သစ္စာဖောက်ရယ်လို့ ယိုးစွပ်ခံလိုက်ရပေပြီ။'

ဆရာချစ်စံဝင်းက ရောဝတီကို သစ္စာဖောက်လို့ ဘာကြောင့်စွပ်စွဲခဲ့ရ ပါသလဲ။ အကျိုးအကြောင်းရှင်းပြဖို့လိုအပ်လာပါပြီ။ အဲဒီတုန်းက ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ 'သူ့ကျွန်မခံပြီ' ဝတ္ထုကြီးကို ဒါရိုက်တာကြည်စိုးထွန်းက ရုပ်ရှင်အဖြစ်ဖန်တီးရာမှ ဂယက်အမျိုးမျိုးဖြစ်ပေါ်နေပါတယ်။

'ထိုနေ့ညက သူ့ကျွန်မခံပြီဇာတ်ကားကို ဦးကြည်စိုးထွန်းက တစ်နာရီ ကျော်ကြာ အစမ်းပြသပြီး မြင်းခြံခံတပ်မှ မြန်မာတို့ဆုတ်ခွာသွားရမှုနှင့်အတူ သူ့ကျွန်မခံပြီနှမူနာပြသမှုကို အဆုံးသတ်ခဲ့ရ၏။

(ချစ်စံဝင်း–ရောဝတီ သစ္စာဖောက်သောနေ့၊

မြရိပ်ညို မဂ္ဂဇင်း၊ အမှတ် ၁ ... –၂၆၈)



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဆရာချစ်စံဝင်းနဲ့အတူ ရုပ်ရှင်ကြည့်နေတဲ့ အင်ဂျင်နီယာမှူး ဦးချာလီသန်းရဲ့ မှတ်ချက်ကတော့ '**အဲဒီနေ့က ရောဝတီ သစ္စာဖောက်**ခဲ့တယ်ဗျာ' လို့ ဖြစ်ပါတယ်။ ဦးချာလီသန်းဆိုတာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန၊ မန္တလေးသင်္ဘောကျင်းဌာနခွဲက အင်ဂျင်နီယာမှူး ဖြစ်လို့ ရောဝတီနဲ့ အမြဲထိတွေ့နေရသူလည်းဖြစ်ပါသတဲ့။ အခုတော့ သံလျင်က ရေကြောင်းပညာတက္ကသိုလ်ရဲ့ အဓိပတိဖြစ်နေသူများလားလို့ထင်မိပါတယ်။ အဲဒီဦးချာလီသန်းရဲ့မှတ်ချက်ကို ဆရာချစ်စံဝင်းက အတည်ပြုထောက်ခံလိုက်ရာက **ရောဝတီသစ္စာဖောက်** ဖြစ်ခဲ့ရတာပါပဲ၊ ဆရာချစ်စံဝင်းက ဘယ်လို သစ္စာဖောက်ခဲ့တာလဲလို့မေးပါတယ်။

''ဒီလိုလေဆရာ၊ အင်္ဂလိပ်ရေတပ်အုပ်စုဟာ အထက်မြန်မာနိုင်ငံကို သိမ်းဖို့ နယ်စပ်မြို့သရက်ကိုဖြတ်ပြီး ချီတက်လာခဲ့တယ်။ အဲဒီအချိန်ဟာ နိုဝင်ဘာလပဲ။ နိုဝင်ဘာမှာ ရောဝတီရေအကျဆုံးအချိန်ပဲ။ နိုဝင်ဘာလအတွင်းမှာ ရေတပ်သင်္ဘောအုပ်စုတစ်စု မန္တလေးကို အလွယ်တကူလာဖို့ဆိုတာ မလွယ်တဲ့ကိစ္စပဲ။ ရေကတိမ်၊ သောင်ကထွန်းမယ်၊ သောင်ကိုရှောင်ရင် အကွက်ချစီမံထားတဲ့ မြန်မာအမြောက်ကျည်ဆံနဲ့လွတ်ပြီး အထက်ကို သင်္ဘောတက်သွားဖို့ဆိုတာ ခဲယဉ်းပါတယ်။

ဒါပေမယ့် အင်္ဂလိပ်စစ်သင်္ဘောအုပ်စုဟာ မြန်မာနိုင်ငံရတနာပုံမင်းနေပြည်တော်ရောက်တဲ့အထိ ဘာအခက်အခဲမှမရှိဘဲ ဆန်တက်လာနိုင်တာကတော့ ဗြိတိသျှ စစ်သင်္ဘောအုပ်စုချီတက်လာတဲ့ နိုဝင်ဘာလကြီးထဲမှာ ရောဝတီမြစ်ရေဟာ မြင့်တက်လာခဲ့တယ်။ ဒီတော့ မြန်မာတို့ အကာအကွယ်လုပ်ထားတဲ့ ရေအောက်အဟန့်အတားတွေကို ဗြိတိသျှစစ်သင်္ဘောအုပ်စုက အခက်အခဲမရှိ ကျော်တက်လာနိုင်တာပေါ့။ ဒါဟာ ရောဝတီဟာအင်္ဂလိပ်စစ်ချီတက်သိမ်းပိုက်ရေးကို ဘယ်လိုမှမရနိုင်တဲ့အကူအညီပေးခဲ့တာပဲ' လို့ ဦးချာလီသန်းက ကျိုးကြောင်းပြအဖြေပေးခဲ့ပါတယ်။

(၎င်းစာ–၂၆၈)

ဆရာချစ်စံဝင်းကလည်း ဒီလိုထောက်ခံရေးသားခဲ့ပါတယ်။

'ဗိုလ်ချုပ်ပရင်ဒါဂတ်၏ မှတ်တမ်းအရ ယင်းတို့ မင်းလှသို့ အရောက်တွင်





လည်းကောင်း၊ ပုဂံတွင်လည်းကောင်း၊ မြင်းခြံကိုတိုက်သောနေ့ အထိ မိုးသည်းထန်စွာတစ်ညလုံးရွာသွန်းနေကြောင်းသိရပေရာ မိုးကြောင့် လည်းကောင်း၊ ချင်းတွင်းမြစ်ရေကြောင့်လည်းကောင်း၊ ရောဝတီမြစ်ရေ မြင့်တက်နေခဲ့သည်မှာ အမှန်ပင်ဖြစ်ပါ၏။'

(၎င်းစာ–၂၇၀)

အဲဒီတော့ သူ့ကျွန်ဖြစ်ရခြင်းအကြောင်းရင်းတွေထဲမှာ အဲဒီနေ့က ရောဝတီမြစ်ရေတိုးခဲ့ခြင်း (ဝါ) ရောဝတီဟာ သူ့လူကိုယ့်တက်သား ဖြစ်ခဲ့ခြင်း (ဝါ) **ရောဝတီသစ္စာဖောက်ခြင်း**ဟာ အရေးကြီးတဲ့အကြောင်းအရင်းတစ်ခုလို့ ဆိုလိုရာရောက်နေပါတယ်။ **တစ်ခါမှ မကြားဖူးတဲ့ သမိုင်းအမြင်ပေပဲ**။

ဗြိတိသျှတို့ရဲ့ စစ်ရေးစွမ်းရည်ကို အရှိအတိုင်းသုံးသပ်ကြည့်ကြပါဦး။

ဗြိတိသျှတို့ကို 'ရေမှာသွား နဂါးမျိုး'လို့တောင် တဘောင်စကားနဲ့က တင်စားခဲ့တာထောက်ရင် သူတို့ရဲ့ရေကြောင်းကျွမ်းကျင်မှုကို ခန့်မှန်းတွက်ချက်နိုင်ပါပြီ၊ အနောက်ကမ္ဘာခြမ်းကနေ အရှေ့ကမ္ဘာခြမ်းအထိ ပင်လယ်သမုဒ္ဒရာတွေကို ကူးလူးဖြတ်ကျော်ပြီး တစ်ကမ္ဘာလုံးနီးပါးကို နယ်ချဲ့သိမ်းပိုက်လာနိုင်တဲ့ သူတို့ရဲ့စစ်ရေး နိုင်ငံရေးစွမ်းရည်နဲ့ စက်မှုအတတ်ပညာကို လျှော့တွက်လို့မရပါ။

တကယ်တော့ ရောဝတီရဲ့နိုဝင်ဘာလ သဘာဝမိုးလေဝသထက် မန္တလေးနန်းတွင်းက နိုင်ငံရေးမိုးလေဝသက ပိုပြီးအရေးကြီးပါတယ်။ မန္တလေးနန်းတွင်းမှာ နိုင်ငံရေးမိုးလေဝသဆိုးရွားချိန်၊ ပြည်သူလူထုကလည်းသူတို့ခေါင်းဆောင်တွေဖြစ်တဲ့ ဘုရင်၊ မှူးမတ်တွေအပေါ် ယုံကြည်မှုအားပျော့ချိန်ကိုသာ အင်္ဂလိပ်တွေ အဓိကရွေးချယ်ခဲ့တာပါ။ အင်္ဂလိပ်မှမဟုတ်၊ ဘယ်နယ်ချဲ့မဆို ဒီလိုပဲထောက်လှမ်းတွက်ချက်ပြီး သူ့နိုင်ငံကိုသိမ်းယူရတာပဲ။ (မြန်မာရာဇဝင်တွင် တပင်ရွှေထီး ဟံသာဝတီကို တိုက်သိမ်းပုံကိုကြည့်လေ။)

အဲဒီမှာ အင်္ဂလိပ်တွေရဲ့ ရေကြောင်းချီစစ်ကို မြန်မာတို့ဟန့်တားနိုင်တယ်ဆိုတာက 'ရေအောက်တွင်သစ်သားတိုင်ကြီးများကို တစောင်းစိုက်ထူ၍လည်းကောင်း၊ ရေကြောင်းကျဉ်းသောနေရာများတွင် မြန်မာတို့သည် သင်္ဘောအိုင်များကိုမြှုပ်၍လည်းကောင်း၊ ရေကြောင်းပိတ်ဆို့မှုများပြုလုပ်ရန် စီစဉ်ခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



မှာ အမှန်ဖြစ်ပါ၏။'လို့ ဆရာချစ်စံဝင်းကရေးပါတယ်။ အဲဒါလည်း တိတိကျကျ ပိုင်ပိုင်နိုင်နိုင်လုပ်ကိုင်ပြီးစီးတဲ့ အခြေအနေမဟုတ်ပါ။ စီစဉ်ရုံသာပဲ ရှိလေသေးရဲ့။ ပြီးတော့ ဒီလိုရေအောက် သစ်သားတိုင်တွေ၊ တစူးတွေ၊ သစ်ချွန်ဝါးချွန်တွေဆိုတာ ရာဇဝင်ရာဇ်အရေးတော်ပုံမှာ သုံးခဲ့ပြီးသားပါ။ မကျော်လွှားနိုင်တဲ့ အဟန့်အတားတွေမဟုတ်ပါ။ အင်းဝ ဟံသာဝတီနှစ်ဖက်တပ်တွေ ရှုပ်ရှုပ်ချုံချုံပယ်နှုတ်ကျော်လွှားသွားနိုင်တဲ့ အဟန့်အတားတွေပါ။ ကနောင်မင်းသားကြီး စမ်းသပ်ဖောက်ခွဲခဲ့တဲ့ 'ရေမြှုပ်မိုင်း'တွေလောက် ထိရောက်မှုမရှိပါဘူး။ ပြီးတော့အင်္ဂလိပ်စစ်သင်္ဘောတွေဆိုတာ မြန်မာ့တိုက်လှေလို သစ်သားအားပြုထားတဲ့ယာဉ်တွေမဟုတ်ပါ။ သံထည်အထူကြီးတွေဖြစ်လို့ မြန်မာ့အမြောက်ကျည်ဆန်တောင်မပေါက်ဘူး လို့ဆိုတယ် မဟုတ်ပါလား။

အဲဒီနေ့က ရောဝတီမြစ်ရေမတိုး (ဆရာချစ်စံဝင်းရဲ့စကားနဲ့ပြောရရင် ရောဝတီသစ္စာမဖောက်) ခဲ့ရင်လည်း မြန်မာ့နန်းတွင်းရေးရှုပ်ထွေးကာ မြန်မာချင်းသစ္စာဖောက်မှုက အရင်ဦးနေပါပြီ။ ဗြိတိသျှနဲ့ မြန်မာစစ်အင်အားချင်းလည်း ဘယ်လိုမှမယှဉ်သာပါဘူး။ ဘယ်ဘက်ကကြည့်ကြည့်မရတော့တဲ့ အခြေအနေမှာ ရောဝတီသစ္စာဖောက်လို့ ဗြိတိသျှတွေ အလွယ်တကူချီတက်လာနိုင်ပြီး မန္တလေးကိုသိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်တယ်လို့ ရေးသားခဲ့ပါသည်။ **ရောဝတီကို သစ္စာဖောက်လို့စွပ်စွဲခဲ့ပါတယ်။**

'အင်္ဂလိပ်တို့သည် တစ်ရက်နောက်ကျပါက ရောဝတီအား မြန်မာတို့ဘက်မှ ပိတ်ဆို့မှုအခင်းအကျင်းသည်များစွာပြည့်စုံနေမည်ဖြစ်၏။ ထိုသို့ပြည့်စုံနေပါက အင်္ဂလိပ်တို့ ရောဝတီကိုဆန်တက်ရန် ဖြစ်နိုင်စရာမရှိတော့ပေ။ ထိုအချိန်တွင်မှ ရောဝတီမြစ်ရေသည် အချိန်အခါမဟုတ်ဘဲ မြင့်တက်နေခဲ့၏။ အင်္ဂလိပ်တို့ဘက်မှ စစ်ရေးတစ်ချက်ဦးမှုသည် မြန်မာတို့ရောဝတီအတွင်း အဟန့်အတား ပြုလုပ်ရန် အချိန်မရလိုက်ဘဲဖြစ်ရပြီး ရောဝတီမြစ်ရေတက်လာမှုသည် အင်္ဂလိပ်တို့အား ရတနာပုံနေပြည်တော်အထိ အင်္ဂလိပ်ရေတပ်အုပ်စုကိုတွန်းပို့သကဲ့သို့ ရောဝတီရေတက်လာမှုကို အင်္ဂလိပ်တို့ဘက်မှ Battle Luck စစ်ရေးကံကောင်းမှုဟုဆိုကြ၏ 'လို့ဆရာချစ်စံဝင်းက ဆက်ရေးပါတယ်။

(ငှင်းစာ–၂၇၂)





ဆရာချစ်စံဝင်းဟာ ရောဝတီမြစ်ရေတက်လာမှုကိုချည်းအပြစ်ဖို့ရမယ်ရှာကာ ရောဝတီကို သစ္စာဖောက်အဖြစ်ရက်ရက်စက်စက် စွဲချက်တင်ပါတော့တယ်။ တကယ်တော့ ရောဝတီမြစ်ရေတက်လာမှုဆိုတာ အပယ်ကပါ မြစ်ရေကြီးလို့ သူ့ကျွန်ဖြစ်ခဲ့တယ်ဆိုရင် ကျွန်တော်တို့သမိုင်းရိုင်းတော့မှာပါ နိုင်ငံတစ်ခုကို ကိုလိုနီဖြစ်သွားရခြင်းဟာ မတော်တဆကိစ္စကြောင့်တော့ မဟုတ်လေရာ။ ရောဝတီသာစကားပြောတတ်မယ်ဆိုရင် သူဟာဒီနိုင်ငံကို ဘယ်တုန်းကမှသစ္စာမဖောက်ခဲ့ကြောင်း၊ ဒီနိုင်ငံ ကိုလိုနီဘဝရောက်ခဲ့မှုတာ သူသစ္စာဖောက်လို့ မဟုတ်ကြောင်း၊ ရောဝတီရဲ့ ရေအလျဉ်နဲ့ လှိုင်းတံပိုးတွေက အစဉ်ခုခံချေပနေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ရောဝတီကို သစ္စာဖောက်လို့စွပ်စွဲခဲ့သူ ဆရာချစ်စံဝင်းဟာ အခုတော့မြင့် 'မြစ်ကြီးရောဝတီနှင့်သူ၏ဝိသေသများ'လို့ ရေးလိုက်ပြန်ပါပြီ။ ဆရာချစ်စံဝင်း သမိုင်းအမြင်ပြောင်းလဲခဲ့လေသလား၊ ရောဝတီလှုပ်ရှားမှုထဲ တစေ့တစောင်း အရောင်ပြောင်းပါဝင်လာတာကိုပဲ သမိုင်းသင်ခန်းစာယူရမှာလား။ ဘာပဲဖြင့် ဖြစ် ရောဝတီကို သစ္စာဖောက်လို့စွပ်စွဲတာကတော့ သမိုင်းစာမျက်နှာတွေကို အကျည်းတန်အရုပ်ဆိုးစေခဲ့ပြီလို့ ဆိုချင်ကြောင်းပါဗျာ။ ။

**ညွှန်း**

၁။ ချစ်စံဝင်း–ရောဝတီသစ္စာဖောက်သောနေ့နှင့် သူ့ကျွန်မခံလိုသူများ
မြရိပ်ညိုမဂ္ဂဇင်းအမှတ် ၁ (၁၉၉၇–ဇူလိုင်)

၂။ မောင်သွေးချွန်– သစ္စာဖောက်လို့စွပ်စွဲခံရတဲ့ ငါတို့ရဲ့မိခင်ရောဝတီ
ရှပ်ရှင်တေးကဗျာမဂ္ဂဇင်း (၁၉၉၇–စက်တင်ဘာ)

၃။ ချစ်စံဝင်း – မြစ်ကြီးရောဝတီနှင့် သူ၏ဝိသေသများ
မြန်မာပို့စ်ဂျာနယ် (၂၈ –စက်တင်ဘာ ၂၀၁၁)

(၂၆-၁၀-၂၀၁၁ ထုတ် နံနက်ခင်းသတင်းဂျာနယ်)

■



www.burmeseclassic.com

www.burmeseclassic.com



## ဖော်ပြခဲ့သော ဂျာနယ်နှင့်မဂ္ဂဇင်းများအညွှန်း

၁။ နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်းရေးလမ်းပြမြေပုံနှင့် ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ ပင်လုံစိတ်ဓာတ်
[၉-၃-၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

၂။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ မြန်မာအမျိုးသမီးများအပေါ် မျှော်လင့်ချက်
[၂၃-၃-၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

၃။ ဒေါ်အောင်ဆန်းစုကြည်ကို စောင့်မနေပါနဲ့ သင်ကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည် ဖြစ်တယ်
[၁၃-၇-၂၀၁၂ထုတ် မန္တလေးအလင်းဂျာနယ်]

၄။ ငြိမ်းချမ်းရေးအလားအလာ
[၂၄-၂-၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

၅။ ရင်ဆိုင်ဖို့ အသင့်ဖြင့်
(ဒေါက်တာဒေါ်မြင့်မြင့်ခင်၏ တိုင်းပြုပြည်ပြုဆောင်းပါးများ)
[၆-၆-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၆။ သေရေးရှင်ရေး မြန်မာ့စီးပွားရေး
(မြန်မာ့စီးပွားရေးပညာရှင်များရဲ့ သုံးသပ်ချက်)
[၃၀-၃-၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

၇။ ဂျာအေးနှင့် ရောဝတီမြစ်ဆုံက ပုဇွန်းရင်ကွဲအော်သံ
(ရဲရင့်တင့်ဆွေ၏ ဆောင်းပါးများ ဝေဖန်ချက်)
[၂၂-၂-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

မန်းချောင်းစာပေ



၈။ အသက်နှင့်အမျှ ဘဝပေးဆက် မျှော်လင့်ချက်တွေ
(ကချင်ဝန်ကြီး ဆမားဒူးဝါဆင်ဝါးနောင်ရဲ့ ဘဝနှင့်ဒဿန)
[၇-၃-၂၀၁၀ ထုတ် နံနက်ခင်းဂျာနယ်]

၉။ ဝေသာလီနှင့် မိုင်ပေါင်းများစွာ
(ဒေါ်မြသန်းသန်းနု၏ ဒီမိုကရေစီနှင့် ဝေသာလီ)
[၂၈-၃-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၁၀။ ဟံသာဝတီဦးဝင်းတင် (သို့မဟုတ်) ခေတ်ဝန်ကိုထမ်း၍ ခေတ်လမ်းကို သွားနေသူ
[၂၁-၃-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၁၁။ အစိုးရကောင်းကောင်းလိုချင်ရင် အယ်ဒီတာကောင်းကောင်းရှိရတယ်
(ဂျာနယ်ကျော် ဦးချစ်မောင်၏ အတွေးအမြင်)
[၂၉-၂-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၁၂။ မြသန်းတင့်၏ အပြာရောင်ညနေဆည်းဆာများမှ တော်စတွိုင်း၏ ဒဿနနှင့် လက်ဝဲဝါဒအမြင်
[၂၂-၉-၂၀၁၀ ထုတ် နံနက်ခင်းဂျာနယ်]

၁၃။ ဈေးကွက်စီးပွားရေးထဲက ဟစ်ပိုကရေတီး၏ ကတိသစ္စာ
(နိုင်ငံတော်၏ဆေးပညာရှင်ကျင့်ဝတ် ဖွင့်ဆိုချက်)
[၂၄-၈-၂၀၁၁ထုတ် နံနက်ခင်းဂျာနယ်]

၁၄။ ဦးသန့်၏ စာပေမှတ်ကျောက်နှင့် ဝေဖန်ရေးအမြင်
[၂၀၁၀ မေလထုတ် ပန်းအလင်္ကာမဂ္ဂဇင်း]

မန်းချောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၅။ လူထုဦးလှ၏ ထောင်စာပေမိတ်ဆက်
[၂၀၁၀ မတ်လထုတ် ပန်းအလင်္ကာမဂ္ဂဇင်း]

၁၆။ ယဉ်ကျေးမှု အနုပညာခံတပ်များရဲ့ မှတ်တမ်းအပိုင်းအစများ
(လူထုဒေါ်အမာရဲ့ ကျွန်မရေးခဲ့တဲ့စာအုပ်တွေထဲက)
[၁၈-၇-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၁၇။ ဒီမိုကရက်တစ် ပညာရေးအမြင်နှင့် ဆရာစံတော်လှန်ရေး
(ပါမောက္ခ ဒေါက်တာမောင်သင်း၏ နိုင်ငံကြီးသား အမြဲခေတ်မီ
နိုင်ငံရေးသမားနှင့် ပညာရေး)
[၂၃-၅-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၁၈။ ဟာသ်ကိုးဆောင်းနှင့် ခွပ်ဒေါင်းပုံပြင်
(မောင်မောင် - ရွှေကရဝိတ်၏ ခေတ်သစ်ဟာသ်ကိုးဆောင်းပုံပြင်)
[၆- ၇- ၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

၁၉။ ကွန်မြူနစ်ဟောင်းကြီး တစ်ယောက်ရဲ့ လမိုက်ည ငရဲခန်းများထဲက
ငိုချင်းရှည် သံဝေဂတေး (ရဲဘော်ဘခက်၏ဘခက်အကြောင်း)
[၂၅-၇-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၂၀။ သုံးပါတီညီညွတ်ရေးကွန်ဖရင့်နှင့် ပုံတောင်ပုံညာတောင်ထဲမှာ
ကျင်းပခဲ့တဲ့ အာဇာနည်နေ့
[၂၀-၇-၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]

၂၁။ ကျောပိုးအိတ်ကလေးကို ဖွင့်ကြည့်ခြင်း
(တင့်ဆွေ-ရှာပုံ၏ ကျောပိုးအိတ်ကို ချိုကာလွယ်)
[၂၀၁၀ အောက်တိုဘာ ပေဖူးလွှာ မဂ္ဂဇင်း]





၂၂။ ကမ္ဘာကြီးရဲ့ ဂဲကြမ္မာဖတ်စာ
(အံ့မောင်၏ မမွေးဖွားရသေးတဲ့ သားကလေးရဲ့အသံ)
[၉-၂-၂၀၁၁ ထုတ် နံနက်ခင်းဂျာနယ်]

၂၃။ ရှင်သန်ခြင်းရဲ့ အဓိပ္ပါယ်
(မောင်သော်က၏ တိုက်ရေယာဉ် ၁၀၃)
[၂၃-၃-၂၀၁၁ ထုတ် နံနက်ခင်းဂျာနယ်]

၂၄။ ဖက်ဆစ်သရဲနှင့် နဂါးနီသီချင်း
(ရန်ကုန်ဘဆွေ၏ဖက်ဆစ်သရဲတွေ ပတ်လည်ဝိုင်းပါလို့)
[၁၂-၁၀-၂၀၁၁ ထုတ် နံနက်ခင်းဂျာနယ်]

၂၅။ စစ်မြေပြင်မှ ငြိမ်းချမ်းရေးအလင်္ကာ
(ဝင်းပြုံးမြင့်၏ နေအာသချေ လအနန္တ)
[၂၃-၂-၂၀၁၁ ထုတ် နံနက်ခင်းဂျာနယ်]

၂၆။ သစ္စာသွေးကြွေးပေးဆပ်ခြင်း
(ဝင်းပြုံးမြင့်၏ တိမ်မယံသစ္စာ)
[၂၀၁၀ ဇွန်လထုတ် ပန်းအလင်္ကာမဂ္ဂဇင်း]

၂၇။ မင်းကိုနိုင်ရဲ့ နောက်ကြည့်မှန်ထဲက အရိုးခံအမှန်တရား
[၁-၈-၂၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၂၈။ တိုင်ပေါ်အလံနိုက်ချင်
(မိုးဟင်းဂျာအရေးအခင်းမြင်)
[၂၂-၇-၂၀၁၂ ထုတ် မန္တလေးအလင်းဂျာနယ်]



www.burmeseclassic.com

www.burmeseclassic.com



၂၉။ ဆရာသာဂဒိုး ခေါင်းပုံဖြတ်ခဲ့တဲ့
နိုင်ငံ့ခေါင်းဆောင်ကြီးမှား ဝန်ကြီးများ
[၄-၁-၁၀၁၂ ထုတ် နံနက်ခင်းဂျာနယ်]

၃၀။ သမိုင်းသင်ခန်းစာ ယူနိုင်ကြပါစေ
(နေဝင်လတ်၏ ပြည်သူကိုလေးစားသောအစိုးရ၊ အစိုးရကိုလေးစားသောပြည်သူ)
[နဘာယံမဂ္ဂဇင်း၊ အမှတ်(၁၉)၊ ၂၁၁၀]

၃၁။ သစ္စာတည်တဲ့ရာဇဝတီ
[၂၆-၁၁-၂၀၁၁ ထုတ် နံနက်ခင်းသတင်းဂျာနယ်]



## မောင်သွေးချွန် ရေးသားထုတ်ဝေပြီးစာအုပ်များစာရင်း

ဘာသာရေးစာအုပ်များ

၁။ ကိလေသာတောင်တန်းကြီး
(ပထမအကြိမ် ၁၉၉၉၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ် ၂၀၀၁၊ ဇွန်)

၂။ အမေ့အတွက်မမေ့တရား
(ဒုတိယအကြိမ် ၂၀၀၀၊ ဖေဖော်ဝါရီလ)

၃။ ဘာကြောင့် - ၁
(ပထမအကြိမ် ၁၉၉၉၊ ဇူလိုင်လ၊ ဒုတိယအကြိမ် ၂၀၀၁ မတ်လ)

၄။ ဘာကြောင့် - ၂
(၂၀၀၀၊ မေလ)

၅။ အောင်မြင်ကြီးပွားမင်္ဂလာခြေလှမ်းများ
(ပထမအကြိမ် ၁၉၉၉၊ စက်တင်ဘာလ၊ ဒုတိယအကြိမ် ၂၀၀၂ မတ်လ)

၆။ အစစ်အမှန်အောင်နိုင်ခြင်း
(ပထမအကြိမ် ၁၉၉၉၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ် ၂၀၀၁ ဖေဖော်ဝါ

၇။ ပယ်လမ်းလျှောက်လမ်းပေါက်စခန်း
(ပထမအကြိမ် ၂၀၀၀၊ မတ်လ၊ ဒုတိယအကြိမ် ၂၀၀၀၊ ဒီဇင်ဘာ)

၈။ မသိရာမှသိရာသို့
(ပထမအကြိမ် ၂၀၀၀၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ် ၂၀၀၂ ဩဂုတ်)

၉။ တံခွန်ထူ နုတ်လှူသိစေသား
(ပထမအကြိမ် ၂၀၀၀၊ မတ်လ၊ ဒုတိယအကြိမ် ၂၀၁၂ )

၁၀။ ဘဝသေမှ ဘဝရှင်သို့ (ဗုဒ္ဓဘာသာဝင်တို့၏တစ်နေ့တာပြုကျင့်ရပုံများ)
(ပထမအကြိမ် ၂၀၀၀၊ မတ်လ၊ ဒုတိယအကြိမ် ၂၀၁၂ ဇူလိုင်)

၁၁။ သုဝဏ္ဏသျှမ်တောင်မှ သုဝဏ္ဏသျှမ်တောင်သို့
(၂၀၀၀၊ မတ်လ)

၁၂။ ကာမမှ ဓမ္မသို့
(ပထမအကြိမ် ၂၀၀၀၊ ဇူလိုင်လ၊ ဒုတိယအကြိမ် ၂၀၀၃ မတ်လ)

၁၃။ ဆယ်ဆသာရမယ်
(ပထမအကြိမ် ၂၀၀၀၊ ဇူလိုင်လ၊ ဒုတိယအကြိမ် ၂၀၀၂ ဖေဖော်ဝါရီ)

www.burmeseclassic.com